


Asian Fame Media Group
MEDIA GROUP

နှိုင်းချင့်ချိန်ဆ၊ရသထွန်းလင်း
ပရိသတ်ရင်တွင်း၊ နှစ်သက်ခိုဝင်
ရတီစွမ်းအင်

# အယ်ဒီတာ နှုတ်ခွန်းဆက်

ကြားနေမြင်နေရတဲ့ လူမှုဝန်းကျင်အဖုံဖုံမှာ ကောင်းသတင်းနှင့်မကောင်းသတင်း ဘယ်အရာက များ ပိုများနေပါလိမ့်။ ကျွန်မတို့ စစ်တမ်းကောက် ကြည့်ဖို့တောင် ကောင်းနေပြီ။ အခင်ဆုံးမိတ်ဆွေ တစ်ယောက်ကတော့ ကိုယ်က တစ်ခုခုစိတ်မကောင်းစရာ သတင်းပြောလိုက်မိသည်နှင့် 'ဖြစ်မှဖြစ် ရလေ၊ ဆုတောင်းမှားခဲ့ကြတယ်ထင်ပါရဲ့' တဲ့။ ဒါက သူ့လက်သုံးစကား။

လူတွေ ပိုရက်စက်လာကြတယ်။ ဒါဟာ ဆုတောင်းမှားခဲ့ကြခြင်းလား။ လူတွေ ပိုဖောက်ပြန် လာကြတယ်။ ဒါကရော ဆုတောင်းမှားခဲ့ခြင်းလား။ လူတွေ ပိုအရှက်ကင်းလာကြတယ်။ ဒါဟာရော ဘာကြောင့်များလဲ။ ကျွန်မကတော့ မိတ်ဆွေပြောတဲ့ ဆုတောင်းမှားခဲ့တယ် ထင်တယ်ဆိုတာလေးကို ကြားရတိုင်း ဆုတောင်းဆိုတာလည်း မှားတတ်တယ်၊ ဆုတောင်းမှားခဲ့ရင်လည်း ရလဒ်ဆိုးတွေ ရတတ်တာပဲလို့ အတွေးများမိပါတယ်။ တကယ်တော့ ဆုတောင်းခြင်း ဆိုတာဟာ ကျွန်မတို့ဗုဒ္ဓဘာသာ မှာ အရေးပါတဲ့ ဘာသာရေးယဉ်ကျေးမှုတစ်ခုပဲ မဟုတ်ပါလား။ ကုသိုလ်ကောင်းမှုတစ်ခု ပြုပြီးလို့မှ အလိုရှိတဲ့ဆုကို အတိအကျမတောင်းတတ်ရင်လည်း မိမိလိုချင်တဲ့အကျိုးကို တိတိကျကျ သေသေ ချာချာ ရနိုင်ပါ့မလား။ ကျွန်မတို့ ဆုတောင်းတတ်မှ ဖြစ်ပါလိမ့်မယ်။ ဒါ့အပြင် ဆုတောင်းပြီးတဲ့ အခါမှာလည်း ကိုယ်အလိုရှိတဲ့ဆုကို ပြည့်ဖို့လိုအပ်တဲ့ပါရမီကိုလည်း ဖြည့်ဆည်းရတယ်ဆိုတာ ကျွန်မ သိထားပါတယ်။ ဂေါတမ ဘုရားရှင်တောင် ဘုရားဖြစ်ဖို့အရေးကို သုမေဓာရှင်ရသေ့ဘဝကနေစပြီး လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းပါရမီဖြည့်ခဲ့ရသေးတာရော။ ပါရမီဆိုတာက ကျွန်မတို့ ပုထုဇဉ်တွေ အတွက် ပြောရတာ လေးလံပင်ပန်းနေပါဦးမယ်။ အများသူငါကြား လွယ်လွယ်ပြော လွယ်လွယ်လုပ် ကြေးဆို ကြိုးစားမှုတွေ လုပ်ကြရမယ့်သဘောပေါ့။ ဘယ်လိုတန်ဖိုးရှိတဲ့အရာကိုမှ လွယ်လင့်တကူ ဆုတောင်းရုံနဲ့ မရနိုင်ဘူးလေ။ ဆုတောင်းတွေမှာ နူးညံ့ညင်သာ မေတ္တာတရားနဲ့ယှဉ်တဲ့၊ အများ အတွက် အကျိုးရှိမယ့် ဆုတောင်းတွေ ပါနိုင်သလို၊ ရက်စက်ကြမ်းကြုတ်တဲ့ ဘဝအဆက်ဆက် အငြိုး တရားများနဲ့ ကလဲ့စားချေလိုတဲ့ ဆုတောင်းမှားတွေလည်း များစွာပါနိုင်တာပါပဲ။ တောင်းတဲ့ဆုအတွက် ကောင်းသောဖြည့်ကျင့်မှုတွေနဲ့ အပတ်တကုတ်ကြိုးစားခဲ့လို့ ကောင်းသောအကျိုးတရားတွေ များများ ပေါ်ထွန်းလာတာက သာဓုခေါ် ဖွယ်ရာကောင်းသော်လည်း ဆုတောင်းအမှားနဲ့ဖြည့်ကျင့်မှု အမှားတွေ ကို ပြင်းပြင်းထန်ထန် ပြုလုပ်ခဲ့လို့ အကျိုးဆက် အမှားတွေများ ဖြစ်ပေါ်လာခဲ့ရင် စိတ်နှလုံး နောက်ကျိ စရာသတင်းတွေလည်း ကျွန်မတို့ များများမြင်နေကြားနေရဦးမှာပါပဲ။ ကျွန်မကတော့ လူလည်ကျ တယ်ပဲ ပြောချင်ပြော။ သိပ်ကျေနပ်စရာကောင်းတဲ့ ဆုတောင်းတစ်ခု ပိုင်ဆိုင်ထားပါတယ်။ အဲ့ဒါ ကတော့ 'ဘာသာ အသိကင်းမဲ့သောသူ မဖြစ်ပါရစေနဲ့၊ စာပေအသိကင်းသောသူ မဖြစ်ပါရစေနဲ့' ဆိုတာပါပဲ။ ဘာသာတရားက ဆုံးမ၊ စာပေက ပဲ့ပြင်ခံရတဲ့ လူတစ်ယောက်ဟာ ဘဝမှာ ဆိုးရွားတဲ့ အမှားတွေကို မကျူးလွန်နိုင်ဘူးလို့ ကျွန်မယုံကြည်လို့ပါပဲ။ ချစ်တဲ့ရတီစာဖတ်ပရိသတ်ကြီး စိတ်နှလုံး ချမ်းမြေ့ပျော်ရွှင်ကြပါစေရှင်။

မိုးမိုးစောဝင်း
တာဝန်ခံအယ်ဒီတာ







# YATI CONTENTS

## SEPTEMBER 2012


2 အယ်ဒီတာနှုတ်ခွန်းဆက်

7 ကဗျာ

မင်းငြိမ်းခ၊ ကြည်ဇော်အေး၊ မိုးသစ်ဝေ၊ အောင်ခိုင်မြတ်၊ မင်းထက်မောင်၊ နွယ်စိမ်းဝေ၊ နရနီ

14 ကာတွန်း

ရွှေမင်းသား၊ မြေဇာ၊ ဝင်းအောင်၊ စိုးစံဝင်း၊ ဟတ်ကော့

19 မမရတီအမေးအဖြေ

ရတီအထူးကဏ္ဍ

22 Glamorous Girl

**နန်းသေးမား**

သီတာစိုး

28 Yati Wedding Special

**နွယ်ဒါလီထွန်း၊ နိုင်မင်းသူ၊ ခင်ရူပ၊ ကောင်းပြည့်၊ စံရတီမိုးမြင့်၊ စုမီ၊ M ဆိုင်းလု၊ ဇွန်ဇာ၊ ကောင်းထက်ဇော်၊ မေရုမောင်၊ စွမ်းရည်၊ ဝါဆိုမိုးဦး၊ မြတ်သူကျော်၊ ဝင့်ယမုံလှိုင်၊ ရဲမင်းသူ**

အယ်ဒီတာအဖွဲ့

46 ထိန်းသိမ်းဆန်းသစ် မြန်မာ့အလုစစ်

**ခင်လေးနွယ်**

သီတာစိုး

52 Chan Chan's profile as told by herself

**ချမ်းချမ်း**

သီတာစိုး

56 Fantastic Floral

**ပက်ထရစ်ရှာ**

ယုယအိမ်

60 **ရတီမျက်နှာစုံး**

ARTY Make up

66 Sweet Dream

**မောင်၊ ဟန်သီ**

ယုယအိမ်


Asian Home Media Group








# YATI CONTENTS

## SEPTEMBER 2012


**72** Hottest Latest
ဘုန်းရှိန်ထက်၊ ရွှေစင်
ဖြိုးစုပိုပို

**76** Chic Style
နန်းမြတ်ဖြိုးသင်း
သီတာစိုး

**80** နုနယ်ပျိုမျစ် အလှစစ်
သဥ္ဇာနွယ်ဝင်း
မိုးသောက်ကြယ်

**86** Luminous Beauty
ဆန်းသစ်လ
ယုယအိမ်

**92** Audience of Celebrities' Choice
R ဇာနည်၊ သီဟထွန်း
သီတာစိုး

**101** Looking & Feeling
ပုလဲဝင်း
မိုးသောက်ကြယ်

**105** Designer's Idea
မမညို
ဖြိုးစုပိုပို

**113** Music Plus Yati
ငဲငယ်ရဲ့ နေ့သစ်များနဲ့ ထိတွေ့ခြင်း
မိုးသောက်ကြယ်

**163** သူတို့ပြောတဲ့ 'A'
ပြေတီဦး၊ ခင်ဇာခြည်ကျော်၊ အိချောပို
ဖြိုးစုပိုပို

ဒေသသင်္ကေတ

**118** ပအိုဝ့်
လှမြင့်ဆွေ


Asian Fame Media Group










# YATI CONTENTS

## SEPTEMBER 2012

ရတီနိုင်ငံတကာ

126 ALEXA CHUNG နှင့် လက်ဝတ်ရတနာ၊ အဆင်တန်ဆာ
**တင်လတ်သန္တာဗိုလ်**

130 ဖိနပ်ပါးပါးလေးတွေစီးတဲ့ ကောင်မလေးတွေကို သဘောကျတဲ့ ကော်ဖီမင်းသား "ဂေါင်ယိုး"
**ငင်မြင့်စံ**

134 International Celebrity News
**စိုးသိထား**

139 International News Review
**Mystery Snow**

158 လီယိုနာဒိုနဲ့ မာတင်စကော်ဆီဆီ လက်တွဲထားပြန်တဲ့ The Wolf of Wall Street
**ရဲသစ်**

ရတီအသောအထွေ

143 မရေးမကောင်းရေးမကောင်း
**ညီညီညာညာညက်ညက်ညောညော**

179 မြောင်းမြဘက်မှာလည်း မျက်ရည်ကျခဲ့ရပြန်ပြီ
**ဂျက်ကွမ်းခြံကုန်း**

ရတီဆောင်းပါး

152 နပျိုတက်ကြွ မိန်းမသားအလှအပ
**ရွှေနေခြည်**

155 ခရီးသွားမယ်ဆိုရင်
**နှင်း**

215 ဂြိုဟ်သိမ် အန္တရာယ်
**ကျော်ဦး**

217 ကျောက်မျက်များတူးဖော်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လွှမ်းမိုးမှု
**သိန်းဇိုင် (M.Engg.Geol)**

160 ရတီပေဒင်
**ဒေါက်တာမြတ်သစ် (မန္တလေး)**



ပန်းချီသရုပ်ဖော်
အောင်ကျော်၊ ခေတ်ဘုန်းမို၊ လူကြီးမင်း၊
လင်းငြိမ်၊ ဆူးထက်အောင်၊ မိုးထက်မိုး၊ ပန်းစျာန်

Asian Fame Media Group



# YATI CONTENTS

## SEPTEMBER 2012


ဖူးနသစ်လွင်ကဗျာဥယျာဉ်

148 **မိုးစက်နွေ၊ အောင်မျိုးသက်၊ မောင်လု၊ ရွှေကြယ်မိုး၊ လစ်ချွန်းမိုး(မာရိုတ်မြေ)၊ မင်းသက်တန့်၊ သော်ကာမင်းခေါင်(ညောင်လေးပင်)၊ မေမိုးမြင့်(Ygn)**

ရတီကျန်းမာရေး

169 ကျန်းမာပျော်ရွှင်သော အိမ်ထောင်သည်ဘဝအတွက် မှန်ကန်တဲ့ အတွေးအခေါ်နှင့် နည်းလမ်းကောင်းများ
**ဒေါက်တာအောင်သန်းဝင်း**

မန္တလေးအတွေး၊ မန္တလေးအရေး

172 အောက်ကိုလည်း ငုံ့ကြည့်စေလို
**ကိုထွန်း (လမ်း-၈၀)**

ရတီဝေဖန်ရေး

177 ဒါရိုက်တာမီးပွား၏ နိုင်ငံကျော်ရုပ်ရှင်မင်းသမီး ယောက်ျား
**မောင်အိမ်စံ**

ရတီဝတ္ထုတို

182 ရေယာဉ်ငယ်စီးပါလို့ ရေစီးငယ်ဘောင်ဘင်
**သတိုး**

186 ကြိုးကိုချည်တဲ့ကြိုး
**ဝေ(စီးပွားရေးတက္ကသိုလ်)**

192 ရေကိုစည်းခြား အကြားမထင်
**နှင်းနုလွင် (ဘေးဝါး)**

196 အိပ်မက်ဆူး
**ကိုကံညို(ထူးကြီး)**

204 တောင်းကြီးတစ်လုံး ရက်ခဲ့တယ်
**ယုယ**

208 ကျွန်မစာကြည့်တိုက်ဖွင့်ပွဲကို လာခဲ့တာပါ
**စုမီအောင်**

ရည်ညွန်းဖွဲ့သီချစ်သူဆီ

200 စဉ်းစားလို့မရတဲ့ခေါင်းစဉ်
**နွေးနွေးစစ်အောင်**

190 ရတီစာအုပ်စင်





Asian Frame Media Group
af MEDIA GROUP



## ငါးခုံးမ ဇာတ်လမ်းတွဲ

မြစ်ပြင်တစ်ခုလုံး ပျံ့နှံ့
လေညင်းသယ်ဆောင်တာ မြန်ဆန်တယ်
ဟုတ်လို့ကျော်တဲ့
ဇာတ်လမ်းတွေက အများကြီး
ခုထိ မပြီး
ပုပ်လို့ပေါ်တဲ့
အမှန်တရား နှုတ်ဖျားတွေကို
တစ်စုံတစ်ရာနဲ့
ပိတ်ဆို့ပစ်လိုက်တယ် ထင်ရဲ့
တစ်လေ့လုံး ကိစ္စ
တစ်ခါတည်း ကိစ္စပြတ်သွားတယ်။

မင်းငြိမ်းခ

Asian Fame Media Group




# လှသန်းရဲ့ နောက်ဆုံးနေ့များ (ဒုတိယတွဲ)

လာထား
ဘော့မာလေတွေ။ ဝိုက်ကလပ်(စ်)ဂျင်းတွေ။
လာထား
ပါရီကျဆုံးခန်းတွေ။ ပါရီရုပ်ပုံလွှာတွေ။
လာထား
ရွှေကျီညိုနဲ့ ပဲခူးမြတွေ။
လာထား
ဇေတွေ။ ဝက်ခေါင်းသုပ်တွေ။

သုံးမကုန်ဖြုန်းမကုန်
အမွေရခဲ့တဲ့ ငွေပုံပေါ်ထိုင်နေတဲ့သူဌေးသားလို
မျက်နှာထားတွေ။

တကယ်တော့
မြေပေါ်ရှစ်ဆယ် မြေအောက်ရှစ်ဆယ်
မြွေတွေ။


သူ့
အပေါက်တွေ
သူ့
ပျော်စရာအိပ်မက်ဆိုးတွေ
သူ့
လက်မောင်းသွေးကို ဖောက်ကြည့်ခြင်းတွေ
စသဖြင့်

ကျန်ရစ်သူများမှာသာ ယောင်ယမ်းစွာ
ပြာပူပေါ်
ပျော်လို့။ ။

ကြည်ဇော်အေး



Asian Fame Media Group
AF MEDIA GROUP



## ငယ်ဘဝလေးတွေက
## လွမ်းစရာကောင်းတယ်

မနှစ်သက်သော ကာလကြီးတစ်ခု
ဖြတ်သန်းခဲ့ရချိန်တွေကသာ
ကျွန်တော်တို့ကြားညောင်းလှတယ်ထင်ခဲ့ရ
အံ့သြစရာပဲ ..........
နိုင်ထူးသီချင်းတွေ စွဲလမ်းခဲ့ရတာ
၈/၈၂ အင်းလျားနဲ့ ဂစ်တာပိုင်းဖွဲ့ခဲ့ကြတာ
သကြံန်မိုးရုပ်ရှင် ကြည့်ခဲ့ရတာတွေကတော့
စိတ်ထဲမှာ မနေ့တစ်နေ့ကလိုပဲဖြစ်နေလို့
ငယ်ဘဝလေးတွေဟာ လွမ်းစရာကောင်းခဲ့ပါတယ်။
မကျေနပ်စရာ ဖြတ်သန်းခဲ့ရတဲ့အချိန်များအတွက်
ခံစားနေမိသလို
ကြည်နူးစွာဖြတ်သန်းခဲ့ရတဲ့ အချိန်များအတွက်လည်း
ပြန်ခံစားနေမိပါတယ်။
အနုပညာဆိုတာသာမရှိခဲ့ရင်
ဘယ်ခွန်အားတွေနဲ့များ ဖြတ်ကျော်ခဲ့ရမှာပါလိမ့်။
အနုပညာကြောင့်သာပဲ
လောကကြီးဟာလည်း နေပျော်စရာကောင်းခဲ့ပါတယ်။
မဆုံးနိုင်တော့ဘူးထင်နေရတဲ့
ဆူးခင်းလမ်းတွေ ကျော်ဖြတ်နေရချိန်မှာ
"ဆူးခင်းလမ်း" သီချင်းကိုဆိုရင်း
ရင်တွင်းက အမောတွေဖြေခဲ့ကြရတာ
သတိရနေမိပါတယ်။
ဒီလိုနဲ့ပဲ
ငယ်ဘဝလေးတွေဟာ လွမ်းစရာကောင်းနေခဲ့ပါတယ်။

မိုးသစ်ဝေ




## အရုပ်ဟာ ရုတ်ရုတ် ရုတ်ရုတ်နဲ့

ပျော်ပျော်နေရင်း အရည်ပျော်လာ
တဖြည်းဖြည်းကြီးပြင်းလာပြီး တဖြည်းဖြည်းနာလာ
ဇာတ်လမ်းဟာ
တရွေ့ရွေ့အထီးကျန်လာ
ရေပြင်ဟာ မီးတောက်ကို အရှုံးကွက်နင်းထားတယ်
ဝေးကွာခြင်းဟာ
နှစ်တစ်နှစ်ရဲ့ အရှုံးကွက်နင်းထားခြင်းခံရ
မပေါ်လာလည်း အော်ဟစ်နေရတဲ့ခေတ်တွေ
ပြည်လမ်းညနေပေါ် မောင်းဝင်လာပြန်ပြီ။

အောင်ခိုင်မြတ်


Asian Fame Media Group




## လိုနေတဲ့ အဖော်

အဖော်ဆိုတာ လိုတယ်
တကယ်လိုတယ်
အဖော်ဆိုတာ ညီအစ်ကိုမောင်နှမလား
အဖော်ဆိုတာ မိတ်ဆွေသူငယ်ချင်းလား
အဖော်ဆိုတာ ချစ်သူရည်းစားတစ်ယောက်လား
အဖော်ဆိုတာ ယောကျ်ား/မိန်းမတစ်ယောက်လား
အဖော်ဆိုတာ ခွေးတစ်ကောင်လား
အဖော်ဆိုတာ ကြောင်တစ်ကောင်လား
အဖော်ဆိုတာ စာအုပ်တစ်အုပ်လား
အဖော်ဆိုတာ သေနတ်တစ်လက်လား
အဖော်ဆိုတာ အရက်ဒီဂရီလား
အဖော်ဆိုတာ စီးကရက်မီးခိုးငွေ့တွေလား
အဖော်ဆိုတာ ပန်းချီလား ဂီတလား
အဖော်ဆိုတာ ကင်မရာလား ရီကော်ဒါလား
အဖော်ဆိုတာ ကွန်ပျူတာလား
အဖော်ဆိုတာ ကွန်ဒွန်လား
အဖော်ဆိုတာ ရွှေငါးကလေးတွေလား
အဖော်ဆိုတာ စံပယ်ပန်းကလေးတွေလား
အဖော်ဆိုတာ ဘာသာစကားလား
အဖော်ဆိုတာ ဘာသာတရားလား
အဖော်ဆိုတာ ခန္ဓာကိုယ်ထဲမှာလား
အဖော်ဆိုတာ ခန္ဓာကိုယ်အပြင်ဘက်မှာလား
အဖော်ဆိုတာ အလင်းလား
အဖော်ဆိုတာ အမှောင်လား
အဖော်ဆိုတာ လက်တွေ့လား
အဖော်ဆိုတာ အိပ်မက်လား
အဖော်ဆိုတာ အဖော်လား
အဖော်ဆိုတာ အဖော်မဟုတ်တာလား
အဖော်ဆိုတာ ဘာလဲ ဘယ်သူလဲ
အတိအကျ မသဲကွဲ
အဖော်ဆိုတာ လိုတယ် လိုနေတယ်
လိုနေတယ် အသေအချာပဲ။

မင်းထက်မောင်




## ဘယ်လိုကဗျာလဲ / ပို့စ်မော်ဒန်ကဗျာပဲ


ပထမတစ်ယောက်က တစ်ဝက်ပဲရေးသွားတယ်
အဲဒီ့တစ်ဝက်နဲ့ တန်းလန်းကြီး ကိုယ့်မှာ
ဆယ်စုနှစ်ခုလောက် ကြာခဲ့တယ်။

အခု၊ ကျန်တစ်ဝက်ကို
ဒုတိယတစ်ယောက်က ဆက်ရေးတယ်။

ငါဟာ ကဗျာ
လက်ရှိ၊ မိန်းမနှစ်ယောက်က ရေးသားတဲ့ကဗျာ
နောက်တစ်ယောက်က ထပ်ရေးချင်ရေးဦးမှာ
ကဗျာ၊ ကဗျာ၊ ကဗျာ၊
ဘာမှ မသေချာဘူး။ ။

နွယ်စိမ်းဝေ

Asian Fame Media Group
af MEDIA GROUP




## အိမ်

သေနတ်ပစ်လိုက်သလို "ဒိုင်း" ခနဲ မိုးလင်းတယ်
မီးခလုတ်ပိတ်လိုက်သလို "ဂျောက်" ခနဲ မိုးချုပ်မယ်
ရေပွက်များမှာ ချားရဟတ်မှာ
ထိတ်လန့်စွာဖွင့်ရသော ခက်ခဲစွာပိတ်ရသော တံခါးဝမှာ ငရဲသားပမာကျွန်တော်ဟာ သားသမီးဝတ်ပျက်ခဲ့
ကျွန်တော့်ဖခင်ဟာ ကွပ်ပျစ်ကြမ်းခင်းပေါ်မှာပဲ ယောင်လည်လည်ပြီးဆုံးသွားခဲ့
ကျွန်တော့်မိခင်ဟာ အိုကံမကောင်းမှုကို ဆေးလိပ်လုပ်သောက်လျက်
မပြီးနိုင်တဲ့ ဇာတ်လမ်းပမာ နံရံထဲမှချောင်းဆိုးသံဟာ မနေ့က "လေ" အတိုင်းပဲ ပွင့်နေလျက်
တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေတဲ့ စားပွဲပေါ်မှ ဆာလောင်မွတ်သိပ်မှုဟာ သခင်အလာကိုစောင့်မျှော်နေလျက်
အခုငိုလျက် အခုရယ်လျက်
သမ်းဝေလျက် ရှင်မြူးလျက်
ဖြစ်သမျှအကြောင်းလည်း ကောင်းလျက်
မတ်တတ်ဟာမတ်တတ်အတိုင်း ငုတ်တုတ်ဟာငုတ်တုတ်အတိုင်း
ဖယောင်းတိုင်မီးလို တစ်တိုင်မှမီးတစ်တိုင်သို့ အသက်ဆက်လျက်
အချိန်တန်တော့ တစ်ယောက်ပြီးတစ်ယောက် ထွက်ခွာလျက်
ပုံးခိုကျင်းသဖွယ် မျက်လှည့်ရုံသဖွယ်
စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့လက်လုပ်လက်စား ထူပြောသောအရပ်မှာ "တောက်တဲ့" သဖွယ် တွယ်ထားတယ်။

နရနီ

Asian Fame Media Group



Asian Free Media Group


အဒေါ်သမီးကို ပြန်အပ်ပါတယ်...
ယောကျ်ားတစ်ယောက်ဟာ - တစ်နေ့ စကားအများဆုံးပြောရင် ၁၅၆၆၉ - လုံးပါ...တဲ့ -
အမျိုးသမီးက - ၁၆၁၂၅ - လုံးပြောတယ်.. အဒေါ်သမီးက တစ်နေ့ -
နှစ်သောင်းကျော်ပြောတယ် - နားမခံနိုင်ပါဘူး - ဒါကြောင့် ပြန်အပ်ပါတယ်...




Asian Fame Media Group




Asian Fame Media Group

# YATI CARTOON SEPTEMBER 2012




Asian fame Media Group

# မမ ရတီ

အချစ်ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အနုပညာရေး

**Questions & Answers**





Asian Fame Media Group

မမရတီ. . . ရတီရဲ့ အဖြေတွေက ခွန်အားဖြစ်စရာပါရှင်။ မမရဲ့ အားပေးသံတွေညံနေတဲ့ ရတီကို အခါအခွင့်သင့်တိုင်း ရင်ဖွင့်ချင်မိတယ်။ ရဲရဲက ရတီရဲ့ အမာခံပရိသတ်ပါ။ စာကောင်းပေကောင်းတွေကို ချစ်ခင်စွဲလမ်းသလို စာရေးဆရာ ဆရာမတွေကိုလည်း ချစ်ခင်သူပါ။ ရဲရဲ စာရေးဆရာမ ပုဏ္ဏမီကို အရမ်းကြိုက်ပါတယ်။ 'နို့အကြောင်း'ဆိုတဲ့ စာအုပ်ကစပြီး စွဲလမ်းခဲ့တာပါ။ ဆရာမရဲ့ စာအုပ်ဆိုရင် အဟောင်းရော အသစ်ရောအကုန်ရှိတယ်။ ဆရာမက ဆရာဝန်ဆိုတော့ အလုပ်များမှာပေါ့နော်။ ဒါကြောင့် စာအုပ် အထွက်ကျဲတာနေမှာ။ မမရတီရေ ကျေးဇူးပြုပြီး ဆရာမရဲ့လိပ်စာလေး ပြောပြလို့ရမလားဟင်။ အပြစ်ပြောစရာမရှိတဲ့ ရတီကို အမြဲချစ်ခင် အားပေးနေပါ့မယ်နော်။

*ရဲရဲ(ထားဝယ်)*

**ဆရာမပုဏ္ဏမီရဲ့ လိပ်စာက နံပါတ် ၁၀၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ် ဖြစ်ပါတယ်ရဲရဲရေ။ ရတီကို ဆက်လက်ချစ်ခင်အားပေးနိုင်ပါ စေလို့ မမရတီကလည်း ပြန်လည်ဆန္ဒပြုလိုက်ပါတယ်။**

မမရတီရေ. . . မြန်မာပြည်ကို ဂျက်ကီချန်းလာလည်တာ အရမ်းချစ်စရာကောင်းတာပဲနော်။ သူနဲ့သာ စကားပြောခွင့်ရရင် သီတာ့မှာ ပြောစရာစကားတွေ အများကြီးပဲသိလား။ သီတာက သူ့ဇာတ်ကားမှန်သမျှ အကုန်ကြည့်ဖူးတယ်ရှင့်။ အက်ရှင်လည်းပိုင် ဟာသလည်းပိုင်တဲ့ မင်းသားကြီးက လူမှုရေး ကယ်ဆယ်ရေးတွေလည်း ဝါသနာပါတယ်ဆိုတော့ လေးစားပြီးရင်း လေးစားရင်းပဲရှင်။ နောက်ပြီးတော့ သူ့အသက်က ဘယ်လောက်လောက်ရှိမလဲ မသိဘူးနော်။ လူကတော့ နုပျိုလန်းဆန်းနေတာပဲ။ ရတီကရော ဂျက်ကီချန်းကို အင်တာဗျူး မလုပ်လိုက်ဘူးလား။ သီတာကတော့ ဂျက်ကီချန်း ဇာတ်ကားတွေ ဆက်လက် ရိုက်ကူးနိုင်ပါစေ။ ဆက်လက်နုပျိုလန်းဆန်းပါစေလို့ ဆန္ဒပြုမိတယ်။

*သီတာလွင်ဦး(စမ်းချောင်း)*

**ကမ္ဘာကျော် ဟောင်ကောင် အက်ရှင်စတားဖြစ်တဲ့ ဂျက်ကီချန်းက အသက်က ၅၈ နှစ်ရှိပါပြီ သီတာရေ။ သီတာက သူ့ဇာတ်ကားတွေဆက်လက်ရိုက်ကူးနိုင်ပါစေ ဆိုပေမယ့် ဂျက်ကီချန်း ကိုယ်တိုင်ကတော့ အသက်**



**အရွယ်ကြောင့် အနားယူလိုက်ပါပြီလို့ ကိန်းရုပ်ရှင်ပွဲတော်မှာ တရားဝင်ထုတ်ဖော်သွားခဲ့ပါပြီ။ Chinese Zodiac ရုပ်ရှင်ဇာတ်ကားဟာ ဂျက်ကီချန်းအတွက် နောက်ဆုံးအက်ရှင်ဇာတ်ကားပါ။ နောက်ပြီး သူက သူ့ကို ဟာသမင်းသားလို့ပြောရင် မကြိုက်ဘူးတဲ့ သီတာရဲ့ အက်ရှင်ပိုင်းကို အားပျော့စေပြီး ကြည့်လို့ကောင်းအောင် ဟာသလေးတွေ ညှပ်ထည့်ပေးတာပါ။ အပြင်မှာ သူက တည်တည်ငြိမ်ငြိမ်သမားပါလို့ ပြောခဲ့ဖူးပါတယ်ကွယ်။**

မမရတီရေ နေ့နေ့ညည အောင်လကို မျက်စိထဲက မဖျောက်နိုင်ဖြစ်နေပြီ။ တောင်းပန်ပါတယ်ဆိုတဲ့ အသံလေးကိုကြားရင်လည်း သနားလို့မဆုံးနိုင်ဘူး။ အဲဒါကို ရောဂါလို့ပြောရင်လည်း ခံပါ့မယ်။ ရတီရဲ့ Audience ကဏ္ဍမှာ အောင်လကိုဖိတ်ခေါ်ပါဦးလား။ သမီးလျှောက်ချင်လို့ပါ။ နောက်ပြီး အောင်လရဲ့ကိုယ်ရေးရာဇဝင်လေးလည်း သိနိုင်သမျှ သိချင်ပါတယ်။ သမီးနဲ့သူနဲ့ဘယ်သူအသက်ပိုကြီးလဲ သိချင်လို့ပါ။ ကူညီပါဦးနော်။ မမရတီကို မျှော်လင့်အားကိုးနေမှာနော်။

*ချောချော(လှည်းတန်း)*

**အခုမှ ပြန်ဖြေဖြစ်တဲ့အတွက် ခွင့်လွှတ်ပါ ချောချောရေ။ ချောချောသိချင်တဲ့ အောင်လအကြောင်းလေးတွေ အတိုချုပ် ပြောလိုက်မယ်နော်။ နာမည်ရင်းက ဇွဲရန်အောင်လှ၊ မွေးသက္ကရာဇ်က ၁၇. ၉. ၈၅၊ အနုပညာလောကကိုဝင်တာ ၂၀၀၃၊ တစ်ကိုယ်တော် အခွေတစ်ခွေထွက်ထားတယ်၊ ဒါဆိုရင် ရပြီမဟုတ်လား။ ကျန်တာတွေက ချောချောက မမရတီထက်တောင် ပိုသိဦးမယ် ထင်ပါတယ်။ Audience ကဏ္ဍမှာလည်း အောင်လကိုဖိတ်ခေါ်ဖို့ စီစဉ်နေပါတယ်။ ချောချော အရွေးချယ်ခံရပါစေလို့ ကြိုဆုတောင်းပေးမယ်နော်။**

မမရတီ. . သမီးက အခုဆယ်တန်းအောင်ပါပြီ။ မိဘက တက္ကသိုလ်တက်ဖို့ပြောပေမယ့် သမီးကတော့ အဝေးသင်ပဲတက်မယ် စိတ်ကူးတယ်။ ဘာလို့လဲဆိုတော့ သမီးမိဘတွေကလည်း ပြေလည်ချမ်းသာတဲ့ အထဲမှာ ပါတာမဟုတ်ဘူးဆိုတော့ သိတတ်မှ ရမှာပေါ့နော်။ ပိုက်ဆံများများရချင်တယ် မမရတီရယ်။ အဖေနဲ့အမေကို သမီးလုပ်စာနဲ့ အေးအေးဆေးဆေး နေစေချင်လှပြီ။ သူငယ်ချင်းတွေကတော့ ပြောတယ်။ အချိန်တန်ရင် ဖြစ်မှာပေါ့။ နင်က လောဘကြီးတယ်တဲ့။ အဲ့လိုလည်း မဟုတ်ပါဘူး ။ မမရတီဆိုရင်ကော သမီးကို ဘယ်လိုပြောမှာလဲဟင်။

*သင်းသင်းမို့(ပဲခူး)*

**သင်းသင်းက သမီးလိမ္မာလေးပဲ။ ခုခေတ်မှာ ဒါမျိုးသိတတ်လိမ္မာတဲ့ကလေး ရှားသွားပြီ။ စိတ်စေတနာလေးက ပြန်အကျိုးပေးမယ်ဆိုတာ ယုံလိုက်ပါ သင်းသင်းရေ။ ဒါပေမဲ့ ဖြစ်ချင်တဲ့စိတ်က အရမ်းများပြီး ဖြစ်မလာတဲ့အခါတွေ များတဲ့အခါမှာလည်း စိတ်ဓာတ်ကျတတ်တယ်နော်။ ကိုယ့်စိတ်ကိုယ်ဖိစီးမှု ဖြစ်အောင်တော့ မနေနဲ့ပေါ့။ သူ့အရွယ်နဲ့သူ့ဆန် တန်ရုံပဲပေါ့ကွယ်။ မမရတီ ဖတ်ဖူးတဲ့စာလေးတစ်ခု မျှဝေလိုက်ပါတယ်။**

**Teen age = Have time + energy - but no money**

**Working age = Have money+ energy - but no time**

**Old age = Have time + money - but no energy တဲ့ သင်းသင်းရဲ့။ အရာရာ ကိုယ့်သဘောအတိုင်း မဖြစ်တာကိုက လောလောပြီး ကနေတဲ့ လောက ကြီးရဲ့ သဘောသဘာဝပါပဲကွယ်။**

မမရတီ. . . ရတီမှာ အောင်မြင်ထင်ရှားတဲ့ မိန်းမသားတွေကို တွေ့ဆုံမေးမြန်းနေတာ ကျွန်မတော့ သိပ်သဘောကျတာပဲ။ ကျွန်မတို့ မိန်းမသားတွေ


Asian Fame Media Group

ထက်မြက်တယ်၊ ထူးချွန်တယ်ဆိုတာ သူတို့ယောကျ်ားသားတွေ များများသိဖို့ အရေးကြီးတယ်။ ကျွန်မဖြင့် ပတ်ဝန်းကျင်မှာ အားမရစရာ မိန်းမသားတွေ မြင်တိုင်း စိတ်တိုရတယ်။ ရထားတဲ့ ဘွဲ့လက်မှတ်ကို နံရံမှာချိတ်ရုံပဲ အသုံးပြုပြီး အချိန်တိုင်း မီးဖိုချောင်ထဲမှာပဲ အချိန်ကုန်ရမယ်ဆို၊ ဘဝကြီးက လူဖြစ်တာ တန်ပါတော့မလားနော်။ ရတီမှာ ဒီလိုအကျိုးပြု ကဏ္ဍလေးတွေ များများ ထည့်ပေးပါ တောင်းဆိုပါရစေရှင်။

*ဒေါ်ခင်ဝေတင်*

**အားပေးတဲ့အတွက် ကျေးဇူးပါ ဒေါ်ခင်ဝေတင်။ ဒေါ်ခင်ဝေတင်ပြောလို့ ကျွန်မလည်း ရယ်စရာပြောရဦးမယ်။ မိတ်ဆွေတစ်ယောက် အွန်လိုင်းမှာ တင်ထားတဲ့စာလေးပါ။ မယားဝတ္တရားငါးပါးဆိုတာ 'အသုံးချွေတာ၊ ဖွယ်ရာချက်ပြုတ်၊ အလုပ်လည်းကူ မဆူမဆဲ၊ ဘောပွဲပေးကြည့် သိတတ်ကြည်သာ၊ ဘီယာဖန်တီး အမြည်းကြော်လျှော်၊ လင်ပျော်အောင်ထား ဝတ်ငါးပါး၊ ကျင့်ဖွယ် မယားတို့တာ' တဲ့။ ရယ်စရာ ဆိုပေမယ့် အပြင်မှာ ဒီလိုမိန်းမသား အိမ်ရှင်မတွေ အများကြီးပဲ ဆိုတာလည်း ကျွန်မတို့ ဝန်ခံရမှာပဲနော်။ တစ်ခုရှိတာက ပြင်ပလောက ပြင်ပဝန်းကျင်မှာ စွမ်းစွမ်းတမံ ထူးချွန်ထက်မြက်မနေဘဲ မိသားစုကို သာယာချမ်းမြေ့အောင် ဖန်တီးပေးနိုင်တဲ့ မိခင်ကောင်း အိမ်ရှင်မကောင်းရဲ့ လက်တစ်စုံဟာလည်း တန်ဖိုးထား ဂုဏ်ယူစရာ ကောင်းပါတယ်လေ။ အဓိကက နေတတ်တယ်၊ ကျေနပ်စရာဖြစ်နေတယ်၊ ကိုယ့်ဘဝ ကိုယ်ပျော်နေဖို့ပဲ အရေးကြီးပါတယ်။ မဟုတ်ဘူးလား ဒေါ်ခင်ဝေတင်ရေ။**

မမရတီ . . ကျွန်တော်က နယ်ကပါ။ အနုပညာ ဝါသနာပါလွန်းလို့ ရန်ကုန်ကို အရဲစွန့်ပြီး တက်ခဲ့တာပါ။ ပိုက်ဆံလည်း မရှိ၊ အသိုင်းအဝိုင်းလည်း မကောင်းတဲ့ ကျွန်တော့်အတွက် ရရာနေရာကနေပြီး ကြိုးစားခဲ့ရတာပါ။ ဒါကို ကျွန်တော့်ထက် အခြေအနေ အခွင့်အရေး အများကြီး ပိုသာတဲ့သူတွေက ကျွန်တော့်ကို မနာလိုကြဘူးဗျာ။ အမြတ်ိုက်ခိုက်တာ ခံနေရတယ်။ ကျွန်တော် မပြောတဲ့စကားကိုလည်း ကျွန်တော့်အပြောလုပ်ပြီး ချောက်ချတာလည်း ခံရတယ်။ ကျွန်တော် သေချင်လောက်အောင် စိတ်ညစ်မိတယ် မမရတီ။ အနုပညာလောကဆိုပြီး မနူးညံ့ကြတာ ဘာကြောင့်များလဲဗျာ။






*သရုပ်ဆောင်ဖြစ်ဖို့*
*ကြိုးစားနေသူတစ်ဦး*

**တချို့စာသားလေးတွေက ပုဂ္ဂိုလ်ရေးထိခိုက်မှု ဖြစ်မှာစိုးလို့ ချန်လှပ်ခဲ့တာ နားလည်ပါရှင်။ ဖြစ်ပျက်ခံစားနေရတာတွေအတွက် စိတ်မကောင်းပါဘူးလို့ ပြောချင်ပါတယ်။ ဒါပေမဲ့ အတိုက်အခံ ဆိုတာကတော့ နေရာတိုင်းမှာ ရှိနေမှာလို့ အားပေးချင်ပါတယ်။ ဓားတစ်ချောင်းထက်ချင်ရင် ကတ္တီပါစနဲ့ သွေးလို့မှ မရတာကိုး။ အောင်မြင်ဖို့အတွက် အနာခံအပင်ပန်းခံမှုတွေတော့ လုပ်ရမှာပါပဲ။ ခံစားရသမျှကို ခွန်အားအဖြစ် မွေးယူပါလို့ပဲပြောပါရစေ။ ကိုယ့်ဘေးနားက ကိုယ့်ကို ချောက်ချနေသူ အပေါင်းဟာလည်း သူ့အကုသိုလ်နဲ့သူ သွားကြမှာမို့ စိတ်ထဲမှာ အပင်ပန်းခံထားမနေပါနဲ့၊ သိပ်ကောင်းတဲ့ စကားတစ်ခွန်း လက်ဆောင်ပေးလိုက်မယ်နော်။ အကုသိုလ်ဆိုတာ ကိုယ်က သူ့ကို တာဝန်ယူရတာတဲ့။ ကုသိုလ်ဆိုတာ သူကကိုယ့်ကို ပြန်တာဝန်ယူတာတဲ့။ဒါကြောင့် အခုစာရေးလာသူ အနေနဲ့လည်း သူတစ်ပါး ဘယ်လိုပဲ ကိုယ့်အပေါ် မကောင်းပါစေ၊ ကိုယ်က ကိုယ့်အနုပညာအတွက် ကြိုးစားမှုနဲ့အတူ ကောင်းသောအပြုအမူ အပြောအဆို အကျင့်အကြံကိုသာ တစ်စိုက်မတ်မတ်လုပ်ပေးပါ။ ကောင်းသောရောင် ပြန်ဟပ်ပါလိမ့်မယ်လို့ မမရတီ ပြောချင်ပါတယ်ကွယ်။**

Asian Prime Media Group
MEDIA GROUP



# GLAMOROUS GIRL

model : nan khay mar
make-up : hello
dress : vera
jewellery : sein shwe moe
photo : ko naing (popular)
arranged by thida soe

Asian Fame Media Group
af MEDIA GROUP



model : nan khay mar/ make-up : hello/ dress : vera/ jewellery : sein shwe moe/ photo : ko naing (popular)

Asian Fame Media Group
af MEDIA GROUP



# GLAMOROUS GIRL

MODEL : NAN KHAY MAR
MAKE-UP : HELLO
DRESS : VERA
JEWELLERY : SEIN SHWE MOE
PHOTO : KO NAING (POPULAR)


model : nan khay mar/ make-up : hello/ dress : vera/ jewellery : sein shwe moe/ photo : ko naing (popular)



# GLAMOROUS GIRL

MODEL : NAN KHAY MAR
MAKE-UP : HELLO
DRESS : VERA
JEWELLERY : SEIN SHWE MOE
PHOTO : KO NAING (POPULAR)

Asian Fame Media Group
MEDIA GROUP



model : nan khay mar/ make-up : hello/ dress : vera/ jewellery : sein shwe moe/ photo : ko naing (popular)

Asian Fame Media Group



# Yati Wedding Special

MODEL - SUMIE / MAKE UP - HTET (POP SOUL)
DRESS & DESIGNER - THAI SILK & TRADITIONAL FASHION
JEWELLERY - HTET (POP SOUL), FLORAL - ROSANA
PHOTO - KO NAING (POPULAR)
ARRANGED BY MOE THAUK KHYAL



Model - M Sai Lu/ Make up - Wine (December Hnin)
Dress & Designer - Thai Silk & Traditional Fashion
Jewellery - December Hnin/ Floral - ROSANA
Photo - Ko Naing (Popular)

Asian Fame Media Group




Asian Fame Media Group



# Yati Wedding Special

model : kaung pyae & san yati moe myint,
make-up : nyi nyi maung (sanchaung)
dress , photo and location : FOREVER Wedding Dress, Photo Studio & Video

arranged by phyoe su po po

Asian Fame Media Group




Asian Fame Media Group



Asian Family Media Group



# *Yati Wedding Special*

model : kaung htet zaw & may sue maung
make-up : ever smile/ floral : juno
dress : VIVIENNE WANG (The Wedding Planner)
photo : ko naing (popular)
arranged by yu ya eain

Asia Media Group
MEDIA GROUP



# Yati Wedding Special

model : kaung htet zaw & may sue maung
make-up : ever smile/ floral : juno
dress : VIVIENNE WANG (The Wedding Planner)
photo : ko naing (popular)

Asian Fame Media Group



# Yati Wedding Special

model : kaung htet zaw & may sue maung
make-up : ever smile/ floral : juno
dress : VIVIENNE WANG (The Wedding Planner)
photo : ko naing (popular)

Asian Family Media Group

# *Yati Wedding Special*

model : kaung htet zaw & may sue maung
make-up : ever smile/ floral : juno
dress : VIVIENNE WANG (The Wedding Planner)
photo : ko naing (popular)



Asian Fame Media Group


Asian Fame Media Group

*Yati Wedding Special*

model : kaung htet zaw & may sue maung
make-up : ever smile/ floral : juno
dress : VIVIENNE WANG (The Wedding Planner)
photo : ko naing (popular)




# Yati Wedding Special

model : kaung htet zaw & may sue maung
make-up : ever smile/ floral : juno
dress : VIVIENNE WANG (The Wedding Planner)
photo : ko naing (popular)



# *Yati Wedding Special*

Model - Nwe Darli Tun, Dress & Photo - YES I DO
Make up - Joe Joe, Location - The Governor's Residence
Arranged by Thida Soe

Asian Fame Media Group


YES I DO
WEDDING DRESS & PHOTO STUDIO
Model- အောင်ရေချမ်း ၊ မာရီနာ
Make-up - Joe Joe
Dress & Photo - YES I DO
Location - Governor's Residence
www.yesidomm.com,E-mail: yesidomm@gmail.com
အမှတ်(၃၅)၊ ၁၂လမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁– ၂၁၄၂၄၀၊ ၀၁– ၂၁၄၂၁၈



# Yati Wedding Special

Model - Nwe Darli Tun, Dress & Photo - YES I DO
Make up - Joe Joe, Location - The Governor's Residence

Asian Fame Media Group
MEDIA GROUP



Yati Wedding Special

Model - Nwe Darli Tun, Dress & Photo - YES I DO
Make up - Joe Joe, Location - The Governor's Residence



Asian Fame Media Group



Yati Wedding Special
Model : Swan Ye & Warso Moe Oo/ Make-up : Chit Chit (Yay Kyaw)
Dress : Hmwe Mya Thin/ Jewellery : Mhwe Mya Thin
Photo : Ko Naing (Popular)
Arranged by Phyoe Su Po Po



Model : Swan Ye & Warso Moe Oo/ Make-up : Chit Chit (Yay Kyaw)
Dress : Hmwe Mya Thin/ Jewellery : Mhwe Mya Thin
Photo : Ko Naing (Popular)

af MEDIA GROUP
Asian Fame Media Group



Model : Swan Ye & Warso Moe Oo/ Make-up : Chit Chit (Yay Kyaw)
Dress : Hmwe Mya Thin/ Jewellery : Mhwe Mya Thin
Photo : Ko Naing (Popular)

Asian Fame Media Group



### Confidence

လူတစ်ယောက်နဲ့တစ်ယောက် အလုပ်လုပ် ပြီဆိုရင် ယုံကြည်မှုကတော့ အရေးကြီးပါတယ်။ Trust မရှိဘူးဆိုရင် အလုပ်လုပ်တာ အဆင်မပြေ နိုင်ဘူး အစ်မ။ အဲဒါကတော့ စီးပွားရေးပဲလုပ်လုပ်၊ ဘာပဲလုပ်လုပ်ပေါ့နော်။ အဓိက က တော့ ကိုယ့်ကိုယ်ကိုယ် Trust ဖြစ်အောင်လို့ လေ့ကျင့် ယူရမယ် ထင်ပါတယ်။ ကိုယ်လုပ်ချင်တာတစ်ခုကို Target ထားပြီးတော့ ယုံကြည်မှုရှိစွာနဲ့ လုပ်ရမယ်ပေါ့။ ချမ်းချမ်းဆို ငယ်ငယ်ကတည်းက အဆိုတော်ဖြစ်ချင်တဲ့အတွက် သီချင်း တွေရေးတယ်၊ ဆိုတယ်၊ ပြိုင်ပွဲတွေ ပြိုင်တယ်။ အလျှော့ မပေးဘူးပေါ့နော်။ ဒါပေမဲ့ ကိုယ်ဖြစ်နေတဲ့အရာက မဖြစ် နိုင်ဘူးဆိုရင် ရဲရဲကြီးဆုံးဖြတ်ရဲတဲ့ သတ္တိရှိရမယ်။ ဥပမာ တချို့ကျတော့ သီချင်းမဆိုတတ်ဘူး။ အရမ်း ကြီးဆိုချင်နေ တဲ့အတွက် မိဘတွေက ပိုက်ဆံထုတ်ပေးတယ်။ ဘာမှလည်း ဖြစ်မလာတာတွေလည်း ရှိတယ်။ ကိုယ့်အတွက် ဆုံးရှုံး တာပေါ့နော်။ အဲဒီတော့ သီချင်း (၁) ပုဒ်၊ (၂) ပုဒ်လောက် အရင်ဆိုကြည့်ပြီးမှ ဆုံးဖြတ်စေချင်ပါတယ်။

# Chan Chan's profile as told by herself

*model : chan chan, make-up : Hello (ma khaing, ma cho)*
*photo : ko naing (popular), arranged by thida soe*

### Discipline

လူတိုင်းမှာတော့ အတိုင်းအတာ တစ်ခုရှိတယ် အစ်မ။ အိမ်ထောင်မှုမနိုင်တဲ့ တချို့မိန်းကလေးတွေ ရှိတာပဲလေ။ ဒါပေမဲ့ စီးပွားရေးမှာ တော်တယ်ပေါ့။ စည်းကမ်းရှိဖို့အတွက် လုပ်ယူရတာတွေ ရှိတယ်။ ဘယ် သူမှတော့ မွေးကတည်းက စည်းကမ်းရှိလာတာ မဟုတ်ပါ ဘူး။ စည်းကမ်းရှိဖို့အတွက် လေ့ကျင့်ယူရတာတွေက များပါတယ်။

### Time

အချိန်ကတော့ အမှန်အတိုင်း ပြောရရင် ချမ်းချမ်းတို့ အနုပညာရှင်တွေ အတွက် ၂၄ နာရီ တောင် မလောက်ပါ ဘူး။ ချမ်းချမ်းအတွက် အချိန်ကတော့ ဘယ်တော့မှ မလောက်ပါဘူး။ တစ်ခါတလေကျရင် တွေးမိတယ်။ ၃၆ နာရီလောက်ဖြစ်ရင် ကောင်းမယ်လို့လေ။ အချိန်က လူတစ်ယောက်အတွက် အရမ်းအရေးကြီးပါတယ်။

### Parents

ချမ်းချမ်းမိဘတွေကတော့ ချမ်းချမ်းကို အများကြီး အထောက်အပံ့ပေးပါတယ်။ ဒီအနုပညာကို စလုပ်ကတည်း က တားဆီးမှုဆိုတာမရှိဘဲနဲ့ ပံ့ပိုးပေးခဲ့တယ်။ သားသမီး တွေကို လွတ်လပ်ခွင့်ပေးတယ်။ လူတစ်ယောက် ထူးချွန် ထက်မြက်ဖို့ဆိုတာက သူလုပ်ချင်တဲ့အရာကို လုပ်ခွင့်ပေးမှ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိမှာလေ။ မိဘတွေက ဟိုနေရာပါ၊ ဒီနေရာပါဆိုရင် သားသမီးက မိဘမရှိတော့ရင် ဘာမှမလုပ်တတ်သလို ဖြစ်သွားတတ်တယ်။



# Chan Chan's profile
## as told by herself

*model : chan chan, make-up : Hello (ma khaing, ma cho)*
*photo : ko naing (popular)*

Asian Fame Media Group
MEDIA GROUP

### Love

အင်း. . .။ ၅၂၈ ကတော့ မပြောင်းလဲဘူးပေါ့ အစ်မရယ်။ ၁၅၀၀ ကျတော့ ပူလောင်တယ်လေ။ မိသားစုထဲမှာ ရန်ဖြစ်ပြီးရင် ပြန်တည့်ဖို့လွယ်တယ်။ သံသယဖြစ်ပြီးရင်လည်း ပြန်ဖြေရှင်းလို့ လွယ် တယ်လေ။ ညီယူလို့ အဆင်ပြေတယ်ပေါ့။ ချစ်သူတွေကျတော့ ကိုယ်နဲ့တွဲနေတဲ့ တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ သူ့စိတ်ကို ခန့်မှန်းလို့ရပေမယ့် ယူပြီးရင်လည်း ပြောင်းလဲသွားနိုင်တယ်လေ။ ယုံကြည်မှုရယ်၊ သစ္စာရှိမှုရယ်၊ ပြီးတော့ အချစ်ကိုတန်ဖိုးထားတတ်ဖို့တွေ လိုတာပေါ့နော်။ မိန်းကလေးတွေလည်း အများကြီးရှိတယ်။ ယောကျ်ားလေးတွေလည်း အများကြီးရှိတယ်။ ဒါပေမဲ့ ကိုယ်ချစ်တဲ့သူကိုတွေ့ဖို့ဆိုတာ အရမ်းခဲယဉ်းပါတယ်။ အဲဒါကြောင့် ကိုယ်ရထားတဲ့ အရာတစ်ခုကို တန်ဖိုးထားပါ။

### Hatred

အချစ်ဆိုတာ အပေးအယူရှိတယ်ပေါ့နော်။ တုံ့ပြန်မှုရှိတာတွေလည်း ရှိပါတယ်။ တချို့ကျတော့ အပေးချည်းပဲ ရှိတယ်။ ချမ်းချမ်းကတော့ အရင်တုန်းက ပြန်မရရင် နေပါစေဆိုပြီး ပေးဆပ်ခဲ့တာတွေရှိတယ်။ အဲဒီတော့ အပြန်အလှန်လေးတွေဖြစ်ရင် ပိုကောင်းပါတယ်။ 'အမုန်း' ဆိုတာကတော့ မရှိလေကောင်းလေပါပဲ။ ပူလောင်မှာလေ။

### Life

ချမ်းချမ်းကတော့ ဘဝမှာ Plan A,B ဆိုပြီး ဆွဲထားတယ်။ ကိုယ်ဘာဖြစ်ချင်လဲ၊ မဖြစ်ခဲ့ရင် ဘာလုပ်မလဲ။ လူတိုင်းကတော့ မျှော်လင့်တတ်ကြတာပဲလေ။ အဲဒါကိုမှ ဖြစ်မလာရင် ပိုခံစားရတယ်။ ချမ်းချမ်းသာ အဆိုတော်မဖြစ်ခဲ့ဘူးဆိုရင် ဘာလုပ်မလဲ။ အပြင်မှာ Fashion Designer ဖြစ်ဖြစ်၊ လေယာဉ်မယ်ဖြစ်ဖြစ် တစ်ခုခုကိုဖြစ်အောင် လုပ်မှာပဲလေ။ မဖြစ်နိုင်တဲ့ အရာတစ်ခုကိုတော့ ချမ်းချမ်း ဇွတ်မလုပ်တတ်ဘူး။ အဲဒါလေး တစ်ခုကတော့ လူငယ်ရော၊ လူကြီးရော ထားသင့် တယ်။ ဘာဖြစ်လို့လဲဆိုတော့ အချိန်တွေ ကုန်လို့လေ။

### Friendship

အမှန်အတိုင်းပြောရရင် ချမ်းချမ်းမှာ သူငယ်ချင်းအများ ကြီးမရှိပါဘူး။ ဒါပေမဲ့ ချမ်းချမ်းက တွေ့ရင်၊ မြင်ရင်ခင် တတ်တယ်၊ ချစ်တတ်တယ်။ ကိုယ့်အပေါ်မှာ အဲဒီလူ တစ်ယောက်က စိတ်ရော၊ ကိုယ်ရောမပေါင်းဘူးဆိုတာကို သိလိုက်ရရင် ချမ်းချမ်းကလည်း ကိုယ်ပေါင်း စိတ်ခွာဖြစ်သွားတတ်တယ်။ လူမှုရေးအရတော့ တာဝန်ကျေအောင်ပေါင်း ပါတယ်။ ချမ်းချမ်းနဲ့ Type မတူရင်သိပ်မပေါင်းတတ်ဘူး။ ချမ်းချမ်းက တစ်ယောက်တည်းနေတာများတယ်။ ကလပ်သွားတာ၊ ပါတီတက်တာ၊ သူငယ်ချင်းတွေနဲ့ မုန့်သွားစားတာ အဲဒါမျိုးတွေ အရမ်းနည်းတယ်။ ချမ်းချမ်းက အလုပ်သွားတယ်။ ပြန်လာရင် ထမင်းစားရေချိုးပြီး အိပ် တယ်။ အပြင်ထွက်ရတာကို ဝါသနာမပါတာ။ အလုပ်ကိစ္စနဲ့ အမြဲတမ်း အပြင်သွားနေရတော့ နားရတဲ့အချိန်လေးမှာ အိမ်မှာပဲ နေချင်တယ်။

### Books

ချမ်းချမ်းက ဘုရားစာအုပ်ပဲ ဖတ်ဖြစ်တာများတယ်။ ခရစ်ယာန်ဆိုတော့ ဘုရားသခင်လမ်းညွှန်ပေးထားတဲ့ စာအုပ်တွေပဲဖတ်ဖြစ်တယ်။



# Chan Chan's profile
## as told by herself

*model : chan chan, make-up : Hello (ma khaing, ma cho)*
*photo : ko naing (popular)*

Asian Fame Media Group
MEDIA GROUP



လူ့ဘဝမှာ ဘယ်လိုမျိုး သည်းခံရမယ်။ ဘယ်လိုမျိုး ခွင့်လွှတ်ရမယ်၊ ဘယ်လိုမျိုး ကြိုးစားရမယ် ပေါ့။ အဲဒီလိုမျိုး ရေးထားတာတွေကိုဖတ်ပြီး ရင်ထဲသွင်းထားတယ်။

**Motto**

ချမ်းချမ်းကတော့ "ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ"ပဲ။ ဒီလို အခြေအနေရောက်လာဖို့အတွက် ချမ်းချမ်းအရမ်း ကြိုးစားခဲ့ရတယ်။ အောက်ခြေကနေ ကြိုးစားခဲ့ရတဲ့ အတွက် စောင်းမြောင်းပြောတာတွေ၊ ချောက်တွန်းတာတွေကို ခံခဲ့ရတယ်။ စိတ်ထဲမှာ အမြဲတမ်းထားတာကတော့ ဒါတွေဟာ ငါ့အတွက် တွန်းအားတွေပေါ့။ ရိုးရိုး ကျင့်ပြီး ရတဲ့ပိုက်ဆံက စားပျော်ပါတယ်။ မဟုတ်တာလုပ်ပြီးရတဲ့ ပိုက်ဆံတွေကတော့ ချမ်းချမ်းစားဝင်မှာ မဟုတ်ပါဘူး။ သူများတွေလို ဈေးကြီးတာတွေ အများကြီး မဝယ်နိုင်ပေမယ့် ကိုယ်ရတဲ့ပိုက်ဆံနဲ့ ဝယ်ထားတဲ့ ကားကိုလည်း ကြိုက်တယ်။ ကိုယ့်ရဲ့ ရိုးသားတဲ့ ပိုက်ဆံနဲ့ဝယ်ထားတဲ့ အရာအားလုံးကို တန်ဖိုးထားပြီးကြိုက်ပါတယ်။

**Collections**

ချမ်းချမ်းက အစားအသောက် အရမ်းကြိုက်တယ်။ ဥပမာ- မာမား၊ ယမ်ယမ်တို့ကို ကြိုက်တဲ့အတွက်အထုပ်တစ်ရာလောက် ဝယ်ပစ်လိုက်တယ်။ မုန်းတဲ့အထိကို စားတာလေ။ ပစ္စည်းဆိုရင် လည်ဆွဲ၊ နားကပ်တွေစုဖြစ်တယ်။ ဥပမာ- ကျွန်းတစ်ခုကို ရောက်ပြီဆိုရင် အဲဒီကထွက်တဲ့ အမှတ်တရ ပစ္စည်းအကုန် ဝယ်တယ်။ အဓိကကတော့ Fancy ဆန်ဆန်လေးတွေပေါ့။

**On Arts**

အနုပညာဆိုတာ အမှန်တော့ တကယ် ကြမ်းတမ်းပါတယ်။ အနုပညာဆိုတာ တကယ်တော့ မနူးညံ့ပါဘူး။ ကြည့်တဲ့ ပရိသတ်ကို နူးညံ့အောင်ပြတာ။ အနုပညာက စန်း၊ ကံ၊ ဉာဏ်တွေ အရမ်းလိုပါတယ်။ ကိုယ့်မှာ အရည်အချင်းမရှိဘဲနဲ့လည်း အနုပညာလုပ်လို့ မရဘူး။

**Other Hobbies**

ယောဂကျင့်တာ ကြိုက်တယ်။ ပြေးရတာလည်း ကြိုက်တယ်။ ငယ်ငယ်တုန်းက ရပ်ကွက်ထဲမှာ အပြေးပြိုင်ပွဲရှိရင် ဝင်ပြိုင်တယ်။ လူတွေအများကြီးနဲ့ အားကစားလုပ်ရတာကို အရမ်းကြိုက်တယ်။ ရေကူးတာလည်း ဝါသနာပါပါတယ်။ ဒါကတော့ အနုပညာမဟုတ်တဲ့ တခြားဝါသနာတွေပါ။

**Favourite Food**

ရှမ်းခေါက်ဆွဲ၊ ပန်းသီး၊ ထောပတ်သီး၊ စပျစ်သီးတွေကို ကြိုက်တယ်။ ချမ်းချမ်း Cake လုံးဝမကြိုက်ဘူး။ အဆီပါတာတွေကို မစားဘူး။ ခေါက်ဆွဲပြုတ်တွေ ကြိုက်ပါတယ်။

သီတာစိုး

Asian Fame Media Group



# Fantastic floral

*model : patricia/ make-up : may oo/ dress : dolly bird / location- juno floral service*
*photo : ko naing (popular)/ arranged by yu ya eain*

Asian Fame Media Group
MEDIA GROUP







# Fantastic floral

*model : patricia/ make-up : may oo/ dress : dolly bird / location- juno floral service*
*photo : ko naing (popular)/ arranged by yu ya eain*

Asian Family Media Group


Asian Fame Media Group
af MEDIA GROUP

# Creative Makeup Director, ARTY Professional



လူ့ဘဝမှာ အပြည့်ဝဆုံးသော အောင်မြင်မှုတွေ၊ အကောင်းဆုံးသောနေထိုင်မှုတွေ ဝန်းရံထားတဲ့ အလှပဆုံးသောဘဝတွေကိုသာ ရယူပိုင်ဆိုင်ချင်ကြတာသဘာဝပါ။ ဒါကို ပေးဆပ်ဖို့အတွက် ကြိုးစားနေသူကတော့ အဝတ်အစားဒီဇိုင်နာတစ်ဦးလည်း ဖြစ်ပြီး **School of Fashion Design, RMUT in Thailand** နဲ့ **Academy of Beauty Arts by Arty Professional** က **Fundamental Make Up**၊ **Fashion** နှင့် အခြား **Advance** ပညာများနဲ့ ဖန်တီးမှုလောကထဲကို ဝင်လာခဲ့သူ ထိုင်းနိုင်ငံသား **Mr. Natchanantana U-Tennam** ပဲ ဖြစ်ပါတယ်။ လှုပ်ရှားနေတဲ့ သူ့လက်အစုံဟာ ယုံကြည်ချက်အပြည့်နဲ့ ရဲရင့်နေခဲ့ပါတယ်။ သူဟာ သူယုံကြည်တည်ဆောက်ခဲ့ရာ ဘဝတစ်စိတ်တစ်ပိုင်းကို **Arty Brand** ထဲမှာ မြှုပ်နှံခဲ့ပါတယ်။ သူသက်ဝင်နေတဲ့ **Arty Brand** ဟာ အာရှနိုင်ငံအသားအရေတွေအတွက်တော့ တကယ်ကို ကိုးစားစရာပါ။ အာရှသူအာရှသားတွေအတွက် လှပကျန်းမာတဲ့ အသားအရေပိုင်ဆိုင်နိုင်ဖို့ ဒီလိုကုန်ပစ္စည်းမျိုးကို ဖန်တီးထုတ်လုပ်ခဲ့တဲ့ သူ့ရဲ့နှလုံးသားကို တံခါးခေါက်ကြည့်ခဲ့ကြပါတယ်။

**ဒီ Twister Essence Foundation ကို ဘာကြောင့်ရွေးချယ်ဖြစ်ခဲ့တာပါလဲ။**

ဒီ **foundation** က တခြားဘယ် **brand** နဲ့မှမတူဘူး။ **Arty twister** မှာ ကျွန်တော်က **moisture** ကို အပြည့်အဝ ထည့်ထားတယ်။ ရေဓာတ်ကို ပြန်ဖြည့်ပေးနိုင်တယ်။ **skin** ကိုပါ **take care** လုပ်ပေးနိုင်တဲ့ အစွမ်းရှိတယ်။ **Make up** သားကို **Moose type** လုပ်ထားတယ်။ အဲဒီတော့ လိမ်းလိုက်တာနဲ့ အသားက ချက်ချင်းချောသွားတယ်။ ဒီ **make up** က လိမ်းထားရင် ပါးပါးလေးနဲ့ မိတ်ကပ်လိမ်းထားမှန်း မသိစေတဲ့အတွက် ယောကျ်ားလေးရော မိန်းကလေးရော လိမ်းလို့ရတယ်။ များသောအားဖြင့် ယောကျ်ားလေးတွေက **make up** လိမ်းထားမှန်းသိသာတဲ့ဟာမျိုးကို မကြိုက်ကြဘူး။ ဒီမိတ်ကပ်က **oil free** ပါ။ ထိုင်းမှာ ဒီ **make up** ကို စပြီးမိတ်ဆက်တော့ မိန်းကလေးတွေအတွက် အဓိကပဲ။ စပြီးတီထွင်ခဲ့တုန်းကလည်း မိန်းကလေးတွေအတွက်ပဲ **target** ထားခဲ့တာ။ ဒါပေမဲ့ယောကျ်ားလေးတွေကပါ သဘောကျသွားတယ်။

**Arty Twister Essence Foundation ကို ဘယ်လိုအသက်အရွယ်အပိုင်းအခြားတွေအတွက် ထုတ်လုပ်ထားတာပါလဲ။**

**make up** ဆိုပေမယ့် **skin care percentage** ကပိုများတော့ **make up** ကို စသုံးတဲ့ ဆယ့်လေးငါးနှစ် အရွယ်တွေလည်း **skin** ပျက်စီးမှုမဖြစ်ဘူး။အသက်အရွယ်ရောက်နေတဲ့ မိန်းကလေးတွေကျတော့လည်း **make up** လိမ်းထားရင် လိမ်းထားမှန်း မသိစေတဲ့အတွက် ဒီပစ္စည်းကို သဘောကျကြတယ်။ ပြီး **moisturizer** အပြည့်ပါတော့ အသက်ကြီးတဲ့ လူတွေအတွက်လည်း သုံးလို့ရတယ်။

**ဒီ Arty ပစ္စည်းတွေကို ဘယ်လိုစဉ်းစားပြီး ဖန်တီးဖြစ်ခဲ့တာပါလဲ။**

အခုခေတ်မှာက လူတိုင်းကအလုပ်လုပ်ရတယ်လေ။ အဲဒီတော့ ကျွန်တော်ကစဉ်းစားတယ်။ **make up** လိမ်းတဲ့အခါ မြန်မြန်ဆန်ဆန်နဲ့လိမ်းလို့ရမယ့် **make up** သားမျိုးပေါ့။ ပြီးတော့ ကျွန်တော်တို့အာရှကအရမ်းပူတယ်။အဲဒီတော့ အဆီပြန်ကြတယ်။ ဒါကြောင့် အဆီလည်းမပြန်၊ လိမ်းရတာလည်း လွယ်ကူပြီး မြန်မြန်လိမ်းလို့ရတဲ့**make up** မျိုးကိုထုတ်ဖို့ စဉ်းစားမိတယ်။ ပြီးတော့ **skin care** ပါများများပါပြီး အသားအရေ ထိခိုက်မှု မဖြစ်စေတဲ့ **foundation** ကိုတီထွင် ဖြစ်ခဲ့တာပေါ့။

**Make up နဲ့ပတ်သက်တဲ့ presentation လုပ်တဲ့အခါ creation idea က တော်တော်လေး ထူးခြားတာ တွေ့ရတယ်။ အဲဒါဘယ်လိုတွေလေ့လာ ဖြစ်ခဲ့လို့ပါလဲ။**

ကျွန်တော်က **Creation** တွေမှန်သမျှ စိတ်ဝင်စားတယ်။ အရင်က **Thailand** ရဲ့ **Super Star**၊ **Channel TV** နဲ့ **3, 5, 7, 9** တွေမှာလည်း **Make-Up Artist** အဖြစ်လုပ်ခဲ့သေးတယ်။ တကယ်တော့ ကျွန်တော်က အကျီ **Design** နဲ့ ကျောင်းပြီးသွားပေမယ့် မိတ်ကပ်လိမ်းရတာကို သဘောကျတာကြောင့် **make up** လိမ်းတဲ့ပညာကို ထပ်သင်ဖြစ်ခဲ့တယ်။ ဒီတော့ အဲဒီ ၂ ခုကို ဆက်စပ်ပြီး အမြဲ **creation** လုပ်ဖြစ်တယ်။

**မြန်မာ traditional ဆန်ဆန် ပြင်ဆင်ကြမှုနဲ့ ပတ်သက်ပြီးတော့ရော ဘယ်လိုခံစားမှုတွေ ရှိနေလဲ။**

ကျွန်တော်က မြန်မာပြည်ကိုလည်းကြိုက်တယ်။ မြန်မာ့ယဉ်ကျေးမှုကိုလည်း ကြိုက်တယ်။ ပြီးတော့ မြန်မာမိန်းကလေးတွေ တော်တော်များများက သနပ်ခါးလိမ်းတာ ကြိုက်ကြတယ်။ သနပ်ခါးက အသားဖြူတာမှန်ပါတယ်။ ဒါပေမဲ့ သူက အရေပြားက အဆီဓာတ်တွေ ရေဓာတ်တွေကို စုပ်ယူနိုင်တဲ့အစွမ်းရှိတယ်။ အဲဒီတော့ မြန်မာမိန်းကလေးတွေရဲ့ အရေပြားက အသားခြောက်တာများတယ်။ ဒါကြောင့် ကျွန်တော် အကြံပေးချင်ပါတယ်။ နေ့လယ်မှာတော့ သနပ်ခါးလိမ်းပေါ့။ ညကျရင်တော့ မျက်နှာကို သေချာဆေးကြောပြီး **moisturizer** လေးတော့ ပြန်လိမ်းပါလို့။

Asian Fame Media Group




Asian Fame Media Group
af MEDIA GROUP


Model - Marina
Make-up - Mr. Teemin ( Creative Make Up Director )
Hair - HELLO
Nail Art - Sweet Angel
Dress - Ko Kaung Myat


ARTY
PROFESSIONAL
by bsc
ARTY
liquid eyeliner
ARTY
Professional
eye liner
waterproof
7 ml.



**Model -** Khin Wint Htae (Stars & Models Int'l)

**Make-up -** Mr. Teemin ( Creative Make Up Director )

**Hair -** HELLO

**Nail Art -** Sweet Angel

**Dress -** Ko Kaung Myat

Asian Fame Media Group
MEDIA GROUP



Asian Fame Media Group
af MEDIA GROUP
ARTY Professional
Complexion Modifier
Make up base



# Sweet Dream

Model : Maung & Han Thi/ Make-up : Smile (Ko Htike) & Shwe Myint Mo/ Make-up series : MISSHA Cosmetics (Korea)
Place : Mya Yeik Nyo/ Photo : Ko Naing (Popular)/ Arranged : Yu Ya Eain

ဒီလရတီရဲ့ Sweet Dream ပုံရိပ်လေးကို ပုံဖော်ပေးမယ့် အနုပညာရှင်နှစ်ဦးကတော့ မောင်နဲ့ ဟန်သီပဲဖြစ်ပါတယ်။ လှပငယ်ရွယ်တဲ့ ပုံရိပ်ပိုင်ရှင်လေးတွေကို ကြည်နူးဆွတ်ပျံ့ဖွယ် နောက်ခံရှုခင်းများနဲ့ အားဖြည့်လို့ ချစ်စဖွယ်လှုပ်ရှားမှုများနဲ့ စာမျက်နှာထက် တင်ဆက်လိုက်တဲ့အခါမှာ အားလုံးရဲ့ရင်ထဲ ချိုမြိန်သော အိပ်မက်ဟောင်းတွေပြန်လည်နိုးထလာလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

Asian Fame Media Group



# Sweet Dream

Model : Maung & Han Thi/ Make-up : Smile (Ko Htike) & Shwe Myint Mo
Make-up series : MISSHA Cosmetics (Korea)
Place : Mya Yeik Nyo/ Photo : Ko Naing (Popular)

Asian Fame Media Group
af MEDIA GROUP




# Sweet Dream

Model : Maung & Han Thi/ Make-up : Smile (Ko Htike) & Shwe Myint Mo
Make-up series : MISSHA Cosmetics (Korea)
Place : Mya Yeik Nyo/ Photo : Ko Naing (Popular)




Asia Yati Media Group



# Sweet Dream

Model : Maung & Han Thi/ Make-up : Smile (Ko Htike) & Shwe Myint Mo
Make-up series : MISSHA Cosmetics (Korea)
Place : Mya Yeik Nyo/ Photo : Ko Naing (Popular)

Asian Family Media Group



# Hottest Latest

Model : Phone Shein Htet & Shwe Sin/ Make-up : May Sabai Nyo/ Fashion : Wizard Fashion and Too Cool Fashion
Watch : TISSOT / Location : Cafe 47 / Photo : Ko Naing (Popular)/ Arranged by Phyoe Su Po Po

Asian Fame Media Group



Fame Media Group




Model : Phone Shein Htet & Shwe Sin/ Make-up : May Sabai Nyo/ Fashion : Wizard Fashion and Too Cool Fashion/ Watch : TISSOT Location : Cafe 47 / Photo : Ko Naing (Popular)



Model : Phone Thein Htet & Shwe Sin/ Make-up : May Sabai Nyo/ Fashion : Wizard Fashion and Too Cool Fashion/ Watch : TISSOT / Location : Cafe 47 / Photo : Ko Naing (Popular)

Asian Fame Media Group



# CHIC
## STYLE

MODEL
NAN MYAT PHYO THIN
HAIR STYLE
LADY LIGHT
Beauty Centre & Training School
PHOTO
KO NAING (POPULAR)
ARRANGED BY THIDA SOE



Asian Fame Media Group
MEDIA GROUP



# CHIC
## STYLE

MODEL
NAN MYAT PHYO THIN
HAIR STYLE
LADY LIGHT
Beauty Centre & Training School
PHOTO
KO NAING (POPULAR)



Asian Fame Media Group
af MEDIA GROUP





# CHIC
## STYLE

MODEL
NAN MYAT PHYO THIN
HAIR STYLE
LADY LIGHT
Beauty Centre & Training School
PHOTO
KO NAING (POPULAR)

Asian Fame Media Group



# နုနွယ်ပျိုမျစ် အလှစစ်

မော်ဒယ်-သဥ္ဇာနွယ်ဝင်း/ဝတ်စုံ - ရွှေမင်းသမီး
ဒီဇိုင်နာ- ဒွေးဒွေးတင် (ရှိမိဇ)/ဓာတ်ပုံ-ပြည်ဟန် (Color Max)
နေရာ- ကန်တော်ကြီး (မျှော်စင်ကျွန်း)
မိုးသောက်ကြယ်

Asian Fame Media Group



မော်ဒယ်-သဉ္ဇာနွယ်ဝင်း/ဝတ်စုံ - ရွှေမင်းသမီး
ဒီဇိုင်နာ- ဌေးဌေးတင် (ရှိမိဇ)/ဓာတ်ပုံ-ပြည်ဟန် (Color Max)
နေရာ- ကန်တော်ကြီး (မျှော်စင်ကျွန်း)

Asian Fame Media Group
MEDIA GROUP



မော်ဒယ်-သဥ္ဇာနွယ်ဝင်း/ဝတ်စုံ - ရွှေမင်းသမီး
ဒီဇိုင်နာ- ဌေးဌေးတင် (ရှိမိဇ)/ဓာတ်ပုံ-ပြည်ဟန် (Color Max)

Asian Fans Media Group



မော်ဒယ်-သဥ္ဇာနွယ်ဝင်း/ဝတ်စုံ - ရွှေမင်းသမီး
ဒီဇိုင်နာ- ဌေးဌေးတင် (ရှိမိဇ)/ဓာတ်ပုံ-ပြည်ဟန် (Color Max)

Asian Fame Media Group


မော်ဒယ်-သဥ္ဇာနွယ်ဝင်း/ဝတ်စုံ - ရွှေမင်းသမီး
ဒီဇိုင်နာ- ဌေးဌေးတင် (ရှိမိဇ)/ဓာတ်ပုံ-ပြည့်ဟန် (Color Max)



# LUMINOUS BEAUTY

Model - San Thitt La,
Photo - Ko Naing (Popular),
Makeup Artist - Htet (Pop Soul),
(Lovely Me Make up Series) THEFACESHOP
Arranged by Yu Ya Eain

Asian Fame Media Group
MEDIA GROUP



# LUMINOUS BEAUTY

Model - San Thitt La,
Photo - Ko Naing (Popular),
Makeup Artist - Htet (Pop Soul),
(Lovely Me Make up Series) THEFACESHOP

Asian Fame Media Group
af MEDIA GROUP




Asian Fame Media Group


Model - San Thitt La, Makeup Artist - Htet (Pop Soul),
(Arsainte Eco-Therapy series) THEFACESHOP
Photo - Ko Naing (Popular)
af MEDIA GROUP
Asian Fame Media Group




Asian Fame Media Group
af MEDIA GROUP













# Audience of
## *Celebrities' Choice*

MODEL - R ZARNI, THIHA TUN / DRESS & FOOT WEAR FOR AUDIENCE - iDOL
PHOTO - KO NAING (POPULAR)/ ARRANGED BY THIDA SOE


ဒီလမှာဒီကဏ္ဍရဲ့ထူးခြားချက်လေးကတော့Celebrity Rဇာနည်ကAudience သီဟထွန်းကို ရွေးချယ်ခဲ့တာပါပဲ။ ဘယ်လိုထူးခြားမှုမျိုးလဲဆိုတော့ ဒီကဏ္ဍလေးမှာ မိန်းကလေးနှစ်ယောက်တွဲပြီး ရိုက်ခဲ့တာတွေရှိပေမယ့် ယောကျ်ားလေးနှစ်ယောက်တွဲပြီး ရိုက်တာကတော့ ပထမဆုံးပါ။ ရွေးချယ်ခံရသူ သီဟထွန်းက အနုပညာနဲ့ ပတ်သက်ရင် လုပ်ရှားမှုတစ်ခုမှမရှိဘဲ လုံးဝအစိမ်းသက်သက်ပါ။အနုပညာလောကမှာ အောင်မြင်မှုတွေကို သိမ်းပိုက်ထားနိုင်သူ R ဇာနည်နဲ့ အနုပညာနဲ့ပတ်သက်ရင် ဘာလှုပ်ရှားမှုမှမရှိတဲ့ သီဟထွန်းတို့ရဲ့ပုံရိပ်များကို ပရိသတ်တွေအတွက် သက်ဝင်လှုပ်ရှားအောင်ဓာတ်ပုံကိုနိုင်(ပေါ်ပြူလာ)က ရိုက်ကူးပေးခဲ့ပါတယ်။ ကဲ....ပရိသတ်ကြီးရေ....နောက်လမှာ ရတီစာမျက်နှာထက်ကိုAudience အဖြစ် ဘယ်သူရောက်ရှိလာမလဲ ဆိုတာကို စောင့်ကြည့်ရင်းနဲ့....




MODEL -R ZARNI, THIHA TUN / DRESS & FOOT WEAR FOR AUDIENCE - iDOL/PHOTO- KO NAING (POPULAR)


MODEL - R ZARNI, THIHA TUN / DRESS & FOOT WEAR FOR AUDIENCE - IDOL/PHOTO - KO NAING (POPULAR)

Asian Fame Media Group




Asian Fame Media Group



MODEL - R ZARNI, THIHA TUN / DRESS & FOOT WEAR FOR AUDIENCE - iDOL/PHOTO - KONAING (POPULAR)

## ပရိသတ်အမေး အနုပညာရှင်အဖြေ

**အစ်ကိုဆိုခဲ့တဲ့သီချင်းတွေ အများကြီးထဲကမှ အစ်ကိုနှစ်သက်အားရခဲ့တဲ့ သီချင်းတွေကို ပြောပြပါဦး။ အနုပညာအနေနဲ့ကော ဘာတွေလှုပ်ရှားဖြစ်နေလဲ. . . . .**

အစ်ကိုဆိုထားတဲ့ သီချင်းတွေကတော့ အများကြီးပေါ့နော်။ အပုဒ်တိုင်းကိုတော့ အားရကျေနပ်တာမျိုးမရှိဘူးပေါ့။ အားရကျေနပ်တဲ့ သီချင်းကျတော့လည်း တစ်ပုဒ်တည်းမဟုတ်ဘူး။ ဥပမာပြောရရင် 'ဂန္ထဝင်ဆည်းဆာ' ဆိုတုန်းကတော့ ကိုယ့်ဘာသာကိုယ် စိတ်ထဲမှာပြန်ပြီးတော့ သဘောကျမိတယ် ညီလေးရာ။ 'ကိုယ့်အနားရှိစေချင်' ဆိုတုန်းကလည်း အဲဒီလိုပဲ သဘောကျတယ်။ နောက်ထပ်လည်း ရှိပါသေးတယ်။ အခုအချိန်မှာတော့ အစ်ကို့ရဲ့ 'အဆိပ်တက်အိပ်မက်' အခွေကို VCD ထွက်တော့မယ်။ VCD ကို ဒီမိုးတွင်းမှာ ထွက်နိုင်အောင် ကြိုးစားနေတယ်။ ရိုက်ဖို့တော့ ၂ ပုဒ်ကျန်သေးတယ်။ ဒီမှာရှိတဲ့ ပရိသတ်တွေက အရုပ်နဲ့တွဲပြီးတော့ ကြည့်ချင်ကြတယ်လေ။ အဲဒါမှ ပိုပြီးသိကြတယ်။ အရင်ခေတ်ကတော့ Audio ပဲ နားထောင်ကြတာ။ အစ်ကို့ရဲ့ 'အဆိပ်တက်အိပ်မက်' အခွေကို သိတဲ့ လူလည်း ရှိတယ်၊ မသိတဲ့လူလည်း ရှိတယ်။

**အစ်ကို့စိတ်ထဲမှာ အခုအချိန်အထိ အဆိုချင်ဆုံး ဂီတပုံစံကရော။ အဆိုတော်တွေက သူ့ဟာနဲ့သူ ရှူးသွပ်မှုရှိတာပဲဆို တော့လေ။**

အစ်ကို အခုဆိုနေတဲ့ ဂီတပုံစံတွေက Rock ဆိုပြီး အတိအကျပြောလို့လည်း မရဘူးပေါ့နော်။ မြန်မာပြည်မှာကျတော့ Pop Rock လည်း ဆိုရတာပဲ။ Pop ဆန်ဆန်လည်း ဆိုရတာပဲလေ။ များသောအားဖြင့် ပရိသတ်အကြိုက်ကို လိုက်နေရတာ များတာပေါ့နော်။ အစ်ကို ဆိုချင်တဲ့ပုံစံကတော့ Melodic ဖြစ်တဲ့ သီချင်းပုံစံလေးတွေပေါ့။ သံစဉ်လေးတွေ ကောင်းမယ့်ပုံစံမျိုး ဆိုချင်တာပေါ့။ အစ်ကိုလည်း ကြိုက်မယ်၊ ပရိသတ်လည်း ကြိုက်မယ့် ပုံစံမျိုးလေးတွေပေါ့။ အဲဒါမျိုးကျတော့ Rock လို့လည်း ပြောလို့မရဘူးပေါ့ ညီလေးရာ။ Slow Rock ပုံစံလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ Pop လည်း ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ အခု ကိုယ်ဆိုခဲ့တဲ့ သီချင်းတွေကလည်း ကိုယ်ဆိုချင်တဲ့ ပုံစံမျိုးလေးတွေပါပဲ။

**အဆိုတော်ဖြစ်ခါစက စိတ်ခံစားမှုနဲ့ အစ်ကို့ရဲ့သားလေး ဖစ်ဖစ်တုန်မွေးတုန်းက စိတ်ခံစားမှု ဘယ်လို ကွာခြားမှုရှိလဲ သိချင်ပါတယ်။**

အဆိုတော် စဖြစ်ခါစတုန်းက လူငယ်စိတ်နဲ့ဆိုတော့ ဘဝအတွက် ဘာမှရှည်ရှည်ဝေးဝေး စဉ်းစားတာတွေ၊ တွေးတာတွေမရှိဘူး။ အဲဒီအချိန်တုန်းက အဆိုကို ဝါသနာပါလို့ လုပ်ခဲ့တယ်။ အစ်ကို ကြိုးစားလုပ်ပြတာတွေကို ပရိသတ်က လက်ခံပေးခဲ့တယ်။ အစ်ကိုဆိုတဲ့ သီချင်းတွေက ပရိသတ်ရဲ့ခံစားချက်နဲ့ ထပ်တူကျတဲ့အတွက် ဝမ်းသာမိပါတယ်။ အဲဒါကြောင့် ပရိသတ်ကလည်း အခုအထိ အားပေးနေတာပေါ့နော်။ အိမ်ထောင်ကျပြီး ကလေးရလာတဲ့အခါမှာ ပိုပြီးခိုင်မာလာတာတွေ ရှိတယ်။ အိမ်ထောင်ကျပြီးတော့ ကိုယ့်ဘဝကို ဇာတ်သိမ်းကောင်းအောင်၊ ဘဝမှာ နာမည်ကောင်းနဲ့ သူများတွေအသိအမှတ်ပြုအောင် အတတ်နိုင်ဆုံး ကြိုးစားပြီး နေထိုင်တယ်။ လူငယ်ပုံစံနဲ့ အခုပုံစံကို ယှဉ်ပြောရရင် စဉ်းစားတာတွေ ကွာလာတယ်ပေါ့နော်။ အဆိုတော်ဖြစ်ခါစက စိတ်ခံစားမှုကတော့ ပရိသတ်လက်ခံတဲ့အတွက် အတိုင်းမသိပျော်ခဲ့ရတယ်။ သားလေး ဖစ်ဖစ်တုန်မွေးလာတော့လည်း အစ်ကို့ရဲ့မျိုးဆက် သွေးသားဆိုပြီး ပျော်ခဲ့ရတယ်။ ပျော်တဲ့ စိတ်ခံစားမှုချင်းကတော့ တစ်မျိုးစီလေးပေါ့နော်။

**အစ်ကို့ရဲ့ တက်တူးတွေနဲ့ ပတ်သက်ပြီး သိချင်ပါတယ်။**

သူငယ်ချင်းတွေအားလုံး တစ်ယောက်တစ်ပုံစီ တက်တူးထိုးမယ်ဆိုပြီး အဲဒီမှာစပြီး ထိုးဖြစ်သွားတာပေါ့နော်။ အဲဒီလို ထိုးဖြစ်သွားတာကနေ တစ်စတစ်စနဲ့ တက်တူးထိုးတာကို ဝါသနာပါလာတယ်။ တက်တူးဆိုတာက တစ်ပုံထိုးပြီးရင် နောက်တစ်ပုံ အမြဲတမ်းထိုးချင်တယ်။ မနာဘူးလားဆိုတော့လည်း မဟုတ်ဘူး၊ နာတယ် (ရယ်လျက်)။ အစ်ကိုထိုးထားတဲ့ တက်တူးတွေအားလုံး ကတော့ သူ့အဓိပ္ပာယ်နဲ့သူ ရှိတယ်။ ပုံဖြစ်ပြီးရော ထိုးထားတာ မဟုတ်ဘူး။ ဥပမာ - ကျားပုံဆိုရင် အစ်ကိုက တနင်္လာသားမို့ ကျားပုံ ထိုးတယ်။ ဝမ်းပုံဆိုရင် မိန်းမနာမည်က ဝမ်းမို့လို့ 1 ထိုးတယ်။ ငါးပုံကျတော့ လာဘ်ရှိအောင် ထိုးတယ်ပေါ့။ အခု လက်ကစာဆိုရင်လည်း အဓိပ္ပာယ်ရှိတဲ့ စာထိုးထားတာ။ တက်တူးထိုးတဲ့ လူငယ်တွေလည်း ကိုယ့် ရည်ရွယ်ချက်လေးနဲ့ ထိုးတယ်ဆိုရင် ကောင်းတာပေါ့နော်။ မူးမူးနဲ့ ပုံဖြစ်ရင်ပြီးရော ထိုးတာမျိုး မဖြစ်စေချင်ဘူး။ တစ်သက်လုံး ကိုယ့်အရေပြားပေါ်မှာ ပါသွားမယ့် ဟာက ဖြစ်က




Asian Fame Media Group

# AUDIENCE OF CELEBRITIES' CHOICE

တတ်ဆန်း ဖြစ်နေမှာပေါ့နော်။ တချို့နဖူးမှာ တောင်ထိုးထားတဲ့ လူငယ်တွေကိုလည်း မြင်ဖူးတယ်။ အဓိပ္ပာယ်မရှိတာတွေကို တက်တူးထိုးတော့လည်း မကောင်းဘူးလေ။

**ပရဟိတလုပ်ငန်းတွေ လုပ်ရတာကို ဝါသနာပါလား။ ဘယ်လိုမျိုး ပရဟိတလုပ်ငန်းမျိုးတွေ လုပ်ချင်လဲ။**

အစ်ကိုက ဗုဒ္ဓဘာသာမြန်မာလူမျိုးတစ်ယောက်ဖြစ်တဲ့အတွက် လူငယ်အရွယ်ကတည်းက ပရဟိတကို ဝါသနာပါတယ်။ အလှူလုပ်တယ်၊ ဘုန်းကြီးဆွမ်းကပ်တယ်။ ကျောင်းက လုပ်တဲ့ အလှူတွေမှာ ဝင်ပါတယ်။ လမ်းမှာတွေ့တဲ့ မရှိတဲ့ သူတွေကို မုန့်ဖိုးထဲက လှူတယ်။ အဲဒီကနေ စတာပေါ့နော်။ တတ်နိုင်သလောက်၊ နိုင်သလောက်တော့ လုပ်တယ်။ ကိုခန့်စည်သူနဲ့ တွဲလုပ်တဲ့ မေတ္တာသင်္ဂဟအဖွဲ့လေးရှိတယ်။ အဲဒီအဖွဲ့က လှူပ်ရှားမှုတိုင်းမှာ အစ်ကိုပါဝင် လှုပ်ရှားပါတယ်။ ညီလေးတို့လည်း တတ်နိုင်သလောက် ပရဟိတအလုပ်လေးတွေ လုပ်စေချင်ပါတယ်။ အားလုံးအတွက်ရော၊ ကိုယ့်အတွက်ရော အကျိုးရှိစေတယ်လေ။ သံသရာအတွက်လည်း ကောင်းပါတယ်။



## Audience of Celebrities' Choice ကဏ္ဍအတွက် Celebrity R ဇာနည်ရဲ့ စကား

ဒီကဏ္ဍလေးက ကောင်းပါတယ်။ ကိုယ့်ကို အားပေးတဲ့ ပရိသတ်နဲ့ ညီအစ်ကိုအရင်းချာလို ဓာတ်ပုံအတူရိုက်ရတဲ့အတွက် အမှတ်တရဖြစ်တာ ပေါ့နော်။ အစ်ကိုနဲ့ ဒီညီလေးကလည်း ရေစက်ပါတယ်လို့ ထင်ပါတယ်။ ပရိသတ်တွေလည်း ဒီကဏ္ဍလေးကိုကြည့်ပြီးတော့ ကိုယ်တွဲရိုက်ချင်တဲ့ အနုပညာရှင်အလှည့်ကျရင် မဂ္ဂဇင်းကို လျှောက်လွှာပို့လို့ရတော့ ကောင်းတာပေါ့။ ဒီညီလေးနဲ့ ရိုက်ရတာ ပျော်ပါတယ်။ အဆင်လည်း ပြေပါတယ်။ အစ်ကို့ရဲ့ ညီနာမည်နဲ့လည်း တူနေတဲ့ အတွက် ကိုယ့်ညီလိုပဲ သဘောထားပါတယ်။ ဒီကဏ္ဍလေးကို ဖတ်ပြီးတော့ ပရိသတ်ကြီးလည်း စိတ်ထဲမှာ ပျော်ရွှင်မှုတွေရပါစေလို့ ပြောချင်ပါတယ်။ ဓာတ်ပုံတွေထဲက တစ်ယောက်တည်း ရွေးရမှာဖြစ်တဲ့အတွက် တစ်ယောက်တည်း ရွေးလိုက်ရတာကို စိတ်မကောင်းပါဘူး။ ပရိသတ်ကြီးလည်း စိတ်ထဲမှာ ဘယ်လိုမှမအောက်မေ့ပါနဲ့လို့ ပြောချင်ပါတယ်။

## အနုပညာရှင်အမေး ပရိသတ်အဖြေ

**ညီလေးရဲ့ နာမည်၊ အသက်၊ ပညာရေးကို ပြောပြပါဦး။**

ကျွန်တော့်နာမည်က သီဟထွန်းပါ။ အသက်ကတော့ ၂၁ နှစ်ပေါ့။ ကျောင်းကတော့ သင်္ချာနဲ့ ဘွဲ့ရပြီးသွားပါပြီ။ ကျွန်တော်က ပန်းချီကို ဝါသနာပါတယ်။ တစ်ခါတလေကျရင် ကလေးတွေကို ပန်းချီသင်ပေးပါတယ်။ ကဗျာလေးတွေလည်း ရေးတယ်။ အနုပညာနဲ့ပတ်သက်ပြီးတော့ Model သင်တန်းတွေ မတက်ဖူးပါဘူး။ အခုလို အနုပညာရှင်နဲ့ ဓာတ်ပုံတွဲပြီး ရိုက်ရတာက ကျွန်တော့်အတွက် ပထမဆုံးပါ။ အရမ်းလည်း ပျော်ရပါတယ် အစ်ကို။

**ညီလေးက ရှေ့လျှောက်ဘာတွေလုပ်မယ်လို့ ရည်ရွယ်ထားလဲ။**

အင်း. . . .။ ကျွန်တော် အရင်တုန်းကတော့ ပိုက်ဆံအရမ်းရှာချင်တယ်ဗျ။ နောက်ပိုင်းကျတော့ နည်းနည်းပိုသိလာတဲ့အချိန်မှာ ဘုန်းကြီးဝတ်ချင်လာတယ်။ ပိုက်ဆံရှာချင်တယ်ဆိုတာကလည်း ဘဝမှာ အေးအေးချမ်းချမ်း နေချင်လို့ပါ။ ဘုန်းကြီးကတော့ တကယ်ကို ဝတ်ချင်တာ . . . (ရယ်လျက်)။ အခုလက်ရှိမှာတော့ ကိုယ်လုပ်ချင်တာလေးတွေကို လုပ်ဖြစ်နေတာပေါ့နော်။

**ပိုက်ဆံရှိဖို့အတွက်ကတော့ တစ်ခုရှိတယ် ညီလေးရ။ 'မရှိလို့ မလှူ မလှူလို့ မရှိ' တဲ့။ အလှူအတန်းများများလုပ်မှ ပိုက်ဆံရှိမယ်လို့ အစ်ကိုထင်တယ်။ အဲဒါကို ညီလေး ဘယ်လို သဘောရလဲ။**

Asian Fame Media Group



ကျွန်တော် အများကြီးလက်ခံပါတယ် (ရယ်လျက်)။ ကျွန်တော် တတိယနှစ်တက်တုန်းက တရားစခန်းကို ၂ လဝင်ဖူးတယ်။ ဝင်ပြီးကတည်းက ပြောင်းလဲလာတာပေ့ါနော်။ မိဘတွေရှိသေးတဲ့အတွက် အခုအချိန်မှာတော့ စဉ်းစားထားတာပဲရှိပါသေးတယ်။ မိဘကို အရင်လုပ်ကျွေးဦးမှာပါ။ ကိုယ်ဖြစ်ချင်တာကတော့ နောက်မှပေ့ါ။

**ညီလေး ဒီကဏ္ဍအတွက် Form ကို ဘယ်လိုတင်ဖြစ်ခဲ့တာလဲ။**

ရတီမှာ အောင်ရဲလင်းနဲ့ ကောင်မလေး နှစ်ယောက်တွဲရိုက်ထားတဲ့ ပုံတွေကိုကြည့်ပြီး သတိထားမိခဲ့တာပါ။ ကျွန်တော်ကြိုက်တဲ့ အနုပညာရှင်အလှည့် မရောက်သေးတာနဲ့ စောင့်နေရတာပေ့ါ။ အဲဒီမှာမှ ကျွန်တော်ကြိုက်တဲ့ ကို R ဇာနည်အလှည့် ရောက်လာတာကို တွေ့ရတော့ ပျော်သွားတာ။ ကို R ဇာနည် Rock ဆိုတာကို ကျွန်တော်က အရမ်းသဘောကျတယ်။ (R ဇာနည် - ကျေးဇူးတင်ပါတယ် ညီလေး (ရယ်လျက်))။ အစ်ကို့ရဲ့ အသံပါဝါကောင်းကောင်းနဲ့ ဆိုတာကို အရမ်းခိုက်တာဗျ။ ရတီမှာ အစ်ကို့ရဲ့ ကြော်ငြာကိုတွေ့ရတော့ ချက်ချင်းဓာတ်ပုံရိုက်ပြီး စာအုပ်ဝယ်ပြီးတော့ ရတီမဂ္ဂဇင်းကို Form ပို့ခဲ့တာပါ။ အရွေးခံရမယ်လို့တောင် မထင်ထားဘူးဗျ။ အစ်ကိုက ကျွန်တော့်ကိုရွေးလိုက်တော့ အစ်ကိုနဲ့တွဲပြီး ရိုက်ခွင့်ရခဲ့တာပေ့ါနော်။

**ညီလေးက အစ်ကို့ရဲ့ ပရိသတ်ဆိုတော့ အစ်ကို့ကို ဘယ်အချိန်ကတည်းက သတိထားမိပြီး အားပေးခဲ့တာလဲ။ အစ်ကို ဆိုခဲ့သမျှသီချင်းတွေထဲမှာ ဘယ်သီချင်းကို အကြိုက်ဆုံးလဲ။**

မှတ်မှတ်ရရ ပြောရမယ်ဆိုရင်တော့ ကျွန်တော် ၉ တန်းတုန်းက ချောင်းသာသွားတဲ့ အချိန်မှာ အနုပညာရှင်တော်တော်များများနဲ့အတူ အစ်ကိုက 'ကမ်းစပ်က ခြေရာများ' VCD လာရိုက်တာကို တွေ့ခဲ့ရတယ်။ ကျွန်တော်က အဲဒီအနားမှာ ရှိနေတာလေ။ VCD ထဲမှာ ကျွန်တော့်ကျောလေးတောင် ပါလိုက်သေးတယ် (အားလုံးရယ်လျက်)။ အဲဒီမှာလည်း အစ်ကို့ကို သတိထားမိတယ်။ နောက်ပိုင်းမှာတော့ အစ်ကိုဆိုထားတဲ့ 'ကြွေပါစေ' သီချင်းကို အရမ်းကြိုက်တယ်။ Key တွေ တဖြည်းဖြည်းမြင့်လာပြီး အစ်ကို အကြောတွေထောင်ပြီး ဆိုတာလေ။ အဲဒီမှာကတည်းက စပြီး အားပေးခဲ့တာ။ အစ်ကို့ရဲ့ Fashion က ရှင်းရှင်းလေးနဲ့ မိုက်တယ်။ အရမ်းရှုပ်တဲ့ ပုံစံတွေ မဝတ်တတ်တာက အစ်ကို့ရဲ့ ထူးခြားချက်ကိုဖြစ်နေတာလေ။ အစ်ကို့ Body က ကိုရီးယားကားထဲက ဒါရိုက်တာရင်လိုပုံစံမျိုးဆိုတော့ မိုက်တယ်ဗျ။

## Audience သီဟထွန်းရဲ့ အတွေ့အကြုံ

ဒီကဏ္ဍလေးကို အောင်ရဲလင်းနဲ့သူ့ပရိသတ်တွေ ရိုက်တာကိုကြည့်ပြီး သတိထားမိခဲ့ပါတယ်။ ဒီကဏ္ဍလေးက အရမ်းကောင်းပါတယ်။ အခုလို ကိုယ်ကြိုက်တဲ့အနုပညာရှင်နဲ့ ရိုက်ခွင့်ရတဲ့အတွက် အရမ်းအရမ်းကို ဝမ်းသာပါတယ်ဗျာ။ အရွေးခံရတယ်ဆိုတော့ အရမ်းပျော်သွားခဲ့ပါတယ်။ ကျွန်တော့်အမေနဲ့ သူငယ်ချင်းတွေကို လိုက်ကြွားသေးတယ်။ သူတို့ တွေက မယုံကြဘူး။ ရတီစာအုပ်ထွက်မှ စာအုပ်ပြပြီး ကြွားရမယ်။ ဒီကဏ္ဍကို စိတ်ဝင်စားတဲ့ သူငယ်ချင်းတွေကို ပြောချင်တာကတော့ ကျွန်တော်လည်း ပရိသတ်တစ်ယောက်ပါ၊ အခုလို ရိုက်ခွင့်ရလို့ ကျွန်တော် ပျော်ရသလို ဒီကဏ္ဍကို စိတ်ဝင်စားတဲ့ သူငယ်ချင်းတွေကိုလည်း ပျော်စေချင်ပါတယ်။ သူငယ်ချင်းတွေအားလုံး ကိုယ်ကြိုက်တဲ့ အနုပညာရှင်အလှည့်ကျရင် Form တင်ဖြစ်အောင် တင်ကြပါလို့ ပြောချင်ပါတယ်။ ကိုယ်ကြိုက်တဲ့ အနုပညာရှင်နဲ့ တွဲရိုက်ရတာက အရမ်းကို နွေးထွေးပါတယ်ဗျာ။

**သီတာစိုး**

Asian Fame Media Group



# ရတီမဂ္ဂဇင်းရဲ့ ချစ်ပရိသတ်ကြီးအတွက် သတင်းကောင်း

## Audience of Celebrities' Choice

**အစီအစဉ်**

ပရိသတ်ကြီးအားလုံး မင်္ဂလာပါ။ ရတီမဂ္ဂဇင်းကိုအားပေးနေကြတဲ့ ပရိသတ်တွေ အတွက် "Audience of celebrities' choice" ဆိုတဲ့ ကဏ္ဍလေးတစ်ခု ဖွင့်လှစ်ပေးလိုက်ပါတယ်။

**အခွင့်အရေး**

၂၀၁၂ ဒီဇင်ဘာလထုတ် ရတီမဂ္ဂဇင်းအတွက် **သရုပ်ဆောင် စိုးပြည့်သဇင်** နဲ့အတူ ရတီစာမျက်နှာပေါ်မှာ အလန်းစားအိုက်တင်၊ အလန်းစား အပြင်အဆင်တွေနဲ့ ဓာတ်ပုံတွဲရိုက်ခွင့်ရမှာ ဖြစ်ပါတယ်။

**ထူးခြားချက်များ**

ဒီကဏ္ဍရဲ့ထူးခြားမှုတစ်ခုကတော့ ဓာတ်ပုံရိုက်ခွင့်ရမယ့် ပရိသတ်ကို မဂ္ဂဇင်းက ရွေးချယ်မှာမဟုတ်ဘဲ အနုပညာရှင်ကိုယ်တိုင်က ရွေးချယ်မှာဖြစ်ပါတယ်။

**မိတ်ကပ်၊ အဝတ်အစား**

ရွေးချယ်ခံရတဲ့ ပရိသတ်တွေအတွက် အဝတ်အစားနဲ့ မိတ်ကပ်ကိုတော့ ရတီမဂ္ဂဇင်းကနေစီစဉ်ပေးမှာနော်။

**စည်းကမ်းချက်များ**

(၁) အောက်ဖော်ပြပါဖြတ်ပိုင်းနဲ့တကွ 5"x7" အရွယ်ရှိ (တစ်ကိုယ်လုံးပြည့် အလှဓာတ်ပုံတစ်ပုံ၊ ဘေးတိုက်မြင်ဓာတ်ပုံတစ်ပုံ၊ မျက်နှာအပြည့်ပုံတစ်ပုံ)
(၂) အသက် ၁၅ နှစ်မှ ၃၀ နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးမည်သူမဆို
(၃) မိဘ(သို့) အုပ်ထိန်းသူခွင့်ပြုချက်လက်မှတ်
(၄) ရွေးချယ်ခံရရင် ရတီမဂ္ဂဇင်းမှ ဆက်သွယ်ပေးမှာဖြစ်ပြီး ရတီမဂ္ဂဇင်းမှ စီစဉ် ပေးတဲ့ အစီအစဉ် ရက်ချိန်းများအတိုင်း အတိအကျလာရောက်ပေးရန်

ချစ်ပရိသတ်ကြီးရေ...ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်နဲ့ဓာတ်ပုံအတူ တွဲရိုက်ရမယ့် အခွင့်အရေးကို လက်လွတ်မခံဘဲ **၂၀၁၂ အောက်တိုဘာလ ၁၀ ရက် (ဗုဒ္ဓဟူးနေ့)** နောက်ဆုံးထားပြီး စာအိတ်ပေါ်မှာ "Audience of celebrities' choice" ရတီ စာပေအနုပညာမဂ္ဂဇင်းလို့ လိပ်မူပြီး အမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း(အလယ်) ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံး ပို့လိုက်ကြပါနော်။

*ပြီးခဲ့တဲ့လတွေမှာ ရွေးချယ်မခံရတဲ့ပရိသတ်တွေလည်း ဒီကဏ္ဍမှာ ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်တွေ ပါဝင်လာတဲ့အခါ အောက်ပါပုံစံအတိုင်း ဖြည့်စွက်ပြီး ထပ်မံပေးပို့နိုင်ကြပါတယ်။*

**မှတ်ချက် - ဒီကဏ္ဍကို လစဉ် အနုပညာရှင်တစ်ယောက်စီနဲ့ အလှည့်ကျစီစဉ်ပေးသွားမှာဖြစ်လို့ ပါဝင်ချင်တဲ့ ဝါသနာရှင်ပရိသတ်တွေ စောင့်မျှော်အားပေးလိုက်ကြပါဦးနော်။**

အမည် ____
မွေးသက္ကရာဇ် ____
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ____
ပညာအရည်အချင်း ____
အလုပ်အကိုင် ____
အနုပညာလှုပ်ရှားမှု ____
အိမ်ထောင်ရှိ/မရှိ ____
အရပ်အမြင့် ____
နေရပ်လိပ်စာ ____
ဖုန်းနံပါတ် ____





Model: Pearl Win
Designer: Ma Htay Htay Tin(Shi Mi Zu)
Dress : Shwe Ya Minn (Silk, Amarapura),
Silk: Jasmine Collection (Junction Square)
Florist: Khin Maung Win
Make up Artist: Bo Bo Ni(Mogok)
Photo: Pyay Han(Color Max)

# Looking & Feeling

အလှအပတရားကို ကြည့်ရှုပြီးရင် ရလာမယ့် ခံစားမှု ရသသစ်တွေက မတူညီဘဲ ကွဲပြားနေမှာပါ။ ပုလဲဝင်းရဲ့အလှတရားနဲ့ အဝတ်အစားက ပေးတဲ့ ခံစားမှု၊ ရိုက်ကူးတဲ့နေရာရဲ့အသွင်သစ်ရသ ဒါတွေပေါင်းပြီး ရတီပရိသတ်တို့အတွက် ခံစားမှုအသစ်များ ရှာဖွေခံစားနိုင်ကြပါစေ . . .

မိုးသောက်ကြယ်

Asian Frame Media Group
MEDIA GROUP

# Looking & Feeling

Model:
Pearl Win
Designer:
Ma Htay Htay Tin(Shi Mi Zu)
Dress :
Shwe Loom Aim
Make up Artist:
Bo Bo Ni(Mogok)
Photo: Pyay Han(Color Max)



MEDIA GROUP



Model:
Pearl Win
Designer:
Ma Htay Htay Tin(Shi Mi Zi)
Dress :
Shwe Loom Aim
Make up Artist:
Bo Bo Ni(Mogok)
Photo: Pyay Han(Color Max)

Asian Fame Media Group
MEDIA GROUP



Model:
Pearl Win
Designer:
Ma Htay Htay Tin(Shi Mi Zu)
Dress:
Shwe Loom Aim
Make up Artist:
Bo Bo Ni(Mogok)
Photo: Pyay Han(Color Max)

Asian Fame Media Group



၂၀၁၂ မဂ်လာအရောင်က

# လိမ္မော်ရောင်ပါလို့

ပြောလာသူ မမဇွူ ရဲ့

# DESIGNER IDEA

ခေတ်ရဲ့ပုံရိပ်တွေကို ထင်ကျန်စေခဲ့သူ တွေထဲမှာ Fashion Designer တွေလည်း ပါပါတယ်။ ထူးခြားတဲ့ အတွေးအခေါ်တွေကို လက်တွေ့စီခြယ်ပြီး အဲဒီခေတ်ရဲ့ယဉ်ကျေးမှု ကို ဖန်တီးကြပါတယ်။ လွန်ခဲ့ပြီးတဲ့ ဖက်ရှင်အမြင်တွေ ကို ဒီဘက်ခေတ် Idea နဲ့ပေါင်းစပ်ပြီး မှင်သက် စေတဲ့ ဝတ်စုံတွေကို ဖန်တီးကြသူတွေထဲမှာ မမဇွူ (Zu Zu Collection) လည်းပါပါတယ်။ သတို့သမီး လောင်းလေးတွေအများစုရဲ့ အိပ်မက်တွေကို ဖန်တီးပေးနေတဲ့ မမဇွူနဲ့ ရတီ ကဆုံတဲ့ တစ်နေ့မှာ . . .

ဖြိုးစုပိုပို

af MEDIA GROUP
Asian Fame Media Group





**အရင်ဆုံး အစ်မရဲ့ ငယ်ဘဝဖြတ်သန်းခဲ့ရပုံလေးနဲ့ Designer ဘဝအစလေးကိုလည်း ပြောပြပေးပါဦး။**

အစ်မရဲ့ Designer ဘဝအစကတော့ ငယ်ငယ်တည်းကလို့ ပြောရမှာပဲ။ ၅ တန်း ၆တန်းလောက်တည်းက အင်္ကျီတွေချုပ်နေပြီ။ အစ်မတို့ ငယ်ငယ်တုန်းက ဆိုရှယ်လစ်ခေတ်ဆိုတော့ အဝတ်အထည်က ဒီခေတ်လိုမဟုတ်ဘူး။ အရမ်းရှားတာ။ အဲဒီတုန်းက အစ်မတို့ အဘကြီးက NewYork မှာရှိနေတော့ သူက အပ်ချုပ်စက် singer လေးတွေပို့ပေးတယ်။ အစ်မတို့ အမေက အစ်မတို့ဝတ်မယ့် အင်္ကျီလေးတွေ ဂါဝန်လေးတွေကို ချုပ်ပေးတယ်။ အမေချုပ်တာကို ကြည့်ရင်း ဝါသနာပါသွားတယ်ထင်တာပဲ။ အစ်မ ၅ တန်းလောက်မှာ အစ်မတို့ အဒေါ်တစ်ယောက်က ဂျပန်က ပြန်လာတော့ အဝတ်စနဲ့ချုပ်ထားတဲ့ ပိုက်ဆံအိတ်လေးတွေပါလာတယ်။ ကိုယ်ကလည်း ကလေးဆိုတော့ လိုချင်တာပေါ့နော်။ သူကလည်း ဘယ်ပေးမလဲ။ အဲဒီတော့ အစ်မက အမေ့ကို ပိတ်စဝယ်ပေးပါ ပူဆာရတာပေါ့။ ပြီးတော့ အမေကိုပဲ အဲဒီအဒေါ်ဆီက အိတ်ကိုငှားခိုင်းပြီး အဲဒီအိတ်နဲ့ မတူတူအောင်ကို လိုက်ချုပ်တာ။ အရင်ဆုံး သတင်းစာနဲ့ Cutting လုပ်ပြီးချုပ်တာပေါ့။ ရပြီဆိုမှ အဝတ်စနဲ့ချုပ်တာ ၇ တန်းလောက်ရောက်တော့ အစလေးတွေကို စပ်ပြီး Skirt လေးချုပ်ဝတ်တယ်။ Patchwork လို့ခေါ်တာပေါ့။ နောက် ကျောင်းအင်္ကျီတွေဆိုလည်း အဒေါ်တွေရဲ့ အင်္ကျီတွေကို ဖြေပြီး ကိုယ်က လိုက်ညှပ်ပြီး ချုပ်ဝတ်တာမျိုးလုပ်တယ်။ ၉ တန်း ၁၀ တန်းကျတော့ စာဘက်ပဲ ဦးစားပေးဖြစ်ပြီး ဒီလိုအင်္ကျီချုပ်တာတွေ မလုပ်ဖြစ်တော့ဘူး။ ၁၀ တန်းအောင်ပြီးတော့ RC 2 မှာ Chemistry major နဲ့တက်ဖြစ်တယ်။ အဲဒီတုန်းကလည်း အမေရိကားမှာ ကျောင်းသွား တက်ဖို့ လုပ်ခဲ့သေးတယ်။ ဒါပေမဲ့ Fashion Design တော့ မဟုတ်ဘူးပေါ့. . . အဲဒီတော့ အဒေါ်က ပြောတယ်။ကျောင်း



သွားတက်မယ်ဆိုရင် လက်မှုပညာ တစ်ခုခုတော့ တက်ထားရင်ကောင်းမယ်လို့ ပြောတယ်။ အဲဒါနဲ့ ဦးဖိုးလမ်းမှာ အန်တီရှားလက်ဆိုတဲ့ ဆရာမဆီမှာ Systematically သင်လိုက်တာပေါ့။ သူကတော့ အစ်မရဲ့ လက်ဦးဆရာပဲပေါ့။ အစ်မက RC 2 မှာကျောင်းတက်ရင်း ကိုယ့်အဝတ်အစားတွေ ကိုယ့်ဘာသာ ချုပ်ဝတ်တယ်။ အစ်မဝတ်တာကို သူငယ်ချင်းတွေက သဘောကျကြတယ်။ သူတို့က သူတို့ကိုလည်းချုပ်ပေးပါလားပြောကြတော့ အစ်မက အဲဒီတုန်းက မုန့်ဖိုးက တစ်နေ့ ၅ ကျပ်ပဲရတာလေ။ အဲဒီတော့ အပိုမုန့်ဖိုးလေးရအောင်ဆိုပြီး ခင်တဲ့သူငယ်ချင်းတချို့ကို ချုပ်ပေးဖြစ်တယ်။ ချုပ်တယ်ဆိုတာလည်း အစ်မကို ငယ်ငယ်တည်းက ထိန်းခဲ့တဲ့



ကရင်မအစ်မကြီး ရှိတယ်။ နော်လင်းတဲ့။ သူကလည်း အကျီချုပ်တတ်တယ်။ အဲဒီတော့ အစ်မက ညဘက်ကျရင် Cutting လုပ်ပေးတယ်။ မနက်ကျတော့ နော်လင်းက အစ်မညှပ်ထားတာတွေ ချုပ်ပေးတယ်။ Professional အစစ်ကြီးတော့ မဟုတ်ဘူးပေါ့။ အစ်မလည်း အိမ်ကပေးတဲ့ မုန့်ဖိုးအပြင် အပိုဝင်ငွေလေးတွေ ရနေတာပေါ့။ အစ်မကျောင်းပြီးသွားတော့ ၉၄ လောက်ပေါ့။ အဲဒီ အချိန်ကျတော့ အပ်ချုပ်စက် ၃ လုံးလောက်နဲ့ စပြီးချုပ်ဖြစ်တာပေါ့။ အစ်မအိမ်နဲ့ မျက်နှာချင်းဆိုင်မှာလည်း 555 ကုမ္ပဏီရှိတော့ အဲဒီကရုံး uniform တွေလည်း ယူချုပ်ဖြစ်ခဲ့တယ်။ အဲဒီအချိန်မှာ အမေရိကားမှာ အလုပ်လုပ်နေတဲ့ အစ်မအစ်ကိုက ဒီကိုခဏလာရင်း အစ်မလုပ်နေတာတွေ မြင်သွား တယ်။ သူက ဟိုမှာကျောင်းတက်ပါလားဆိုပြီးသူ Sponsor လုပ်ပြီးခေါ်တာနဲ့ Newyork မှာ Design School ကို Summer School ပေါ့။ တစ်နှစ်ခြားတစ်ခါ သွားတက်ဖြစ်တယ်။ အစ်မတက်တဲ့ ကျောင်းနာမည်က Parson School of Design ပါ။ အဲဒါကို ၃၊ ၄ နှစ်လောက် Summer တိုင်း သွားတက်ဖြစ်ခဲ့တယ်။ ဘာသာရပ်အလိုက်ပေါ့။ Fashion Sewing advance, Fashion illustration, Fashion trend, Advance Pattern Making, Advance Design အဲဒါတွေကို Course တွေ ခွဲပြီးတက်ခဲ့တာပေါ့။ အစ်မတက်ခဲ့တဲ့ ကျောင်းကနေ ကမ္ဘာကျော် Designer တွေ တော်တော်များများ ထွက်ခဲ့တာပေါ့။ DKNY တို့ ဘာတို့လည်း အဲဒီကျောင်းထွက်ပဲ။ ကျောင်းတက်ပြီးတဲ့ နောက်ပိုင်းမှာတော့ ဒီအလုပ် ကို Professional အလုပ်အနေနဲ့ လုပ်ဖြစ်ခဲ့တာ ပေါ့။

**အစ်မတို့ ခေတ်တုန်းကFashion Designer ဆိုတဲ့ အသက်မွေးဝမ်းကျောင်းအလုပ်ကို ရွေးချယ်တဲ့သူ မရှိသလောက်ပဲနော်။ အစ်မက ဘာကြောင့် ဒီပညာကို လေ့လာဖို့ဆုံးဖြတ်ခဲ့တာပါလဲ။**

အမှန်တော့ အစ်မက အရေးအခင်းပြီးချိန် ကျောင်းပြန်တက်တော့ Final Year ရောက်ပြီ၊ အစ်မက qualify ဖြစ်တယ်။ အမှန်တော့ လူကြီးတွေက ဆရာမလိုင်းကို ရွေးစေချင်ခဲ့ကြတာ။ ကိုယ်ကကျတော့ ဒီဘက်က ပိုက်ဆံဝင်နေတာကို သိနေတယ်။ ကိုယ်ကလည်း အဲဒီတုန်းက ငယ်တော့ ပိုက်ဆံရှာချင်တာပဲ သိခဲ့တာလေ။ အဲဒီတော့ ဆရာမအလုပ်ကို မလုပ်ဘူးဆိုပြီး ကိုယ်က ဝါသနာလည်းပါတယ်၊ ဝင်ငွေလည်းရှာနိုင်တယ်ဆိုပြီး ဒီအကျီချုပ်တာကိုပဲ ရွေးလိုက်တာပေါ့။

**အခုရော ဘယ်လိုစိတ်ဓာတ်တွေ၊ ခံယူချက်တွေနဲ့ ဒီအလုပ်ကို လုပ်ဖြစ်နေတာပါလဲ။**



Asian Fame Media Group



အစ်မ ဒီအလုပ်လုပ်တာက ကျောင်းတက်ကတည်းက လုပ်ခဲ့တာဆိုတော့ ၁၈ နှစ် ၁၉ နှစ်လောက်ရှိပြီပေါ့။ Immature ဘဝကနေ Professional ဖြစ်လာခဲ့တာပေါ့။ အစ်မ အသက် ၂၀၊ ၂၅ မှာ အမေရိကားမှာ ကျောင်းသွားတက်ပြီး နောက်ပိုင်းမှ Professional ဖြစ်လာခဲ့တာပေါ့။ Immature ကနေ Professional ဘဝရောက်ဖို့ကို အစ်မတို့တုန်းက ၁၀ နှစ်လောက်ကြိုးစားခဲ့ရတာ။ အခုခေတ်ကတော့ အဲဒီလိုမဟုတ်တော့ဘူး။ အရမ်းလွယ်သွားပြီ။ အစ်မအနေနဲ့ဆိုရင်တော့ အခုချိန်မှာဆိုရင် အထိုက်အလျောက်တော့ အောင်မြင်နေပြီပေါ့။ ဒီလိုဖြစ်လာတာကလည်း ကိုယ့်ရဲ့ Customer တွေရဲ့ အားပေးမှုကြောင့်ပါပဲ။ ဒီနေ့ ဒီ Design ထွင်ပြီးရင် နောက်နေ့ ဘာတွေထွင်ရင်ကောင်းမလဲဆိုပြီးပဲ အမြဲစဉ်းစားပြီး လုပ်နေတာပါ။ ကိုယ့်ဝါသနာကိုပဲ အရင်းခံပြီး လုပ်ဖြစ်နေတာပါ။ အမှန်ကတော့ အစ်မတို့ရဲ့ ဒီအလုပ်က ဝါသနာမပါရင် လုပ်ဖို့မလွယ်ဘူး။

**တခြား Designer တွေလို မဟုတ်ဘဲ မင်္ဂလာဝတ်စုံတွေကိုပဲ အဓိကတီထွင်ဖြစ်ခဲ့တဲ့ အကြောင်းအရင်းကရော ဘာကြောင့်ပါလဲ။**

အမှန်တော့ အစ်မတက်ခဲ့တဲ့ ကျောင်းနဲ့အစ်မ လုပ်နေတဲ့ အလုပ်ကတော့ ကွဲတယ်။ အစ်မရဲ့ မင်္ဂလာဝတ်စုံတွေကို လူတွေကြိုက်အောင် အစ်မက ပထမဘာလုပ်ခဲ့လဲဆိုတော့ Cutting ပိုင်းကို Modify လုပ်လိုက်တယ်။ ရှေး Cutting နဲ့ မတူအောင်ပေါ့။ မင်္ဂလာဝတ်စုံကိုပဲ အဓိက တီထွင်ဖြစ်ခဲ့တာကလည်း ကိုယ့်ဝတ်စုံတွေကို အားပေးကြတဲ့ Customer တွေကြောင့်ပဲပေါ့။ အစ်မကတော့ လေ့လာရတာပေါ့။ ထိုင်မသိမ်း ဆိုတာမျိုးကလည်း စိတ်ထဲရှိတာတွေပဲ လျှောက်ထွင်လို့ရတဲ့ ဝတ်စုံမျိုးတွေမှ မဟုတ်တာ။ အဲဒီတော့ အစ်မက ရှေး Cutting တွေဝတ်စုံတွေကို လေ့လာရတာပေါ့။ Teacher ဒေါ်ရင်ဝိုင်းရဲ့ အဒေါ်ဘွားဘွားနွဲ့ဆိုတာက သတို့သမီး ထိုင်မသိမ်းတွေချုပ်တာ။Teacher ဒေါ်ရင်ဝိုင်းရဲ့ သမီးကြီးက အစ်မနဲ့ သူငယ်ချင်းဆိုတော့ ဘွားဘွားနွဲ့ဆီကနေ အစ်မက Cutting ပိုင်းတို့ ဘာတို့ကို ပြန်လေ့လာ ဖြစ်တယ်။ သူ့ဝတ်စုံလေးတွေကို နမူနာယူကြည့် ဖြစ်တယ်။ အဲဒီလိုယူကြည့်ပြီး ကိုယ်က ကိုယ်သင်ခဲ့တဲ့ Cutting နဲ့ Design နဲ့ကို ပြန်စဉ်းစားပြီး ထိုင်မသိမ်း Cutting ကို အစ်မက modify လုပ်လိုက်တယ်။ ရှေးမူမပျက်တဲ့ ထိုင်မသိမ်းဖြစ်အောင် ဖန်တီးဖြစ်ခဲ့တယ်။ အောက်ကဝတ်တဲ့ ဗလာထဘီကတော့ ပြောင်းလို့မရပါဘူး။ ထမီကတော့ အရင်အတိုင်းပဲပေါ့။ အပေါ်အကျႌကိုပဲ ပြောင်းလိုက်တာပေါ့ အဲဒီတော့ အများနဲ့ Design လေးကွဲတဲ့ သတို့သမီးဝတ်စုံတွေ ဖန်တီးဖြစ်ခဲ့တယ်။ ကိုယ့်ဆီလာတဲ့ Customer အများစု



Asian Fame Media Group

ကလည်း မင်္ဂလာဝတ်စုံတွေပဲအပ်ကြတော့ အစ်မလည်း ဒီဘက်ကို ပိုအားသန်သွားပြီး အဓိကလုပ်ဖြစ်ခဲ့တာပါ။ အမှန်တော့ အစ်မက Dress တွေလည်း ဖန်တီးပါတယ်။ တချို့ သတို့ သမီးတွေကတော့ ထိုင်မသိမ်းအပြင် Dinner Dress ရော၊ လက်မှတ်ထိုး အတွက်ရော အပ်ကြပါတယ်။ အဲဒီတော့လည်း အစ်မကလုပ်ပေးရတာပေါ့။

**ဟိုး. . . အရင်ခေတ်က မင်္ဂလာဝတ်စုံတွေနဲ့ ဒီခေတ်မှာ ဝတ်ဆင်လေ့ရှိကြတဲ့ မင်္ဂလာဝတ်စုံတွေရဲ့ ကွာခြားမှုက ဘာတွေရှိပါသလဲ။**

အစ်မအမေမှာရောအဘွား တွေမှာရော သူတို့မင်္ဂလာဝတ်စုံလေးတွေ သိမ်းထားတာရှိတယ်။ အစ်မအမေတုန်းကဆိုရင် ခါးထောင် အင်္ကျီက ခါးရိုးကျဉ်းတယ်။ ထဘီကလည်း အထက်ဆင်ကအပြားကြီးတယ်။ ထဘီ အစကတော့ အချိတ်ဖြစ်ဖြစ် ဘရိုကိတ်ဖြစ်ဖြစ်ပေါ့။ အင်္ကျီရှေ့မှာလည်း ကြေးစည်လို့ ခေါ်တဲ့ အပြားလေး နှစ်ပြားပါတယ်။ ရင်ခံ အပေါ်အင်္ကျီကိုတော့ အောက်က ဘာပဲဝတ်ဝတ် သူတို့ခေတ်က အဖြူရောင်တို့ Cream Color တို့ပဲ ဝတ်ကြတယ်။ အစ်မအဘွားတို့တုန်းကလည်း အဲဒီလိုပုံပဲ ပဝါတွေဘာတွေကိုလည်း သိပ်ပြီးမခြုံကြဘူး။ ခပ်ရှင်းရှင်းပုံပေါ့။ လက်ဝတ်လက်စားဆိုရင် သူတို့ခေတ်တုန်းက စိန်လည်တုံလေးတွေပဲ ဝတ်ကြတာ။ ဒီခေတ်မှာတော့ ပဝါဆိုလည်း အရှည်ကြီးတွေခြုံကြတယ်။ အင်္ကျီရောင်ကိုလည်း အောက်က ထဘီအရောင်အတိုင်း ဝတ်ကြတယ်။ ပြီးတော့ ရှေ့မှာ ကြေးစည်လေးတွေ မပါတော့ဘူး။ ထဘီမှာလည်း အထက်ဆင်က မကြီးတော့ဘူး။ သေးသေးပဲပေါ့။ အဲဒီလိုမျိုးတွေ ကွာသွားတာပါ။

**မြန်မာမင်္ဂလာဝတ်စုံတွေမှာ ဘယ်လို Design မျိုးတွေရှိပါသလဲ။**

Design တွေကတော့ အမျိုးစုံပါပဲ။ ချိတ်အဆင်လိုချင်လား။ ချိတ်မဟုတ်ဘဲ ပိုးပြောင်ပေါ်မှာ Create လုပ်ထားတဲ့ Design မျိုးလား။ ဘရိုကိတ်ဆင်တွေ ရွေးမလား၊ ဇာထိုင်မသိမ်း လိုချင်လား အများကြီးပဲရှိတယ်။ ကိုယ့်စိတ်ကူးထဲက အတိုင်း ဖန်တီးနိုင်တဲ့ခေတ် ဖြစ်နေပြီလေ။ ဟိုအရင်ကလို ချိတ်ပဲရှိတဲ့ ခေတ်မဟုတ်တော့ဘူး။ ပိုးမှာကိုပဲ ရွေးစရာပိုးထည်တွေက အများကြီးပဲ ကိုယ်တတ်နိုင်တဲ့အတိုင်း ကိုယ်လိုချင်သလို ဖန်တီးနိုင်တာပေါ့။ ဘယ်သူနဲ့မှ မတူချင်ဘူးဆိုရင်လည်း ကိုယ်လိုသလို ရွေးနိုင်တာပေါ့။

**မြန်မာ မင်္ဂလာဝတ်စုံတွေမှာ ဘယ်လို စည်းကမ်းသတ်မှတ်ချက်တွေ ရှိပါသလဲ။**

စည်းကမ်းထက် ပေဝင်ဘောင်ဝင်ဆိုတာတော့ရှိတယ်။ ဥပမာ ထိုင်မသိမ်း လက်ရှည်က လက်ကောက်ဝတ်အထိ ရှည်ရတယ်။ တိုနံ့နံ့လေး မဖြစ်ရဘူး။ ရင်ခံအပေါ်က ထပ်ဝတ်တဲ့ အင်္ကျီကလည်း လည်ပင်းထောင်ထောင်နဲ့ လည်ပင်းလုံရမယ်ပေါ့။ ရင်ခံကလည်း သိပ်မဟိုက်ရဘူး။ ဟိုးအရင်ခေတ်ကဆို ရင်ခံကို လုံးဝမဟိုက်ဘဲ ရင်ကျဉ်းကျဉ်းလေးတွေပဲ ဝတ်ကြတာ။ ဒီဘက်ခေတ်မှာတော့ တချို့ထိုင်မသိမ်းတွေရဲ့ ရင်ခံတွေက သိပ်ဟိုက်ကြတယ်။ ရင်သားတွေကိုဖော်ပြီး ဝတ်တာက ထိုင်မသိမ်းနဲ့ လုံးဝမအပ်စပ်ဘူး။ အစ်မကတော့ ရင်ခံကို လုံလုံပဲ ချုပ်တယ်။ Modernize လုပ်တယ်ဆိုတာမှာလည်း ယဉ်ကျေးမှုဆိုတာ ရှိသေးတယ်လေ။ မင်္ဂလာဆောင်တာက သတို့သား သတို့သမီး ၂ ယောက်တည်း မဟုတ်ဘူး၊ နှစ်ဖက်မိဘအသိုင်းအဝိုင်းဆိုတာ ရှိသေးတယ်။ အဲဒီတော့ ဘိသိက်ပဲ ဖြစ်ဖြစ် Reception ပဲဖြစ်ဖြစ် ပန်းကုံးစွပ်တာတို့ ဘာတို့က မပါမဖြစ်ပါတာပဲလေ။ ပန်းကုံးစွပ်ပေးတယ်ဆိုတဲ့ လူကြီးသူမ ရှေ့မှာ အမြင်သင့်တော်ဖို့ဆိုရင် ရင်ခံမဟိုက်မှဘဲလေ။ ပန်းကုံးစွပ်ရတဲ့ ပုဂ္ဂိုလ်မျိုးဆိုတာက လင်စုံမယားဖက် သက်ကြီးဝါကြီး ဂုဏ်သိက္ခာကြီးတဲ့ လူကြီးသူမတွေပဲလေ။ အဲဒီလို သူမျိုးတွေရှေ့မှာ သတို့သမီးရဲ့ ရင်ခံကသိပ်ဟိုက်နေခဲ့ရင် လူကြီးတွေကို စော်ကားနေသလိုပဲ ဒါကြောင့် အစ်မကတော့ ဒီရင်ခံကို လုံးဝကို မဟိုက်ပေးဘူး။ ကျန်တာတွေက သိပ်ပြောစရာမလိုပါဘူး။

**မြန်မာ မိန်းကလေးအများစုက ဝတ်ချင်လေ့ရှိကြတဲ့ သတို့သမီးဝတ်စုံက ဘယ်လို Design မျိုးပါလဲ။**

မြန်မာမိန်းကလေးအများစုက ဘယ်လောက်ခေတ်မီတဲ့သူပဲဖြစ်ဖြစ် မင်္ဂလာဆောင်တဲ့အခါတော့ ထိုင်မသိမ်းဝတ်ချင်ကြတာပဲ။ ထိုင်မသိမ်းမှာလည်း ချိတ် Design တွေပဲ ရွေးတာများကြတယ်။ အခု နောက်ပိုင်းမှာတော့ အမြိတ်လေးတွေကြိုက်ကြတယ်။ အမြိတ် Design ဆိုတာလည်း အစ်မက ၂၀၀၃မှာ မင်္ဂလာဆောင်တော့ အစ်မရဲ့ ထိုင်မသိမ်းကို အမြိတ် Design လေးနဲ့ ချုပ်ဖြစ်ခဲ့တယ်။ ဘိုးတော်ဘုရားလက်ထက်ကပဲ အမြိတ်တွေကရှိခဲ့တာ အစ်မက အဲဒါကို ဆန်းသစ်တီထွင် ဖြစ်ခဲ့တာပေါ့။ ကိုယ့်မင်္ဂလာဆောင်ဝတ်စုံကို စိတ်ကြိုက် ဆန်းသစ်တာပေါ့။ ဟိုးရှေးတုန်းက Design တွေ လေ့လာပြီး ဒီခေတ်နဲ့ ပေါင်းလိုက်တာပေါ့။ အဲဒီ Design လေးက မိန်းကလေးတွေ ကြိုက်ကြတယ်။ နောက်ပိုင်း Designer တွေကလည်း အမြိတ်လေးတွေကို လိုက်ပြီးဖန်တီးကြတော့ ၂၀၀၃ နောက်ပိုင်းကနေ အခုထိ အမြိတ်တွေ ခေတ်စားတယ်။ တစ်ခါတလေကျတော့လည်း ဩော် ငါဖန်တီးဆန်းသစ်လိုက်တဲ့ ဒီအမြိတ် Design လေးကပေါက်သွားတယ်ဆိုပြီး ဝမ်းသာရတယ်။ အမြိတ်ဆိုတာ ထမီအဖုံးမှာ အစင်းလေးတွေ အမြိတ်ထပ်တာကို ပြောတာပေါ့။

**လူကြီးတွေရဲ့ အယူအဆနဲ့ လူငယ်တွေရဲ့ အမြင်ကွာဟမှုတွေအပေါ်မှာလည်း ဆွေးနွေးပေးပါဦး။**

များသောအားဖြင့် လူကြီးတွေကတော့ ရှေးဆန်တာကို ကြိုက်ကြတာပေါ့။ ဒါပေမဲ့ အခုနောက်ပိုင်းမှာ လူကြီးတွေက အမြင်တွေကျယ်လာပါပြီ။ သတို့သမီးအမေပဲဖြစ်ဖြစ် သတို့သားအမေပဲဖြစ်ဖြစ် ကလေးတွေလိုချင်တာကို ဦးစားပေးကြပါတယ်။ ဒါပေမဲ့ ကလေးတွေကလည်း တခြားနေရာသာ ခေတ်ဆန်ချင်ကြတာ ထိုင်မသိမ်းကိုတော့ ရှေးဆန်တာမျိုးတွေကို Design တစ်ခုအနေနဲ့ကို ကြိုက်နေကြတာလေ။ အဲဒီတော့ လူကြီးတွေနဲ့ သိပ်မကွာဟဘူး။ အဓိကက အရောင်ပဲပေါ့။ လူကြီးတွေကတော့ အရောင်နဲ့ ပတ်သက်ပြီး ယုံကြည်သက်ဝင်မှုက လူငယ်တွေနဲ့ ကွာတတ်တယ်။

**တစ်သက်မှာတစ်ခါပဲ ဝတ်ခွင့်ရတဲ့ သတို့သမီးဝတ်စုံအပေါ် သူတို့တွေရဲ့ အလေးထားမှုကရော ဘယ်အတိုင်းအတာလောက်အထိ ရှိတတ်လဲ။**

တန်ဖိုးထားမှုကတော့ ရှိတာပေါ့။ အရမ်းကို လွတ်လပ်ပါတယ်ဆိုတဲ့ အနောက်တိုင်းမှာတောင် တစ်လင်တစ်မယားစနစ်ကို တန်ဖိုးထားကြတာလေ။ အရှေ့တိုင်းမှာတော့ ပိုပြီးတန်ဖိုးထားတာပေါ့။ အစ်မတို့ မြန်မာတွေလည်း သိထားတဲ့အတိုင်းပဲပေါ့။ အိမ်ထောင်မှုကို အလေးထားပြီး ဂရုတစိုက်ထားကြတယ်။ ကံရဲ့အကျိုးပေးကြောင့် အိမ်ထောင်ဆက်များရတာတော့ တစ်မျိုးပေါ့။ ဒါပေမဲ့ အားလုံးကတော့ မင်္ဂလာဝတ်စုံဆိုတာကို တစ်သက်မှာ တစ်ခါပဲ ဝတ်ဖို့ယုံကြည်ထားကြတာကိုး။ အဲဒီတော့ အဲဒီဝတ်စုံပေါ်မှာ အလေးထားမှုဆိုတာကတော့ သတို့သမီးတိုင်းက ရှိကြတယ်။ ငှားတာတော့ မပြောဘူးပေါ့။ ကိုယ်တိုင်ချုပ်ပြီး အပိုင်ဝယ်ဝတ်ကြတဲ့ သတို့သမီးတော်တော်များများကတော့ သူတို့ဝတ်စုံတွေကို တစ်သက်လုံး သိမ်းသွားတတ်ကြတာလေ။ အမှတ်တရ တစ်ခုအနေနဲ့ တခုပ်တရကို ထိန်းသိမ်းသွားကြတာလေ။ အစ်မ အမေတုန်းက မင်္ဂလာဝတ်စုံကို အမေက အခုထိသိမ်းထားတုန်းပဲ။ အစ်မလည်း အစ်မဝတ်စုံကို သိမ်းထားတာပဲလေ။ အစ်မအဘွားဆိုရင် သူ့မှာ ဇာခေါင်းအုံးစွပ်လေးတစ်ခုရှိတယ်။ သူက အဲဒါကို သေသေ ချာချာ သိမ်းတာ။ သူဆုံးခါနီး နေမ ကောင်း ဖြစ်နေ တော့ အစ်မတို့ မိဘတွေကို သူက မှာတယ်။ သူသေရင် အဲဒီခေါင်းအုံးစွပ်လေးထည့်ပေးပါတဲ့။ အဲဒါက သူတို့ မင်္ဂလာဦးပစ္စည်းတဲ့၊ တစ်လုံးကတော့ အဘိုးဆုံးတုန်းက ထည့် ပေးလိုက်ပြီတဲ့၊ အဲဒီလိုမျိုးမှာတာပေါ့။ ဒါကြောင့် ပြောတာပါ။ မိန်းကလေးတိုင်း မင်္ဂလာဝတ်စုံ မပြောနဲ့ မင်္ဂလာဦးပစ္စည်းတွေ အားလုံးကို တမြတ်တနိုးနဲ့ တန်ဖိုးထားတတ်ကြတာပါ။ အစ်မဆီ ရောက်လာတဲ့ Customer တွေ အားလုံးလည်း အဲဒီလို သူတွေပါပဲ။

Asian Fame Media Group

**အစ်မအနေနဲ့ အရင်ခေတ်ပုံတွေကို ပြန်ပြီး ဆန်းသစ်ဖြစ်ခဲ့တာတွေမှာ မှတ်မှတ်ရရရှိခဲ့တာတွေ ရှိပါသလား။**

အရင်ဆုံး မှတ်မှတ်ရရဆိုရင် အစ်မမင်္ဂလာဆောင်မှာ အစ်မကိုယ်တိုင်ချုပ်ခဲ့တဲ့ အမြိတ်ကလေးပါတဲ့ အစ်မရဲ့ဝတ်စုံပေါ့။ အခု လောလောလတ်လတ်ဆိုရင်တော့ သဇင့်မင်္ဂလာဆောင်မှာ ချိတ်နဲ့ဇာနဲ့ရောပြီး ဖန်တီးခဲ့တာရှိတယ်။ ခင်စံပယ် ဦးတုန်းကဆိုရင်လည်း သိင်္ဂီရွှေဝါကရက်တဲ့ ချိတ်ကို အစ်မက Crystal တွေ စိန်တွေနဲ့ ပိုပြီးလှသွားအောင် ဖန်တီးပေးခဲ့တယ်။ ခင်စံပယ်ဦးတုန်းကလည်း သူ့ခေတ်နဲ့သူတော့ လှခဲ့တာပဲလေ။ ကြည်လဲ့လဲ့ဦးတုန်းကတော့ အစ်မမင်္ဂလာဆောင် တုန်းကဝတ်စုံကို သူကကြိုက်တယ်ဆိုလို့ အဲဒီ အတိုင်း ခပ်ဆင်ဆင် အမြိတ်ကလေးနဲ့ လုပ်ပေးခဲ့တယ်။ ရတနာခင် တုန်းကတော့ ဇာရွှေရောင်လေး ဖန်တီးပေးခဲ့တယ်။ကျော်ကျော်ဗို အမျိုးသမီး ဇာဇာ့ကိုလည်း ကျော်ကျော်ဗိုလ် ချိတ်နဲ့ဆင်တူ နန်းဆန်ဆန်လေး ဖန်တီးပေးခဲ့တယ်။ သဇင့်တုန်းကလည်း ချိတ်ကိုလည်း ဝတ်စေချင်တယ်။ ဇာလည်း ဝတ်စေချင်တယ်။ နေလ ပိုးထည်က ချိတ်ရက်ပေးမယ်ဆိုတော့ အစ်မက ချိတ်တစ်လိုင်းနဲ့ တစ်လိုင်းကို ဘယ်နှလက်မခြား ပေးပါဆိုပြီး တစ်ခါတည်း ရက်ကတည်းက မှာလိုက်တာပေါ့။ ကြားမှာ အစ်မက ပြင်သစ်ဇာတွေထည့် လိုက်တယ်။ ပဝါကအစ စိတ်တိုင်းကျဖန်တီး ဖြစ်ခဲ့တယ်။ အဲဒီဝတ်စုံကိုတော့ အားရတယ်။မနှစ်က MFDG Show လုပ်တော့ အဲဒီမှာ ဆုပန်ထွာဝတ်တဲ့ ဒေါင်းမြီးနဲ့ ဝတ်စုံဆိုလည်း ပိုးပြောင်ပေါ်မှာ အစ်မကိုယ်တိုင် Create လုပ်ခဲ့တာပဲလေ။ နေခြည်လင်းလဲ့ ဝတ်ခဲ့တဲ့ ရွှေရောင်ပန်းပွင့်တွေနဲ့ ဝတ်စုံလည်း သဘောကျတယ်။ အစ်မ မှတ်မိသလောက် အမှတ်တရတွေက အများကြီးပဲ။အဲဒါတွေထဲကမှ အခုပြောခဲ့တာတွေကတော့ ထူးထူးခြားခြား ဖန်တီးခဲ့ရတာတွေပေါ့။

**Designer တစ်ယောက်က ရိုးရာယဉ်ကျေးမှုတွေကို နှံ့စပ်အောင် လေ့လာထားဖို့ရော လိုအပ်ပါသလား။**

လိုအပ်တာပေါ့။ Designer တစ်ယောက်က ဘယ်လောက်ပဲ ဆန်းသစ်နေပါတယ်ဆိုပေမယ့် ယဉ်ကျေးမှုဆိုတာတော့ မေ့ထားလို့မရဘူးလေ။ ရိုးရာအမွေအနှစ်တွေဆိုတာကလည်း သိကိုသိထားရမယ့် အကြောင်းတွေပဲလေ။ နိုင်ငံခြားမှာဆိုလည်း ၁၉၅၀-၆၀ တုန်းကလုပ်ခဲ့တာတွေကို သူတို့က ကြည့်ပြီးပြန်ပြီး Inspiration ယူကြတာ



ပဲလေ။ အစ်မတို့လည်း ဒီလိုပဲပေါ့။ ခေတ်အဆက်ဆက်ကို လေ့လာရမယ်။ ရိုးရာဆိုလည်း ရခိုင်ရိုးရာမှာ ဘာတွေလုပ်လဲ။ ရှမ်းရိုးရာဆို ဘယ်လိုလဲ အဲဒီလိုမျိုးတွေ လေ့လာထားရမယ်။ အဲဒီလို လေ့လာထားတာတွေက ကိုယ်ဖန်တီးမယ့် ဝတ်စုံတွေအတွက် အထောက်အကူအရမ်းဖြစ်စေတယ်။

**အစ်မအနေနဲ့ မြန်မာသတို့သမီးဝတ်စုံတွေကို ဖန်တီးတဲ့အခါ ဘယ်လိုစိတ်ခံစားမှုတွေနဲ့ ဖန်တီးဖြစ်ပါသလဲ။**

စိတ်ခံစားမှုဆိုရင်တော့ ဘယ်လို Design ထုတ်ရင်ကောင်းမလဲဆိုတာကစ စဉ်းစားရတာပေါ့နော်။ ဘယ်လို Materials တွေရှိနေလဲ။ ဘယ်လိုပစ္စည်းတွေပေါ်နေလဲဆိုတာကို အရင်ကြည့်ရတာပေါ့။ အဲဒါတွေကို ကြည့်ပြီး ငါဘယ်လို Design မျိုးကို ဖန်တီးရမလဲ စဉ်းစားရတာပေါ့။ အစ်မက ခရီးထွက်ရင်လည်း ရောက်တဲ့ နေရာမှာ လိုက်ပြီးကြည့်တာပဲ ပိတ်စဆိုလည်း ဒီလိုပဲပေါ့။ ရောက် တဲ့နေရာမှာတွေ့တာနဲ့ ဝယ်တာပဲ။ ဝယ်ပြီးရင်တော့ ဒီပိတ်လေးကို ငါ Dress လေး ချုပ်ရမလား ထိုင်မသိမ်းချုပ်ရမလား။ စိတ်ကူးနဲ့ အရင် ချုပ်ကြည့်တာပဲ။ ပိတ်စလေးပဲ ဖြစ်ဖြစ် Material လေးတွေ တွေ့ရင်ပဲ ဖြစ်ဖြစ် တဒင်္ဂအတွေးကတော့ အမြဲရှိနေတာပဲ။ ဘယ်လိုချုပ်ရင်လှမလဲဆိုတာပဲ အမြဲစဉ်းစားခဲ့တာလေ။ ချုပ်ခဲ့ရင်လည်း ကိုယ့်ရဲ့ Customer ကို အလှဆုံးဆိုတာပဲ ဖြစ်စေချင်တယ်။ ကိုယ့်ဝတ်စုံ လေးဝတ်ပြီး သူလှသွားရင် ကိုယ်က ဝမ်းသာတာပဲ။သတို့သမီးတစ်ယောက်လာရင် သူနဲ့ဘယ်လိုလှမလဲ သူ့အသားအရေနဲ့ ဘယ်အရောင် ဘယ်အဆင်က အဆင်ပြေမလဲ၊ ဒါပဲ စဉ်းစားတာပါ။ သူ့ အနေ အထားကို Judge လုပ်ပြီး ဖန်တီးပေးတာပဲ။ ဖန်တီးတဲ့အခါတော့ အစ်မက ကိုယ်ချုပ်ပေးရမယ့် သတို့သမီးက အလှဆုံးဖြစ်ရမယ်ဆိုတဲ့ စိတ်ခံစားမှုနဲ့ပဲ ဖန်တီးပေးတာပါ။

**Designer တစ်ယောက်မှာ Design နဲ့ ပတ် သက်တဲ့ ဗဟုသုတတွေအပြင် တခြား ဘယ်လို ဗဟုသုတတွေ လိုအပ်သေးပါလဲ။**

Design နဲ့ပတ်သက်တဲ့ ဗဟုသုတအပြင် ဘာတွေသိရမလဲဆိုတော့ Color နဲ့ ပတ်သက်တာတွေလည်း သိထားရမယ်။ နောက်ပြီး Designer တစ်ယောက်က Sketch တစ်ခုတည်းနဲ့မပြီးဘူး။ ကိုယ်ထုတ်လိုက်တဲ့ Design တစ်ခု က wearable ဖြစ်ရမယ်။ တစ်ခါတလေကျတော့ အရမ်းကြီး အဆန်းထွင်လိုက်တော့ ဝတ်ရင် Comfortable မဖြစ်တာတွေရှိတယ်။ Color Theory ကလည်း သိရမယ့် ထဲမှာပါတာပဲ။ တတ်နိုင်ရင်တော့ ဘက်စုံ သိထားရမယ်။ တချို့ Designer တွေက Cutting ပိုင်းကို သိပ်ပြီး မပိုင်တာတွေ ရှိတယ်။ အစ်မကတော့ အစ်မဖန်တီးတဲ့ ဝတ်စုံတွေဆိုရင် ကိုယ်တိုင်ပဲ Cutting လုပ်တာပါ။ Sewing ပိုင်း လည်းကျွမ်းကျင်ရမှာပဲ။ မီးပူတိုက်တာလည်း ပညာသားပါတာပဲ။ Sequin

Asian Fame Media Group

ထိုးတာလည်း မလွယ်ဘူး။ ပညာသားပါတာပဲ။ အဲဒါတွေ အားလုံးကို ကိုယ်က နှံ့နှံ့စပ်စပ်လေ့လာထားရမယ်။ ပိတ်စအရည်အသွေး ရွေးချယ်တာကအစ သိထားရမှာပါ။

**အတွေ့အကြုံတွေကနေ ပညာတွေရတယ်လို့ ပြောကြတယ်။ အစ်မအတွက် ပညာရစေခဲ့တဲ့ အမှတ်တရအတွေ့အကြုံလေးရှိခဲ့ရင် ပြောပြပေးပါလား။**

အတွေ့အကြုံဆိုရင်တော့ အစ်မကြုံရတာတွေကအများကြီးပါပဲ။ အစ်မဆိုရင် အသက် ၂၀ လောက်နဲ့ ဒီအလုပ်ကို စလုပ်ခဲ့တော့ ငယ်တုန်းကတော့ Customer is always right ဆိုတာကို နားမလည်ခဲ့ဘူး။ Customer က ကိုယ့်ကို ပြန်သင်သွားတာတွေရှိတယ်။ သူက ပုံဆန်းလိုချင်တယ်ဆိုရင် ကိုယ်က ဖန်တီးရတယ်လေ။ ဒါဆိုရင် ကိုယ်ပညာတိုးတာပဲပေါ့။ သူက New Creation မှ လိုချင်တယ်ဆိုရင် ကိုယ်က ကြိုးစား ပေးရတာပေါ့။ တစ်ခါတလေ သူက New Creation သာ လိုချင်တာ ဘာလိုချင်မှန်းမသိဘူးဆိုတာတွေ ရှိတယ်။ အဲဒါဆိုရင်တော့ အစ်မက သူဘာမကြိုက်ဘူးလဲဆိုတာပဲ မေးတာပဲ။ အရောင်ကအစပေါ့။ သူမကြိုက်တာကိုပဲ ရှောင်ပြီး ကိုယ်က ထွင်ပေးလိုက်တယ်။ အခုတော့ Customer is always Right ဆိုတာကိုပဲ လက်ကိုင်ထားတော့တယ်။ ကိုယ့်ဆီလာတဲ့ Customer က အသစ်လိုချင်တဲ့ သူများလေ အစ်မက အသစ်ဖန်တီးရလေ အစ်မတိုးတက်လေပဲလေ။ Customer စိတ်ချမ်းသာဖို့ပဲ အမြဲစဉ်းစားပေးပါတယ်။

**ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေကိုရော ဘယ်လို ရင်ဆိုင်ခဲ့ရလဲ။**

၂၀၀၀ ခုနှစ် နောက်ပိုင်းမှာတော့ Sewing Accessories ဆိုင်တွေက များလာပါပြီ။ ဟိုးအရင်တုန်းကတော့ ဒီလိုမဟုတ်ဘူး။ အဲဒီတုန်းကတော့ တော်တော်လေး အခက်အခဲတွေ ကြုံခဲ့ရတယ်။ အစ်မဆိုရင် အဲဒီတုန်းက အမေရိကားမှာ ကျောင်းသွားတက်ပြီးပြန်လာရင် ကပ်တဲ့ကော်ပိတ်ကအစ ဝယ်လာခဲ့ရတာ။ ဘန်ကောက်မှာလည်း အဲဒီအချိန်တုန်းက ဒီလောက်ဆိုင်တွေ မပေါများဘူး။ ကုန်ကြမ်းရှားတာပေါ့။ ကုန်ကြမ်းမရှိရင် ကိုယ်လုပ်ချင်တဲ့ Design တွေ လုပ်ဖို့က မရဘူးလေ။ အခက်အခဲဆိုရင်တော့ အဲဒီအချိန်က အခက်အခဲဆုံးပဲပေါ့။ အမေရိကားမှာ ကျောင်းသွားတက်တော့လည်း အခက်အခဲတွေ ကြုံခဲ့ရတာပဲလေ။ အခုတော့လည်း ဒါတွေက အခက်အခဲတွေ မဟုတ်တော့ပါဘူး။ အတွေ့အကြုံတွေ ဖြစ်သွားပါပြီ။

**MFDG (Myanmar Fashion Design Group) ရဲ့ ဦးဆောင်သူတစ်ယောက်အနေနဲ့ မြန်မာ့ Design လောကအပေါ် ဘယ်လိုသုံးသပ်မိထားပါသလဲ။**

အစ်မတို့ကတော့ အများကြီးကြိုးစားကြရဦးမှာပါ။ သူများနိုင်ငံတွေဖြစ်တဲ့ ယိုးဒယားပဲဖြစ်ဖြစ်၊ စင်ကာပူပဲဖြစ်ဖြစ်၊ မလေးရှားပဲဖြစ်ဖြစ် သူတို့က တိုင်းပြည်စီးပွားရေးကလည်း ကောင်းတယ်၊ တိုင်းပြည်ကလူတွေရဲ့ IQ ကလည်းမြင့်တယ်၊ Business အကုန်လုံးကလည်း အင်အားတွေကောင်းကြတယ်။ အဲဒီတော့ သူတို့ရဲ့ Garment လုပ်ငန်းတွေက တအား ရှေ့ရောက်ကြတယ်၊ အစ်မတို့ MFDG ဆိုရင် နာမည်ရပြီးသား Designer တွေစုပြီး ဖွဲ့ထားတာပဲလေ။ အဲဒါကလည်း မလေးရှားတို့ ယိုးဒယားတို့က Fashion Show တွေ ဘာတွေက အစ်မတို့မြန်မာပြည်က Designer တွေကို ပါဝင်ဖို့ ဖိတ်တဲ့အခါ ဆက်သွယ်လို့ လွယ်အောင်ဖွဲ့ဖြစ်ခဲ့တာပါ။UMFCCI က အစ်မတို့ကို ဖွဲ့ပါဆိုတာနဲ့ ဖွဲ့ဖြစ်သွားတာပါ။

**အစ်မတို့ရဲ့ MFDG (Myanmar Fashion Deaign Group) ကို စပြီး ဖွဲ့စည်းပုံလေးနဲ့ ပါဝင်ခဲ့တဲ့သူတွေကိုလည်း ပြောပြပေးပါဦး။**

ဖွဲ့ထားတာကတော့ ခုနက ပြောခဲ့သလိုပဲပေါ့။ 2009 BIFF & BIL ASEAN Fashion Show ကို အန်တီသီတာဝင်းရယ်၊ ပုံ့ပုံ့ရယ်၊ မလတ်ရယ်၊ ကိုတာတီးရယ်၊ သက်နှင်းအေးရယ် သွားကြတယ်။ 2007 အစမှာ အစ်မက Asian Tourism Gala Night Dinner Fashion Show ကို စင်ကာပူမှာသွားပြဖြစ်ခဲ့တယ်။ အစ်မကို မြန်မာပြည် ဟိုတယ်နဲ့ခရီးကလွှတ်လို့ သွားဖြစ်ခဲ့တာပါ။ အဲဒီမှာ သွားခဲ့တဲ့အစ်မက ဘာသိခဲ့လဲဆိုတော့ သူများတိုင်းပြည်တွေမှာ Fashion Designer Group တွေ ဖွဲ့ထားတယ်ဆိုတာ သိခဲ့ရတယ်။ ဒါပေမဲ့ အစ်မက ပြန်လာတော့ ဖွဲ့ချင်ပေမယ့် ဘယ်သူ့မှ မပြောဖြစ်ခဲ့ဘူး။ ကိုယ်က နေရာလိုချင်လို့ ဒီလိုလုပ်ချင်တယ်လို့ ထင်ကြမှာလည်း အစ်မက စိုးရိမ်တာပါတာပေါ့။ အဲဒီတော့ ၂၀၀၉ မှာ အန်တီသီတာဝင်းတို့ ပြန်လာတော့ သူတို့လည်း သိလာကြတယ်။ UMFCCI လူကြီးပိုင်းကလည်း ဖွဲ့ပါဆိုပြီး ပြောလာကြတယ်။ အရင်တုန်းက အစ်မတို့ Designer တွေက တစ်ယောက်နဲ့တစ်ယောက် မတွေ့ဖြစ်ကြဘဲ ကိုယ့်ပတ်ဝန်းကျင်မှာပဲ ကိုယ်ကျင်လည်နေကြတာလေ။ MFDG စဖွဲ့တော့ မမသီတာက အသက်အရွယ်အရ ကြီးတယ်။ ဒါကြောင့် ဦးဆောင်မှုပိုင်း လုပ် ပါဆိုတော့ မမက အနေလည်းအေးတယ်ပေါ့ မဖြစ်ဘူးဆိုပြီး ငြင်းတယ်။ အဲဒီတော့ ရှုပါရွှေတို့ ဆန်းဘောက်ရာတို့၊ ပုံ့ပုံ့တို့က အစ်မကို ဝိုင်းပြီး တိုက်တွန်းကြတယ်။ အဲဒါနဲ့ အစ်မက ဦးဆောင်ဖြစ်ခဲ့တာပါ။ ဦးဆောင်တော့လည်း ခေါင်းကိုက် စရာတွေတော့ ကြုံရတာပေါ့လေ။မြန်မာ Designer လောကက နာမည်ရ Designer တွေအားလုံး MFDG မှာပါပါတယ်။

**နိုင်ငံတကာမှာ MFDG ရဲ့ ပါဝင်ခွင့်ရမှုကရော ဘယ်လို အနေအထားမှာ ရှိနေပါပြီလဲ။**

ဒီနှစ်မှာတော့ ASEAN Fashion Show ကို မလုပ်ဖြစ်ဘူး။ အရင်နှစ်တွေမှာတော့ အစ်မတို့ကို အသိအမှတ်ပြုတာတွေ ခံရပါတယ်။ BIFF & BIL ရဲ့ ဒုတိယနှစ် ၂၀၁၀ မှာ အစ်မတို့ အကုန်တူတူသွားကြတယ်။ အန်တီပေါက်တို့၊ ကိုပြည်စိုးတို့အားလုံးပါကြတယ်။ အစ်မတို့ ၈ ယောက်သွားကြတယ်။ မောင်နှမစိတ်နဲ့ပဲ အစ်မတို့အားလုံး စုပေါင်းဖန်တီးပြီး သွားခဲ့ကြတာ။ မြန်မာဆိုတဲ့ ခေါင်းစဉ်အောက်ကပေါ့။ တစ်ယောက်တည်းနဲ့ အားလုံး မသိမ်းပိုက်နိုင်ပါဘူး။ လက်ကလေး နှစ်ဖက်နဲ့ပဲ လုပ်ရတာကိုး။ ဒါကြောင့် အစ်မတို့တွေက တစ်ယောက်ကိုတစ်ယောက် ကူညီဖေးမပြီး တော့ပဲ သွားခဲ့ကြတာ။ မြန်မာရဲ့ Image ကို ပိုကောင်းအောင်ပဲ ဝေဖန်အကြံပေးကြတယ်။ အစ်မတို့ရဲ့ First Impression ကတော့ ကောင်းခဲ့ပါတယ်။ ဒီနှစ်မှာတော့ မလေးရှားက Fashion Week ဆိုပြီး World Fashion Organization နဲ့ ပူးပေါင်းပြီး လုပ်ဖို့ရှိတယ်။ အစ်မတို့ကိုလည်း ဖိတ်ထားတယ်။ အစ်မတို့သွားဖို့ ပြင်ဆင်နေကြပါတယ်။

**MFDG ဆိုပြီး Designer Group လေးဖွဲ့ရခြင်းရဲ့ အားသာချက်၊ အားနည်းချက် တွေရောရှိလား။**

အစ်မတို့အဖွဲ့ကို ဝင်မယ်ဆိုရင် စည်းကမ်းချက်တွေကတော့ ရှိရမယ်။ အဲဒါကတော့ ဒီအလုပ်ကိုပဲ တစိုက်မတ်မတ်လုပ်နေတဲ့သူ ဖြစ်ရမယ်၊ အနည်းဆုံး ဒီလောကမှာ ၃၊ ၄ နှစ်တော့ လုပ်သက်ရှိရမယ်။ အခုမှစလုပ်ပြီး ဒီအဖွဲ့ထဲ ဝင်လို့မရပါဘူး။ အားလုံးကတော့ ဝိုင်းဝိုင်းဝန်းဝန်း မောင်နှမစိတ်နဲ့လုပ်ကြတာတော့ အားသာချက်ပေါ့။ အစ်မတို့ရဲ့အဖွဲ့က NGO အဖွဲ့ပါပဲ။ ပိုက်ဆံရတဲ့ အဖွဲ့မဟုတ်ဘူးလေ။ ကိုယ့် အိတ်ထဲကစိုက်ပြီးပဲ လုပ်ကြရတာလေ။ ကိုယ့်အချိန်တွေကို ဖဲ့ပေးရတာတော့ အားနည်းချက် ပဲပေါ့။ ပင်ပန်းတာရှိတယ်။ ဒါပါပဲ။ အားသာချက်ကတော့ Information မြန်မြန်သိရတယ်။ ဘယ်မှာတော့ ဘယ်သူက ဘယ်လို Design ထွင်နေပြီဆိုတာမျိုးပေါ့။ အဖွဲ့ထဲကတစ်ယောက်က နိုင်ငံခြားသွားမယ်ဆိုလည်း ငါသွားမယ် ဘာမှာကြမလဲပေါ့။ မသွားဖြစ်တဲ့သူတွေက လိုတာတွေကို သူ့ကို ဝိုင်းမှာကြပေါ့။ အပြန်အလှန် ကူညီကြတာပေါ့။ အားသာချက်တွေကတော့ များပါတယ်။

**Fashion Design ဆိုတာမှာ နိုင်ငံတကာ Designer တွေရဲ့ ခံယူချက်နဲ့ မြန်မာ Designer တွေရဲ့ ခံယူချက်ကွာခြားမှုလေးတွေကိုလည်း ပြောပြပေးပါဦး။**

နိုင်ငံတကာမှာတော့ Fashion Design တစ်ခုကို Masterpiece ထုတ်ပြီးရင် Mass Production ထုတ်တာပဲ။ Made to Order လည်း ရှိပါတယ်။ မြန်မာပြည်မှာတော့ အန်တီ

Asian Fame Media Group

ပေါက်နဲ့ ဆန်းဘောက်ရာကတော့ သူတို့ Brand တွေထုတ်ပြီး ရောင်းကြတယ်။ အစ်မတို့လည်း လုပ်ချင်တယ်။ ဒါပေမဲ့ အကြောင်းတွေက အများကြီးရှိနေတော့ မလုပ်နိုင်ကြဘူး။ မြန်မာပြည်က Designer အများစုကတော့ Made to Order ပဲများတယ်။ Tailor အကြီးစားပါပဲ။ Designer ဖြစ်ဖို့က Design အတွက် တီထွင်ခက မရဘူး။ ချုပ်ခပဲရတာလေ။ Design ထွင်ရတာ နည်းနည်းလေးပိုလို့ပိုက်ဆံနည်းနည်းပိုတောင်းမိရင်တောင် Customer တွေက ဈေးကြီးတယ်ဆိုပြီး အော်နေကြတာလေ။ နိုင်ငံခြားက Fashion Designer တွေက Profit ပိုရကြတယ်။ အဲဒီတော့ ခံယူချက်တွေကလည်း ကွဲနေတာတွေ ရှိတာပေါ့။ ဒီက Designer တွေကတော့ သည်းခံရတာပါပဲ။

**မြန်မာ့ Design တစ်ခု ကမ္ဘာမှာ ထိုးဖောက်သွားနိုင်ဖို့အတွက် ဘယ်လိုအချက်တွေလိုအပ်ပါသလဲ။**

အခု ကမ္ဘာမှာတော့ မြန်မာအမျိုးသမီးဖက်ရှင်ဆိုပြီး ခေတ်စားနေတယ်။ ဒေါ်အောင်ဆန်းစုကြည်က ခရီးထွက်နေတယ်လေ။ သူက မြန်မာဝတ်စုံတွေပဲဝတ်တော့ အဲဒီကနေ ကမ္ဘာမှာ အခုမြန်မာဝတ်စုံကို စိတ်ဝင်စားတဲ့သူများလာတာပေါ့။ ဒါပေမဲ့ သဘောကျတယ်ဆိုပေမယ့်လည်း မြန်မာဝတ်စုံ ထဘီ၊ ပုဆိုးကို ဝတ်တတ်ဦးမှလေ။ အဲဒီတော့ ထဘီအစား အစ်မတို့က Skirt ရှည်လိုမျိုးဖန်တီးပြီး ထိုးဖောက်ရင်တော့ ရနိုင်လောက်တယ်။ မြန်မာ Jacket ကတော့ လူတိုင်း ဝတ်လို့ရပါတယ်။ ပြီးတော့ အစ်မတို့နိုင်ငံက ထွက်တဲ့ပိတ်တွေက Quality Control ဆိုတာ လိုသေးတယ်။ ချိတ်ဆိုလည်း ရေလျှော်လို့မရဘူး။ Dry Clean ပဲရတာလေ။ Dry Clean မှာ တောင်မှတချို့အထည်တွေက အရောင်ကွက်တာတွေ ဘာတွေဖြစ်သွားသေးတာလေ။ နိုင်ငံတကာထိုးဖောက်ဖို့ဆိုရင် မြန်မာ့ရက်ကန်းလောကကိုတိုးတက်အောင် လုပ်ဖို့လိုတယ်။ အစ်မတို့ဆီက ရက်ကန်းတွေမှာ Design နဲ့ပတ်သက်ပြီး တိုးတက်မှုတွေရှိနေပေမယ့် technology ပိုင်းမှာ အားနည်းတယ်။ ဆောင်နွားရက်ကန်းကျောင်းဆိုတာရှိတယ်။ ဒါပေမဲ့ အဲဒီမှာလည်း Lab ဆိုတာမရှိဘူး။ ယိုးဒယားမှာ Thai Silk ကဘာလို့ ကမ္ဘာကို ထိုးဖောက်သွားနိုင်လဲဆိုရင် သူတို့ရဲ့ မိဖုရားကြီးက ယိုးဒယားပိုးထည်တိုးတက်အောင် အများကြီးအကူအညီ အထောက်အပံ့လုပ်ပေးခဲ့တယ်။ နည်းပညာပိုင်း တိုးတက်တော့ Quality Control ရှိတယ်။ အဲဒီတော့ သူတို့ရဲ့ Thai Silk က အရမ်းကို ထိုးဖောက်သွားတယ်။ အစ်မတို့နိုင်ငံမှာ ဦးဆောင်တဲ့သူ မရှိဘူးဖြစ်နေတယ်။ အစ်မတို့က လုပ်ပါလားဆိုတော့လည်း ငွေအင်အားတို့၊ နည်းပညာအင်အားတို့က လိုသေးတယ်။ ရက်ကန်းစင်ပိုင်ရှင်တွေက ညီညွတ်ဖို့လည်း လိုသေးတယ်။

**နိုင်ငံတကာကို ဝင်ရောက်တဲ့အခါမှာရော မြန်မာပြည်က Designer တွေအနေနဲ့ ဘယ်လိုအခက်အခဲတွေကို ရင်ဆိုင်နေရပါ သလဲ။**

ပထမဆုံး သွားတဲ့နှစ်တွေတုန်းကတော့ အခက်အခဲလေးတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ နောက်ပိုင်း သွားတဲ့နှစ်တွေမှာတော့ အခက်အခဲ မရှိတော့ပါဘူး။ Model ကို Fitting လုပ်တာတို့ ဘာတို့လည်း အဆင်ပြေသွားပါပြီ။ Language ပိုင်းလည်း အဆင်ပြေကြပါတယ်။ သိပ်ပြီး ခက်ခက်ခဲခဲတော့ မရှိကြပါဘူး။

**အနုပညာလက်ရာမြောက်တဲ့ ဝတ်စုံတစ်စုံ ဖြစ်ဖို့ ဘယ်လိုဖန်တီးမှုမျိုးတွေ ရှိရမလဲ။**

ရှင်းရှင်းပြောရရင်တော့ အနုပညာလက်ရာမြောက်တာကတော့ Hand Made ကတော့ ပိုပြီး လက်ရာမြောက်တာပေါ့။ Sketch ကတော့ ဆွဲလိုက်တာပဲလေ။ ကွန်ပျူတာနဲ့တော့ လုပ်လို့ရပါတယ်။ ၁ ရက်နဲ့လည်းပြီးအောင် ထိုးလို့ရတယ်။ ၂ ရက်နဲ့လည်း ပြီးအောင်ထိုးလို့ရတယ်။ Hand Made သမားကတော့ မရဘူးလေ။ အနည်းဆုံး ၂ ပတ်တော့ကြာတာပဲ။ အနုပညာလက်ရာမြောက်ဖို့ဆိုရင် Mentaly အရရော physically အရရော လိုတယ်။ သူများတွေ ဘာလုပ်ထားလဲဆိုတာ သိထားရမယ်။ စိတ်ပိုင်းဆိုင်ရာအရရော ရုပ်ပိုင်းဆိုင်ရာအရာရော အင်အားထည့်ရတယ်။ အချိန်ကာလတစ်ခုကိုလည်း ရင်းနှီးရသေးတယ်။ အသုံးပြုတဲ့ပစ္စည်းရဲ့ အရည်အသွေးကလည်း လိုသေးတယ်။ ဘက်စုံ လိုအပ်တယ်။ ရင်နှီးမြှုပ်နှံမှုကလည်း လိုသေးတယ်။ လူအား၊ ငွေအား၊ စိတ်အား အားလုံးလိုတယ်။

**Hand Made ပိုင်းနဲ့ ပတ်သက်ပြီးတော့ရော မြန်မာပြည်က Creator တွေရဲ့ အရည်အသွေးကို အစ်မဘယ်လိုသုံးသပ်မိပါသလဲ။**

အစ်မဆီမှာ လာအပ်တဲ့ ဝတ်စုံတွေမှာတော့ အစ်မက အကောင်းဆုံးဖြစ်အောင် လုပ်ပေးတာပဲ။ မန္တလေးက ရွှေချည်ထိုးတွေကလည်း ကောင်းနေတာပဲလေ။ နိုင်ငံတကာနဲ့ ယှဉ်လိုက်ရင် အစ်မတို့နိုင်ငံရဲ့ Creator တွေရဲ့ လက်ရာက သူတို့ထက်မသာရင်တောင်မှ မမှီစရာအကြောင်းကို မရှိဘူး။ ဒါပေမဲ့ အစ်မတို့ တိုင်းပြည်မှာက Quality Control ပိုင်းနဲ့ Technology ပိုင်းမှာက အားနည်းနေသေးတယ်။ Creation ပိုင်းကတော့ မြန်မာကလုံးဝ မညံ့ပါဘူး။ Support လုပ်ပေးဖို့ပဲ လိုအပ်နေတာပါ။ ဒါကတော့ အစ်မအမြင်ပေါ့လေ။

**အစ်မရဲ့ ပညာအမွေကိုရော အစ်မရဲ့ မျိုးဆက်ကို ကမ်းပေးခဲ့ဖို့ အစီအစဉ်ရှိပါသလား။**

အဲဒါတော့ မရှိပါဘူး။ အစ်မညီမကတော့ Low Profile နဲ့ သူ့ဘာသာသူ အေးအေးဆေးဆေးပဲ တစ်နိုင်တစ်ပိုင်အင်္ကျီချုပ်တယ်။ သူ့သူငယ်ချင်း ရက်ကန်းစင်မှာ အစ်မလိုချင်တဲ့ အထည်တွေ အပ်ပေးတယ်။ အစ်မလုပ်တာတွေ အားလုံးကို သူလုပ်တတ်ပေမယ့် အစ်မလိုတော့ သူက စိတ်မပြင်းထန်ဘူး။ သူဆက်ယူမယူကတော့ သူ့ ပေါ်ပဲမူတည်တာပေါ့။ တူမကျတော့လည်း အခုမှ ၈ တန်းပဲရှိသေးတယ်။ သူစာတော်ရင်လည်း တော်သလိုပေါ့လေ။ တတ်နိုင်ရင်တော့ အစ်မက ဒီအလုပ်ကို လုပ်တောင်မလုပ်စေချင်ဘူး။ ပင်ပန်းတယ်လေ။ ရုပ်ပိုင်း စိတ်ပိုင်းတအားပင်ပန်းတယ်။ အစ်မတုန်းကလည်း ၁၀ တန်းမှာအောင်တော့ RIT ကို ၃ မှတ်နဲ့ ကပ်ပြုတ်လို့လေ။ ECO သွားခဲ့ ရင်တောင် ဒီအလုပ်လုပ်ဖြစ်မှာမဟုတ်ဘူး။ Chemistry ရွေးလိုက်လို့ ဒီလမ်းကြောင်းပေါ် စရောက်ခဲ့တာပါ။ RIT သာ ဝင်ခဲ့ရင် ဒီလိုအလုပ်ကို လုပ်ဖြစ်ခဲ့မှာတောင် မဟုတ်ဘူးလေ။သင်တန်းတွေ ဘာတွေလည်း ဖွင့်ဖို့က အစ်မမှာ အစီအစဉ်လည်း မရှိပါဘူး။

**အခု ၂၀၁၂ ဝါကျွတ်အတွက်ရော အစ်မက အထူးထုတ်ထားတဲ့ Design ထွက်မှာလား။ ဘယ်လို Design မျိုးကို ဖန်တီးဖြစ်မှာလဲ။**

လုပ်တော့ လုပ်နေတယ်။ နောက်လလောက်ဆိုရင် ထွက်ပါပြီ။ အစ်မက Design သစ်တွေကိုတော့ နှစ်တိုင်းထုတ်ဖြစ်ပါတယ်။ ဒီနှစ်မှာတော့ အစ်မက Orange ပါမယ်။ ဒီနှစ်က လိမ္မော်ရောင်ခေတ်စားမယ်။ ရွှေနဲ့ငွေကတော့ နှစ်တိုင်းရဲ့ မင်္ဂလာရောင်လေ။ လိမ္မော်ရောင်ကတော့ ဒီနှစ်ရဲ့ အထူးအရောင်ပေါ့။ လိမ္မော်နည်းနည်းတောက်လေးပါ။ နောက်ပြီး အစ်မက ရိုးရာပိုးလုံချည်မှာ ထိုင်မသိမ်း ဖန်တီးထားတယ်။

**၂၀၁၂ မှာ မင်္ဂလာပွဲဆင်နွှဲကြမယ့် မင်္ဂလာမောင်မယ်တွေကို ဘယ်လိုစကားလက်ဆောင်လေး ပေးချင်သေးလဲ။**

အစ်မက အရင်တုန်းကတော့ Made to Order ပဲ လက်ခံတာပေါ့။ ဒါပေမဲ့ တချို့ Customer တွေက တောင်းဆိုတာနဲ့ အငှား Service ကို ဒီနှစ် စလုပ်ဖြစ်မယ်။ New Design ပေါ့။ ထိုင်မသိမ်းကိုပဲ ဒီနှစ်ထုတ်တဲ့ Design တွေကို ငှားမှာပေါ့။ ဒါကတော့ အခု ၂၀၁၂ အတွက် အထူးပေါ့။ ဒါကြောင့် ချုပ်မယ့် မင်္ဂလာမောင်မယ်တွေအပြင် ငှားပဲငှားချင်ကြတဲ့ သူတွေအတွက် သတင်းစကားလက်ဆောင်လေး ပေးချင်တာပါ။

**ဖြိုးစုပိုပို**

# ငဲငယ် ရဲ့ နေ့သစ်များ နဲ့ ထိတွေ့ခြင်း

ဓာတ်ပုံ-ပြည့်ဟန်(Color Max)



ဂီတရေစီးကြောင်းကတော့ ခေတ်ရဲ့အလိုက်၊ အားပေးသူအကြိုက် မျိုးစုံပြောင်းလဲစီးဆင်းနေပါတယ်။ ဒါပေမဲ့ ဂီတကို ရင်ထဲကစွဲလမ်းပြီး ပင်ကိုသံကောင်းကောင်းနဲ့ ထိရှမယ့်စာသားတွေ ပေါင်းစည်းတဲ့ ဂီတမြစ်ကတော့ လူတိုင်း အားပေးချစ်ခင်စီးမျောကြမှာပါ။ ဒါကြောင့် ဒီတစ်ပတ် ရတီပရိသတ်ကို ဂီတမြစ်ထဲ ပျော်ရွှင်စွာ စီးမျောနိုင်ဖို့ ငဲငယ်နဲ့ တွေ့ဆုံဖို့ စီစဉ်ဖြစ်ခဲ့ပါတယ်။

**♦ အခုထုတ်လိုက်တဲ့ စီးရီးအမည်လေးက. . .**

ကျွန်တော့်ရဲ့ ပထမဦးဆုံး တေးစီးရီး Album အမည်က 'နေ့သစ်များ' လို့ အမည်ရပါတယ်။

**♦ စီးရီးဖြစ်လာဖို့ ပံ့ပိုးပေးသူက . . . .**

ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ယောက် အချင်းချင်း ပြန်ပံ့ပိုးပေးကြတာပေါ့ (ရယ်လျက်)။ အခြားပံ့ပိုးပေးသူတွေကတော့ အနုပညာအင်အားအဖြစ်နဲ့ ဆရာမင်းချစ်သူ၊ City FM၊ Shwe FM။

**♦ တေးရေးတွေက . . . . . .**

ဦးသုခမိန်လှိုင်၊ ဇထက်၊ သက်ဝင်းအောင်၊ ကျွန်တော်၊ မင်းချစ်သူ၊ ကိုဆောင်းဦးလှိုင်တို့ . . . . ။

**♦ Featuring ရော ပါသေးလား . . . .**

မပါဘူးဗျ၊ ကျွန်တော်တစ်ယောက်တည်း ဆိုထားတာ။

**♦ စာနယ်ဇင်းမိတ်ဆက်လုပ်တုန်းကVCDလား၊ DVD လား . . . .**

DVD ပဲ ထုတ်တာပါ။ VCD လို့ဖြစ်သွားတာက ကျွန်တော့်ရဲ့အားနည်းချက်ပါ။ အဲဒီ့အတွက် ကျွန်တော့်ပရိသတ်တွေကိုလည်း တောင်းပန်ပါတယ်။

**♦ Promotion ကိုရော ဘယ်သူဦးဆောင်စီစဉ်သလဲ . . . .**

ကျွန်တော် ဦးဆောင်တာပါ။

**♦ နေ့သစ်များစီးရီးမှာပါဝင်တဲ့ သီချင်းတွေအကြောင်း ပြောပြပါဦး . . . .**

ဟုတ်ကဲ့။ ပါဝင်တဲ့သီချင်းတွေကတော့ အချိန်ပြည့်ချစ်သူ၊ အိမ်၊ နေ့သစ်များ၊ နေရစ်ခဲ့နော်၊ လွမ်းခွင့်ရှိလား၊ ဆက်ချစ်ခွင့်လေး၊ အလွမ်းဟိုတယ်၊ အချစ်မရပ်နိုင်ဘူး၊ ဆက်ချစ်မယ့်သူ၊ ဒါနှုတ်ဆက်ခြင်းလား၊ လမ်းသင့်ခဲ့ရင်နဲ့ Come Closer တို့ပါ။ အားလုံး ၁၂ ပုဒ်ပါ။

**♦ ဖြန့်ချိမှုပိုင်နဲ့ စီစဉ်သူက . . . . .**

စီစဉ်သူက ကျွန်တော်ပေါ့။ ဖြန့်ချိမှုပိုင်က 'ရတနာမြိုင်' တေးထုတ်လုပ်ရေးကပါ။

**♦ ငဲငယ်က ဘယ်ဇာတိလဲ . . . .**

ကျွန်တော်က ရန်ကုန်ဇာတိပါ။

**♦ စီးရီးက ၂၀၁၁ ဒီဇင်ဘာမှာထွက်မယ်လို့ပြောပြီး ဘာလို့ကြန့်ကြာသွားရတာလဲ . . . . .**

ကျွန်တော်လုပ်ထားတဲ့ သီချင်းတွေက တစ်ပေါင်းတစ်စည်းတည်း ထုတ်မယ်ဆိုရင် အဲဒီအချိန်လောက်ကတည်းက ရနေပြီ။ နောက်ထပ်တိုးလာတဲ့ သီချင်းတစ်ပုဒ်ကို ထပ်ထည့်ချင်တာနဲ့ ပြန်တီး၊ ပြန်ရိုက် သံစဉ်ရှာနေတာနဲ့ ကြန့်ကြာသွားတာပါ။

**♦ စုပေါင်းအခွေတစ်ခွေထဲမှာ 'ဆက်ချစ်ခွင့်လေး' ဆိုတဲ့သီချင်းနဲ့ ငဲငယ်ကို သဘောကျဖူးတယ်။ အဲဒီသီချင်းအကြောင်းလေး ပြောပါဦး . . . .**

အဲဒီစီးရီးထွက်ခဲ့တဲ့ ခုနှစ်က ၂၀၀၈ ခုနှစ်ပါ။ လကတော့ ကျွန်တော်မမှတ်မိတော့ဘူး။ ပါဝင်တဲ့အဆိုတော်တွေကတော့ ကိုအယ်နောင်း၊ ကိုဖိုးကာ၊ ဟဲလေး၊ ကိုရိန်မိုး၊ မတင်ဇာမော်၊ ဆူဇီ၊

Asian Future Media Group



Asian Fame Media Group
MEDIA GROUP

MUSIC PLUS YATI

မမတို့ပါတယ်ဗျ။ ကျွန်တော်လည်း သဘောကျပါတယ်။

**♦ 'နေ့သစ်များ' စီးရီးထဲမှာ 'ငဲငယ်' ကိုယ်တိုင်လည်း တေးရေးနေရာမှာ တွေ့ရတယ်နော်။ ကိုယ်တိုင်ဆိုမယ့်သီချင်းတွေအတွက် သီဆိုဖို့ အင်အားတွေ ရခဲ့ပုံလေးပြောပြပေးပါဦး . . .**

အဲဒါကတော့ ကျွန်တော်က သီချင်းဆိုရင်းနဲ့ ဒီဘက်လိုင်းကိုရောက်သွားတော့ သီချင်းတွေ ရေးဖြစ်တယ်။ 'ဆက်ချစ်ခွင့်လေး' သီချင်းကိုရေးပြီးသွားတဲ့နောက်ပိုင်းမှာတော့ ကျွန်တော့်ရဲ့စီးရီးမှာ ကျွန်တော် ကိုယ်တိုင်ရေးထားတဲ့ သီချင်းတွေလည်း သုံးချင်လာတယ်။ စပ်ထားတဲ့ သီချင်းတွေကရှိတော့ ပါဝင်ဖြစ်သွားတာပါ။ သီချင်းရေးတာက ကျွန်တော်ကတော့ Professional မဟုတ်ပါဘူး။

**♦ ပရိသတ်တွေဆီက အသံကြားရတယ်။ 'အချိန်ပြည့်ချစ်သူ၊ နေ့သစ်များ၊ ဆက်ချစ်ခွင့်လေး၊ အလွမ်းဟိုတယ်၊ Come Closer' ဆိုတဲ့ သီချင်းတွေကို အရမ်းကြိုက်တယ်တဲ့။ အဲဒီ့အပေါ် 'ငဲငယ်' ရဲ့ခံစားချက်က . .**

ဟုတ် . . . ကျွန်တော်တို့ သီချင်းဆိုတဲ့ သူတွေကတော့ ကိုယ့်သီချင်းကို ပရိသတ်ကြိုက်တယ်ပြောရင် ကျေနပ်တာပေါ့ဗျာ။ ကျွန်တော့်ရဲ့ ခံစားချက်ကတော့ ကျွန်တော်ကိုယ်တိုင်ရေးစပ်ထားတဲ့ သီချင်းတွေ၊ဆရာမင်းချစ်သူ၊ ကိုဆောင်းဦးလှိုင်တို့ ရေးပေးထားတဲ့ သီချင်းတွေဆိုတော့ အတိုင်းထက်အလွန် ပေါ့ဗျာ။ နောက်ထပ် စီးရီးထုတ်ဖို့လည်း ရှိပါသေးတယ်။ အဲဒီ စီးရီးကျရင်လည်း တစ်ခုနဲ့တစ်ခု မတူဘဲ ထူးခြားမှုတစ်ခုအနေနဲ့ ပရိသတ်ရင်ထဲရောက်သွားအောင် ပို့ပေးမှာပါ။

**♦ မောင်လေး တီးခတ်အသုံးပြုတဲ့ Band က . . . .**

The Trees Band ပဲဖြစ်ပါတယ်။ ကိုမင်းဦး၊ ကိုသင်္ဂဇေး၊ ကိုဖိုးလနဲ့ ကိုကျော်ဇင်တို့ပါ။

**♦ ငဲငယ်ရဲ့ 'နေ့သစ်များ' စီးရီး VCD မှာ Live Show ပုံစံရိုက်ထားတာ တွေ့ရတယ်နော်။ ဘယ်လိုစိတ်ကူးမျိုးနဲ့ Live Show ပုံစံ ရိုက်ဖြစ်သွားတာလဲ . . . .**

အဲဒါကတော့ ရှင်းရှင်းပြောရရင် ကျွန်တော်က ကင်မရာရှေ့ သိပ်မနေတတ်ဘူးဗျ။ သီချင်းဆိုတဲ့သူက ဆိုတယ်။ တီးတဲ့သူက တီးတယ်။ အဲဒါကိုပဲ Live ရိုက်လိုက်တာပါ။ အားလုံးပေါ့ပေါ့ပါးပါးလေးဖြစ်သွားတာပေါ့။ နောက်ပိုင်းတော့လည်း ကင်မရာသိပ်မကြောက်တော့ရင် ပရိသတ်တွေအတွက် တစ်မျိုးပေးဆပ်သွားမှာပါ (ရယ်လျက်)။

**♦ 'နေ့သစ်များ' စီးရီးတစ်ခွေလုံးမှာ 'Come Closer' သီချင်းလေးက ထူးခြားတယ်နော်။ အဲဒီသီချင်းလေး ဆိုဖြစ်ခဲ့ပုံလေးနဲ့ တေးရေးက . . . . .**

အဲဒီသီချင်းကတော့ ကိုဆောင်းဦးလှိုင် ရေးတာပါ။ သီချင်းကတော့ Thailand က ဆိုထားတဲ့ သီချင်းလေးတစ်ပုဒ်ရဲ့ Chorous အပိုဒ်ကိုပဲ ယူထားတာပါ။ ကျန်တဲ့အပိုင်းတွေကတော့ ကိုဆောင်းဦးလှိုင်ရဲ့ ကိုယ်ပိုင်သံစဉ်တွေနဲ့ တည်ဆောက်ထားတာပါ။ ဒါစီးရီးမှာ နောက်ထပ်တိုးလာတဲ့အပုဒ်ပါ။ စီးရီးရဲ့ စပွန်ဆာသီချင်းလေးတစ်ပုဒ်လည်း ဖြစ်ပါတယ်။

**♦ မောင်လေးက ဘယ်လိုသီချင်းအမျိုးအစားတွေကို ဆိုရတာအားသန်မလဲ . . . .**

Slow Rock၊ Slow Go Go နဲ့ တစ်ခါတလေ Pop လည်း ဆိုပါတယ်။

**♦ ငဲငယ်ရဲ့ ရှေ့ဆက်မယ့် အနုပညာခရီးကိုလည်း သိချင်ပါတယ် . . . . .**

ကျွန်တော်ကတော့ အနုပညာအလုပ်ဆိုရင် ကင်မရာကြောက်တာကလွဲလို့ စာလည်းရေးတယ်၊ ကဗျာလည်း ရေးတယ်။ သီချင်းလည်း ရေးပါတယ်။ သီချင်းတွေလည်း ဆက်ဆိုသွားဦးမှာပါ။ ဒုတိယစီးရီးအတွက်လည်း ကြိုးစားသွားဦးမှာပါ။ ကိုယ်ပိုင်သံစဉ်ချည်းပဲဆိုမယ့် အစီအစဉ်လည်း ရှိပါတယ်။ ကြိုက်ထားတဲ့ Copy လေးတွေကရှိနေတော့ အဲဒါလေးလည်း လုပ်ချင်သေးတယ်။ ဟုတ်ကဲ့ အားလုံး ကျွန်တော်စီစဉ်ထားပါတယ် ခင်ဗျ။


**♦ ဒုတိယအကြိမ်ထွက်မယ့် 'ငဲငယ်' ရဲ့ စီးရီး Title ရွေးပြီးပြီလား . . . . .**

ဟုတ်ကဲ့ . . . နာမည်က မစဉ်းစားရသေးဘူး ခင်ဗျ။ ရွေးနေတုန်းပါပဲ။

**♦ မောင်လေးကို ချစ်တဲ့ပရိသတ်တွေအတွက် စကားလက်ဆောင်က . . . . .**

ကျွန်တော့်ကို ၂၀၀၃ 'ငယ်ငယ်တုန်းကထက်ပိုချစ်တဲ့ ချစ်လူမိုက်' အခွေမှာပါတဲ့ 'စိုးစိတ်တိုးတိတ်' သီချင်းကတည်းက အားပေးခဲ့ပြီး 'လွမ်းလား' တို့၊ 'ဆက်ချစ်ခွင့်လေး' တို့အထိတိုင်အောင် အားပေးခဲ့တဲ့ပရိသတ်ကြီးကို အထူးပဲကျေးဇူးတင်ပါတယ်။ သီချင်းမဆိုခင် City FM မှာစကားပြောတဲ့ Presenter တစ်ယောက်အနေနဲ့ရော လက်ခံအားပေးတဲ့ ပရိသတ်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ အခုထွက်ထားတဲ့ ကျွန်တော့်ရဲ့သီချင်းလေးတွေကို နားဆင်ပေးပါဦးလို့ပြောချင်ပါတယ်။ အားပေးနေတဲ့ ပရိသတ်တွေအားလုံးကိုလည်း အမြဲကျေးဇူးတင်နေမှာပါ။ အဲဒီအတွက် ကျွန်တော်တတ်တဲ့ အနုပညာနဲ့ ဒီထက်မက လန်းဆန်းတဲ့အရာတွေကိုပဲ ဆက်လုပ်သွားပါ့မယ်လို့ . .


မိုးသောက်ကြယ်




Asian Fame Media Group



Asian Fame Media Group







Asian Fame Media Group

# ဒေသသင်္ကေတ

လှမြင့်ဆွေ

## ပအို့ဝ်

တိုင်းရင်းသားလူမျိုး (၄၀) ကျော်နေထိုင်တဲ့ ရှမ်းပြည်နယ်ထဲမှာ ရှမ်းတိုင်းရင်းသားနေထိုင်မှုဟာ ၄၇ ရာခိုင်နှုန်းနဲ့အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးနေထိုင်တဲ့ တိုင်းရင်းသားလူမျိုးစုကတော့ 'ပအို့ဝ်' တိုင်းရင်းသားတွေပဲဖြစ်ပါတယ်။ ပအို့ဝ်တိုင်းရင်းသားတွေကို 'တောင်သူ' လို့အချို့ကခေါ်ပေမယ့်လည်း ပအို့ဝ်တွေကတော့ 'ပအို့ဝ်' လို့ခေါ်တာကိုပဲ နှစ်ခြိုက်ကြပါတယ်။ ပအို့ဝ်တွေဟာ ရှေးယခင်ကတည်းက မြန်မာတွေနဲ့အဆက်အသွယ်ရှိခဲ့ပြီး ပုဂံခေတ်ကကျောက်စာတွေမှာ 'တောင်သူ' လို့ရေးသားဖော်ပြထားတာကို တွေ့ရပါတယ်။

ပအို့ဝ်သက်ကြီးရွယ်အိုတွေရဲ့အဆိုအရ ပအို့ဝ်တိုင်းရင်းသားတွေဟာ ပျူလူမျိုးကနေပြောင်းလဲလာတာဖြစ်တယ်လို့ဆိုပါတယ်။ မြန်မာနိုင်ငံကိုဝင်ရောက်ခဲ့တဲ့ လူမျိုးတွေအနက် ရှေးအကျဆုံးနဲ့ယဉ်ကျေးမှုအတိုးတက်ဆုံးဖြစ်တဲ့ ပျူရယ် ၊ ကမ်းယံရယ် ၊ သက်ရယ်ဆိုတဲ့ လူမျိုး (၃) မျိုးထဲမှာ ပျူဘာသာစကားနဲ့ပအို့ဝ် ဘာသာစကားရဲ့ ဝေါဟာရတွေဟာ တော်တော်လေးဆင်တူနေတဲ့အပြင် ပျူတွေရဲ့ကိုးကွယ်မှု ၊ ဆင်ယင်ထုံးဖွဲ့မှု၊ ဓလေ့ထုံးစံနဲ့ အနုပညာဆိုင်ရာယဉ်ကျေးမှုတွေလည်း တူညီနေကြပါတယ်။ ပျူလူမျိုးတွေဟာ 'ပီယာအို' မှ 'ပျူ' ၊ 'ပျူ' မှ 'ပအူ' ၊ 'ပအူ' မှ 'ပအို့ဝ်' ဆိုပြီး အဆင့်ဆင့်ပြောင်းလဲလာကြတာဖြစ်တယ်လို့ သုံးသပ်ကြပါတယ်။ သရေခေတ္တရာပြည်ကြီးထွန်းကားခဲ့စဉ်ကတည်းက ပျူလူမျိုးတွေဟာ 'ဗုဒ္ဓဘာသာ' ကိုးကွယ်မှုရှိခဲ့တဲ့အတွက် ဒီနေ့ခေတ် ပအို့ဝ်တိုင်းရင်းသားတွေဟာ ဗုဒ္ဓဘာသာကို နက်နက်ရှိုင်းရှိုင်း ယုံကြည်ကိုးကွယ်ကြသူတွေဖြစ်တယ်လို့လည်း ယုံကြည်ကြပါတယ်။





Asian Fame Media Group







af MEDIA GROUP
Asian Fame Media Group



ရှေးယခင်က ပအိုဝ်တိုင်းရင်းသားတွေဟာ မြန်မာနိုင်ငံအောက်ပိုင်း သုဝဏ္ဏဘူမိ ၊ သထုံတစ်ဝိုက်မှာ နေထိုင်ခဲ့ကြတာဖြစ်ပါတယ်။ ပုဂံပြည့်ရှင်အနော်ရထာမင်းက သထုံဘုရင်မနူဟာမင်းနဲ့တကွ ဗုဒ္ဓဘာသာစာပေ ပိဋကတ်တော်တွေကို ပုဂံသို့ယူဆောင်သွားတဲ့အခါမှ သုဝဏ္ဏဘူမိ သထုံပြည်ကြီးဟာပျက်စီးသွားပြီး အဲဒီတစ်ဝိုက်မှာနေထိုင်တဲ့ ပအိုဝ်တွေဟာ မူလသူတို့နေထိုင်ရာဖြစ်တဲ့ ရှမ်းပြည်တောင်ပိုင်း ၊ ဆီဆိုင်ဒေသကိုပြန်လည်ပြောင်းရွှေ့ခဲ့ကြတာ ဖြစ်တယ်လို့ဆိုကြပါတယ်။


ဒါကြောင့်ပအိုဝ်တွေဟာ အောက်ပိုင်းသထုံပြည်ကို 'သထုံကြီး' လို့ခေါ်ပြီးဆီဆိုင်နားကဒေသကို 'သထုံလေး'လို့ယနေ့တိုင်ခေါ်ဝေါ် နေကြတာဖြစ်ပါတယ်။




ပအိုဝ်တိုင်းရင်းသားတွေရဲ့ စိုက်ပျိုးရေးမှာ လယ်စိုက်ပျိုးရေးထက် တောင်ယာစိုက်ပျိုးရေးနဲ့ ခြံစိုက်ပျိုးရေးကိုပိုမိုအားထားကြပါတယ်။အမှန်တော့တောင်ယာစိုက်ပျိုးရေးဟာ လယ်ယာစိုက်ပျိုးရေးလို တစ်နေရာတည်းစွဲစွဲမြဲမြဲ စိုက်ပျိုးတဲ့စနစ်မဟုတ်ဘဲ သုံးနှစ်တစ်ကြိမ်ကျစီ နေရာတွေပြောင်းရွှေ့စိုက်တဲ့ စနစ်ဖြစ်ပါတယ်။ တောင်ယာထဲမှာ စပါးအပြင် ၊ ဗူးသီး ၊ ဖရုံသီး ၊ သခွား ၊ ခဝဲ ၊ ခရမ်းစတဲ့ ဟင်းသီးဟင်းရွက်တွေကိုလည်း အိမ်မှာစားဖို့ ရောနှောစိုက်ပျိုးလေ့ရှိကြပါတယ်။

ခြံစိုက်ပျိုးရေးမှာ မြေကကိုခြံခတ်ပြီး နှစ်တိုနှစ်ရှည်သစ်သီးသစ်နှံတွေကို စိုက်ပျိုးကြပါတယ်။ နှစ်တို ခြံစိုက်ပျိုးရေးမှာ ငှက်ပျော ၊ ပိန်းဥ ၊ မျောက်ဥ ၊ ပန်းအမျိုးမျိုး ၊ ဂေါ်ရခါးသီး ၊ ပဲအမျိုးမျိုး ၊ မုန့်ညှင်း ၊ မုန်လာ၊ ဂေါ်ဖီ ၊ ကြက်သွန် စတာတွေကို အပင်သက်တမ်းအလိုက်သုံးလ ၊ ခြောက်လစသဖြင့် စိုက်ပျိုးကြပြီး နှစ်ရှည်ခြံစိုက်ပျိုးရေးမှာတော့ လက်ဖက်၊ သနပ် ၊ လိမ္မော် ၊ နာနတ် ၊ သစ်တော် ၊ မက်မန်းစတဲ့ စားပင်သီးနှံတွေကို သုံးနှစ် ၊ လေးနှစ်စသဖြင့်နှစ်ရှည်စိုက်ပျိုးကြတာဖြစ်တယ်။








Asian Fame Media Group
af MEDIA GROUP

ရှမ်းပြည်နယ်မှာရှိတဲ့ဈေးတွေဟာ အများအားဖြင့်တော့ ငါးရက်တစ်ကြိမ်ဈေးတွေဖြစ်ပါတယ်။ မြို့တိုင်း၊ ရွာတိုင်းရဲ့ဈေးနေ့တွေ ဘယ်နေ့ကျတယ်ဆိုတာကို အဲဒီနယ်မှာရှိတဲ့သူတိုင်း သိရှိကြပါတယ်။ ဈေးသည်တွေဟာ သူတို့ရောင်းမယ့် ကုန်ပစ္စည်းတွေကို ကျွဲ၊နွား၊ မြင်း၊ လား၊ စတာတွေနဲ့ အပြင်ခေါင်းရွက်၊ ပလိုင်းလွယ်ပြီးလှည့်လည်ရောင်းချကြတာဖြစ်ပါတယ်။ အဲဒီရှမ်းပြည်နယ် ငါးရက်တစ်ကြိမ် ဈေးတွေမှာ သင်တိုင်းအနက်ဝတ်ပြီး ဈေးရောင်းချနေကြသူတွေဟာ ပအို့ဝ်တိုင်းရင်းသားတွေပဲဖြစ်ပါတယ်။ ပအို့ဝ်တိုင်းရင်းသားတွေဟာ စီးပွားရေးမျက်စိရှိကြပြီး နေထိုင်မှုအဆင့်အတန်းမြင့်မားတဲ့အတွက် ရှမ်းပြည်နယ်မှာ အတော်အသင့်ချမ်းသာကြတဲ့ တိုင်းရင်းသားတွေဖြစ်ကြပါတယ်။

ပအိုဝ်းတိုင်းရင်းသားတွေဟာ မိဘဘိုးဘွား အစဉ်အဆက်ယုံကြည်ကိုးကွယ်ခဲ့တဲ့ ဗုဒ္ဓဘာသာတရားကို ပစ်ပယ်ခြင်းမရှိဘဲ သာသနာတော်တိုးတက်ပြန့်ပွားစေရန် ကြိုးစားအားထုတ် ကြသူတွေ ဖြစ်ပါတယ်။ သူတို့ဟာ ရတနာသုံးပါးကို ကြည်ညိုကြပြီး ဘုရား ကျောင်းကန်၊ ဇရပ်စတဲ့ သာသနာရေးဆိုင်ရာ သာသနိကအဆောက်အအုံတွေကိုလည်း မိမိချွေးနဲ့စာနဲ့ ရက်ရက်ရောရောဆောက်လုပ်လှူဒါန်းကြသူတွေ ဖြစ်ပါတယ်။ ဒါကြောင့် ပအိုဝ်းရွာတိုင်းရွာတိုင်းမှာ ရွှေရောင်ဝင်းနေတဲ့ ဘုရားစေတီပုထိုးတွေ၊ ကြီးမားလှတဲ့ ဘုန်းတော်ကြီးကျောင်းတွေကိုကြည်ညိုဖွယ်ရာ တွေ့နေရတာဖြစ်ပါတယ်။ဒီအပြင်တစ်နှစ်ပတ်လုံး ရာသီလိုက်ကျင်းပတဲ့ဘာသာရေး ပွဲတော်တွေကိုလည်း ရွာလုံးကျွတ်စုပေါင်း ကျင်းပလေ့ရှိကြပါတယ်။ တန်ခူးလရာသီအခါမှာ ပအိုဝ်းတိုင်းရင်းသားတွေဟာ ဘုရားစေတီတွေကို ရေသပ္ပာယ်ကြတဲ့ အပြင်ဘုန်းတော်ကြီး ကျောင်းတွေကိုလှူဖွယ်ပစ္စည်းအစုံအလင်နဲ့ ရွာလုံးကျွတ်သွားရောက် ကန်တော့ကြပါတယ်။ ဒါကို'ကျောင်းတက်ပွဲ'ကျင်းပကြတယ်လို့ခေါ်ပြီး ပအို့ဝ်ဘာသာစကားနဲ့ 'ထန်ကျောင်'လို့ခေါ်တယ်လို့ သိရပါတယ်. .

















Asian Fame Media Group

မြန်မာနိုင်ငံနေရာအနှံ့မှာရှိတဲ့ တိုင်းရင်းသားလူမျိုးတော်တော်များများရဲ့ ရိုးရာဝတ်စားဆင်ယင်မှုတွေနဲ့ယဉ်ကျေးမှု ဓလေ့ထုံးစံတွေ တဖြည်းဖြည်းပျောက်ကွယ်နေကြတာဖြစ်ပေမယ့် ပအို့ဝ်တိုင်းရင်းသားတွေကတော့ သူတို့ရဲ့ရိုးရာတိုင်းရင်းသားဝတ်စုံအနက်ကို ဒီကနေ့တိုင် စွဲစွဲမြဲမြဲဝတ်ဆင်နေကြသူတွေဖြစ်ပါတယ်။ ပအိုဝ်းတွေဟာများသောအားဖြင့် တောင်ထိပ်တွေမှာနေထိုင်ကြတာမို့ အေးတဲ့ရာသီဥတုဒဏ်ကို ခံနိုင်ဖို့ အနက်ရောင်ကို ဝတ်တာဖြစ်ပါတယ်။ အနက်ရောင်ဟာ အပူကိုစုပ်ပြီး အအေးဒဏ်ကိုခံနိုင်သလို အပေအတေအစွန်းအထင်းသက်သာစေတာကြောင့် အနက်ရောင်ကို ဝတ်ကြတာလို့ဆိုပါတယ်။ ရှေးတုန်းကတော့ ကိုယ်ဝတ်တဲ့ဝတ်စုံကို ကိုယ်တိုင်ရက်လုပ်ပြီး ဆေးဆိုးကြရပါတယ်။ ဒီနေ့ခေတ်မှာတော့ အနက်ရောင်အထည်တွေ လွယ်လွယ်ကူကူ ဝယ်လို့ရပြီမို့ ပြဿနာမရှိတော့ပါဘူးလို့ ဆိုပါတယ်။ ဒီအပြင် ပအိုဝ်းအမျိုးသမီးတွေရော အမျိုးသားတွေပါခေါင်းပေါင်းပေါင်းကြပါတယ်။ ခေါင်းပေါင်းကို မျက်နှာသုတ်ပုဝါတို့ ဖလန်ထည်စတို့ကို သုံးကြတာများပါတယ်။အပျိုတွေက အနီနဲ့အဝါရောတဲ့ရောင်စုံအရောင်ကိုရွေးပြီး အအိုတွေက အညိုရင့်ရောင် အဝါရင့်ရောင်စတဲ့အရောင်တွေကို သုံးကြပါတယ်။ ပအိုဝ်းအမျိုးသမီးတွေရဲ့ ထူးခြားချက်ကတော့ ဆံထုံးပါဘဲ။ ပအိုဝ်းအမျိုးသမီးတိုင်းဟာ ဆံပင်ကိုဦးခေါင်းရဲ့အလယ်တည့်တည့်မှာ အနည်းငယ်စောင်းပြီးထုံးကာ ခေါင်းပေါင်းကိုပေါင်းကြတာဖြစ်ပါတယ်။ ပအိုဝ်း အမျိုးသားတွေဟာ များသောအားဖြင့် လွယ်အိတ်ဖြစ်ဖြစ် ပလိုင်းပြားဖြစ်ဖြစ် ပုခုံးမှာအမြဲတမ်းလွယ်ထားတတ်ကြပြီး အမျိုးသမီးတွေကတော့ ပလိုင်းတွေကို ခေါင်းမှာချိတ်ပြီးဖြစ်ဖြစ်၊ စလွယ်သိုင်းပြီးဖြစ်ဖြစ် လွယ်ထားတတ်ကြပါတယ်။ ဒါတွေဟာ ပအို့ဝ်တိုင်းရင်းသားတွေရဲ့ အမြဲမြင်နေကြ ချစ်စရာဟန်ပန်လေးတွေနဲ့ ဒေသရဲ့သင်္ကေတလို့ ဆိုရမှာဖြစ်ပါတယ်။ ■





# မရေးမကောင်း ရေးမကောင်း

ညီညီညာညာညက်ညက်ညောညော

## အသွေးယူယူ အသားယူယူ မောင်ကြည်ဖြူ



အခုတစ်လော အဆိုတော်မင်းသမီးလေးရဲ့သတင်းက တယ်လည်း လူပြောများသကိုး။ ညီညီတို့ကလည်း ဒါမျိုးဆို အဆင်သင့်ယူလာပြမယ့် သူနဲ့ မအားတာတောင် ဖွင့်ပြမယ့်သူနဲ့ဆိုတော့ အားနာပါးနာနဲ့ပဲ ကြည့်မိရတော့တာပေါ့။ နို့ ကိုယ်လည်း ခေတ်မမီ ဖြစ်ကျန်ခဲ့တော့မှာလေ။ ဒါပေမဲ့ ယုံတော့မယုံသေးပါဘူး။ ခုခေတ်ကလည်း ခေါင်းဖြတ်ကိုယ်ဆက်တွေကများမှများမလား။ ဒီလိုနဲ့ ဒီလိုနဲ့. . . အားပါးပါး အစစ်ကြီးပဲ ပရိသတ်တို့ရေ။ အစစ်ကြီး ခင်ဗျာ။ မျက်နှာသွင်ပြင်ကလည်း ထင်ရှား ကိုယ်ဟန်မူရာကလည်း ပီပြင်။ ညီညီလေ စိတ်တွေ မကောင်းချက်။ ဩော် ဖြစ်မှဖြစ် ရပလေပေါ့။ မြန်မာအမျိုးသမီးလေးလေ၊ အနုပညာရှင်လေးလေ။ ပြီးတော့ သူက အာဝါဟ ဝိဝါဟလုပ်ထားတဲ့ ကလေးမလေးလေ။ နေရင်း ထိုင်ရင်း ညီညီ့မှာခမျာလေးအတွက် စိတ်မကောင်းဖြစ်မိနေတာ။ တော်ကြာနေ သူတို့ အိမ်ထောင်ရေးထိခိုက်သွားရင် မကောင်းပေဘူးမဟုတ်လား။ သို့သော် သို့သော်ငြား နောက်တစ်ပတ်ဂျာနယ်တွေမှာ အဟော့ဆုံးသတင်းက ဒီသတင်းဖြစ်သွားတယ်ခင်ဗျာ။ သိတယ်မလား ။ သတင်းသမားတွေကလည်း တဲ့ကြီးမဟုတ်ဘဲ ကွေ့ဝိုက်ဖော်ပြကြတာပေါ့။ ဒီအခါမှာ ပြုံးပျော်နေတဲ့ မင်းသမီး လေးစုံတွဲကတော့ ခပ်အေးအေးပါပဲ။ အရိုးရှင်း အပွင့်လင်းဆုံးနားလည်ထားတာမို့ ဘယ်သူခွဲခွဲ တို့မကွဲပါတဲ့ခင်ဗျာ။ ဩော် စိတ်ထားတတ်ပုံများ။ တော်ရှာပုံများ။ လူဆန်လိုက်ပုံများ။ တော်တန်ရုံ ဘယ်ပုရိသလိုက်မီမှာတဲ့လဲ။ ကောင်းလင့်တည်း ကောင်းလင့်တည်းလို့ ညီညီလည်း အခုမှပဲ အလုံးကြီးကျသွားပါတော့တယ်ခင်ဗျာ။ (ဂလု)

Funny Photo Funny Photo Funny Photo Funny Photo Funny Photo Funny Photo Funny Photo Funny Photo Funny Photo Funny Photo













# မိမဆုံးမတတ် ဖမဆုံးမတတ်

အခုတစ်လော တီဗီပရိုဂရမ်တွေလည်း ဆန်းပေ့ပြားပေ့ဆိုတာတွေ အပြိုင်အဆိုင်ကို လာနေတော့တာပါပဲ။ ဒီထဲမှာ ကလေး သေးသေး လေးတွေကို မိခင်တွေနဲ့ အတူကစားခိုင်း၊ ကလေးက မိခင်ပြောသမျှ လုပ်ရတဲ့ကဏ္ဍလေး တွေလည်းပါတော့ ပရိသတ်အထူးသဖြင့် ကလေး ပရိသတ်တွေကြိုက် ကြပါတယ်။ ညက်ညက် တို့လည်း ဒီချိန်ဆို တူတွေ တူမတွေနဲ့အတူ တီဗီရှေ့ အရောက်ကြည့်ဖြစ်ကြတယ်ပြော ပါတော့။ ဒီမှာတင် ညက်ညက်လည်း သွေးတိုး ရတော့တာပါပဲ။ တီဗီဖန်သားပြင်ကတစ်ဆင့် ညွှန်ကြားနေတဲ့အမေ့ကို ကလေးက အထူး အဆန်းကြီးလို ကြည့်နေရပြီး အမေပြောသမျှ ဘယ်နေရာမှာ ဘာပစ္စည်းရှိတယ်၊ ဘာလုပ် လိုက်ဆိုတာကို ကလေးက လိုက်လုပ်ရတာပါ။ ဒီနေရာမှာ ကလေးရဲ့ဉာဏ်ရည်ဉာဏ်သွေး၊ သိတတ်လိမ္မာမှု ဒါလေးတွေပေါ် မူတည်ပြီး ဆုရတဲ့ကလေးကရ မရတဲ့ကလေးကမရပေါ့။ ဒီအထိက ပြဿနာ မရှိသေးပေမယ့် ကလေးက လိမ္မာသိတတ်နေပါလျက်နဲ့ ညွှန်ကြားတဲ့ အမေ က တလွဲတွေညွှန်ကြားနေတာ ကြားနေမြင်နေရ တဲ့အခါ သွေးကမတိုးဘဲခံနိုင်ပါတော့မလား။

ဥပမာ ဖန်ခွက်မြင်နေရက်နဲ့ ရှေ့က ပန်းကန်ကို ကောက်လိုက်ကောက်လိုက်လို့ အမေကပြော နေတဲ့အခါ ကလေးခမျာ အခန်းထဲ မရှိတဲ့ ပန်း ကန်ကို လိုက်ရှာနေတာမြင်ရတော့ တီဗီထဲက အမေကို ဂုတ်ဆွဲ ထုတ်နားရင်းသာ ပြေးရိုက်ချင် ပါတယ်။ ရှိသေးရဲ့၊ 'သားရေ အမှိုက်ကောက် အမှိုက်ကောက် ဝါးပင်ပေါ်က အမှိုက်ကိုကောက်' တဲ့။ အခန်းထဲမှာက တစ်တောင်လောက်ရှိတဲ့ ပန်းအိုးလေးနဲ့ ပန်းပင်လေးတွေပဲ ရှိတဲ့ဟာ ဘာဝါးပင်မှကိုမရှိဘူး။ ဒါကို အမေလုပ်သူက ဘယ်အရပ်ဒေသမှာ ဘယ်လိုပေါက်တဲ့ ဝါးပင်ကို တွေ့ဖူးခဲ့သလဲမသိ၊ ဝါးပင်ကြီး ဇွတ်လုပ်နေတော့ ကလေးဆိုတာ မျက်ကလဲဆန်ပျာဖြစ်အောင်ကို မရှိတဲ့ဝါးပင် ရှာနေရတော့တာပါပဲ။



ညက်ညက်လည်း ဒီပရိုဂရမ်ကြည့်ပြီး ဘာသွားတွေးမိသလဲဆိုတော့ မိမဆုံးမ ဖမဆုံးမ ဆိုပြီး ကလေးတွေဆိုးရင် ပြောကြတယ်။

မိဘတွေ ပြောဆိုဆုံးမမှုမတတ်ရင်ကော မိမဆုံးမတတ် ဖမဆုံးမတတ် လို့များ အမည်တပ်လို့ ရမလားရယ်လို့ပါ။ လွန်တာရှိရင်ဝန်တာမိပါနော်။













# အသစ် ဒါမှအသစ်

ညာညာလေ နိုင်ငံရပ်ခြားက ကြားလိုက်ရတဲ့ သတင်းတစ်ပုဒ်ကိုကြားပြီး အသစ် ဒါမှ ပါဖောင့်မင့် အသစ်လို့ လက်ခမောင်း ထခတ်မိတယ်ခင်ဗျ။ စဉ်းစားကြည့်လေ . . ဒီ့ထက်သစ်တဲ့ အသစ်တောင် ဒီလောက်မသစ်နိုင်ဘူး။ ထိုင်းနိုင်ငံက အသက်နှစ်ဆယ့် သုံးနှစ်အရွယ် အမျိုးသမီးတစ်ယောက်က ဇွန်လ ၂၄ ရက်နေ့ ထိုင်းအမျိုးသားရုပ်သံလိုင်းကလွှင့်တဲ့ဂရိုဂရမ်တစ်ခုမှာ တစ်ကိုယ်တော်ပန်းချီပြပွဲကို တင်ပြပါတယ်။ သူက ဝိုင်းရိုက်နေကြတဲ့ ကင်မရာတွေကြား အမှတ်ပေးနေတဲ့ ဒိုင်ကြား ကြည့်နေကြတဲ့ ပရိသတ်ကြားမှာ ဘာလုပ်လိုက်လဲဆိုတော့ နောက်ကျောခိုင်း အနေအထားကနေ အပေါ်ပိုင်းအင်္ကျီကို တစ်လွှာချင်းချွတ်ပစ်လိုက်ပြီး ကြီးမားတဲ့ ကင်းဗတ်စ်စ ပေါ်မှာ သူ့ကိုယ်လုံးမှာ သုတ်လိမ်းထားတဲ့ဆေးတွေနဲ့ သူ့ရင်သားကို အသုံးပြုပြီး ပန်းချီဆွဲပြလိုက်တာတဲ့ခင်ဗျ။ အားလုံးရင်သပ်ရှုမော ဟာခနဲ ဟင်ခနဲ ဖြစ်သွားကြတဲ့အချိန် အမျိုးသမီးဒိုင်ကလည်း ကမန်းကတန်း ခလုတ်နှိပ်ပြီး ပန်းချီဆွဲခြင်းကို ရပ်တန့်ဖို့ သတိပေးခဲ့ရပါသတဲ့။ ဒီမှာတင် ညာညာလည်း ဘာစဉ်းစားမိသလဲဆိုတော့ ညာညာတို့ ရွှေမြန်မာများကလည်း နိုင်ငံရပ်ခြားက အမှုအကျင့်ဆို အတုဆိုတယ်ခိုးချင်တာကလား။ ဖွ မပြောကောင်း မဆိုကောင်း တီဗီက လိုက်ဖ်ရှိုး လာနေတဲ့အချိန် မြန်မာပြည်က မမတွေကလည်း ဒါမျိုး ဖျိုးခနဲ ဖျတ်ခနဲ လုပ်ချလိုက်မှဖြင့် ဒိုင်ကိုကိုတွေ ဦးဦးတွေ ခလုတ်နှိပ်ဖို့တောင် မေ့နေမှာနော် ဟိဟိ ။ ညာညာတော့ ကြည့်ရဲပါဘူး ဟယ် တကယ် တကယ်။






















Asian Fame Media Group

# တလွဲဆံပင်ကောင်းသူများ

ညက်ညက်တို့ စာပေလောကကြီး အတော့်ကိုလွတ်လပ်ပွင့်လင်းနေကြပါပြီ။ စိစစ်ရေးတင်စရာမလိုတော့တဲ့အတွက်လည်း တော်တော်များများ ပျော်ပျော်ရွှင်ရွှင်နဲ့ကို ကလောင်သွားတွေသွက်နေကြပါတယ်။ ညက်ညက်ဆီလည်း ဟိုကဒီက စာအုပ်လက်ဆောင်တွေရတဲ့အတွက် စာဖတ်ဝါသနာပါတဲ့ ညက်ညက်လည်း ပျော်ပျော်ကြီးဖတ်ဖြစ်တော့တာပေါ့။ သို့သော်လည်း သို့သော်လည်းပေါ့လေ ဘယ်လိုများ ရွှေဉာဏ်တော်စူးရောက်ကြတယ်မသိ။ ဟဒ္ဒာပြုရမယ့်နေရာ ဟဒ္ဒာမပြုဘဲ ဟဒ္ဒာမပြုရမယ့်နေရာ ဟဒ္ဒာတွေပြုနေတာ ညက်ညက်စိတ်ထဲမကောင်းဖြစ် ရပါတယ်။ ညက်ညက်တို့ ပွင့်လင်းလွတ်လပ် စေချင်တာကတခြား သူတို့ ပွင့်လင်းလွတ်လပ်နေ ကြတာက တခြားဖြစ်နေတာ ဘာကြောင့်ပါလဲ။ လိင်ပိုင်းဆိုင်ရာကိစ္စတွေကို အရေးသွက်သွက်အတွေးထက်ထက်လုပ်နေတော့ရော စာဖတ်ပရိသတ်အတွက် ဘာများအကျိုးရှိမှာ မို့လဲ။ ဒါကြောင့်များ စာပေလွတ်လပ်ခွင့်လို့ ပြောခဲ့ကြတယ်ဆိုရင်တော့ တလွဲဆံပင်ကောင်းသူများရယ်လို့သာ ပြောချင်တော့တာပဲ ပရိသတ်တို့ရေ။
















## ခရီးသည်

ဘဝဆိုတာ...
ထွန်းညှိထားတဲ့ ဖယောင်းတိုင်လို
ပျံ့သန်းရင်းအစာရှာနေကြရတာပါ
တစ်လှေတည်းစီးလာသူချင်း
သူ့ထက်ငါ စပိတွေမြန်နေလိုက်တာ
ဘယ်ပါးစပ်က အမွှေးနံ့ရလို့လဲ
ငါမြင့်တယ် ငါရင့်တယ် ငါတင့်တယ်ဆိုပြီး
အရှုံးပေးသူကို အလဲထိုးလိုက်တာ
ဘယ်သူမှ လက်ခုပ်မတီးဘူး
ကိုယ့်ဒေါသတစ်ချက်နဲ့
သူများဘဝမပျက်စီးစေနဲ့
အစွယ်တပ်ပေးထားတာ
ဇာတ်တူသားစားဖို့ မဟုတ်ဘူး
အားကိုးချင်လို့
လောဘတွေ တောင်ပုံရာပုံနဲ့
ကိုယ်တည်တဲ့ဘုရား ကိုယ်ဖူးနိုင်ပါ့မလား
ပေကျံနေတဲ့ ဘဝထဲက
အဖြူရောင် ထမင်းတစ်လုတ်ဟာ
နတ်သုဓာထက် ချိုမြတယ်
မမောတမ်းပြေးလာခဲ့တဲ့
ဒီအဝန်းထဲက ဒီနေရာဟာ
ခိုနားရာ အရိပ်စစ်တွေက ခမ်းခမ်းနားနား
လူဖြစ်တုန်း လှေကားထောင်တက်လိုက်စမ်းပါ
မင်းအတွက် အချိန်သိပ်မရှိဘူး
ကဲ... ကိုယ့်လူ
မင်းဘူတာတော့ ရောက်ပြီ
ငါကတော့ ခုတ်မောင်းနေရဦးမှာပဲ။ ။

မိုးစက်နွေ



## အမေတို့ အဆင်ပြေကြရဲ့လား

အမေနေကောင်းလား...၊ အဖေရော နေကောင်းလား...
အဆင်ရောပြေကြရဲ့လား...၊ ညီလေးတွေရော ဘယ်လိုနေလဲ...
ဓာတ်ပြားဟောင်းကြီးကို ဖွင့်နေတာ မဟုတ်ပါဘူး...
အဆင်မပြေသေးတဲ့ ဘဝတစ်ခုကို
ထူထောင်ဖို့အတွက် ကြိုးစားနေတာ
သားကို နားလည်ပေးကြပါ။
မိသားစုနဲ့ ဝေးနေတဲ့ဘဝအတွက်
အလွမ်းစာတွေရေးရင်း သား ဖြေနေတယ် ...
နေဝင်နေထွက် အဝေးရပ်က ကမ်းတစ်ဖက်မှာ
ချွေးစို့သမျှကို
အမေ့နို့ဖိုးနဲ့ ချေပါ့မယ်...
ပင်ပန်းခဲ့သမျှကို အမေ့အနမ်းတွေနဲ့ သားဖြေပါ့မယ်...
အမေတားနေတဲ့ကြားက
နိမ့်ပါးတဲ့ဘဝက လွတ်အောင်ရုန်းမယ်လို့
ဇွတ်ထွက်လာတဲ့ မိုက်သား ကျွန်တော့်ကို
ခွင့်လွှတ်ပါ။
အမေရေ သားရဲ့ အိပ်မက်တွေကို
သားထုဆစ်ရင်း ပုံဖော်နေပြီ၊
ကြုံဆုံသမျှကို ပြောပြရရင်
မတစ်ထောင်တစ်ကောင်ဘွား အမေ့သား...
မလေးရှားဇာတ်ခုံပေါ်မှာ
ဘီလူးလိုလည်း ကရတယ်
မင်းသားလိုလည်း လွမ်းပြရတယ်
ကလေးတစ်ယောက်လိုလည်း ငို ငိုပြရတယ်
ပြုံးလိုက်၊ ငိုလိုက်၊ ဟားလိုက်
မာယာစုံ သုံးရတယ်ပေါ့...
ထမင်းငတ်တဲ့ နေ့တွေလည်း
မနည်းခဲ့ပါဘူး အမေရယ်...
အမေတို့ရော အဆင်ပြေကြရဲ့လားဗျာ။ ။

မောင်လှ



## ခြေမကြွတဲ့ ကိုင်လှုပ်ခံရခြင်း

သေသလို သေပြနေတဲ့ လမ်းမကြီးကလည်း
မပြောမပြုံ မိုင်ထောင်ပေါင်းများစွာခရီးဆန့်လို့
သူ့နှာကျင်မှုအပြင်းစားများ
လိုသလိုဆုပ်ကိုင်ထားတဲ့ ဝေဒနာများ
ရင်ဘတ်ထဲ ဖူးပွင့်လို့
မျက်နှာတစ်ပြင်လုံး ပန်းတွေလိုဝေလို့
တိတ်တဆိတ်ထွက်ကျလာတဲ့ မျက်ရည်များကိုလည်း
သူ့လှျာနဲ့သူ ပြန်လျက်လို့
အဲဒီမှာ
သူ့ခန္ဓာကြီးက တဖြည်းဖြည်းအိုမင်းလာခဲ့
အဲဒါကို သူမသိခဲ့
အဲဒါကို ငါမသိခဲ့
အဲဒါကို ဘယ်သူမှမသိခဲ့. . . ။

မင်းသက်တန့်



## ဆုံစည်းခွင့် ဆက်တင်

ဟောဒီဆက်တင်မှာ
မီးအလင်းအမှောင်က အချိန်အဆမညီဘူး။
ဇာတ်ညွှန်း ကြိုမဖတ်လာသူချင်း အတူတူ
မင်းဘက်က မပီပြင်တဲ့ သရုပ်ဆောင်မှုတွေနဲ့
အပြုံးတွေကို ချွေတာ
ယုယမှုဆိုတာ ဗလာနတ္ထိ. . .
ငါ့ ခံစားမှုကိုလည်း ထည့်မတွက်
မင်းသိက္ခာတွေသာ ငဲ့ကွက်ခဲ့တော့
ငါက
ရေမျောကမ်းတင် သစ်တစ်ပင်ဖြစ်ခဲ့ရ. . .
ပြီးတော့
မင်းရဲ့ အစဉ်အလာ ကွယ်ဝှက်တတ်မှုမှာ
ရင်ခုန်သံကို ချေဖျက်
မခမ်းနားသူလို့ ထင်မှတ်လေသလား
လမ်းသလားပြဖို့လည်း မဝံ့မရဲ
ဆန်ပြားတဲ့ ကကွက်တွေကြားထဲ
ငါက တခမ်းတနား ဆွဲ့အခဲ့ရသူ. . .
ဘာပဲဖြစ်ဖြစ်တော့
အဲဒီ ဆုံစည်းခွင့် ဆက်တင်မှာ
ဇာတ်ညွှန်းကြိုမဖတ်လာသူချင်းအတူတူ
ငါ့ဘက်က တစ်မှုထူးပြီး
ပီပီပြင်ပြင် ကျရှုံးပေးခဲ့တယ်နော်. . .။

သော်ကမင်းခေါင်(ညောင်လေးပင်)

Asian Fame Media Group
MEDIA GROUP



## တစ်ခြမ်းပဲ့ ကောင်းကင်

ပိတ်လှဆဲဆဲ နှလုံးသားပြတိုက်ဆီ
လျှောက်လှမ်းလာတဲ့ ခြေတစ်စုံ
တားဆီးချိန် မရခင်မှာတဲ
နှလုံးအိမ်မှာ အချစ်ကနေရာယူပြီးသား
အဲဒီနေ့က
နတ်ဆိုးတွေ ယိမ်းကတဲ့ခဏ
ဟိုး••• အဝေးက ကောင်းကင်တစ်ခု
ကံကြမ္မာစေရာ ခေါင်းညိတ်
မမြင်နိုင်တဲ့ ကြိုးတွေ အသံတိတ်ဖြတ်တောက်
နှုတ်ဆက်စကားတွေ ဆွံ့အရင်း
တိတ်တဆိတ် နေဝင်စေခဲ့•••
ဒါ••• ဒါတကယ်လား
ကိုယ့်ကိုယ်ကိုယ် ပြန်မေးရင်း
အသိတရားတွေ ဘောင်ဘင်ခတ်
နှလုံးသားပျက်သုဉ်းသံတွေ ပဲ့တင်ထပ်လို့
လက်မခံနိုင်ပေမယ့် ဒါဟာ အမှန်တရား
ရင်ခွင်တစ်ခုလုံးကွဲအက်ကြေမွ
ကမ္ဘာဦးရဲ့ ဘာသာစကားနဲ့
ငါ••• ရုတ်တရက်ဆွံ့အ
မငိုဘူး ဆိုပေမယ့်
မျက်ဝန်းတွေက အလိုက်တသိ တာဝန်ကျေခဲ့•••
တစ်ပိုးအောက်မှာပဲ
နီးစပ်ခွင့်မရှိတဲ့ နှလုံးသားတစ်စုံ
ကြေကွဲမှု ဒိုင်ယာရီထဲက
နှလုံးသားသေတမ်းစာမှာ
သစ္စာတရားနဲ့ စီးချင်းထိုးဖို့
ဆုံမှတ်မယ့် အရိပ်
နွေးထွေးတဲ့ စကားသံ
ကြင်နာတတ်တဲ့ အကြည့်
ခွင့်လွှတ်တတ်တဲ့ အပြုံး
ပြန်မရနိုင်တော့တဲ့
အလုံခြုံဆုံး နှလုံးသားဝတ်ရုံနဲ့
အချိန်ဆိုတဲ့ သမားတော်ဆီမှာ
ငါ့နှလုံးသားအတွက်တော့ ဆေးမရှိခဲ့ဘူး•••
နေဝင်စေတဲ့ ဇာတ်သိမ်းခန်းအတွက်
အိပ်မက်တစ်ထောက်စာ မဟုတ်တဲ့ ကြေကွဲမှုနဲ့
သန်းခေါင်ထက် ပိုပိုနက်တဲ့ညတွေ
နာကျင်မှု တိမ်တိုက်အောက်က
နှလုံးသားတစ်စုံရဲ့ ရှိုက်သံ
လရန့်လူးတဲ့ ညမှာ တသဲ့သဲ့လွင့်ပျံ့လို့•••
ကြေကွဲမှုနဲ့ ထုဆစ်ထားတဲ့ ကမ္ဘာငယ်လေးတစ်ခု
အလွမ်းကမ်းပါးမှာ တိတ်တဆိတ်မှေးမှိတ်
အချစ်အတွက်ဆွေး•••
ဘဝအတွက်တွေးရင်း•••
ငါ့ဆီကို ဘယ်တော့မှ ခြေဦးမလှည့်တော့မယ့်
ကောင်းကင်တစ်ခြမ်းကို လွမ်းတယ်•••။

ထစ်ချုန်းမိုး(မာရိတ်မြေ)



## နေ


တစ်ခုပဲရှိတယ်
တစ်ခုတည်းနဲ့ လောင်မြိုက်တယ်

ဘယ်သူ့ကိုမှ အဖော်မခေါ်ဘူး
ဘယ်သူမှလည်း ရှိမနေပေးကြဘူး
ငါ့ ဘေးမှာ မီးညွန့်မီးလျှံတွေကသာ
သစ္စာအရှိဆုံး ရဲဘော်ရဲဘက်တွေ•••

နောက်လှည့်ကြည့်လည်း အပိုပါပဲ
ဒါပေမဲ့
သိသိကြီးနဲ့ နောက်လှည့်ကြည့်တယ်
'လမင်း' လေးများ ကပ်ပါလာမလားလို့

ရွှေကြယ်မိုး





## အိပ်မက်ရဲ့ကိုယ်ငွေ့နဲ့ လည်တဲ့ကမ္ဘာ

လသာသောညတစ်ညမှာ
အကြောင်းပြချက်မရှိဘဲ ငါအိပ်ရာကနိုးတယ်
မျက်လုံးဟာ အိပ်မက်တစ်စက်နဲ့ ကျိန်းစပ်လို့
လရဲ့အလင်းဟာ ငါ့အခန်းထဲ အမြှောင်းလိုက်တိုးဝင်နေတယ်
မျက်လုံးတွေကိုမှိတ် ပြန်အိပ်ဖို့ကြိုးစားတယ်
ငါ့အမြင်အာရုံက တစ်ခုခုကို ထိစမ်းလို့
အိပ်မက်. . . ဝဝလင်လင်ရဖို့ပေါ့
လူဆိုးကလည်း သူ့ အိပ်မက်ကို ပွတ်သပ်ကြည့်နေတယ်
ဘုရားသခင်ကလည်း သူ့ အိပ်မက်ကို အသက်သွင်းနေတယ်
ကမ္ဘာဟာ အိပ်မက်နဲ့ တအိအိလည်လို့နေလေရဲ့။ ။

အောင်မျိုးသက်

## ယာယီ ချစ်သူ

တည်ငြိမ်နေတဲ့ ကန်ရေပြင် နောက်ကျို
လမ်းဘေးအမှိုက်ခဲတစ်လုံး ပစ်ခတ်
အပြုအမူတိုင်းအတွက် ခွင့်ပြုပေးမယ့်
နှလုံးသားတစ်စုံ ထုဆစ်ဖို့
မခံချင်စိတ်နဲ့ မာနတွေက
သည်းခြေပျက်အောင် ရူးနေပြီ
ဇာတ်လမ်းတွေ စချင်တိုင်းစ
လျှာရိုးမရှိ ပြောချင်တိုင်း ပြောပြီး
အပြီးသတ် ဇာတ်သိမ်းမှာ ရူးသွားခဲ့တဲ့
"ဇာတ်ကောင်" စရိုက်တွေနဲ့
ပြဲလရမ်းအပေါ်စား အချစ်တွေ
ငါလိုက်ကောက်ရအောင် အရှက်တရား ပေါ်များမနေဘူး
မုန်းမေ့လိုက်တော့ လမ်းခွဲစကား
ပေါ့ပေါ့လေး ပြောထွက်သွားခဲ့သူ
အစိမ်းသက်သက် စကားလုံးတွေအောက်
ခံနိုင်ရည် အရည်ပျော်အမှတ်အဖြစ်
0°C အောက်ကျရောက်နေပြီ
ဘဝတွေတိုင်းအတွက် လက်တွဲဖော်အဖြစ်
ယာယီ တံဆိပ်ရိုက်
အပြောင်းအလဲတရားတွေ လွယ်လင့်တကူ ဖြစ်ပျက်သွားပေမယ့်
ငါ့မှတ်ဉာဏ်တွေ သံမှိုလို
တစ်ခါ ရိုက်နှိပ်ရုံနဲ့ တစ်သက်စွဲထင်သွားခဲ့လို့
လက်ပြနှုတ်ဆက်သွားခဲ့တဲ့ ကျောပြင်တစ်နေရာ
'အမုန်း'ဆိုတဲ့ စာသား ထာဝရ ဆွဲချိတ်ထားလိုက်ပြီ။ ။

မေပိုးမြင့်(Ygn)

---

ကဗျာချစ်သူ၊ ကဗျာဝါသနာရှင်မည်သူမဆို 'ဖူးနုသစ်လွင်ကဗျာဥယျာဉ်'ကဏ္ဍသို့ လိပ်မူပြီး ကဗျာများပေးပို့နိုင်ပါသည်။ ကဗျာပေးပို့ရာတွင် ကလောင်အမည်၊ အမည်ရင်း၊ နိုင်ငံသားကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာနှင့် **ဖုန်းနံပါတ်**ကို အပြည့်အစုံထည့်ပေးပါရန်။ (ရွေးချယ်ခံရသည့် စာမူရှင်များကို စာမူခ ချီးမြှင့်မည်ဖြစ်ပါကြောင်း)

---



Asian Fame Media Group
af MEDIA GROUP

# YATI HOROSCOPE

ဒေါက်တာမြတ်သစ် (မန္တလေး)

## 2012 VIRGO



### ကန်ရာသီ

(ဩဂုတ် ၂၃ မှ စက်တင်ဘာ ၂၂ ကြားမွေးဖွားသူများ)

အလိုလို စိုးရိမ်စိတ်၊ ငွေအဆင်မပြေဖြစ်မှာ စိုးရိမ်နေရတတ်သည်။ ရင်းနှီးထားသော လုပ်ငန်းမှ ငွေအကောင်အထည် မပေါ်ဖြစ်နေမည်။ အောင်မြင်မလိုနှင့် တစ်ခံနေတတ်သည်။ တစ်ကိုယ်တည်း လောဘစိတ်ထားငွေရှာ၍ မကောင်းသေးပေ။ အချိန်တစ်ခုပေးမှ အဆင်ပြေစေပါမည်။ ပညာရေးကောင်းသည်။ နိုင်ငံခြားခရီး စိတ်ကူးရှိလာတတ်သည်။ ဝဖြိုးလာသော ခန္ဓာကိုယ် ကျသွားရန် မလွယ်ပေ။ ဆက်၍ ဝဖြိုးကြီးထွားရန် မြင်သည်။ ပညာရေးထူးချွန်မည်။ မြေဝယ်လျှင် အကျိုးရှိမည်။ အိမ်ထောင်ရေး ကောင်းမွန်မည်။

**ယတြာ။ ။ပရိတ် ၂၇ ဒေါက်ရွတ်ပါ။**

## 2012 LIBRA



### တူရာသီ

(စက်တင်ဘာ ၂၃ မှ အောက်တိုဘာ ၂၂ ကြား မွေးဖွားသူများ)

မနာလိုသူ များနေပေလိမ့်မည်။ အလုပ်သမားမှအစ ပြောဆိုမကောင်းတတ် မတည်မြဲဖြစ်နေပေမည်။ မိဘဆွေမျိုးများနှင့် ခွဲနေရ ပေမည်။ မီးဘေးသတိထားရမည်။ စိတ်မလေနှင့် ကိုယ့်ခန္ဓာကိုယ် မညှဉ်းဆဲသင့်ပေ။ မေတ္တာစိတ်နှင့် ကြိုးစားပေးပါ။ စာမေးပွဲသတင်းများ မကောင်းတတ်ပေ။ ခွဲစိတ်ကုသခြင်း ပေါ်မည်။ မင်္ဂလာကိစ္စ ညှိနှိုင်းဆဲဖြစ်စေတတ်ပေသည်။ အချစ်ရေး - သဘောကျလက်တွဲရသော်လည်း ခွဲနေရ၍ လွမ်းနေရတတ်သည်။ အိမ်ထောင်ရေး - ချောမွေ့မှု မရှိတတ်ပေ။

**ယတြာ။ ။သက်သတ်လွတ် ရက် ၉၀ စားပါ။**

## 2012 SCORPIO



### ဗြိစ္ဆာရာသီ

(အောက်တိုဘာ ၂၃ မှ နိုဝင်ဘာ ၂၂ ကြား မွေးဖွားသူများ)

အောက်ခြေသိမ်း ပါဝင်လုပ်ကိုင်နေရတတ်ပေသည်။ အလုပ်သမားဒုက္ခပေးဒဏ်ခံရ၍ စိတ်ပျက်မည်။ မြေ၊ အမွေ ပြဿနာရှိ၏။ လုပ်ငန်းသုံး စက်ပျက်၍ ရပ်ထားရတတ်သည်။ ပြည်ပသွားအစီအစဉ်တို့ အဆင်ပြေမည်။ လူမှုရေးကိစ္စများ ဝင်မပါသင့်ပေ။ ပညာရေး - တော်တော် ကြိုးစားယူရတတ်ပေသည်။ အလုပ်တာဝန်မှ ရွှေ့ပြောင်းရတတ်ပေသည်။ ထိထိုးသင့်ပေသည်။ အိမ်ဖောက်ထွင်းခံရတတ်၍ သတိပြုပါ။ အချစ်ရေး၊ အိမ်ထောင်ရေး - အဆင်မပြေဖြစ်တတ်သည်။

**ယတြာ။ ။ဆပ်ပြာမွှေး လှူပါ။**

## 2012 SAGITTARIUS



### ဓနုရာသီ

(နိုဝင်ဘာ ၂၃ မှ ဒီဇင်ဘာ ၂၁ ကြား မွေးဖွားသူများ)


သင့်အတွက် အကျိုးရှိသော အလုပ်နှင့် ပတ်သက်၍ ဝမ်းမြောက်ဖွယ်စကား၊ သတင်းတို့ ဆက်တိုက်ပင် ဝင်လာစေတတ်ပေသည်။ ရပ်ဝေးခရီးများကို အရေးပေါ်သွားရတတ်ပေသည်။ ငွေဝင်လမ်း ကောင်းမွန်လာပေလိမ့်မည်။ ပညာရေး - ဖြေဆိုမှုအတွက် ကောင်းမွန်စေတတ်သည်။ ရာထူး အဆင့်တိုးပေမည်။ အချစ်ရေး - အဆင်ပြေ၏။ သို့သော် လူတစ်စု နှောင့်ယှက်စေတတ်သည်။ ကလေးငယ်ကျန်းမာရေး - ကောင်းမွန်ပေသည်။ အိမ်ထောင်ပြုရန် အစီအစဉ်ပေါ်လာစေတတ်ပေသည်။ ကုသိုလ်ရေး ပါဝင်ဆောင်ရွက်ရတတ်သည်။

**ယတြာ။ ။မီးနီ ၃ လုံးလှူပေးပါ။**



Asian Fame Media Group
MEDIA GROUP

## 2012 CAPRICORN




### မကာရရာသီ

(ဒီဇင်ဘာ ၂၂ မှ ဇန်နဝါရီ ၂၀ ကြား မွေးဖွားသူများ)

အပေါင်းအသင်းကောင်း နည်းပါးလာစေတတ်သည်။ လုပ်ချင်ရာလုပ်၍ မကောင်းတတ်ပေ။ အလုပ်ရှင်မျက်နှာ ကြည့်သင့်သည်။ အလုပ်ရပ်နားထားရတတ်သည်။ ငွေကြေးအခက်အခဲမှ မလွတ်ကင်းနိုင်သေးပေ။ မလိုမုန်းထားသူများ၍ သတိထားသင့်ပေသည်။ မြေ၊ တိုက်ခန်းပြဿနာ ရှင်းရတတ်သည်။ သားသမီးရတနာ ခွဲစိတ်မွေးဖွားရတတ်သည်။ ပညာရေး - ဖွဲကောင်းကောင်း ဖြေဆိုနိုင်မည်။ အချစ်ရေး - အဆင်ပြေမည်။ အိမ်ထောင်ရေး - စိတ်ညစ်ရမည်။ အရက်သမားဒုက္ခပေးမည်။ ယတြာ။ ။နှင်းဆီနီ ၇ ပွင့်လှူပါ။

## 2012 AQUARIUS




### ကုမ်ရာသီ

(ဇန်နဝါရီ ၂၂ မှ ဖေဖော်ဝါရီ ၁၇ ကြားမွေးဖွားသူများ)

စိတ်ပင်ပန်းခြင်းရှိစေမည်။ တချို့နေရာများတွင် ပါဝင်မှု မပြု နောက်ဆုတ်နေရတတ်သည်။ ဝင်ငွေများစွာ ကျဆင်းလာစေတတ်သည်။ အကျင့်စာရိတ္တ ပျက်ယွင်းသော တပည့်များ၊ လင်သားအတွက် စိတ်ပျက်မိတတ်သည်။ အလုပ်သစ်တစ်ခု စပ်တူပေါ်မည်။ ပညာရေးကိစ္စ စိတ်အားထက်သန်လာတတ်သည်။ စက်ပစ္စည်းအသစ် ဝယ်ရတတ်သည်။ အလုပ်သမားဦးရေ လျော့ရလိမ့်မည်။ ၎င်းတို့ပြဿနာရှာနိုင်၍ သတိပြုပါ။ အချစ်ရေး - စန်းပွင့်လိမ့်မည်။ ကြွေးငွေဟောင်း တချို့ရမည်။ ငွေအကုန် မရသေးပါ။ ယတြာ။ ။ရွှေအိုး ၃ လုံးလှူပါ။

## 2012 PISCES



### မိန်ရာသီ

(ဖေဖော်ဝါရီ ၁၉ မှ မတ် ၂၀ ကြားမွေးဖွားသူများ)

မတင်မကျဖြစ်နေသော ကိစ္စတစ်ခု ရှိစေတတ်သည်။ ထုတ်ဖော်ပြောကြား လုပ်ဆောင်လျှင် ကောင်းပေမည်။ ငွေမြှုပ်နှံထားခြင်း အကျိုးရှိစေတတ်သည်။ ပညာရေး - တိုးတက်စေမည်။ အလုပ်အကိုင် အဆင်ပြေနိုင်ပေသည်။ မညီညွတ်သူများကို ညှိနှိုင်းပေးရလိမ့်မည်။ ပညာရေး ကောင်းမွန်မည်၊ စာများများဖတ်သင့်ပေသည်။ လူမျိုးခြားနှင့် လက်တွဲ၍ ကောင်းမွန်ပေသည်။ အကြောကျိုးပေါင်း သတိထားပါ။ အချစ်ရေး - ပျော်ရွှင်ရမည်။ အိမ်ထောင်ဖက် ကိုယ်ဝန်ရှိမည်။ ယတြာ။ ။ပဲထမင်း လှူပေးပါ။

## 2012 ARIES



### မိဿရာသီ

(မတ် ၂၁ မှ ဧပြီ ၂၀ ကြား မွေးဖွားသူများ)

စိုးရိမ်ပူပန်စရာ ကြုံတွေ့လာနိုင်သည်။ စိတ်ထဲမတင် မကျဖြစ်စေတတ်ပြီး ကိုယ်တိုင် ကြိုးစားယူရမည်။ ရပ်ဝေးသွားရစေမည်။ အဆင်သိပ်မပြေတတ်ပါ။ အနှောင့်အယှက်တွေ့ စကားများပြီးမှ သင့်တင့် အဆင်ချောစေမည်။ ပညာရေး - ဖြေဆိုမှု ကောင်းသည်။ ပျော်ပွဲရွှင်ပွဲလျှော့ပေးပါ။ ကလေးငယ်တို့ ဆေးခန်း ဆေးရုံရောက်ရှိတတ်ပေသည်။ အချစ်ရေး - မတည်မြဲတတ်ပါ။ အိမ်ထောင်ရေး - နားလည်ရခက်စေမည်။ ရန်မီးပွားရတတ်သည်။ ယတြာ။ ။နာနတ်သီး လှူပါ။

Asian Fame Media Group
MEDIA GROUP

## 2012 TAURUS



### ပြိဿရာသီ

(ဧပြီ၂၀ မှ မေ ၂၀ ကြား မွေးဖွားသူများ)

အလုပ်လုပ်ကိုင်၍ ပြန်လည်ကောင်းလာတတ်ပေသည်။ ရပ်ဝေးသွားလာ၍ မကောင်းသေးပါ။ အနီးပတ်ဝန်းကျင် လှုပ်ရှား၍ အကျိုးရှိစေတတ်ပေသည်။ ကိုယ်တာဝန်ယူထားသော ကိစ္စ အဆင်ပြေမည်။ ငွေဝင် ကောင်းစေမည်။ ပညာရေးဖြေဆိုနိုင်မည်။ အခြေအနေကောင်းပြီး ဘွဲ့လွန် ပါရဂူတို့ စိတ်ပျော်ရွှင်ခြင်းရှိစေတတ်ပေသည်။ ဂုဏ်ပြုချီးကျူး ခံရတတ်သည်။ စက်ပစ္စည်း ပျောက်တတ်သည်။ ခြေလက်ကျိုးတတ်သည်၊ အသွားအလာ သတိပြုပေးပါ။ အချစ်ရေးတွင် လန်းဆန်းစေမည်။ အိမ်ထောင်ရှင်တို့ ခါးသီးစွာ ပြဿနာ ရှင်းရတတ်သည်။

**ယတြာ။ ။ထန်းလျက် လှူပေးပါ။**

## 2012 GEMINI



### မေထုန်ရာသီ

(မေ ၂၂ မှ ဇွန် ၂၀ ကြား မွေးဖွားသူများ)

အတိုက်အခိုက်လုပ်ချင်စိတ်များနေတတ်သည်။ လက်အောက်ငယ်သားများကို ထိန်း၍မရတတ်ပေ။ စေ့စပ်ခြင်းထက် အနိုင်ယူချင်စိတ် ထင်ပေါ်လိုမှု များနေတတ်သည်။ ရပ်ဝေးခရီး အကျိုးပြုစေမည်။ အပေါင်းအသင်း တိုးပွားစေမည်။ ပညာရေးအထူးကောင်းမွန်စေမည်။ ကားသစ်ဝင်မည်။ တန်ဖိုးကြီးပစ္စည်း ရတတ်သည်။ အမွေပြဿနာရှင်းဆဲ ဖြစ်သည်။ အနာရောဂါ ကုသဆဲ ဖြစ်လိမ့်မည်။ အချစ်ရေး - စိမ်းကားနေမည်။

**ယတြာ။ ။ရွှေသကၤန်းတစ်လှူပါ။**

## 2012 CANCER



### ကရကဋ်ရာသီ

(ဇွန် ၂၂ မှ ဇူလိုင် ၂၂ ကြား မွေးဖွားသူများ)

အပျော်အပါး၊ အဝတ်အစား၊ အနေအထိုင် များစွာ ပြုပြင်ရပေမည်။ ရိုးရိုးနေခြင်းသာ ကောင်းပေမည်။ မီးဘေး သူခိုးဘေး တွေ့တတ်၍ သတိထားသင့်ပေသည်။ စီးပွားရေး - အပြိုင် ကြိုးစားရလိမ့်မည်။ မြေ၊ ခြံ၊ ယာ ပြဿနာများကို ရှင်းရတတ်သည်။ စက်၊ ကား၊ ယာဉ် လုပ်ငန်း သုံးစက်ပစ္စည်း အသစ်ဝင်စေတတ်သည်။ အသွားအလာ သတိပြုပါ၊ ခွေး၊ မြွေကိုက်ခံရတတ်သည်။ ကျောင်းပြောင်းခြင်း ကြုံစေတတ်သည်။ အချစ်ရေး - အဆင်မချော တတ်ပေ။ လင်မယား ကွဲနေရတတ်သည်။

**ယတြာ။ ။ဓာတ်ခဲ လှူပါ။**

## 2012 LEO



### သိဟ်ရာသီ

(ဇူလိုင် ၂၃ မှ သြဂုတ် ၂၂ ကြား မွေးဖွားသူများ)

ကိုယ်တိုင်မိသားစု လုပ်ငန်းတွင် ပါဝင်ရုန်းကန်လုပ်ဆောင်ပေးရတတ်ပေသည်။ အိတ်ပေါက်နှင့် ဖားကောက် ဆိုသလို ကြုံစေသည်။ ကြွေးငွေကိစ္စ၊ အပျောက်အရှတို့ ရှုပ်ထွေးနေဆဲ ဖြစ်ပေသည်။ ဖွဲ့ကောင်းကောင်း ကြိုးစားမှုကြောင့် ပညာရေးထွန်းပေါက်တတ်ပေသည်။ အလုပ်စာမေးပွဲ ဖြေဆိုမှု ထူးချွန်အမှတ်ဖြင့် အောင်မြင်စေမည်။ အိမ်နေရာရွှေ့ပြောင်း စီစဉ်မှုအတွက် ကြိုးစားဆဲ ဖြစ်ပေမည်။ အချစ်ရေး - လမ်းခွဲလုဆဲဆဲ ဖြစ်စေ တတ်ပေသည်။ အိမ်ထောင်ဖက် ကျန်းမာရေးညံ့မည်။

**ယတြာ။ ။ထီးအနီ ၂လက် လှူပေးပါ။**

(၇) ရက်သားသမီးများ ၂၀၁၂ September လအတွက် ကံစမ်းထီထိုးရန် အားကောင်းသော ဂြိုဟ်များမှာ

ပထမပတ် - အင်္ဂါဂြိုဟ် (၃)၊ စနေဂြိုဟ် (၇)၊
ဒုတိယပတ် - သောကြာဂြိုဟ် (၆)၊ တနင်္ဂနွေဂြိုဟ် (၁)၊
တတိယပတ် - စနေဂြိုဟ် (၇)၊ တနင်္ဂနွေဂြိုဟ် (၁)၊
စတုတ္ထပတ် - ကိတ်ဂြိုဟ် (၉)၊ စနေဂြိုဟ် (၀)
တို့ဖြစ်သည်။

ဒေါက်တာမြတ်သစ် (မန္တလေး)
ဖုန်း-၀၂၇၃၇၉၄

Asian Fame Media Group

# သူတို့ ပြောတဲ့



ဒီလမှာတော့ 'သူတို့ပြောတဲ့' ကဏ္ဍအတွက် **'A'** ကို ရွေးချယ်လိုက်ပါတယ်။ **'A'** နဲ့ သက်ဆိုင်တဲ့ စကားလုံးတွေထဲမှာမှ အကယ်ဒမီ ခင်ဇာခြည်ကျော်၊ အကယ်ဒမီ ပြေတီဦးနဲ့ အိချောပိုတို့က **Acting, Academy, Aim** ဆိုတဲ့ စကားလုံးလေးတွေ အကြောင်းကို သူတို့အမြင်တွေနဲ့ အခုလို ဆွေးနွေးပေးခဲ့ပါတယ်။

**ဖြိုးစုပိုပို**

# ပြေတီဦး






## Acting

Acting ဆိုတာ သရုပ်ဆောင်မှုပေါ့။ အဲဒါအပြင် လူတစ်ယောက်ရဲ့ လုပ်ဆောင်မှုကိုလည်း Acting လို့ ပြောတာပဲ။ ကျွန်တော်ကတော့ သရုပ်ဆောင်တစ်ယောက်ဆိုတော့ သရုပ်ဆောင်တာနဲ့ပဲ ပတ်သက်ပြီး ပြောမယ်ပေါ့။ သရုပ်ဆောင် တစ်ယောက်အတွက် အထူးအရေးပါတာက သူ့ရဲ့ သရုပ်ဆောင်နိုင်မှု အရည်အချင်းပဲ။ သဏ္ဌာန်လုပ် သရုပ်တူရမှာကိုး။ သရုပ်ဆောင်ကောင်း တစ်ယောက်က Acting နဲ့ ပတ်သက်ပြီး တတ်မြောက်မှုက ပြည့်စုံနေရမယ်။ ဘယ်လို သရုပ်ဆောင်မလဲ၊ ဘယ်လို လှုပ်ရှားမလဲ၊ ဇာတ်ကောင် တစ်ကောင်ကို ဘယ်လို အသက်သွင်းမလဲ ဆိုတာမှာ အဲဒီ တတ်မြောက်မှုတွေက အရေးပါတယ်။ အခုနောက်ပိုင်း သရုပ်ဆောင်သစ်တွေက အခွင့် အရေးတွေ၊ အခွင့်အလမ်းတွေ အများကြီး ရကြပါတယ်။ ဒါပေမဲ့ သူတို့တွေက စာဖတ်အားတွေ နည်းကြတယ်။ အဲဒီတော့ မြန်မာစကားကို အဆင်ပြေပြေ မပြောတတ်ကြဘူး။ မြန်မာစာတွေ စကားလုံးတွေနဲ့ မရင်းနှီးကြတော့ အဲဒါခက်နေတာပဲ။ အမှန်တော့ စာဖတ်အားကောင်းတဲ့သူတွေသာဆိုရင် ဒီမြန်မာစာ မြန်မာစကားဆိုတာကို Scene ပေါ်ရောက်မှ ပြန်သင်နေရတာမျိုး မဖြစ်တော့ဘူးပေါ့။ ဒါကြောင့် ကျွန်တော် အကြံဉာဏ် ပေးချင်တာက စာများများဖတ်ကြဖို့ပဲ ပြောချင်ပါတယ်။

## Academy

Academy ဆိုတာက သာမန်ထက်ပိုပြီး ထူးချွန်တာ၊ တတ်မြောက်တာကို ပြောတာပါ။ သင်တန်း တစ်ခုဆိုလည်း သာမန်ထက်ပိုပြီး ထူးချွန်တဲ့သူတွေအတွက် ဖွင့်ထားတဲ့သင်တန်းဆိုလည်း Academy လို့ ခေါ်တာပဲ။ သရုပ်ဆောင်တွေအတွက်ပေးတဲ့ Academy Award ဆိုလည်း သရုပ်ဆောင် ထူးချွန်ဆုပေါ့။ ဘယ်သရုပ်ဆောင်မဆို အကုန်လုံးက Academy လိုချင်ကြတာပဲ။ ရ မရဆိုတာကတော့ ခုနကပြောခဲ့တဲ့ Acting ပေါ် မူတည်သွားတာပေါ့။ ကျွန်တော်ကတော့ ဘယ်ကားကိုမှ Academy အတွက်ဆိုပြီး မှန်းလုပ်ခဲ့တာမရှိပါဘူး။ ဘယ်ကားမှာမဆို ကျွန်တော်ကတော့ အတတ်နိုင်ဆုံး ကြိုးစားခဲ့တာပဲ။ Academy ထပ်လိုချင်လားဆိုရင် လိုချင်တာပေါ့။ ရရင်တော့ ပေးသလောက်ကို ထပ်လိုချင်တာပဲ။ ဒါကလည်း ကျွန်တော်တစ်ယောက်တည်း မဟုတ်ပါဘူး။ မရသေးတဲ့သူတွေက ရချင်ကြပြီး ရပြီးသား လူတွေကလည်း ထပ်ပြီးလိုချင်ကြတာလေ။

## Aim

Aim ကတော့ ရည်မှန်းချက်ပေါ့။ လူတိုင်းမှာ ရည်မှန်းချက် ရှိထားသင့်တယ်။ ရည်မှန်းချက်မရှိတဲ့သူက လမ်းပျောက်နေတာနဲ့ အတူတူပဲ။ လူတစ်ယောက်ဘဝမှာ အရေးကြီးဆုံးက Aim ပဲ။ ကိုယ့်ရဲ့ ရည်ရွယ်ချက်၊ ရည်မှန်းချက်ခိုင်မာဖို့က အရေးကြီးဆုံး နံပါတ်တစ်ပဲ။ လူတစ်ယောက်ရဲ့ ဘဝကို ပြောင်းလဲသွားအောင် အကျိုးသက်ရောက်မှုရှိတဲ့အရာက Aim ပဲ။ ကျွန်တော့်ရဲ့ဘဝမှာ ရည်မှန်းချက် ဆိုရင်တော့ ငြိမ်းချမ်းတဲ့ဘဝလေး ရဖို့ပါပဲ။ ကျွန်တော်က ပူလောင်နေရတဲ့ဘဝမျိုးကို မလိုချင်ဘူး။ အေးအေးငြိမ်းငြိမ်းလေးပဲ နေချင်တယ်။ အခုလက်ရှိမှာလည်း ကျွန်တော့် ဘဝက ငြိမ်းချမ်းပါတယ်။ အနုပညာ အလုပ်ကို လုပ်တဲ့အခါမှာလည်း ရည်မှန်းချက်လေးတစ်ခုထားပြီး လုပ်ရင်တော့ ပိုကောင်းတာပေါ့။ လူတိုင်းရဲ့ဘဝမှာ ရည်မှန်းချက်လေးရှိဖို့ပဲ မျှော်လင့်ပါတယ်။ အထူးသဖြင့် လူငယ်တွေမှာပေါ့။ လူငယ်ဆိုတာက အနာဂတ်အတွက် အရေးပါတဲ့ အင်အားစု တစ်ခုပဲလေ။ တိုင်းပြည်တစ်ခုရဲ့ အလားအလာက အဲဒီလူငယ်တွေရဲ့ ရည်မှန်းချက်တွေအပေါ်မှာ အများကြီး မူတည်နေပါတယ်။

Asian Fame Media Group



Asian Fame Media Group

# အကယ်ဒမီ ခင်ဇာခြည်ကျော်

## Acting

Acting ဆိုတာက သရုပ်ဆောင်ပညာပါပဲ။ သရုပ်ဆောင်တစ်ယောက်အတွက် Acting ဆိုတာက မတတ်မဖြစ် တတ်ထားရမယ့် ပညာပဲပေါ့။ သရုပ်ဆောင် တစ်ယောက်က ကိုယ့်ရဲ့ Acting ဘယ်လိုရှိလဲဆိုတာ အမြဲသုံးသပ်ရမယ်။ ကျန်တဲ့သူတွေရဲ့ Acting ပညာကိုလည်း လေ့လာရမယ်။ အစ်မတို့တုန်းကဆိုရင် ဒီခေတ်လို သရုပ်ဆောင်သင်တန်းတွေ ဘာတွေရှိခဲ့တာ မဟုတ်ဘူး။ ရှေ့က စီနီယာတွေကို ကြည့်ပြီးတော့ပဲ လေ့လာသင်ယူခဲ့ရတာလေ။ အစ်မရဲ့ လက်ဦးဆရာဆိုရင် ဒါရိုက်တာဦးခင်ဇော်ပေါ့။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေဆီကပဲ Acting ပညာကို လေ့လာခဲ့ရတာပဲ။ ကိုယ်က သရုပ်ဆောင်တစ်ယောက်ဖြစ်တဲ့အတွက် သရုပ်ဆောင်ပညာကို အမြဲလေ့လာနေရမယ်။ ပြီးတော့ ကိုယ့်ရဲ့ပညာကို အမြဲတိုးတက်နေအောင်လည်း ကြိုးစားနေရမယ်။ လူဆိုတာကတော့ Experience များသွားရင်တော့ တက်လာမှာပါပဲ။ ချက်ချင်းကြီး အသစ်ကတော့ မတက်လာပါဘူး။ အစ်မတို့ဆိုရင်လည်း ကျောင်းသူဘဝနဲ့စလုပ်တော့ Experience မရှိဘူး။ ဒီလိုပဲ ကြိုးစားသင်ယူခဲ့ရတာပါ။ နောက်ပိုင်းကျတော့ ကိုယ်သရုပ်ဆောင်ထားတဲ့ ကားတွေကိုလည်း ပြန်ကြည့်ပြီး သုံးသပ်ရတာပဲလေ။ ကိုယ့်ရဲ့ Acting ကိုလည်း ဘေးကနေ ဝေဖန်တာပေါ့။ ပရိသတ်ပဲဖြစ်ဖြစ်၊ မိသားစုပဲဖြစ်ဖြစ် ကိုယ့်ပတ်ဝန်းကျင်က လူတွေက ဝေဖန်ပိုင်းခြားတာကို လက်ခံနိုင်ရမယ်။ အဲဒီလိုလက်ခံမှ ကိုယ့်ရဲ့ပညာက တိုးတက်လာမှာပါ။ သရုပ်ဆောင်တစ်ယောက်အတွက် Acting ဆိုတာ အရေးအကြီးဆုံးအခန်းကဏ္ဍက ပါဝင်တယ်။ သရုပ်ဆောင်ချင်စိတ် သရုပ်ဆောင်နိုင်တဲ့ အရည်အသွေးရှိမှပဲ သရုပ်ဆောင်တစ်ယောက် ဖြစ်လာမှာပါ။

## Academy

Academy ဆိုတာကတော့ မြန်မာ့ရုပ်ရှင်ပညာမှာ အမြင့်ဆုံးဆုတစ်ခုပေါ့။ အကယ်ဒမီကကံ၊ ဉာဏ်၊ ဝီရိယနဲ့ စန်းလိုတယ်လို့ ပြောကြတယ်။ အစ်မအနေနဲ့ ပြောရရင်တော့ အဲဒါတွေအပြင် အကြောင်းတရားနဲ့ အကျိုးတရားဆိုတာလည်း လိုသေးတယ်။ ဒီဇာတ်ကားကို ရိုက်ဖြစ်ဖို့အတွက် အကြောင်းတရားကလည်း လိုတယ်။ အစ်မဆိုရင် အစ်မ အကယ်ဒမီရခဲ့တဲ့ **'ငါ သူတစ်ပါး ယောက်ျားမိန်းမ'** ကား ရိုက်တုန်းကဆိုရင် အစ်မက ဒီကားကိုမရိုက်ခင် ဇာတ်ကိုကြည့်ရင်းနဲ့ကို ဒီဇာတ်က ငါ့အတွက် အကယ်ဒမီရနိုင်တယ်ဆိုတာသိတယ်။ အဲဒီတော့ ကြိုးစားမယ်ပေါ့။ ရတယ် မရဘူးကတော့ ကံတရားဖြစ်သွားပြီ။



**သရုပ်ဆောင် တစ်ယောက်အတွက်**
***Acting* ဆိုတာ**
**အရေးအကြီးဆုံး**
**အခန်းကဏ္ဍက ပါဝင်တယ်။**
**သရုပ်ဆောင်ချင်စိတ်**
**သရုပ်ဆောင်နိုင်တဲ့**
**အရည်အသွေးရှိမှပဲ**
**သရုပ်ဆောင်တစ်ယောက်**
**ဖြစ်လာမှာပါ။**

အစ်မရိုက်တုန်းကဆိုရင် ကိုယ့်ကုမ္ပဏီက ကိုယ့်ဘာသာငွေထုတ်ပြီး အဲဒီကားကို ရိုက်ခဲ့တာလေ။ အဲဒီတော့ ပိုပြီးကြိုးစားရတယ်။ ကိုယ့်ရဲ့ရည်မှန်းချက်ကလည်း အကယ်ဒမီရကို ရရမယ်ဆိုပြီး ထားခဲ့တာလေ။ ဇာတ်ကိုလည်း အရမ်းဖတ်ခဲ့တယ်။ Scene ပေါ်ကို ရောက်သွားတာနဲ့ ငါဟာ ခင်ဇာခြည်ကျော် မဟုတ်တော့ဘူး။ သက်ဝေပဲလို့ Mood သွင်းလိုက်တယ်။ သက်ဝေအခန်းတွေ ပြီးသွားတော့လည်း ငါဟာ ဆရာလေးသုန္ဒရီပေါ့။ AIDS ကို ခံစားနေရတဲ့ မသုန္ဒရီပဲလို့ ခံစားမှုကို ထည့်ထားတယ်။ နောက်ပိုင်းအခန်းတွေအတွက် ဆိုရင် အစ်မက Body Weight တွေချခဲ့ရတယ်။ ဆရာလေး သုန္ဒရီဘဝရောက်တော့ အစ်မက AIDS ခံစားနေရပြီလေ။ အဲဒီတော့ နောက်ပိုင်းအခန်းတွေ ရိုက်ဖို့အတွက် ဆရာစိုးမိုးကလည်း Weight လျှော့ခိုင်းတယ်။ ဆရာ့အနေနဲ့လည်း ပြီးပြီးရော မရိုက်ချင်ဘူးတဲ့။ အစ်မမှာ ဒုက္ခဆင်းရဲခံပြီး Juice တွေပဲသောက်ပြီး ဘာအစားမှမစားဘဲ ၁၀ ရက်လောက် နေရတယ်။ လူက အားအင်တွေချည့်ပြီး ပိန်လည်းပိန်သွားတယ်။ Scene ပေါ်လည်းရောက်ရော ကိုယ်က အရမ်းပင်ပန်းနေတော့ Mood လည်းထည့်လိုက်ရော ပီပြင်သွားတယ်။ အစ်မမှာ သတိလစ်ပြီးတော့တောင် လဲသွားတယ်။ အဲဒါက အစ်မအတွက် အမှတ်တရပဲ။ ဒီအကယ်ဒမီဆိုတာ မရခင်တုန်းကလည်း ရဖို့အတွက် ကြိုးစားကြတယ်။ ရပြီးတော့လည်း ကျရာအခန်းကနေ ကြိုးစားသရုပ်ဆောင်ရတာပဲ။ တော်ရုံလုပ်လို့ မရတော့ဘူး။ ငါက အကယ်ဒမီရပြီးသားဆိုတဲ့ အသိကရှိထားရပြီလေ။ ပိုပြီးကြိုးစားရတယ်။

## ✏ Aim

Aim က ရည်မှန်းချက်ပေါ့။ အနုပညာသမားတိုင်းမှာ ရည်မှန်းချက်ဆိုတာ ရှိတယ်။ ကိုယ်အခုရောက်နေတဲ့ နေရာမှာပဲ ကျေနပ်နေမှာလား။ ဒါမှမဟုတ် ဒီထက်အောင်မြင်အောင် ကြိုးစားမှာလား။ ပြီးတော့ ဒီအလုပ်ကို ဘယ်အရွယ်ဘယ်အချိန်ထိလုပ်မလဲ။ အဲဒီလိုတွေ ရှိကြတယ်။ အစ်မက ၁၅ နှစ်သမီးတည်းက ဒီအလုပ်ကို လုပ်ခဲ့တာ။ အစ်မတို့ခေတ်မှာ အစ်မက အသက်အငယ်ဆုံးပဲ။ ဒီခေတ်မှာတော့ အဲဒီလောက်အသက်နဲ့ လုပ်နေကြတဲ့သူတွေ အများကြီးပါပဲ။ အစ်မ အဲဒီအရွယ်နဲ့ လုပ်တဲ့အချိန်မှာ ဘယ်လိုရည်မှန်းချက် ရှိလဲဆိုတော့ အများကလက်ခံတဲ့ အောင်မြင်တဲ့ အနုပညာရှင် ဖြစ်ချင်ခဲ့တယ်။ နောက်တော့ ကိုယ့်ဘဝရဲ့ မှတ်တိုင်ဖြစ်တဲ့ အကယ်ဒမီရချင်ခဲ့တယ်။ ဒီအနုပညာ အလုပ်ကို အစ်မက ဝမ်းရေးနဲ့ဖက်ပြီး ဝါသနာပါလို့ ဒီအလုပ်ကို လုပ်ခဲ့တာ။ အဲဒီတော့ အစ်မရဲ့ရည်မှန်းချက်က အကယ်ဒမီဖြစ်ခဲ့တာပေါ့။ အခု တစ်ဆုရပြီးတော့လည်း နောက်ထပ်ဆုကို လိုချင်သေးတာပဲ။ ထပ်ဆင့်အကယ်ဒမီ ဖြစ်ချင်တယ်။ အကယ်ဒမီဆိုတာက မြန်မာ့ရုပ်ရှင်လုပ်ငန်းရဲ့ အမြင့်ဆုံးဆုလေ။ ပြီးတော့အနုပညာရှင်တွေရဲ့ ဘဝမှတ်တိုင်တစ်ခုဆိုတော့ အနုပညာရှင်တိုင်းရဲ့ ရည်မှန်းချက်ကတော့ အကယ်ဒမီပဲပေါ့။ အကယ်ဒမီတွေ အများကြီးရထားတဲ့ အမေ ဒေါ်ကြည်ကြည်ဌေးတို့ အန်တီဝါတို့ ဦးညွန့်ဝင်းတို့ ကိုရန်လေးတို့ မဆင့်တို့ မမို့တို့ဆိုရင် အကယ်ဒမီတွေ အများကြီးရထားကြတာလေ။ အဲဒီအစ်ကိုတွေ အစ်မတွေကိုလည်း မေးကြည့်ပါ။ ထပ်လိုချင်လားလို့ပေါ့။ လိုချင်တယ်ပဲ ပြောမှာပဲ။ ဒီမှတ်တိုင်ပြီးရင် နောက်မှတ်တိုင်ကို ရောက်ချင်ကြတာပဲလေ။ အဲဒီမှတ်တိုင်ကို ရောက်အောင်သွားချင်ကြတာကတော့ အနုပညာရှင်တိုင်းပါပဲ။

**ဖြိုးစုပိုပို**





## အိချောပို

### ✏ Acting

Acting ဆိုတာကတော့ အားလုံးသိထားတဲ့ အတိုင်း သရုပ်ဆောင်မှုပေါ့။ အနုပညာရှင်တွေ အတွက်ကတော့ Acting ဆိုတာက ဘယ်လောက် အရေးပါတယ်ဆိုတာက ပြောပြလို့တောင် မရတဲ့ အတိုင်းအတာတစ်ခုအထိ ရှိပါတယ်။ ချောကတော့ ကိုယ့်ရဲ့ Acting ကို အမြဲတမ်းဂရုတစိုက်နဲ့ လုပ်ဖြစ်ပါတယ်။ သေသေချာချာလည်း လေ့လာပါတယ်။ ကိုယ့်အရှေ့က အတွေ့အကြုံ ရှိပြီးသား အစ်ကိုတွေ၊ အစ်မတွေရဲ့ ပညာတွေကိုလည်း လေ့လာပါတယ်။ ပြီးတော့ ကိုယ့်ပတ်ဝန်းကျင်ကသူတွေ၊ ချောပရိသတ်တွေရဲ့ ဝေဖန်အကြံပေးချက်တွေကိုလည်း နားထောင်ပြီး လိုတာတွေ၊ ပိုတာတွေကို လေ့လာဖြစ်ပါတယ်။ ချောကတော့ ဘယ်လို Character မှာပဲ ဖြစ်ဖြစ် Acting ကောင်းကောင်းနဲ့ သရုပ်ဆောင်နိုင်တဲ့ အရည်အချင်းမျိုး ရှိချင်တယ်။ ဒါကြောင့် အမြဲ ကြိုးစားနေပါတယ်။



Asian Fame Media Group



## Academy

Academy ဆိုတာရဲ့ အဓိပ္ပာယ်ကတော့ Special School တစ်ခုပါပဲ။ Special ဆိုတော့ အရမ်းကောင်းတာကို ပြောတာပေါ့နော်။ အဲဒီတော့ အရမ်းတော်တဲ့သူတွေကို ဆုပေးရင် အဲဒီဆုကို Academy လို့ခေါ်တာပေါ့။ ချောတို့မြန်မာပြည်မှာတော့ Academy ဆိုတာနဲ့ ရုပ်ရှင်ထူးချွန်ဆုကို တန်းမြင်ကြတာပေါ့။ ဒီဆုကတော့ အနုပညာသမားတိုင်း သရုပ်ဆောင်တိုင်းက မက်မောကြတယ်။ ချောလည်း Academy ကို လိုချင်တာပေါ့။ ဒါပေမဲ့ ချောတို့က အရည်အချင်းတွေ ပြည့်ဖို့ အများကြီးလိုပါသေးတယ်။ ကြိုးစားဖို့ လိုသေးတယ်။ ဒါကြောင့် ချောအတွက် Academy က အိပ်မက်ထဲမှာပဲ ရှိပါသေးတယ်။ ဒါပေမဲ့ ချောက Academy ရတဲ့ အနုပညာရှင် တစ်ယောက်ဖြစ်အောင် ကြိုးစားမှာပါ။

af MEDIA GROUP
Asian Fame Media Group



## Aim

Aim ကတော့ ရည်မှန်းချက်ပေါ့။ လူတိုင်း လူတိုင်းမှာ ရည်မှန်းချက်တွေ ရှိကြပါတယ်။ ခရီးတစ်ခုသွားသလိုပေါ့။ ဘယ်အထိသွားမယ် ဆိုတာမျိုးပေါ့။ ဒါပေမဲ့ အဲဒီနေရာကို ရောက်အောင်သွားဖို့ကျတော့ လမ်းတွေအများကြီး၊ သွားလို့ရနိုင်တဲ့အခြေအနေတွေက အများကြီးပေါ့။ ဒီမှာမှ ကိုယ်က ဘယ်လိုသွားမှာလဲ။ ဘယ်လောက်အချိန်ယူမှာလဲ။ ဘယ်လိုအန္တရာယ်တွေကို ရှောင်သွားရမလဲဆိုတာကကျတော့ တစ်ယောက်နဲ့ တစ်ယောက် ကွာသွားတယ်။ ချောရဲ့ ရည်မှန်းချက်ဆိုရင်တော့ လူတိုင်းကလက်ခံနိုင်အောင် Acting ပညာမှာ ပြည့်စုံတဲ့ အနုပညာသရုပ်ဆောင်ကောင်း တစ်ယောက် ဖြစ်ချင်ပါတယ်။ အဲဒီ ရည်မှန်းချက်တွေပြည့်လာဖို့လည်း ချောအခု ကြိုးစားနေပါတယ်။



### အောက်ကိုလည်းငုံ့ကြည့်စေလို

ဟိုတောင်ဆီမှာတော့ မိုးကလေး ညိုတိုတိုရယ်. . .၊ ဟုတ်ပါတယ်။ တောင်ဘက်ကို လှမ်းမျှော်ကြည့်လိုက်တော့ မည်းမည်းရိပ်ဆင်နေတဲ့ တိမ်စိုင်တိမ်လိပ်တွေကို တွေ့ရလေသမို့ မိုးရွာတော့မှာလားလို့ တွေးလိုက်မိပါတယ်။ ဒါပေမဲ့ ရွှေညာမှာရွာမယ့်မိုးက ရွာမယ်မရွာမယ် ဆိုတာ သေချာပေါက်ပြောလို့ရတာ မဟုတ်၊ သူ့စိတ်ကူးရှိမှ ရွာချတတ်တာပါ။ အဲဒီတော့ သူ့အချိန်သူ့အခါ ရွာမယ့်မိုးကိုမျှော်ပြီး စိုက်ပျိုးထွန်ယက်ကြရမယ့် တောင်သူလယ်သမားတွေ ဒုက္ခရောက်ကြရပါပြီ။

ဝါခေါင် ရေဖောင်ဖောင်ဆိုတဲ့ အတိုင်း အညာမှာ မိုးဖြိုင်ဖြိုင်ကျစေချင်ပါတယ်။ ဒါပေမဲ့ အခုလောလောဆယ်မှာတော့ မိုးခေါင်ရေကြီးရတဲ့အဖြစ်နဲ့ ရင်ဆိုင်နေရတာပါ။ နိုင်ငံရဲ့ အထက်ပိုင်း ကချင်ပြည်နယ်မှာ မိုးတွေတရဟောရွာလေတော့ ဧရာဝတီမြစ်က ရေကြီးပြီး အညာဒေသမြစ်ကမ်းနံဘေးမှာရှိတဲ့ နေရာအချို့ကို ရေတိုက်စားလိုက်တဲ့အခါ ပူပြင်းတဲ့နေရှိန်အောက်မှာ ရေဘေးအန္တရာယ်ကို ရင်တထိတ်ထိတ်နဲ့ သတိထားရင်း စိတ်မောနေကြရပါတယ်။ မိုးမရွာလို့ သွေ့ခြောက်နေတဲ့ မြေပြင်၊ မြစ်ရေကတော့ အရှိန်

# မန္တလေးအတွေး မန္တလေးအရေး

ကိုထွန်း(လမ်း-၈၀)

ဟိုတစ်လောက အမေရိကန်နိုင်ငံမှာ မိုးခေါင်လို့ ပြောင်းခင်းတွေ၊ ဂျုံခင်းတွေ အကြီးအကျယ်ထိခိုက်ပျက်စီးကုန်သတဲ့။ သူတို့လည်း မိုးမရွာလို့ ပျာတောက်ကုန်ပါတယ်။ အဲဒီကိစ္စအတွက် သမ္မတအိုဘားမားနဲ့ တတ်ကျွမ်းနားလည်တဲ့ ပညာရှင်တွေ ခေါင်းချင်းဆိုင်ဆွေးနွေးကြ၊ ဆောင်ရွက်ကြရမယ့် လုပ်ငန်းစဉ်တွေကို ချမှတ်ကြပေါ့လေ။ ကမ္ဘာမှာ နည်းပညာတွေ အတတ်ပညာတွေ ထိပ်ဆုံးနေရာက ရှိနေတဲ့နိုင်ငံကြီးတစ်နိုင်ငံတောင် မိုးမရွာလို့ မောကြောဆိုက်နေရရင် သူ့အရေးထက်ကိုယ့်အရေးကိုပဲတွေးရင်း မြင်ယောင်လာရင်း တစ်ချိန်မှာ ဖြစ်လာနိုင်တဲ့ ပုံရိပ်တွေကို မျှော်မှန်းကြည့်၍ သကာလ နည်းနည်းတော့ ချွေးပြန်ချင်သလိုလို ဖြစ်သွားရတာကလား။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ။ ဝါဆိုအဟုန်ပြင်းပြင်းနဲ့ စီးဆင်းနေလျက်။ ဒါက အူကြောင်ကြောင်နိုင်လှတဲ့ ဧရာဝတီမြစ်ကမ်းနံဘေးက အညာဒေသရဲ့ မြင်ကွင်းတစ်ခု ဖြစ်ပါတယ်။ တကယ်ဆိုရင် မိုးတွေရွာလို့ သစ်ပင်တွေစိုက်ခင်းတွေကလည်း စိမ်းလို့စိုလို့၊ မြစ်ရေကလည်း စီးဆင်းနေ။ အဲသလိုဆိုရင် မိုးရာသီရဲ့လှပတဲ့ ပန်းချီကားတစ်ချပ် ဖြစ်လာမှာ သေချာပါတယ်။ ထားလိုက်တော့၊ သူ့အတိုင်း ရှိစေတော့။ လာမယ့်မိုးလယ်မိုးနှောင်း သမမျှတစွာ ရွာပါစေလို့ပဲ ဆုတောင်းရုံကလွဲလို့ ဘာတတ်နိုင်မလဲ။ ပြဿနာက မိုးလေဝသဖောက်ပြန်ရင် တောင်သူလယ်သမားတွေ ဒုက္ခရောက်ကြပြီး ဆင်းရဲမွဲတေမှုလျှော့ချဖို့ ကြိုးစားနေတဲ့ ဒီအချိန်မှာ လျော့ကျမသွားတဲ့ အပြင် တိုးမြင့်လာမှာကို စိုးရိမ်ရပါတယ်။ ဒီတော့ အဲဒီအတွက် ယခု

Asian Fame Media Group
MEDIA GROUP

ကတည်းက ကြိုတင်စဉ်းစားပြီး အကောင်းဆုံးနည်းလမ်းကို ရှာဖွေထားမှ ဖြစ်ပါလိမ့်မယ်။ တစ်ခုဆိုးတာက ကျွန်တော်တို့မှာ ကြိုတင်စိတ်ကူးမရှိ၊ စီမံကိန်းမရှိကြဘဲ ပြဿနာတွေကြုံလာမှ ဆေးမြီးတိုနဲ့ အလွယ်တကူကုသဖို့ပဲ တွေးနေကြရင်းနဲ့ ဖြတ်သန်းလာလိုက်ကြတာ နှစ်ပေါင်းများစွာ ကြာမြင့်လာခဲ့ပါပြီ။ ကျွန်တော်တော့ စိုက်ပျိုးရေးလည်း စိုက်ပျိုးရေးမို့၊ လမ်းပန်းဆက်သွယ်ရေးလည်း လမ်းပန်းဆက်သွယ်ရေးမို့ ကဏ္ဍပေါင်းစုံမှာ ခိုင်မာတိကျတဲ့ တကယ်လည်း အလုပ်ဖြစ်မယ့် စီမံကိန်းမျိုးတွေ၊ ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ့် လုပ်ငန်းစဉ်တွေ ချမှတ်လုပ်ဆောင်နိုင်ကြပါစေလို့ မျှော်လင့်နေမိပါတယ်။ အခုတော့ မိုးရွာမှာကိုပဲ မျှော်နေရချေသပေါ့။

ဝါမဝင်ခင် ရက်တစ်ပတ်လောက်က မန္တလေးမှာ မိုးရွာပါတယ်။ ဒါပေမဲ့ တစ်လလောက်နေပူပြင်းပြီး အငြိုးတကြီးနဲ့ ဝေါခနဲဒိုင်းခနဲ ရွာချတဲ့ မိုးမဟုတ်၊ တစ်နေကုန် တစိမ့်စိမ့်ရွာတဲ့ မိုးပါ။ အဲဒီမိုးရွာတာက မိုးရာသီမှာ ကျွန်တော်တို့ဆီကိုလာနေကျ မုတ်သုံမိုးကြောင့်ရွာတာမဟုတ်ဘူး၊ အရှေ့မြောက်တရုတ်ပြည်ဘက်က ဖြတ်သန်းလာတဲ့ အကြွင်းအကျန်မိုးတဲ့၊ တရုတ်နိုင်ငံမှာလည်း အချို့ဒေသတွေမှာ မိုးရွာတာများပြားလို့ လူတွေဒုက္ခရောက်ရတဲ့အကြောင်း၊ သတင်းမီဒီယာတွေထဲမှာ တွေ့လိုက်ရပါတယ်။ ကျွန်တော်တို့က မိုးမရွာလို့ မိုးကို မျှော်နေရတဲ့အချိန် တစ်ဖက်နိုင်ငံမှာ မိုးရွာသွန်းမှုများပြားနေလို့ ဘေးအန္တရာယ်နဲ့ ကြုံတွေ့နေရတော့ ကိုယ့်ဆီမှာ မိုးနည်းနည်းပါးပါးရွာလိုက်လို့ အေးအေးချမ်းချမ်း ရှိခဲ့ပေမယ့် ဝမ်းမသာနိုင်ဘဲ ဖြစ်နေပါတယ်။ လူသားတွေနေထိုင်ကြတဲ့ ကမ္ဘာကြီးမှာ ဒီလိုပဲ ဒုက္ခသုခတွေနဲ့ ရောပြွမ်းနေစမြဲလား။ အေးချမ်းသာယာပြီး နှလုံးစိတ်ဝမ်းချမ်းမြေ့စွာ နေထိုင်ခွင့်ရတဲ့ နှစ်ကာလတွေများများမရှိနိုင်တော့ဘူးလား။

စိတ်အမောနဲ့ တွေးချင်ရာတွေးနေတဲ့ ကျွန်တော့်ကို အိမ်ရှေ့လမ်းမဆီက နှိုးဆော်လိုက်တဲ့ ကြေးစည်သံလေးက အပူအမောတွေကို ဖြေသိမ့်ပေးလိုက်ပါတယ်။ ကြေးစည်သံဟာ တရားဓမ္မမှာ မွေ့လျော်ဖို့၊ မေတ္တာတရားတွေ ပွားများပြီး ချမ်းမြေ့စွာနေထိုင်ဖို့အတွက် သတိပေးတဲ့ အမှတ်လက္ခဏာ ဖြစ်ပါတယ်။ မန္တလေးမှာ ချစ်စရာကောင်းတာက အခုအချိန်အထိ ဝါတွင်းဥပုသ်နေ့ရောက်ရင် ရပ်ကွက်တိုင်း ဒူဝေဝေ ကြေးစည်သံကလေးတွေ မြိုင်မြိုင်ဆိုင်ဆိုင် ကြားနေရစမြဲပါ။ ဒီတော့ ကျွန်တော် တစ်ခုစဉ်းစားကြည့်လိုက်ပါတယ်။ သတင်း ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးမှုကြောင့် ကမ္ဘာကြီးဟာ ကျဉ်းမြောင်းသွားတယ်။ နေ့စဉ်အချိန်နာရီမရွေး ကမ္ဘာမှာ ဖြစ်ပျက်နေတဲ့အကြောင်းအရာတွေကို ချက်ချင်းလက်ငင်း သိခွင့်ရခဲ့ကြတယ်။ အဲဒီတော့ ကျွန်တော်တို့တစ်တွေဟာ နေ့စဉ် ထူးသတင်းတွေ ဦးသတင်းတွေကို နားဆင်ရင်း သတင်းရဲ့ သားကောင်တွေ ဖြစ်မှန်းမသိ ဖြစ်လာကြရပါတယ်။ ပြီးတော့ ကျွန်တော်တို့ သိကြရတဲ့ သတင်းအချက်အလက်တွေဟာ ရာနှုန်းပြည့်နီးပါး လောဘတွေ၊ ဒေါသတွေ၊ အငြိုးအာဃာတတွေ၊ အစွန်းတစ်ဖက်ရောက်ကြတာတွေက မြစ်ဖျားခံစီးဆင်းလာတဲ့ သတင်းတွေချည်းဖြစ်နေသမို့ ကျွန်တော်တို့အတွက် ဘာတွေများ စိတ်ချမ်းသာမှု ရစေနိုင်ခဲ့ပါသလဲ။ ကြေးစည်သံကလေးကတော့ စကြဝဠာကမ္ဘာမြေတစ်ခွင်လုံးကို မေတ္တာတရားတွေနဲ့ နေထိုင်ကြဖို့ နှိုးဆော်လိုက်တဲ့ အသံပါ။ ဒါပေမဲ့ ကမ္ဘာတစ်ဝှမ်းလုံးကို လွှမ်းခြုံထားတဲ့ သတင်းမီဒီယာ ကွန်ရက်ထဲမှာ သာယာငြိမ်းချမ်းတဲ့ ကြေးစည်သံကလေးခများ သူ့အတွက် ကျောတစ်ခင်းစာနေရာ မရခဲ့ရှာပါဘူး။ မည်သို့ပင်ဖြစ်စေကာမူပေါ့လေ။ ယနေ့အချိန်မှာ သတင်းသားကောင်ဖြစ်နေရတဲ့ ကျွန်တော်တော့ မမျှော်လင့်ဘဲ ကြေးစည်သံကလေးကို ကြားလိုက်ရတဲ့အခါ အလိုလိုချမ်းမြေ့ကြည်နူးသွားရပါတယ်။ ပြီးတော့ ဒီအသံလေးက ကျွန်တော့်ကို အဝေးမှာ ကျန်ရစ်ခဲ့တဲ့ အတိတ်ကာလတစ်ခုဆီကို ခေါ်သွားပါတယ်။ အဲဒီမှာ ချမ်းသာဆင်းရဲ ကွာဟမှု ကျဉ်းမြောင်းတဲ့ လူ့အဖွဲ့အစည်းရှိတယ်။ နွေးထွေးပျော်ရွှင်စရာ ကောင်းတဲ့ ကျွန်တော်တို့ဝန်းကျင်နဲ့ မှေးမှိန်ပျောက်ကွယ်သွားပြီ ဖြစ်တဲ့ ကျွန်တော်တို့ရဲ့ ဘဝအစိတ်အပိုင်းတစ်ခု ရှိခဲ့ပါတယ်။ ဒီအကြောင်းတွေကို လွမ်းတသသနဲ့ ပြောမိခဲ့ရင် လူငယ်တွေက ပြုံးရယ်ရင်း ခေါင်းကုတ်မိကြမယ် ထင်ပါရဲ့။ ဘိုးတော်ကတော့ တိတ်ခွေ ဖွင့်ပြန်ပြီလို့ မကြားတကြား ပြောကြမှာ သေချာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်လည်း လူငယ် ဘဝတုန်းက ဒီလိုမျိုး ရှိခဲ့တာကိုးနော။

အဖေနဲ့အမေက သူတို့လူငယ်ဘဝ ပျော်ရွှင်မှုတွေ၊ ဦးအောင်မောင်းတို့၊ စိန်ကတုံးတို့ဇာတ်တွေ ကြည့်ရတာတွေကို အလွမ်းစိတ်နဲ့ ပြောပြတော့ ကျွန်တော် မသိမသာပြုံးနေမိတယ်။ အဖေကတော့ ဓာတ်ပြားဟောင်းကြီး ဖွင့်ပြန်ပြီလို့ အသံမထွက်ဘဲ ရေရွတ်လိုက်မိပါတယ်။ ခေတ်နဲ့ ဖြတ်သန်းမှုချင်းက မတူညီကြတော့ ခံစားမှုသံစဉ်တွေက 'ကီး' လွဲနေတဲ့ သဘောပါပဲ။ အဖေတို့ခေတ်က ဓာတ်ပြားခေတ်၊ ကျွန်တော်တို့ခေတ်ကျတော့ တိတ်ခွေခေတ်၊ ဟော . . . အခုတော့ စီဒီပြားခေတ်ကိုရောက်နေပါပြီ။ ဒီတော့ တိတ်ခွေခေတ်နဲ့ အရသာခံခဲ့တဲ့ ကျွန်တော်က ဓာတ်ပြားခေတ်ထဲက အဖေကို လှောင်ပြုံးမိသလို အခုအခါကျတော့ ဝင်္ကလည်ပြီး စီဒီပြားခေတ်ထဲမှာ ရှိနေတဲ့ လူငယ်တွေက ကျွန်တော့်ကို ပြုံးရယ်ကြရင် ဖြစ်သင့်ဖြစ်ထိုက်တာပဲလို့ တွေးဆခွင့်လွှတ်ရတော့မှာပါ။ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲ။ ဟိုး . . အဝေးကာလဆီကအကြောင်းကို ကက်ဆက်ထဲထည့်ပြီး စီခြောက်ဆယ်တိတ်ခွေ ဖွင့်ပြလိုစိတ်တွေ တဖွားဖွားပေါ်လာရပါတယ်။ အဲဒီက ဝါတွင်းအချိန် ကြေးစည်သံကလေးကို ကြားရတာရယ်၊ ဒီမတိုင်ခင် တီဗီကလွှင့်တဲ့ ဇာတ်မင်းသားကြီး ဦးဖိုးစိန်ရဲ့အမှတ်တရပွဲကို ကြည့်ခွင့်ရခဲ့တာရယ်၊ ဒီနှစ်ခုပေါင်းဆုံလိုက်တော့ စိတ်အာရုံတွေက နောက်





Asian Fame Media Group

ကြောင်းဆီကို ဒုန်းစိုင်းပြန်သွားပါလေရော။ ဩော် . . ပြောရဦးမယ်။ ချစ်ချစ်က မန္တလေးသူဖြစ်ပြီး ဇာတ်ကို ကောင်းကောင်းမကြည့်ခဲ့ရဘူးတဲ့။ ဒီတော့ တီဗီက တိုက်ရိုက်လွှင့်ပြတဲ့ ဇာတ်မင်းသားကြီးဦးဖိုးစိန်ပွဲကို သူကြည့်နေကျ ကိုးရီးယားကားတွေကို ဘေးချိတ်ပြီး အစမှအဆုံး တအံ့တဩနဲ့ ထိုင်ကြည့်တော့တာကလား။ အမယ်. . . အမယ်. . အဲဒီလောက်နဲ့တင် အားမရသေးဘဲ စီဒီပြားတွေ ထွက်လာတော့ နေ့ခင်းပိုင်းမှာဖွင့်ပြီး အရသာခံပြန်ပါတယ်။ ဇာတ်ပွဲကို ဘာကြောင့် ကြိုက်နှစ်သက်ရသလဲ



ဆိုတာ အခုမှပဲ နားလည်မိသတဲ့။ သူတို့အပျိုဘဝတုန်းက အိမ်ကတင်းကြပ်လွန်းလို့ ရုံဇာတ်တွေကို ကြည့်ဖို့ နေနေသာသာ တစ်နှစ်တစ်ကြိမ်ကျင်းပတဲ့ ရပ်ကွက်ဘုရားပွဲကအငြိမ့်ကို ခဏတစ်ဖြုတ်သာ ငေးရသတဲ့။ စီဒီပြားဖွင့်ပြီး တစ်ယောက်တည်း အားပေးနေတဲ့ ချစ်ချစ်ကို မလှမ်းမကမ်းနေရာကငေးရင်း ပြုံးမိသွားပါတယ်။ ဒါကို ချစ်ချစ်က ရိပ်မိသွားဟန်တူပါရဲ့။ ကျွန်တော့်ဘက်လှည့်ပြီး ဘာဖြစ်လို့ပြုံးတာလဲလို့ မလုံမလဲနဲ့ မေးလိုက်ပါတယ်။ ဘာမှမဟုတ်ပါဘူးကွာ၊ ညည်းပွဲကြိုက်တာကို သဘောကျလို့ပါဆိုပြီး ပြောလိုက်ရတယ်။ ခဏအကြာမှာ ချစ်ချစ်ကို ငေးကြည့်နေတဲ့ ကျွန်တော့်မျက်လုံးတွေဟာ ကြည်နူးခြင်း၊ ပျော်ရွှင်ခြင်းတို့နဲ့အတူ ရွှန်းစိုဝင်းလက်လာခဲ့ပါတယ်။ ဒီမျက်လုံးတွေက ဘယ်ဆီကို ရောက်နေပါသလဲ။ ပွဲခင်းထဲက ဖျာ ၂ ချပ်စာအကွာအဝေးမှာ ထိုင်နေတဲ့ ကောင်မလေး တစ်ယောက်ဆီကို ရောက်နေတာပါ။ ကောင်မလေးက ဇာတ်စင်ဆီကို ကြည့်လိုက်၊ ခဏနေတော့ ကျွန်တော်ရှိရာကို မျက်စောင်းလေးတွေ ဝင့်လာလိုက်။ ကျွန်တော်ကတော့ ပေါ်ပေါ်ပဲ၊ ပွဲခင်းထဲရှိပေမယ့် ရှေ့တည့်တည့်က ဇာတ်စင်ပေါ်ကို မကြည့်ဘဲ ဘီလူးလည်ပြန်၊ အဲ . . မှားသွားလို့ . . သမင်လည်ပြန်နဲ့ ကောင်မလေးကိုပဲ လှမ်းကြည့်နေပါတယ်။ တစ်ညလုံး ဒီလိုချည်းကြည့်နေမိတော့ နောက်တစ်နေ့ရောက်တဲ့အခါ စောင်းငန်းငန်းနဲ့ အုံးလွဲသလို ဖြစ်သွားပါလေရော။ ဒါကို အမေက မသိရှာဘူး။ ငါ့သားလေး အုံးလွဲနေရှာတယ်အောက်မေ့ပြီး ခေါင်းအုံးကို နေပူထုတ်လှန်းရှာပါတယ်။ သိကြတဲ့အတိုင်း ဝါတွင်းအချိန်၊ မန္တလေးရာသီဥတုက နေပူလိုက်၊ မိုးရွာလိုက်မို့ အမေ့ခမျာ ခေါင်းအုံးကိုနေပူထုတ်လှန်းထားရပေမယ့် စိတ်မဖြောင့်ရှာဘူး။ နေပူနေတုန်း မိုးပြေးဝေါခနဲရွာချတော့ အိမ်ရှေ့ကို ကပျာကယာပြေးထွက်ပြီး ခေါင်းအုံးကို သွားယူရပါတယ်။ မိုးစိုမှာလည်းစိုးလို့ အိမ်ထဲကို ခေါင်းအုံးပွေ့ပြီး အမြန်ပြေးဝင်တဲ့အခါ ရုတ်တရက် ချော်လဲမလိုဖြစ်သွားပါတယ်။ ကံကောင်းလို့ပါ၊ ချော်လဲလိုက်ရင် မတွေးဝံ့စရာ။ ဒါကို ကောင်မလေးကို ချစ်ဇောတွေကြွယ်နေတဲ့ သားတော်မောင် ကျွန်တော်က မသိရှာဘူး။ ညကျရင် ကောင်မလေးအနား နီးနိုင်သမျှ နီးအောင် ဘယ်လိုလုပ်ရမလဲလို့ အကြံဆိုးတွေ ထုတ်နေရတယ်လေ။ ဒုတိယညမှာလည်း ကောင်မလေးနဲ့အတူ ပွဲခင်းထဲမှာ ကျွန်တော်ရှိနေတယ်။ ပထမညတုန်းက ကောင်မလေးက ကိုယ့်ဘယ်ဘက်မှာ။ သူ့ကို ဘယ်တစ်ခြမ်း ခေါင်းစောင်းပြီး တစ်ညလုံး ကြည့်ခဲ့တယ်။ ဒုတိယညရောက်တော့ ကောင်မလေးရဲ့ဖျာက ကျွန်တော်တို့ထိုင်တဲ့ဖျာရဲ့ ညာဘက်လှမ်းလှမ်းမှာ ရှိပါတယ်။ ဒီတော့ ခေါင်းကို ညာဘက်စောင်းပြီး တစ်ညလုံး ရှုစားရတာကလား။ အလို ဟုတ်ချင်တော့လည်း အလွယ်လေး၊ ပထမညက ပွဲကြည့်ပြီး စောင်းငန်းငန်းဖြစ်နေရာက ဒုတိယညပွဲကြည့်တဲ့ တက်ကနစ်ပြောင်းလိုက်သလို ဖြစ်သွားသမို့ နောက်နေ့မှာ အုံးလွဲတာတွေပျောက်ပြီး အကောင်းပကတိ ပြန်ဖြစ်သွားပါတယ်။ အမေကတော့ ဒီဖြစ်စဉ်ကို မသိရှာဘူး။ ခေါင်းအုံးနေထုတ်လှန်းပြီး အိပ်လို့ အုံးလွဲတာ ပျောက်သွားတယ်လို့ ထင်နေရှာတာပါ။ ငါ့သား အုံးလွဲတာများ သိပ်ဆိုးတာ၊ ဇက်ကြီးတောင့်ပြီး လှုပ်မရ လှည့်မရနဲ့ ခေါင်းအုံးကို နေလှန်းပြီး အိပ်ရင် ပျောက်တယ်ကွဲ့။ နောင် အဲသလို မဖြစ်စေနဲ့နော်လို့ သားကို မှဲ့တစ်ပေါက်မစွန်းစေချင်တဲ့ မေတ္တာစိတ်နဲ့ သတိပေးရှာပါတယ်။ ဒီသားမိုက်ရဲ့ အဖြစ်အပျက်မှန်ကို သိများသိခဲ့ရင် ဘယ်လောက်များ ဖနောင့်နဲ့ ပေါက်ချင်လိုက်မည် မသိ။ ဒါတော့ သားကို ခွင့်လွှတ်ပါအမေရယ်။ အချစ်အတွက် အသက်ကိုတောင် စွန့်လွှတ်ဖို့ ဝန်မလေးတဲ့သားက အုံးလွဲတာလောက်တော့ အပျော့ပေါ့၊ ဟုတ်ဘူးလား။

ကောင်မလေးတို့ မိသားစုက စိန်မဟာသဘင်ရဲ့ ပရိသတ်။ ကျွန်တော်တို့အနားက ပေါင်းလဲတိုက်ဘုန်းကြီးကျောင်းဝင်းထဲမှာ စိန်မဟာဇာတ်သဘင် ရုံသွင်းကပြရင် သူတို့ရောက်နေပါပြီ။ အဲ . . . သူရှိမှတော့ ကျွန်တော်လည်း ရှိရတော့တာပေါ့။ ညတစ်နာရီလောက်

Asian Fame Media Group

ဆိုရင် နှစ်ပါးသွားထွက်လေ့ရှိပါတယ်။ ဇာတ်စင်ပေါ်မှာ မင်းသားကိုရဲစိန်နဲ့ ကိုညီဝင်းစိန်တို့ ညီအစ်ကိုနှစ်ယောက် အပြိုင်အဆိုင်ကပြကြတယ်။ သူတို့ရဲ့ပရိသတ်က အမျိုးသမီး ပရိသတ်တွေ၊ ကိုရဲစိန်ကိုအားပေးတဲ့ ပရိသတ်က အနီရောင်ဖက်ရှင်တွေ ဝတ်လာကြပါတယ်။ ‘ရဲ’ ဆိုတော့ အနီပေ့ါ။ ကိုညီဝင်းစိန်ရဲ့ အမျိုးသမီး ပရိသတ်တွေကတော့ အပြာရောင် ဖက်ရှင်တွေပေ့ါ။ ကျွန်တော့် ကောင်မလေးက ကိုရဲရဲ့ပရိသတ်ပါ။ အနီရောင် ဖက်ရှင်နဲ့၊ အဲသမှာ ကျွန်တော်ကလည်း သူ ‘ရဲ’ လို့ လိုက် ‘ရဲ’ ရပါတယ်။ မူကတော့ အဲဒီကတည်းက ပြတ်သားပါတယ်။ ဒါကြောင့်မို့ နှစ်ပါးခွင်မှာ ကိုရဲစိန်မြူးမြူးကြွကြွနဲ့ ကပြသီဆိုတဲ့ သီချင်းလေးကို သတိရနေမိပါတယ်။ “လာပြီကွယ် . . ထားမေပျိုရယ်. . ကိုရဲနဲ့ပြိုင်ကာ ဖိုးဝရုပ်ကမယ်” တဲ့။ ဟုတ်ပါတယ်၊ ဇာတ်စင်ပေါ်က ကိုရဲစိန်တို့၊ ကိုညီဝင်းစိန်တို့ရဲ့နှစ်ပါးအကတွေကို ကြည်နူးနှစ်သက်စွာ ခံစားကြရင်း နုနယ်ပျိုရွယ်တဲ့ ဘဝကိုဖြတ်သန်းခဲ့ကြရပါတယ်။ ဒါပေမဲ့ အချိန်တန်တဲ့အခါ ပျိုရွယ်တဲ့ဘဝကိုပြည်ဖုံးကားကြီးချပြီး တစ်ခန်းရပ်လိုက်ကြရပါပြီ။ ကြည်နူးစရာကောင်းတဲ့ ပုံရိပ်တွေကတော့ ဟိုးအဝေးဆီမှာ . . . ။

အခုချိန်မှာ တဖြည်းဖြည်းတိုးဝင်လာတဲ့ ဇရာရိပ်ကို သတိမပြုသလိုနေရင်း ကိုယ့်အပေါင်းအသင်းအသိုင်းအဝိုင်းတွေနဲ့ ရယ်မောပျော်ရွှင်တဲ့ အကြောင်းအရာတွေပြောပြီး ခေတ်ကို ဖြတ်သန်းနေကြပါတယ်။ ဤသည်ပင် ကျွန်တော်တို့ရဲ့ အားဆေးပေ့ါ။ လက်ဖက်ရည်ဆိုင်မှာ အားလုံးဆုံနိုင်အောင် ကြိုးစားကြတယ်၊ စိတ်ကူးတည့်ရာ ပြောကြရင်းနဲ့ နားထောင်ခဲ့ရတဲ့ ရေဒီယိုသတင်းတွေကို ပြောကြ၊ ဝေဖန်ကြ၊ အချိန်တန်တော့ အိမ်ကိုပြန်။ ဒါပေမဲ့ ခေတ်က တဖြည်းဖြည်း ပြောင်းလဲနေတယ်။ ကျွန်တော်တို့ထိုင်တဲ့ လက်ဖက်ရည်ဆိုင်မှာ ဝိုင်ဖိုင်တပ်ထားသတဲ့။ အဲဒါက ကျွန်တော်တို့နဲ့ ဘာဆိုင်လို့လဲ။ ဒါပေမဲ့ အချိန်နည်းနည်းကြာလာတော့ လက်ဖက်ရည်ဆိုင်ထိုင်ရင်း ခေတ်ရဲ့ ပြဋ္ဌာန်းချက်ကို သတိပြုမိလာပါတယ်။ ကျွန်တော်တို့ထိုင်တဲ့ လက်ဖက်ရည် ဆိုင်မှာပေ့ါ။ လူငယ်တွေက သူတို့ရဲ့လက်(ပ)တော့တွေ၊ အိုင်ပက်တွေ ယူလာပြီး တိတ်တိတ်ဆိတ်ဆိတ်နဲ့ ဝိုင်ဖိုင်ဖွင့်ကြည့်နေပါတယ်။ သူတို့ရဲ့အသိအာရုံတွေ၊ အတွေးအမြင်တွေဟာ ကမ္ဘာကြီးနဲ့ ဆက်သွယ်နိုးကြားနေပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့တစ်တွေက စုဆုံစကားပြောရင်း ဆူဆူညံညံနဲ့ တဝါးဝါး ရယ်မောနေကြပါတယ်။ ဒါကို တစ်ဖက်သားအနှောင့်အယှက် ဖြစ်စေမယ်ဆိုတာ သတိမပြုမိကြဘူး။ ဒီနေရာမှာ လူငယ်တွေက ဆူဆူညံညံလုပ်ရင် ကျွန်တော်တို့ သည်းညည်းခံနိုင်မလား။ ဝေးပါသေးတယ်။ ခေတ်ကာလကလေးတွေ လူကြီးကို ရိုသေရကောင်းမှန်းမသိဘူးဆိုပြီး အမျက်ထွက်မှာ သေချာတာကော။ အဲဒီလိုဆိုရင် ကျွန်တော်တို့ကို ဆုံးမသွန်သင်ပေးမယ့်သူ မရှိတော့ဘူးလားလို့ မေးစရာရှိလာပါတယ်။ ဘယ်ဟုတ်မလဲ။ သူ့အချိန်တန်တော့ ခေတ်ကပဲ ကျွန်တော်တို့ကို သွန်သင်ဆုံးမသွားတာ ဖြစ်ပါတယ်။ အင်မတန်မှ မျက်စိနောက်လောက်အောင် ဆော့ကမြင်းနေတဲ့ကလေးကို ငြိမ်ငြိမ်နေဖို့ ဆူငေါက်လိုက်ရင် ခဏလောက်ပဲ ငြိမ်မှာပါ။ အဲဒီလိုမလုပ်ဘဲ ကလေးကို သူကြိုက်တဲ့မုန့်ကျွေးလိုက်ရင်တော့ တစ်ခါတည်းနဲ့ အိုကေသွားတတ်ပါတယ်။ ထိုနည်းလည်းကောင်း အတိုင်းပေ့ါ။ မတတ်သာလို့ ခေတ်ရဲ့နောက်မှာ ကျန်ရစ်ခဲ့ပြီး ခေတ်ကိုလည်း သိချင်စူးစမ်းချင်တဲ့ ရှေ့မမီ၊ နောက်ကိုကျန်တဲ့ ကျွန်တော်တို့အတွက် တယ်လီဖုန်းမှာ အင်တာနက်ဆက်သွယ်ခွင့်ရလိုက်တော့ ငြိမ်ဆေးကျွေးလိုက်သလို ဖြစ်သွားကြပါတယ်။ အင်တာနက်သုံးစွဲခသက်သာချင်သမို့ ဝိုင်ဖိုင်ရှိတဲ့ လက်ဖက်ရည်ဆိုင်ကို ပြေးကြပါတယ်။ အဲဒီမှာ ပိုက်ဆံကုန်စရာမလိုဘဲ ဝိုင်ဖိုင်သုံးလို့ရတာကော။ ကျွန်တော်တို့ ထိုင်တဲ့လက်ဖက်ရည်ဆိုင်မှာ ဝိုင်ဖိုင်တပ်ထားလို့ ဟန်ကျလိုက်တာ။ ကျွန်တော်တို့အဖွဲ့ထဲမှာ ဆရာဦးက ပိုပြီးခေတ်မီတယ်။ သူက စောစောကတည်းက အိုင်ပက်ဝယ်ထားတယ်။ အဲသမှာပဲ လက်ဖက်ရည်ဆိုင်မှာ သူ့အနားမှာပဲ ကျွန်တော်တို့ ဝိုင်းနေကြရပါတော့တယ်။ ကိုယ်သိချင်တဲ့ အကြောင်းအရာတွေ တစ်ခုပြီးတစ်ခု ဖွင့်ကြည့်ကြ၊ ကြည့်ချင်စရာတွေက များသလိုကြည့်လို့လည်း မဆုံးနိုင်၊ စားပွဲပေါ်တင်ထားတဲ့ အိုင်ပက်ရှေ့မှာ ခေါင်းတွေဆုံပြီး ငြိမ်ချက်သားကောင်းနေတဲ့ ကျွန်တော်တို့တစ်တွေကို လက်ဖက်ရည်ဆိုင်ကောင်တာမှာ ထိုင်နေတဲ့ကလေးမလေးက ပြုံးကြည့်နေပါတယ်။ အခုမှပဲ ဘိုးတော်တို့တစ်တွေ သူတို့ငြိမ်တဲ့ဆေးနဲ့ တွေ့သွားပြီလို့ တွေးနေမလားမသိ။

ဒီနေရာမှာ ခေတ်အပြောင်းအလွဲနဲ့အတူ လိုက်လျောညီထွေဖြစ်အောင် လုပ်နေရတဲ့ မန္တလေးမြို့က လက်ဖက်ရည်ဆိုင်တွေအကြောင်း တွေးနေမိပြန်ပါတယ်။ သမခွဲတမ်းရတဲ့ နို့ဆီနဲ့ လက်ဖက်ရည်တစ်ခွက်ငါးမူးပေးသောက်ရတဲ့ အချိန်ကစပြီး လက်ဖက်ရည်ယဉ်ကျေးမှုထဲကို ကျွန်တော် ရောက်နေရတာပါ။ မှောင်ခိုခေတ်မှာ လက်ဖက်ရည်ဆိုင်တွေ သူ့ဆိုင်ကိုယ့်ဆိုင် လူစည်ကားအောင် ကက်ဆက်တွေထားကြရပါတယ်။ ကက်ဆက်ရှိတဲ့ဆိုင်မှာ လူပိုပြီး စည်ကားပါတယ်။ ဒီလိုနဲ့ နှစ်ပေါင်းများစွာကြာရင်း ခေတ်အပြောင်း အရွေ့တစ်ခု ဖြစ်လိုက်တဲ့အခါ လက်ဖက်ရည်ဆိုင်မှာ ကက်ဆက်တွေပျောက်ပြီး တီဗီတွေရောက်လာပါတယ်။ တီဗီကလည်း အမျိုးမျိုး၊ လက်ဖက်ရည်ဆိုင်မှာ တီဗီတစ်လုံးလောက်ရှိရင် စားသုံးသူတွေက သိပ်စိတ်မဝင်စားတော့ဘူး။ အနည်းဆုံး တီဗီ ၂ လုံး ရှိရမယ်။ အဲဒီ တီဗီကလည်း ဖလက်တီဗီဖြစ်ရမယ်။ ဘောလုံးပွဲတွေ ပြ၊ ဘောလုံးပွဲမရှိရင် ရုပ်ရှင်တွေပြ၊ အဲသလိုရှိမှ လက်ဖက်ရည်သောက်တဲ့သူ များလာမှာပါ။

ဟော. . အခုတော့ လက်ဖက်ရည်ဆိုင်မှာ ဝိုင်ဖိုင်တွေ တပ်ကုန်ကြပြန်ပါပြီ။ ဝိုင်ဖိုင်တွေ လက်ဖက်ရည်ဆိုင်တွေမှာ တပ်ခါစတုန်းက ဝိုင်ဖိုင်ဖွင့်ချင်တဲ့သူတွေက ဘယ်ဆိုင်မှာ ဝိုင်ဖိုင်တပ်ထားလဲလို့ မေးခဲ့ရပေမယ့် အခုတော့ ဝိုင်ဖိုင်တပ်တဲ့ လက်ဖက်ရည်ဆိုင်တွေကလည်း ပေါမှပေါ။ ဆိုင်ထဲမှာ ဝိုင်ဖိုင်အသုံးပြု၍ ရနိုင်ပါသည်လို့တောင် စာကပ်ထားပါတယ်။ ပြီးတော့ ဒီခေတ်လက်ဖက်ရည်ဆိုင်တွေကလည်း ပြိုင်ဆိုင်မှု

ကြေးစည်သံကလေးကတော့ စကြဝဠာကမ္ဘာမြေ တစ်ခွင်လုံးကို မေတ္တာတရားတွေနဲ့ နေထိုင်ကြဖို့ နှိုးဆော်လိုက်တဲ့ အသံပါ။ ဒါပေမဲ့ ကမ္ဘာတစ်ဝှမ်းလုံးကို လွှမ်းခြုံထားတဲ့ သတင်းမီဒီယာ ကွန်ရက်ထဲမှာသာ ယာငြိမ်းချမ်းတဲ့ ကြေးစည်သံကလေး ခများ သူ့အတွက် ကျောတစ်ခင်းစာ နေရာ မရခဲ့ရှာပါဘူး။

Asian Fame Media Group

တွေ များလာလို့ အရင်ကလို တော်ရုံ တန်ရုံလောက်နဲ့ မရတော့ဘူး၊ ဆိုင် အခင်းအကျင်း ကျယ်ဝန်းရမယ်၊ လေဝင်လေထွက် ကောင်းမွန်ပြီး အစားအသောက်တွေကလည်း မျိုးစုံရသလို သန့်ရှင်းရမယ်။ ပြီး တော့ တီဗီရှိရမယ်၊ ဝိုင်ဖိုင်တပ်ထား ရမယ်။ ဒီလိုဆိုရင် လက်ဖက်ရည်ဆိုင် တစ်ဆိုင်ထောင်ဖို့ အရင်းအနှီးက ဘယ်နည်းပါမလဲ။ မြို့သစ်မှာ လက်ဖက် ရည်ဆိုင်ဖွင့်ဖို့ ပေ ၆၀ × ၄၀ မြေကွက် ၂ ကွက်တွဲကို ငှားရမ်း တာ တစ်လ ငါးသိန်းပေးရသတဲ့။ တစ်နှစ်ကို သိန်း ၆၀၊ အဲဒါကို ဆယ်နှစ်စာ သိန်း ၆၀၀ ပေးလိုက်ရ သတဲ့။ ဒါတောင် လက်ဖက်ရည်ဆိုင် အတွက် အရင်းအနှီးနဲ့အဆောက် အဦစရိတ်မပါသေးဘူး၊ အဲဒါတွေ ပေါင်းလိုက်ရင် သိန်းတစ်ထောင် နီးပါးလောက် ဖြစ်သွားမယ်ထင်ပါ တယ်။ ပြီးတော့ လက်ဖက်ရည်ဆိုင် ဖွင့်လိုက်ရင် ဘယ်အချိန်မှ အမြတ် အစွန်းပေါ်လာမလဲ။ ဒီကြားထဲ



အပြောင်းအလဲတွေ ကြုံလာရရင် ခေတ်အပြောင်းအလဲကို ဘယ်သို့ ဘယ်ပုံနဲ့ လိုက်ကြရမလဲ။ ငွေအရင်း အနှီးတွေကတော့ ထည့်နေရမှာပါပဲ။ ဒါက လက်ဖက်ရည်ဆိုင်ရဲ့ အခြေ အနေကို အကြမ်းဖျင်းပြောတာ ဖြစ် ပါတယ်။ ကျန်တဲ့ စီးပွားရေးလုပ်ငန်း တွေလည်း ထိုနည်းတူဖြစ်ပါတယ်။ ကျွန်တော်တို့မှာ သဘာဝအရင်း အမြစ်တွေ ရှိပါရဲ့။ လူသားစွမ်းအား အရင်းအမြစ်တွေလည်း ရှိပါရဲ့။ ဒါပေမဲ့ အဲဒီအရင်းအမြစ်တွေကို မှန်ကန်စွာ ထုတ်ယူအသုံးချနိုင်ဖို့ အရင်းအနှီးတွေ လိုနေပါတယ်။ အရင်းအနှီးတွေ၊ ရင်းနှီးမြှုပ်နှံသူတွေ ကို ကျွန်တော်တို့ ရှာကြရတော့မယ်။ ရင်းနှီးမြှုပ်နှံသူတွေ လာချင်အောင် မက်လုံးပေးကြရတော့မယ်။ အမယ် လေး. . လေး. . ကိုထွန်း (လမ်း-၈၀) တစ်ယောက်ရဲ့ အတွေးတွေက တဖြည်းဖြည်း အိုဗာဖြစ်လာပါရော လား။ တော်ပါပြီ၊ တန်ပါပြီ။ နောက် ကို ခြေတစ်လှမ်းပြန်ဆုတ်တာပဲ

ကောင်းပါတယ်။ လက်ဖက်ရည်ဆိုင် မှာ ဝိုင်ဖိုင်ကြည့်နေပေမယ့် လက် တွေ့အရတော့ တောင်သူလယ် သမားတွေအတွက် မိုးလေဝသ မှန်ကန်စေချင်ပါတယ်။ မိုးလေမှန်လို့ သီးနှံတွေအထွက်ကောင်းပြီး တောင် သူလယ်သမားတွေ ငွေရွှင်ကြရင် အရောင်းအဝယ်လည်း ကောင်း၊ ပွဲလမ်းသဘင်တွေလည်း ပေါများပြီး ပြည်သူတွေလည်း ပျော်ပျော်ရွှင်ရွှင် ပေါ့။ အခုတော့ အခြေအနေအရ မပျော်နိုင်သေးဘူး။ တကယ့်ပျော်ရွှင် မှုအစစ်က နှလုံးစိတ်ဝမ်းချမ်းမြေ့ ခြင်းဖြစ်ပါတယ်။ ဒီတော့ ဝါတွင်း ကြေးစည်သံလေးနဲ့အတူ အားလုံး နှလုံးစိတ်ဝမ်း ချမ်းမြေ့ကြပါစေလို့ မေတ္တာ ပို့သလိုက်ရပါတယ်။ ကျွန်တော့်ရဲ့ မေတ္တာစေတနာကို မဟာပထဝီမြေကြီးက အသိအမှတ် ပြုတဲ့အနေနဲ့ သိမ့်ခနဲ တစ်ချက်လှုပ် လိုက်ပါတယ်။ ငလျင် လှုပ်သဟ. . . အော်သံနဲ့အတူ လက်ဖက်ရည်ဆိုင် ထဲက ထိုင်နေတဲ့သူတွေအားလုံး

ပြူးပြူးပျာပျာ ဖြစ်ကုန်ပါတယ်။ အားလုံး ထိတ်လန့်ကုန်ပြီး ရုတ် တရက် ငြိမ်ကျသွားပါတယ်။ အပြင် မှာတော့ မိုးတဖွဲဖွဲရွာသွန်းနေလျက်၊ ဒီငလျင်က ဘယ်အရပ်ဒေသမှာ ဗဟိုပြုသလဲ၊ ရစ်ချက်တာစကေး ဘယ်လောက်နဲ့လှုပ်မလဲ၊ အေးအေး ဆေးဆေးဖြစ်သွားမှ ဟိုဟိုဒီဒီ စဉ်း စားရင်း ပြုံးမိလိုက်ပါတယ်။ ကျွန်တော်တို့က သူ့အချိန် သူ့အခါ ရွာမယ့် မိုးအတွက် မိုးကို မျှော်ရင်း အပေါ်ကိုပဲ မော့မော့ကြည့်နေကြ တယ်။ ကိုယ့်အတွက် ရပ်တည်ခွင့် ပေးထားတဲ့ ကမ္ဘာမြေကြီးကို မေ့ လျော့နေပါတယ်။ သူစိတ်ဆိုးလို့ အောက်ခြေက လှုပ်ထည့်လိုက်ရင် သွားပါပြီတော့တာ။ အဲသည်တော့ အပေါ်ကိုချည်း ကြည့်မနေနဲ့၊ အောက်ကိုလည်း ငုံ့ကြည့်ပါလို့ ကိုယ့်ကိုယ်ကိုယ် ဝမ်နင်ပေးလိုက် ရတော့တာကိုးနော။

**ကိုထွန်း (လမ်း-၈၀)**

Asian Fame Media Group
af MEDIA GROUP




**ဝေဖန်ရေးသည်**
**အကောင်းဆုံး**
**ဝန်ဆောင်မှုဖြစ်သည်**

# ဒါရိုက်တာ မီးပွား၏ "နိုင်ငံကျော်ရုပ်ရှင်မင်းသမီး ယောက်ျား"

## မောင်အိမ်စံ

'နိုင်ငံကျော် ရုပ်ရှင်မင်းသမီး ယောက်ျား'သည် ၂၀၁၀ နိုဝင်ဘာလထုတ် ရွှေအမြုတေ၊ ရွှေအသစ်ကဏ္ဍတွင်ပါရှိသော သားဦး၏ နိုင်ငံကျော်ရုပ်ရှင်မင်းသမီးယောက်ျားရဲ့ မိန်းမကို အခြေခံပြီး မိုးနီလွင် ဇာတ်ညွှန်းရေးသားကာ မီးပွားရိုက်ကူးထားသော ဗီဒီယိုဇာတ်ကား ဖြစ်သည်။

မူလသားဦး၏ ဝတ္ထုသည် Satire ဝတ္ထုဖြစ်သည်။ ရွာသို့ လာ၍ ရိုက်ကူးသည့် ဗီဒီယိုအဖွဲ့က လူလို၍ သိန်းတန်ကို မင်းသမီးယောက်ျားအဖြစ် အစားထိုးရိုက်ကူးသည်။ သိန်းတန်က အရက်သမားအဖြစ် သရုပ်ဆောင်ရ သည်။ အချိန်တန်၍ ဗီဒီယိုအဖွဲ့ အိမ်ပြန် သွားသောအခါ သိန်းတန်သည် လူကောင်းဖြစ်ကျန်ခဲ့သည်။ ပဓာနဇာတ်ကောင်အဖြစ် သိန်းတန်၏ ဇနီးအေးအေးကိုထား၍ သားဦးက ရေးသားခဲ့သည်။

ယခု ဗီဒီယိုကားတွင်မူ မင်းသမီး ဇာတ်မဟုတ်တော့။ ဟုတ်၍လည်းမရ။ ဈေးကွက်ဝင်ရန်အတွက် မင်းသားဇာတ်အဖြစ် ပြောင်းလဲပစ်ရသည်။ ထိုအခါနေတိုး၏ ဇာတ်ဖြစ်လာသည်။ သားဦးက ဗီဒီယိုထဲတွင် တစ်ခန်းလောက်ပါရသည်နှင့် ပင် သိန်းတန်ပြောင်းလဲသွားပုံ၊အေးအေးဂုဏ်ယူ ကျေနပ်နေပုံကို သရော်ပြီးရေးပြသည်။

ယခု ဗီဒီယိုဇာတ်ကားတွင်မူ Satire ထက် ဟာသကိုပိုပြီး နွှယ်သည်။ မိုးနီတွင် ဖြည့်စွက်ရေးသားထားသော Plot များတွင် ဟာသဇာတ်ဆောင်များဖြစ်သော ဆင်ပေါက်(ကျော်ထူး)၊ ဖိုးစည် (ဗေလုဝ)၊ ပုည(ငြိမ်းချမ်း)၊ ဇာတ်ညွှန်းရေးဆရာ (အရိုင်း) တို့ ပါဝင်လာသည်။ သားဦး၏ ဝတ္ထုတိုသည် ဗီဒီယိုဇာတ်ကားတစ်ကား ရိုက်ရန် မဖြစ်နိုင်သဖြင့် ဖြည့်စွက်ခြင်းဖြစ်ပါသည်။ မိုးနီလွင်၏ ဖြည့်စွက်ချက်များသည် ယနေ့ ပရိသတ်အကြိုက်ဖြစ်သော ဟာသဇာတ်ကွက်များပါသည်။ ဇာတ်ကြောင်းမှာ ရွှေတိုး (နေတိုး)နှင့် ဇနီးဖြစ်သူ မိအေး (အေးမြတ်သူ) တို့ရွာသို့ ရုပ်ရှင်လာရိုက်မည်ဟု သတင်းရရှိသဖြင့် တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားကြသည်။ မိအေးလည်း အလှပြင်ကာ ရုပ်ရှင်အဖွဲ့ကို ကြိုရန်ထွက်သွားသည်။ ထိုစဉ် အစဉ်မူးနေသော အမူးသမား ရွှေတိုးသည် ဘဲဥပြုတ်ဖြင့် ထမင်းစားရသဖြင့် ရုပ်ရှင်အဖွဲ့အပေါ် မကျေနပ်ဖြစ်ကာ အရက်ဆိုင်၌ ပေါက်ကွဲသည်။ တစ်ဖက်တွင် ရုပ်ရှင်ရိုက်ရန် အားလုံးအသင့် ဖြစ်နေသော်လည်း မင်းသားရောက်မလာသဖြင့် ဇာတ်ညွှန်းကို ပြင်ကာ မင်းသမီး စိုးမြတ်သူဇာ၏ ယောက်ျားအရက်သမားနေရာ၌ အစားထိုးရိုက်ကူးရန် လူလိုနေသည်။ မိန်းမကို မကျေနပ်သဖြင့် ပေါက်ကွဲနေသောရွှေတိုး၏ အမူးသမား အမူအရာကို ပကတိ မြင်လိုက်ရသော ဒါရိုက်တာသည် ဘုန်းတော်ကြီး (ဦးပေါ်လေး)ထံ လျှောက်ထားကာ နေတိုးကို စိုးမြတ်သူဇာ၏ယောက်ျားနေရာ၌ သရုပ်ဆောင်ပေးရန် ခေါ်သည်။ နေတိုးလက်ခံလိုက်သည်။ အရက်မူးပြီး ပြန်လာသော နေတိုးသည် စိုးမြတ်သူဇာနှင့် စကားများပြီး မယားကိုရိုက်ရာ မယားက ဓားနှင့် ထိုးလိုက်သဖြင့် နေတိုးသေသည်။ အခန်းတစ်ခန်း Cut သုံးလေး Cut ခန့်မျှသာ ရိုက်လိုက်ရ သည်။ သို့ရာတွင် ရုပ်ရှင်ပိုးဝင်ပြီး စွဲလမ်း

Asian Fame Media Group

> မီးပွားသည် ကျေးလက်လူနေမှုကို မျိုးမျိုးခိုင်၊ ကြူကြူသင်း၊ ငြိမ်းချမ်း၊ ဗေလုဝနှင့် ရွာသူရွာသားများ၏ လုပ်ရှားမှု၊ ရုပ်ရှင်ရိုက်ရန် ရောက်လာမည့်အဖွဲ့ကို ကူညီရန် ဆရာတော်က ရွာသားများအား ခေါ်ယူပြောပုံတို့ဖြင့် ရိုက်ပြသည်။ ဆိုရသော် မီးပွားသည် ဤဇာတ်ကား၌ ကျေးလက်နေပြည်သူများ၏ ဘဝနေဟန်ကို ပုံဖော်ရိုက်ကူးနိုင်သည်။ သို့ရာတွင်

သွားသည်။ နောင်ရိုက်ရဦးမည်ဟု မျှော်လင့်ပြီး ရုပ်ရှင်အဖွဲ့ သားများကို ဝင်ရောရာ ဘုန်းကြီးက ခေါ်ယူသတိပေးသဖြင့် ရွှေတိုးအိမ်ပြန်သွားသည်။ ရွာသားများက ရွှေတိုးအတွက် ဂုဏ်ယူပြီး ရွှေတိုးကို အရက်တိုက်ရာ ရွှေတိုးမူးပြီး ပြန်လာသည်။ မိန်းမနှင့် စကားများသည်၊ ရွှေတိုးက မိအေးကို ရိုက်သဖြင့် မိအေးအိမ်ပေါ်မှ ဆင်းသွားသည်။ ရွှေတိုးက လိုက်ခေါ်သော်လည်း ပြန်မလိုက်သဖြင့် ရွှေတိုးသည် ရုပ်ရှင်အဖွဲ့နှင့် မြို့ပေါ်သို့လိုက်သွားကာ ဗီဒီယိုပြစက်နှင့် တီဗီဝယ်လာပြီးမိအေးကို ချော့သည်။ ထိုစဉ် မိအေး၌ကိုယ်ဝန်ရှိနေသည်။ မိအေးစိတ်ဆိုးပြေပြီး ဇာတ်ပေါင်းသည်။ ဇာတ်လမ်းမှာ သားဦး၏ မူလဇာတ်လမ်းနှင့်မတူတော့ပါ။

(၂)

ဝတ္ထုဇာတ်လမ်းဖန်တီးသူများသည် လူ့အကြောင်းကို နှံ့စပ်ကျွမ်းဝင်ထားသူများဖြစ်ရမည်။ လူ့အကျင့်၊ လူ့စရိုက်၊ လူတို့၏ မျှော်လင့်ချက်၊ တုံ့ပြန်ချက်၊ စိတ်ဆန္ဒများကို နားလည်အောင် လေ့လာမှုမရှိဘဲ၊ စားပွဲပေါ်မှ ဖန်တီးလိုက်သောဇာတ်လမ်းများသည် တွင်ကျန်ရစ်ခဲ့သည်ဟုမရှိ။ ဇာတ်ကောင်သည်လူဖြစ်လျှင် လူ့သဘာဝအတိုင်း ဖြစ်ပေါ်ပြောင်းလဲရမည်ဖြစ်၏။ ဇာတ်ကောင်တိုင်းတွင် ဘဝရှိ၏။ ထိုအခါ သူ့၌သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့ ရှိလာသည်။

ရွှေတိုးသည် အရက်သမား။ ဇနီးမယားကိုပင် ကူဖော်လောင်ဖက်ရှိသူမဟုတ်။ လယ်ယာလုပ်ငန်းတွင် မဆိုစလောက်သာလုပ်ပြီး၊ အချိန်ပြည့်အရက်သောက်နေသည်။ ထိုရွှေတိုးထံသို့ နိုင်ငံကျော်ရုပ်ရှင်မင်းသမီး၏ ယောက်ျားအဖြစ် သရုပ်ဆောင်ရန် ကမ်းလှမ်းချက် ရောက်လာသည်။ ထိုအခါ ရွှေတိုး ပြောင်းလဲလာသည်။ သန့်ပြန့် သပ်ရပ်လာသည်။ လယ်ယာလုပ်ငန်း လုပ်လျှင်ပင် သူ့အသားမည်းသွားမည်ဟု ထင်လာသည်။ ကျေးလက် ပြည်သူတစ်ဦး၏ လူ့သဘာဝအပြောင်းအလဲဖြစ်သည်။

မိုးနီလွင်သည် ကျေးလက်လူနေမှုစရိုက်ကို ရွာသားများ ရုပ်ရှင်အဖွဲ့ကိုကြိုပုံ၊ ရွှေတိုးရုပ်ရှင်ရိုက်ရ၍ ကျေနပ်ပျော်ရွှင်နေပုံတို့ဖြင့် ရေးသားဖော်ပြသည်။ မီးပွားသည် ကျေးလက်လူနေမှုကို မျိုးမျိုးခိုင်၊ ကြူကြူသင်း၊ ငြိမ်းချမ်း၊ ဗေလုဝနှင့် ရွာသူရွာသားများ၏ လှုပ်ရှားမှု၊ ရုပ်ရှင်ရိုက်ရန်ရောက်လာမည့်အဖွဲ့ကို ကူညီရန် ဆရာတော်က ရွာသားများအား ခေါ်ယူပြောပုံတို့ဖြင့် ရိုက်ပြသည်။ ဆိုရသော် မီးပွားသည် ဤဇာတ်ကား၌ ကျေးလက်နေပြည်သူများ၏ ဘဝနေဟန်ကိုပုံဖော်ရိုက်ကူးနိုင်သည်။ သို့ရာတွင် ဖိုးစည် (ဗေလုဝ)ကို ထည့်ထားသည်မှာ ကျေးရွာတစ်ရွာအတွင်းရှိနေသော သွေးဆိုးသူအဖြစ် ထည့်ထားသော်လည်း ဟာသသရုပ်ဆောင်ဖြစ်နေသည့်အပြင် မူလပင်မဇာတ်လမ်းကို အထောက်အကူသိပ်မပြုနိုင်ခဲ့ပါ။ ဆိုရသော် ဖိုးစည်သည်ဖိုးစည်မဟုတ်ဘဲ ဟာသအတွက် ဗေလုဝကို တမင်ထည့်ထားသလို ဖြစ်နေသည်။

ဒါရိုက်တာသည် ရုပ်ရှင်ကားတစ်ကား၏ အဓိကအကျဆုံးသော အနုပညာသည်ဖြစ်သည်။ မိမိအာရုံပြုစေလိုသည်ကို ပရိသတ်အာရုံပြုလာစေရန် တာဝန်မှာ ဒါရိုက်တာ၏ တာဝန်ဖြစ်သည်။ ထိုအခါ မလိုသော ဇာတ်ကောင်၊ မလိုသော အရုပ်များကို ဖယ်ထုတ်ပစ်ရမည်ဖြစ်သည်။

နိုင်ငံကျော် ရုပ်ရှင်မင်းသမီး ယောက်ျားသည် မြန်မာနိုင်ငံသား ၇၀ ရာခိုင်နှုန်းနေထိုင်သည့် ကျေးလက်ဒေသ ရှုခင်းရှုကွက်များကို ရိုက်ပြထားသော ဗီဒီယိုဇာတ်ကားဖြစ်သည်။ သည့်အပြင် ကျေးလက်လူနေမှု၊ ကျေးလက်နေပြည်သူများ၏ ချစ်စရာဓလေ့စရိုက်တို့ကို ပုံပေါ်အောင်ရိုက်ကူးပြသနိုင်ခဲ့သော လူ့သဘာဝအဖွဲ့ ဇာတ်ကားတစ်ကားဖြစ်သည်။

(၃)

လက်ကြောမတင်းသော ယောက်ျားကို မိဘပေးစား၍ ယူထားရသော ဇနီးသည်တစ်ဦးအဖြစ် သရုပ်ဆောင်ရသည့် အေးမြတ်သူ၏ သရုပ်ဆောင်မှုသည် ပီပြင်သော်လည်း၊ နိုင်ငံကျော်ရုပ်ရှင်မင်းသမီး၏ယောက်ျားအဖြစ် ရုပ်ရှင်ရိုက်ရန် ကမ်းလှမ်းသည်မှ နောက်ပိုင်းဇာတ်ဝင်ခန်းများတွင် မိအေးအဖြစ် သရုပ်ဆောင်ရသောအခါ၌ မူအေးမြတ်သူ၏ အမူအရာများမှာ ထပ်လာသည်။ သွေးဆိုးသူရွာသား ဖိုးစည်အဖြစ်သရုပ်ဆောင်ရသော ဗေလုဝ၏ အမူအရာကမူ 'ပို'နေသည်။ စပ်စုသူ၊ အတင်းပြောသူ၊ ကျေးလက်နေ မိန်းမအဖြစ် သရုပ်ဆောင်ရသော မျိုးမျိုးခိုင်နှင့် ကြူကြူသင်းတို့အနက် မျိုးမျိုးခိုင်၏ အမူအရာက ပိုသည်။ ထပ်သည်။ ကြူကြူသင်းကမူ ပီပြင်သည်။ အထူးသဖြင့် ဤဇာတ်ကားတွင် လက်ကြောမတင်းသူ၊ အရက်သမား၊ ရွှေတိုးအဖြစ် သရုပ်ဆောင်ရသော နေတိုးကမူ အပီပြင်ဆုံး သရုပ်ဆောင်နိုင်ပါသည်။ မီးပွားသည် နေတိုးကို ရွှေတိုးအဖြစ် အရုပ်ရော၊ စရိုက်ကိုပါ ပီပြင်စွာ ရိုက်ပြနိုင်ခဲ့ပါသည်။ မိုးနီလွင်၏ dialogue များမှာလည်း ဇာတ်ကောင်များနှင့် လိုက်ဖက်သည်။ ရှင်းလင်းပြေပြစ်ပြီး နားလည်လွယ်သည်။ dialogue များမှာ စရိုက်ကိုဖော်ပြီး၊ ဇာတ်ကို ရွေ့လျားစေနိုင်ခဲ့ပါသည်။ ကျော်ထူးသည် ရှုတင်မန်နေဂျာအဖြစ် သရုပ်ဆောင်ရာ၌ ပီပြင်သည်။

ခြုံ၍ဆိုရသော် 'နိုင်ငံကျော်ရုပ်ရှင်မင်းသမီး ယောက်ျား'သည် စတိုင်ယာထက် ဟာသဘက်သို့ ဇောင်းပေးရိုက်ကူးထားသော ဇာတ်ကား တစ်ကားဖြစ်ပါသည်။ သို့ရာတွင် စီးပွားရှာသူများက မြောက်စားပြီး ခပ်ပေါပေါပြက်လုံးများဖြင့် လုပ်စားနေကြသူများ၏ ဟာသကားများနှင့် နှိုင်းစာလျှင်တော့ မီးပွားနှင့် မိုးနီလွင် ဖန်တီးလိုက်သော ဤဇာတ်ကားမှ ဟာသဇာတ်ကွက်များသည် ဘဝထဲမှ ပေါက်ဖွားလာသော ဟာသဇာတ်ကွက်များ ဖြစ်သဖြင့် ပရိသတ်များကျေနပ်နိုင် လိမ့်မည်ဟု ထင်ပါသည်။

**မောင်အိမ်စံ**

ယခုလအညွှန်း

၁။ ရေမျောကမ်းတင်

၂။ နှလုံးသားမှာ အထာရှိတယ်

Asian Family Media Group
MEDIA GROUP

# မြောင်းမြဘက်မှာလည်း



**ဂျက်နီဒါန်း**

ခုတစ်လောတွင် ထုတ်ဝေပြီး ဖြစ်သော ဟိုမဂ္ဂဇင်း သည်မဂ္ဂဇင်း ကလေးတို့၌ ဂျက်နှင့်ပတ်သက်သော အစအနကလေးများတို့ကို ဂျက် သတိပြုမိလိုက်၏။ တစ်။ အချို့က ဂျက်ကို ရမ်းကားလွန်းသည်ဟု ဆို၏။ ရမ်းကားခြင်း မဟုတ်ရပါ။ မှန်ကန်လွန်းသောကြောင့် ပွင့်ကန် ပေါက်ကွဲထွက်ကုန်ခြင်းသာ ဖြစ်ချေ၏။ ဟိုဝှေ့သည်မရှောင် ဝိုးတိုးဝါး တားစကားပြေမျိုးကို ဂျက်မရေးလို။ ပိသာလေးဘေးပစ် စကားပြေဖြစ် နေ၍ ဤအသံထွက်လာခြင်း ဖြစ်တန်ရာ၏။ နှစ်။ အချို့က ဆောင်းပါးမဟုတ် ဝတ္ထုမဟုတ်ဟု ဆို၏။ မှန်ပါသည်။ ဆောင်းပါးလည်း မဟုတ်ပါ။ ဝတ္ထုလည်း မဟုတ်ပါ။ သရော်စာ (Satire) သာ ဖြစ်ပါကြောင်း ဂျက်က ညွှန်းဆိုလို၏။ သုံး။ အချို့ကမူ ခပ်ဆင်ဆင်နာမည် မျိုးတွေနှင့် ထင်ယောင်ထင်မှား ရေးသားမှုဟု စွပ်စွဲလာ၏။ ထိုဆရာတို့ကိုမူ ဂျက်က ရန်ကုန်ဘဆွေ၏ မင်းသားကို ကြီးကောင်းဖတ်ပါဦး၊ ရွှေဝါပြည်ဖတ်ပါဦး၊ သဘောပေါက် လာပါလိမ့်မည်ဟု ညွှန်းလို၏။ လေး။ အချို့ကမူ မစ္ဆေရစိတ်နှင့် ရေးနေသည်ဟု ဆိုကြပြန်၏။ ပြောပါရစေ။ စာပေလောကနှင့် ပတ်သက်လာလျှင် အူမချေးခါးအထိ ဂျက် ချစ်ပါသည်။ ဂျက် မေတ္တာထားပါသည်။ ဂျက် မုဒိတာပွားပါသည်။ အမုန်းမရှိသောဂျက် ဖြစ်ပါသည်။ ကိုယ့်ပေါင်ကိုယ် ခပ်ဖွဖွ ထောင်းနေခြင်းသာ ဖြစ်ပါသည်။ အိုးကောင်းကို လို၍ ခပ်နာနာရိုက် နေခြင်းသာ ဖြစ်ပါသည်။ ကျီစယ်ကလူဆော့ ကစားနေခြင်းမျှသာ ဖြစ်ပါသည်။ အနှီလူတစ်ဦးဦးသည် ဂျက်တို့ စာပေလောကအပေါ် ရန် သတ္တုရှိပြု၍ အဆိပ်လူးမြားဖြင့် ပစ်အံ့။ ပထမဦးဆုံး အဆိပ်မြားကို ဂျက် နှလုံးသားဖြင့် ခုခံပါအံ့သတည်း။ စာပေလောကအပေါ် ဂျက် အချစ်သည် ကောင်းကင်မိုးမြေ သက်သေ အရာ ထင်စေသတည်း။ ဤသို့ ဥဒါန်းကျူးရင့်ရပေသည်။

**(တစ်)**

စာရေးဆရာဟူသည် မှာ အဘယ်နည်း။ အနှီသော ဤသော မေးခွန်းမှာ လွန်စွာအဖြေရခက် သော မေးခွန်းပင်ဖြစ်ချေ၏။ ဟိုတုန်းကတော့ စာရေးဆရာကို(က) (ခ) ဟု ခွဲထား၏။ ဝတ္ထု ကဗျာ၊ ပြဇာတ်စသော အနုပညာပါသောစာကို ရေးသူကို (က)။ သုတ စာရေးသူကို (ခ)။ နောင် ခေတ်ပြောင်းသွားသောအခါ ဘာရေးရေး စာရေးဆရာအဖြစ် စုစည်းလိုက်၏။ ဝက်ခြံညှစ်နည်း ရေးမလား။ စာရေးဆရာဖြစ်၏။ ကျားကွက်ရွှေ့နည်းရေးမလား။ စာရေးဆရာ ဖြစ်၏။ ယင်းကို ဂျက် ကြိုက်ချေသည်တမုံ့။ ဂျက်သဘော အရ ဆိုလျှင် ပုံနှိပ်စက် ထောင်သူ။ စာစီသူ။ စာအုပ်ချုပ်သူ၊ စက္ကူ ကြိတ်စက်ရှိသူ၊ မိတ္တူကူးသူ၊ သတင်းစာစက္ကူ ဗလာစာအုပ်ဝယ် သူ၊ စာအုပ်အငှားဆိုင်ဖွင့်သူ အကုန်လုံးကို စာရေးဆရာအဖွဲ့ထဲ သွင်းထားချင်၏။ ဒါမှ အသင်းအင်အား များမည်ဟု ဂျက် တကယ့်ကို အဟုတ်ကို ယုံကြည်၏။

သည့်ထက် သည့်ထက် အံ့စရာ တစ်ပါးကို ဂျက် ပြောလိုပါသေး

Asian Fame Media Group

သည်။ ဘာရေးရေး စာရေးဆရာဖြစ်နိုင်သလို ဘာစာမှမရေးဘဲလည်း စာရေးဆရာ ဖြစ်နိုင်ပါသေးသည်။ ဖြစ်အောင်လုပ်နေသူတွေ ဤလောကတွင် တကယ်ရှိနေပါသည်။ ယင်းတို့ကို ဂျက် စိတ်မပါလှသော်လည်း ဝိတ္တာရချဲ့ရပေချေမည် တမုံ့။

လင်းချေအုံ့။

**(နှစ်)**

လွန်လေပြီးသော ဟောဟိုတစ်လောကလေးဆီက ကျွန်ုပ်ဂျက်တစ်ယောက် မြောင်းမြမြို့ကလေးကို ရောက်သွားသည်။ မြောင်းမြမြို့စားလောက်ဖျား၏ ညီ၊ ဒီးဒုတ်ဦးဘချို၏ မြို့၊ ကဗျာဆရာ စိုးအိမ်၏ မြို့၊ ကဗျာဆရာ စိုးသစ်၏ မြို့၊ ကဗျာဆရာမောင်လွင်ပြင်၏ မြို့၊ ကဗျာဆရာတင့်ဆွေချစ်ခင်၏ မြို့၊ စာရေးဆရာ မောင်ဒေါင်း၏ မြို့၊ စာရေးဆရာမ နှင်းလှဖြူ၏ မြို့။ သည်သို့သည်နှယ် ဝိသေသများစွာကြောင့် သိလေသမျှ အားပါသောမြို့သို့ ကျွန်ုပ်ဂျက်ရောက်သွားရခြင်းမှာ ကံဆိုးသည်လား၊ ကံကောင်းသည်လားတော့ မသိ။ ဝမ်းနည်းကြေကွဲရင်ဘတ်ပြလောက်အောင် ခံစားခဲ့ရသော ဖြစ်ရပ်တစ်ခုကမူ ဂျက်ကို ကြိုဆိုနေခဲ့လေသည်။

"ရန်ကုန်မြို့က ဆရာကြီးဂျက် ရောက်နေတယ် ကြားလို့ပါ"

"ဟုတ်ကဲ့။ ဂျက်ကွမ်းခြံကုန်းဆိုတာ ကျွန်ုပ်ပါပဲ"

"ဒုက္ခပေးသလို ဖြစ်နေရင် ခွင့်ပြုပါ ဆရာကြီးဂျက်၊ အပန်းမကြီးဘူးဆိုရင်ဖြင့် ဒီညနေ ကျွန်တော်တို့အိမ်ကို ထမင်းစားကြွစေချင်ပါတယ် ခင်ဗျာ။ ကျွန်တော်တို့ သမီးငယ်လေးနဲ့ ပတ်သက်လို့လည်း အကြံဉာဏ်တောင်းစရာရှိလို့ပါ"

"ဩော် . . ကိစ္စမရှိပါဘူး။ ညစာက ဒီလောက်အရေးမကြီးပါဘူး။ သမီးငယ်ကိစ္စဆိုတာက"

"စာပေနဲ့ ပတ်သက်ပါတယ် ဆရာကြီး။ အသေးစိတ်ကို အိမ်မှာပဲ ရှင်းပြပါရစေ"

သို့နှင့် ကျွန်ုပ်၏ တည်းခိုအိမ်သို့တိုင်အောင် အရောက်လာခဲ့ကြသော အသက် ၅၀ ဝန်းကျင်ခန့်ရှိ ဇနီးမောင်နှံတို့မှာ နှုတ်ဆက်ထွက်ခွာသွားကြပြီဖြစ်သော်လည်း ကျွန်ုပ်မှာကား ဟိုဟာဖြစ်နိုး ဒီဟာဖြစ်နိုးနှင့် နိုးတကြွကြွဖြစ်ကာ တစ်နေ့လုံး မရိုးမရွဖြစ်နေပြီး နာရီကိုတကြည့်ကြည့်နှင့်ပင် ကျွန်ုပ်မျှော်လင့်ထားသော ညနေချမ်းအချိန်သို့ ဆိုက်ရောက်ခဲ့လေသည်။

**(သုံး)**

အထက်တွင် ဖော်ပြထားခဲ့သည့်အတိုင်း မြောင်းမြမြို့၏ ညနေရီတရောအချိန်သို့ ရောက်သည်နှင့် ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းသည် အနီထမင်းစားဖိတ်ကြားထားရာ အိမ်သို့ သွားရောက်ပြီးသကာလ တည်ခင်းကျွေးမွေးလာသော ထမင်းဟင်းလျာများအပြင် ခဲဖွယ်ချိုချဉ်များကိုပါ သုံးဆောင်ခဲ့ရပေရာ မည်သို့ကျွေးမွေးသည်၊ မည်သည့်စားသောက်ဖွယ်ရာများကို ကျွေးမွေးသည်တို့ကိုကား အသေးစိတ် ဒီတေးမပြောလိုတော့သဖြင့် အဆိုပါအိမ်ရှင်များနှင့် ကျွန်ုပ်တို့ စကားစမြည်ပြောဆိုကြပုံများကိုသာ လိုအပ်သရွေ့ ကောက်နုတ်တင်ပြလိုပေသည်။ စကားဝိုင်းတွင်ကား ကျွန်ုပ်နှင့် မြောင်းမြမိတ်ဆွေတို့က တစ်ဖက်၊ ထိုအိမ်ရှင်ဇနီးမောင်နှံနှင့် ၉ တန်းကျောင်းသူ သမီးငယ်လေးကတစ်ဖက် ဖြစ်ပေသည်။

"ဆိုပါတော့ ဆရာကြီးဂျက်ရယ် ကျွန်တော်တို့မှာက ဒီသမီးကလေးတစ်ယောက်ပဲ ရှိပါတယ်။ ဒါကြောင့် သမီးကလေး စာပေဝါသနာပါတာကိုလည်း မကန့်ကွက်တဲ့အပြင် ထွန်းထွန်းပေါက်ပေါက်ဖြစ်အောင် ကြိုးစားဖို့ကို အားလည်းပေး၊ တိုက်လည်း တိုက်တွန်းခဲ့ပါတယ်။ ခုတော့ ဆရာရယ် အဖြစ်ကဆိုးလွန်းလှလို့ ဆရာ့ကို ခေါ်တိုင်ပင်ရတာပါ"

"အင်းလေ . . . ခင်ဗျားတို့ပြောပုံအရဆိုရင်တော့ အဲဒီ 'ဘော့လ်ပင်သစ်' မဂ္ဂဇင်း ထုတ်ဝေမယ်၊ အဲလေ . . . ဘော့လ်ပင်သစ်ကလေးတွေကို ဦးစားပေးမယ်ဆိုတာကိုတော့ ကျုပ်လည်း သတင်းစာမှာ ဖတ်ခဲ့ရတာပါပဲ။ ဒီတုန်းက စိတ်ထဲမှာတော့ ခပ်ထင့်ထင့်ဖြစ်မိသား။ ပြစမ်းပါဦး တစ်ဆိတ်"

စကားဝိုင်းသည် ခေတ္တမျှ တိတ်ဆိတ်ခြင်းအမှုကို ပြု၏။ ကျွန်ုပ်ဂျက်သည်ကား မြောင်းမြထွက် ကြာဆံကြော်ကလေးကို တစ်လှည့်၊ မရွေးကြော်ကလေးကို တစ်လှည့် ရေနွေးကြမ်းကလေးနှင့် မြို့ကာမြို့ကာ အရသာခံရင်းမှ အနီမိတ်ဆွေ အိမ်ရှင်ကမ်းပေးလာသော 'ဘော့လ်ပင်သစ်' မဂ္ဂဇင်းကို ဖင်ပြန်ခေါင်းပြန် ကြည့်မိချေ၏။ စုတ်ပြတ်ညစ်မွဲချာတူးလန် မဂ္ဂဇင်းပေတကား။ ယင်းကို သိပ္ပံမောင်ဝစကားပြေဖြင့် ဖော်ပြရသည်ရှိသော်. . ။

စာမျက်နှာ ၈၀။ စာဖောင် ၁၀ ဖောင်။ ရောင်းဈေး ၂၀၀၀ ကျပ်။ တစ်အုပ်လုံး Letter Press။ Offeset လုံးဝမပါ။ ပန်းချီပုံများ ဘလောက်သုံး၏။ နာယက ကာယဗလဟာကြူလီ။ စာတည်းချုပ် ကျွန်းဘုတ်သိုက်။

အကြံအစည်ကတော့ အတော့်ကို စုတ်ပဲ့တဲ့ အကြံအစည်ပါပဲ။ ကဗျာတွေကလည်း အကုန် ကလောင်သစ်တွေချည်းပဲ။ အပုဒ် ၂၀၀ လောက်ကို ပြွက်သိပ်ရိုက်ထည့်ထားတယ်။ ကဲလေ . . ထားပါတော့။ သမီးငယ်က ဘဘဂျက်ကွမ်းခြံကုန်းကို ပြောပါဦး။ သမီးက အဲဒီ "ဘောလ်ပင်သစ်" မဂ္ဂဇင်းကို ဘာစာမူပို့ထားတယ်ဆိုတာ"

"သမီးက ဝတ္ထုတိုတစ်ပုဒ် လှမ်းပို့ထားပါတယ် ဆရာကြီးဂျက်။ အဲဒါ ကျန်ခဲ့တဲ့တစ်လလောက်ကတော့ စာတိုက်ကနေ 'ဘော့လ်ပင်သစ်' မဂ္ဂဇင်း ရောက်လာပါတယ်။ ငွေ ၂၀၀၀ နဲ့ ရွေးယူရမယ်ဆိုလို့ သမီးလည်း ဝမ်းသာအားရနဲ့ ရွေးယူလိုက်ပါတယ်။ သမီးစိတ်ထဲမှာက သမီးရဲ့ ဝတ္ထုပါတယ်လို့ ထင်နေခဲ့မိပါတယ်။ ဒါပေမဲ့ မပါခဲ့ဘူး ဆရာကြီး ဂျက်ကွမ်းခြံကုန်းရယ်"

"အင်းလေ . . . ကျုပ် ရိပ်မိပါတယ်။ တစ်နိုင်ငံလုံးကနေ စာပေအနုပညာချစ်စိတ်တွေနဲ့ အားကိုးတကြီးပို့ကြရှာတဲ့ ကလောင်သစ်တွေရဲ့ လိပ်စာအတိုင်း မဂ္ဂဇင်းတွေကို V.P.P တွေ V.P.L တွေနဲ့ ပို့ချလိုက်တဲ့ သဘောပါပဲ။ ခုကြည့်လေ . . ကဗျာရိုက်ထားတဲ့ ကလောင်ငယ် ၂၀၀ ကျော်ဟာ ဒီ 'ဘော့လ်ပင်သစ်' မဂ္ဂဇင်းကို ဝယ်ကြရရှာပြီပေါ့။ ကဲ . . . ဆက်ပါဦး သမီးငယ်"

"နောက် လေးငါးရက်လောက်ကြာတော့ စာတစ်စောင် ထပ်လာပါတယ် ဆရာကြီးဂျက်။ စာမှာ ဘာပါသလဲဆိုတော့ စာရေးဆရာအဖြစ် အသိအမှတ်ပြု ကတ်ပြားအတွက် ငွေ ၁၀၀၀ နဲ့ ဓာတ်ပုံ ၂ ပုံတဲ့။ သမီးမှာ ငွေ ၁၀၀၀ မရှိတာနဲ့ ဖေဖေတို့ကို ဖွင့်ပြောပြရပါတယ်။ ဖေဖေက ထုတ်ပေးတာနဲ့ သမီးက ငွေ ၁၀၀၀ ပို့လိုက်ပါတယ်။ ဒီမှာ စာရေးဆရာဖြစ်ကြောင်း ကတ်ပြားပါ"

ဂျက်တွေ့ဖူးသမျှ စာရေးဆရာကတ်ပြားများတွင် အတော်ခမ်းနားသော ကတ်ပြားဖြစ်၏။ လက်ထပ်မင်္ဂလာစာချုပ်လောက်ကြီးပြီး ငွေမင်ဖြင့် ရိုက်နှိပ်ထားကာ စာရေးဆရာအဖြစ် အသိအမှတ်ပြုလိုက်ပြီဖြစ်ကြောင်း အဆိုပါ တာဝန်ခံအယ်ဒီတာ 'မောင်ညစ်ပတ်' က လက်မှတ်ထိုးထား၏။ ထိုအနီ 'မောင်ညစ်ပတ်' ကို ဂျက် ကောင်းကောင်းသိ၏။ သူသည် 'ညစ်ညစ်ပတ်ပတ်' စာပေဟူသောအမည်နှင့် ကာတွန်းရုပ်ပြတွေကိုလည်း ထုတ်ဝေခဲ့သူဖြစ်၏။

"ဆက်ပါဦး သမီးငယ်"

"နောက် . . . လေးငါးရက်လောက်ကြာပြန်တော့ စာတစ်စောင်လာပြန်ပါတယ် ဆရာကြီးဂျက်။ အဲဒီစာကတော့ ဘော့လ်ပင်သွေးခွင့်ပုံစံအတွက်တဲ့။ ဒီမှာ ကြည့်ပါရှင့်"

ကျွန်ုပ်ဂျက်သည် အနီသမီးငယ်ကလေးလှမ်းပေးသော စာရွက်ကို လှမ်းယူကာ ဖတ်ကြည့်လိုက်၏။ စာတွင်ပါဝင်သည်တို့မှာကား စာရေးဆရာအသစ်တစ်ယောက် တိုးလာသည်ဆို၍ ဝမ်းသာကြောင်း၊ ယခု ဘော့လ်ပင်သွေးခွင့်ပုံစံတွင် ဖြည့်စွက်ကာ ငွေ ၅၀၀ ကျပ်နှင့်အတူ ပြန်ပို့စေလိုကြောင်း၊ ထိုသို့ ဘော့လ်ပင်သွေးခွင့်ပုံစံရှိနေမှသာ မိမိတို့ 'ဘော့လ်ပင်သစ်' မဂ္ဂဇင်းတွင် ထည့်သွင်းမည်ဖြစ်ကြောင်း၊ ထိုပုံစံ မလုပ်ထားသူ၏ စာမူကို မစဉ်းစားကြောင်း၊ စာမူခကိုမူ လောလောဆယ်မပေးသေးဘဲ နောင်အဆင်သင့်က ပေးသွားမည်ဖြစ်ကြောင်း၊ ငွေထက် စာပေက အရေးကြီးကြောင်းစသည်တို့ ပါဝင်၏။

"တော်တော်တော့ ယုတ်ကန်းတာပဲ။ အင်းလေ . . . ထားပါတော့။ သမီးကလည်း ငွေပို့လိုက်တာပဲလား"

"ဟုတ်ကဲ့၊ မေမေက ပို့ပေးပါတယ်။ သမီး စာရေးဆရာဖြစ်နေပြီဆိုပြီး ဝမ်းသာမဆုံးဖြစ်နေတယ်မဟုတ်လား။ လူတွေလာရင်တောင် စာရေးဆရာဖြစ်ကြောင်း ကတ်ပြားကြီးတပြပြနဲ့ ဖြစ်နေရှာတာ"

"ဆက်ပါဦး သမီးရယ်"

"နောက် ဆယ်ရက်လောက်ကြာတော့ စာတစ်စောင် လာပြန်ပါတယ် ဆရာကြီးဂျက်။ 'အခြေခံစာရေးသားနည်းလမ်းညွှန်များ' ကို ယူလိုရင် ငွေ ၁၀၀၀ ကြိုပို့ပါတဲ့။ 'မောင်ညစ်ပတ်' ရေးပါတယ်တဲ့။ အဲဒီစာအုပ်ဖတ်ပြီးရင် အလိုလို စာရေးတတ်သွားပါလိမ့်မယ်တဲ့"

"ခု . . . သမီးငယ်က ပို့လိုက်ပြီလား"

ဤတွင် မအေလုပ်သူက ခပ်လက်စလက်ဖက်ဇွန်းကို ရုတ်ခြည်းပြန်ချကာ . . .

"ပို့လုဆဲဆဲပါပဲ ဆရာကြီးဂျက်။ ဒီရက်ထဲမှာပဲ ဆရာကြီးဂျက် မြောင်းမြရောက်လာတယ်ကြားလို့ အကြံဉာဏ်တောင်းရအောင် ဝမ်းသာအားရ ထမင်းဖိတ်ကျွေးတာပါရှင်"

ကျွန်ုပ်ဂျက်ကား လောကရဲ့ အပျက်အယွင်းကြောင့် သောကဖွဲ့သက်ပြင်းကြီးကို ချလိုက်မိ၏။ အပြစ်မဲ့မိသားစုကလေးမှ စာပေချစ်သူသမီးငယ်ကလေးမှာ နေထိပန်းနွယ် ညှိုးနွမ်းလွယ်ရရှာချေပြီ။ တစ်ပြည်လုံးရှိ စာချစ်သူ၊ ကဗျာချစ်သူကလေးတို့သည် တို့မြန်မာစာပေလောကဆိုသည်မှာ ကလောင်သစ်ကလေးတို့ကို ဤနှယ်ပါးပါးရိတ်၍ တိတ်တိတ်လှီးတတ်ကြပါကလားဟုထင်သော် မခက်ပြီလော။

"အိမ်း. . . တော်တော်ကို ရုပ်ပျက်တဲ့ စီးပွားရေးလုပ်ကွက်ကြီးပါပဲ သမီးငယ်။ ဒီလိုရှိတယ် သမီးငယ်ရဲ့။ ဆိုဗီယက်ယူနီယံတို့၊ တရုတ်နိုင်ငံတို့မှာဆို ကလောင်သစ်တွေကို ပျိုးထောင်တဲ့ ကျောင်းကြီးတွေ ရှိတယ်။ ဒီကျောင်းတွေက ထွက်ရင် စာရေးဆရာဖြစ်မယ်လို့ အပြတ်ဝန်မခံနိုင်ပေမယ့် ပင်ကိုစွမ်းရည်ရှိမယ်၊ ကြိုးစားမယ်၊ ဝါသနာရင်းမြစ် ခိုင်မာမယ်ဆိုရင် စာရေးဆရာ ဖြစ်နိုင်ကြတာပါပဲ။ တချို့ဖွံ့ဖြိုးပြီးနိုင်ငံတွေဆိုရင် ကလောင်သစ်ထောက်ပံ့ကြေးဆိုတာတောင် ထားပေးကြတယ်လေ။ ဒီတော့ စာရေးဆရာ ဖြစ်တယ်၊ မဖြစ်ဘူးဆိုတာကို လူတစ်ယောက်၊ လူတစ်စု၊ ကတ်ပြားတစ်ခုက မဆုံးဖြတ်နိုင်ပါဘူး သမီးငယ်။ ကဗျာဆရာ နတ်သျှင်နောင်တို့၊ ရှင်ဥတ္တမကျော်တို့၊ လက်ဝဲသုန္ဒရတို့ဟာ စာရေးဆရာကတ်ပြား မရှိကြပါဘူး။ စာရေးခွင့်လိုင်စင်တွေဘာတွေလည်း မယူကြရပါဘူး။ သမီးငယ် တကယ်စာရေးဆရာဖြစ်ချင်ရင် စာများများဖတ်ရမယ်၊ ရေးရမယ်၊ မဂ္ဂဇင်းတွေကို စာမူပို့ရမယ်။ စာရေးဆရာကြီးတွေရဲ့ အတွေ့အကြုံတွေ၊ ဟောပြောတာတွေကို မပြတ်အာရုံစိုက်ရမယ်။ လူတွေရဲ့ စားဝတ်နေမှု ဘဝကားချပ်တွေကို ရှုတတ်၊ မြင်တတ်၊ ခံစားတတ်ရမယ်။ ဒါဆို စာရေးဆရာဖြစ်မှာပဲပေါ့။ 'ဘော့လ်ပင်သစ်' ကို ရှောင်ရင် အိုတောင် မဆင်းရဲပါဘူး သမီးငယ်"

အို ရေးဖော်ရေးဖက် မိတ်ဆွေတို့။

ကလောင်သစ်များကို ကာကွယ်ကြလော့။ ပြုစုကြလော့။ ပျိုးထောင်ကြလော့။ လမ်းမှားကို မရောက်စေနှင့်။ နည်းပေးကြ။ လမ်းညွှန်ကြ။ အတွေ့အကြုံပေးကြ။ လက်တွဲခေါ်ကြ။ လက်ဆင့်ကမ်းကြ။

ကျွန်ုပ်ဂျက်သည် မြောင်းမြမြို့ စာပေသမီးငယ်ကလေး၏ မျက်ရည်စမ်းစမ်းကို မကြည့်ရဲကြည့်ရဲကြည့်ကာ မရွှေးကြော်တစ်ခုကို ဂျွတ်ခနဲဝါးပြီး ရေနွေးကြမ်းတစ်ခွက်ကို ဂလွတ်ခနဲ မျိုချလိုက်မိခဲ့ချေပြီ တစ်မုံ့။ ။

**ဂျက်ကွမ်းခြံကုန်း**

Asian Fame Media Group
MEDIA GROUP

## ရေယာဉ်ငယ်စီးပါလို့ ရေစီးငယ်ဘောင်ဘင်

— ဝတ္ထုတိုရသ —

ကိုနှစ်ဦး၏လှေကလေး အိမ်ရှေ့ ရေဆင်းတံတားမှာ ဦးထိုးလာပြီဆိုလျှင် အိမ်သား တစ်ယောက်ယောက်ကို မရမနေ၊ ကမန်းကတန်း လှမ်းခေါ်မိတတ်တာ မနှင်းဆီ၏ အကျင့်တစ်ခု ဖြစ်နေခဲ့ပြီ။ လှေကြိုးချည်နေသော ကိုနှစ်ဦးအား ကျော်လွန်ကာ ချောင်းရိုးမှာ လှော်ခတ်သွားလာနေသည့် လှေကလေးတွေကိုလည်း မျက်ခြည်မပြတ် လှမ်းကြည့် အကဲခတ်ရသေးသည်။ လှေပေါ်မှနေ တစ်ယောက်ယောက်က လည်ပြန်ငေးကာ တီးတိုးစကားတင်းဆိုနေကြမှာလား ဟုလည်း မလုံမလဲဖြစ်ရသေးသည်။ သူနေထိုင်ရာ ချောင်းဖျားဆီမှ မနှင်းဆီတို့အိမ်ရှေ့ ရေဆိပ်အရောက် သီချင်းတအေးအေးနှင့် လှေလှော်လာမည့် ကိုနှစ်ဦးအား ချောင်းကမ်းနံဘေး ဝဲယာရှိ အကြောင်းသိအိမ်တွေရော မေးငေါ့ ကောင်းနေကြဆဲပဲလား။

ကိုနှစ်ဦးနှင့် အလုပ်ကိစ္စစကားတွေ ဆိုနေစဉ်မှာလည်း အနားတွင် လူပိုတစ်ယောက် အမြဲရှိနေစေဖို့ ကိုယ့်ဘာသာ စည်းကမ်းတင်းကျပ်ထားရပါသည်။

မနှင်းဆီ၏ သားသမီးတွေက မနှင်းဆီ၏ ခေါ်သံကို မကြားယောင် ဆောင်ချင်ကြသေးသည်။ ကိုနှစ်ဦးနှင့် စကားမျှင်တန်းမပြတ်ဖြစ်နေချိန်မှာ အနားမှ လှစ်ခနဲ လစ်ထွက်သွားချင်တတ်ကြသည်။ ဒါပေမဲ့ မနှင်းဆီကို ဒီလိုလုပ်လို့ဘယ်ရမလဲ။ ကိုနှစ်ဦး၏ရှေ့မှာတင် သင်းတို့ကို ဆူပူကြိမ်းမောင်းပစ်လိုက်သည်။ အိမ်နောက်ဘက်အထိဝင်ကာ နားရွက်တစ်ဖက်ကို ဆွဲလျက်ခေါ်ကာ ထိုင်ခုံမှာ မလှုပ်မယှက်ရှိနေဖို့ ဗိုလ်တိုအာဏာ သုံးရတာတွေလည်း ရှိသေးသည်။

"မေမေကလည်း၊ ဖေဖေ့ကို အားနာစရာ"

အဖေ့အသည်းကြော် ဖြစ်ခဲ့ဖူးသော သမီးကြီးက ခပ်လျော့လျော့ ပြုံးပြထားရရှာသော သူ့အဖေမျက်နှာကို ခိုးကြည့်လျက် စကားတိုးတိုးဆိုသည်။ မနှင်းဆီက သူ့ရှေ့မှာတင် ခပ်ကျယ်ကျယ် အော်ဟစ်ပစ်လိုက်သည်။

"သြော် . . ညည်းတို့ အဖေကို ကျတော့တယ်သိတတ်ကြတယ်။ ငါ့ကို လူအထင်သေးကြ၊စကားတင်းဆိုကြမှာကျတော့ နင်တို့ နည်းနည်းမှ ထည့်မတွက်တော့ဘူးလား"

ကိုနှစ်ဦးကတော့ မျက်နှာထား ခက်ခက်ကြားကပင် ထုံးစံမပျက် ခပ်အေးအေး၊ ပြုံးမြဲမြဲ။ သို့ပေမယ့် ချက်ချင်းစကားစဖြတ်ကာ သုတ်ခြေတင်ရန် ပြင်လေပြီ။

"အဲဒါဆိုလည်း ဖေဖေ့ကို အိမ်မလာစေနဲ့ပေါ့ မေမေရာ"

အိမ်ရှေ့ ရေဆင်းတံတားအတိုင်း ခပ်စိုက်စိုက်ဆင်းကာ ချောင်းကျဉ်းကလေးကို လှေကလေးနှင့် ကူးဖြတ်လှော်ခတ်သွားသော ဖခင်၏နောက်ကျောကို လှမ်းငေးလျက် သားလတ်က ဆိုပြန်လျှင် . . .



Asian Fame Media Group



“ငါက နင်တို့အဖေကို လွမ်းလွမ်းတတ လုပ်နေတယ်များ ထင်လို့လား။ မတတ်သာသေးလို့ပေါ့။ ငါကိုယ်တိုင် အစွမ်းအစမဲ့လွန်းလို့ မတတ်သာလို့ ပတ်သက်နေရတာ သိရဲ့လား။ အဲဒါလည်း နင်တို့အတွက်ပဲဆိုတာ နားလည်ထားကြ”

သူ့လျှော်တက် အသိမ်းအနုတ်မှာ ဝဲဂယက်ထကျန်ရစ်သောချောင်းရေဘောင်ဘင်ကိုငေးလျက် ရင်အနာမပြေချင်သေးသော မနှင်းဆီက ခုနစ်သံချီ ဟစ်ချင်ဟစ်ပစ်တတ်သေးတာ ဖြစ်သည်။

အငယ်မနှစ်ယောက်ကတော့ မနှင်းဆီ၏ ဘက်တော်သားစစ်စစ်များ ဖြစ်လေသည်။ သူတို့ငယ်စဉ်က ဖခင်နှင့် လက်ပွန်းတတီးနေခဲ့ရသော ဘဝကို ရေးရေးပျပျ မှတ်မိရုံသာရှိကြတော့တာ မဟုတ်လား။ အဖေ အိမ်ပေါ်မှဆင်းတော့လည်း သူတို့တစ်တွေ မူလတန်းတက်စအရွယ်မို့ ဘာမှ သိတတ်သေးတာတော့ မဟုတ်။ သို့သော် ဖေဖေ့ကြောင့် မေမေငိုခဲ့ရသည်ဆိုသော အသိကတော့ ရင်မှာ စွဲထင်ကျန်နေခဲ့သည် ထင်ပါသည်။ ယခုထိတိုင် ဖေဖေ ခေါ်လျှင်လာ၊ ပေးလျှင်ယူသော်လည်း အနားကပ်မခံကြ။ အဝေးကသာ ခပ်စိမ်းစိမ်းလှမ်းငေးနေတတ်ကြသည်။

တကယ်တော့ အကြီးနှစ်ယောက်သည်လည်း အဖေ့ကို သိပ်တော့ကြည်လင်ခဲ့ကြတာ မဟုတ်ပါ။ ခု နောက်ပိုင်းကာလတွေရောက်လာမှ တစ်ဖက်သားကို အမြင်မကြည်လင်၊ မုန်းတီးနေခဲ့သမျှ အဖေ့ကို သူတို့အနားသို့ ပိုရောက်လာစေချင်ခဲ့ကြတာ ဖြစ်မည်ထင်၏။

“နင်တို့တွေ သိပ်ပြီး စိတ်ကူးယဉ်မနေကြနဲ့။ ဟိုက ငါ့ထက်ငယ်တယ်။ လှတယ်။ ပြီး သူတို့နှစ်ယောက်တည်းလည်း မဟုတ်တော့ဘူးလေ။ ပေါက်ပွားထားတာလေးလည်း ရှိသေးတာ”

“သူ ပေါက်ထားတာ တစ်ယောက်တည်းပါ။ မိသက်တို့က မောင်နှမလေးယောက်တောင် ရှိတာ။ ပြီးတော့ အဲဒီမိန်းမက မေမေနဲ့လည်း အသက်ချင်းမကွာလှပါဘူး။ တစ်သက်လုံး အလှပြစားလာတာဆို

Asian Fame Media Group
MEDIA GROUP

တော့ ကြော့ကြော့ကလေး နေတတ်တာကိုး။ မေမေလည်း အဲလို ပြင်ပြင်ဆင်ဆင်နေကြည့်ပါလား”

“တော်စမ်းပါဟယ်”

ကလေးတွေကို စကားစဖွတ်ဖြတ်ခဲ့ရသော်လည်း ဘီးကျော်ပတ်ကြီးစောက်စောက်နှင့် နေလောင်တင်းတိတ်ကွက်တွေ မျက်နှာပြည့်နေသော မိမိ၏ တောသူမရုပ်သွင်ကြီးကို နည်းနည်းသံသယဝင်စ ပြုချင်ခဲ့ပြီ။ ခက်တာက ကိုယ့်ရုပ်ရည်သွင်ပြင်ကို ထူးခြားလှပအောင်လည်း မပြင်ဆင်၊ မခြယ်သတတ်တာ ဆိုးသည်။ ဘယ်တုန်းကမှလည်း သနပ်ခါးဘဲကျားထက်ပိုလို့ ပြင်ပြင်ဆင်ဆင် နေဖူးခဲ့တာမဟုတ်။ ဘဝက ထိုသို့အခွင့်အရေး၊ အခြေအနေကို တစ်ကြိမ်တစ်ခါမျှ မပေးစဖူး မဟုတ်လား။

မြို့မှာ နေစဉ်ကလည်း လူမှန်းသိတတ်စကတည်းက အလုပ်နှင့် လက်မပြတ်ခဲ့ရ။ အုတ်သယ်၊ ကျောက်သယ်လုပ်ခဲ့ရသည်။ ပန်းရန်နေ့စားလိုက်ကာ မဆလာဒယ် ရွက်ခဲ့ဖူးသည်။ နနွင်းမှုန့်၊ အချိုမှုန့်လည်း ထုပ်ဖူးသေးသည်။ အချဉ်ထုပ်၊ အချဉ်ပေါင်းထုပ်လည်း ထုပ်ခဲ့ဖူးသေးသည်။ ဖယောင်းစက်မှာ ဖယောင်းနင်းရင်းက သင်းနှင့် ဖူးစာဆုံခဲ့ကြတာပင်။ လယ်ယာချောင်းမြောင်းအလုပ်ကိုစွန့်ကာ တောသားမြို့ရောက်လာသော သူက မနှင်းဆီတို့ ဖယောင်းတိုင်ဖောက်သည် ပေးသွင်းရသော ကုန်စုံဆိုင်မှ အလုပ်သမားကိုး။

မနှင်းဆီနှင့် အိမ်ထောင်ကျချိန်မှာ မနှင်းဆီတို့၏ ဖခင်ဘက်မှဘကြီးတစ်ယောက်က သူ့ရွာမှာ လာနေလှည့်ဟု ရာဇသံပေးသည်။ သားထောက်သမီးခံမရှိရှာသော ဘကြီးက တူမနှင့်ပတ်သက်ကာ တော်စပ်ရသော ဆွေမျိုးအသစ်စက်စက်ကို

“မင်းကို အားကိုးချင်လို့ကွာ”

တကယ်တမ်းကျတော့ မနှင်းဆီတို့ကသာ ဘကြီးကို မှီခိုခဲ့ကြရတာဖြစ်ပါသည်။ ဒါပေမဲ့ ဘကြီး၏ လယ်ပွဲတွေကို သူကဘကြီးကိုယ်စား ဦးစီးဦးဆောင်နိုင်နေတာကို ဘကြီးက အားရကျေနပ်မဆုံး။ မကြာခဏ ပန်းနာရင်ကျပ်ထတတ်သော ဘကြီးအား မနှင်းဆီက မညည်းမညူ ပြုစုဖော်ရပြန်သည်မို့ ကျေးဇူးတင်နေရပြန်သည်။ ဘကြီးက သူလူ့ဘဝမှာ ကြာရှည်မနေနိုင်တော့ပြီကို ရိပ်မိလေလျှင် သူ့လယ်မြေဧက အနည်းငယ်ကိုပင် တစ်ဝက်တိတိခွဲကာ မနှင်းဆီတို့မိသားစုအား ပေးခဲ့သည်။

“ကျန်တာလေးတော့ နောင်သံသရာအတွက်ပါအောင် ယူသွားဦးမှပ”

ဘကြီး၏ သိမ်ရေစက်ချပွဲကလေးကို ကိုနှစ်ဦးတို့ မနှင်းဆီတို့ကပဲ အောင်အောင်မြင်မြင် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပြန်ရာ ဘကြီးမှာ နောက်ဆုံးထွက်သက်အထိ ကျေးဇူးတင်မဆုံးနိုင်အောင် ရှိခဲ့လေသည်။

မနှင်းဆီကတော့ အရေးအကြောင်းကြုံတိုင်း ဘကြီး၏စေတနာ၊ မေတ္တာတို့ကို ပြန်လည်တမ်းတဖွဲ့နွဲ့ ပြနေတော့တာပင်။

“ဘကြီးက ကျွန်မတို့ဖို့ဆိုပြီး ပေးခဲ့တာ။ ရှင် အမြောင်နဲ့စားဖို့မှန်းသာသိရင် သူရေစက်ချခဲ့တဲ့ သိမ်ကို ဒီထက်နှစ်ဆထပ်ချပြီး လှူပစ်ခဲ့မှာပေါ့”

“ကျွဲနဲ့ နွားနဲ့ ငါဖက်ရုန်းခဲ့တာကျတော့ရော”

“ရှင်ဖက်ခဲ့တဲ့ အဲဒီနွားတွေ ကျွဲတွေက ဘကြီးစွန့်ခဲ့တာလေ။ ထွန်တုံး၊ ထွန်တံတွေကအစ ဘကြီးရဲ့ လက်ငုတ်တွေ မဟုတ်ဘူးလား။ ရှင့်လက်ထက်ပွားဆိုလို့ ဒီကလေး လေးကောင်ပဲ ရှိတယ်။ လိုချင်ရင် တစ်ဝက်ခွဲယူသွား”

သူတို့ ချစ်စခင်စအချိန်မှာ သားသမီးတွေက အနှောင့်အယှက်ပင် ဖြစ်လိမ့်မည်ဆိုတာ အစင်းသိနေလို့သာ ခပ်ရဲရဲပြောချပစ်နိုင်ခဲ့တာ ဖြစ်သော်လည်း သူတကယ်တောင်းလာလျှင် မျက်စိမှိတ်ပေးပစ်လိုက်မည်ဟု မနှင်းဆီ၏စိတ်မှာ ရှိလေသည်။ လယ်ကွက်ကိုတော့ အထိမခံနိုင်ဘူး။

“ဒီလယ်နဲ့ ထွန်တုံး၊ ထွန်တံ၊ ကျွဲနွားတွေကို တစ်စက်မှ အထိမခံနိုင်ဘူးနော်”

“ဒါဆို ငါက ဘာနဲ့သွားလုပ်စားမလဲ”



**ငါမှန်ခဲ့တယ်လို့ မပြောပါဘူး။ မှားခဲ့တယ်။ ငါမှားခဲ့ပါတယ်။ အဲဒီအတွက် အရွယ်မရောက်သေးတဲ့ငါ့သားသမီးလေးတွေမျက်နှာငယ်ခဲ့ရတယ်။ ခုလည်းမင်းတစ်ယောက်တည်း မနိုင်ဝန်ထမ်းပြီးသူတို့တွေဒုက္ခရောက်ကြရမှာစိုးလို့ငါ့အတ္တ၊ ငါ့မာနကိုမေ့ထားပြီးငါမင်းကိုလာကူနေတာပါ...**

“ရှင် ယောကျ်ားမဟုတ်ဘူးလား၊ သူများသားသမီးယူထားရင် မငတ်အောင် ရှာကျွေးပေါ့။ ကျွန်မမှာ ရှင့်သားတွေ၊ သမီးတွေ အရွယ်ရောက်အောင် ကျွေးမွေးပြုစုရဦးမယ်”

သားသမီးနှင့် လှည့်ခြောက်ရပြန်တာပင်။ သို့ပေမယ့် မနှင်းဆီအောင်မြင်ခဲ့ပါသည်။

“ရှင်မရှိလည်းပဲ ကျွန်မရဲ့ သားသမီးတွေကို လူဖြစ်အောင် မွေးနိုင်တယ်။ ရှင်လည်း ကိုယ့်ဘဝနဲ့ကိုယ် ပျော်အောင်သာ နေတော့။ ရှင့်မျက်နှာကို ဒီတစ်ခါတွေ့ရတာ ဒီတစ်သက်နောက်ဆုံးလို့ မှတ်လိုက်မယ်”

စကားတစ်ခွန်း အဖတ်တင်ကျန်ရစ်တာပဲ ရှိသည်။ ရွာအစွန်က သူ့တဲအိမ်နန်းနှင့် မနှင်းဆီတို့ကြားမှာ ရှိနှင့်ပြီးသော ချောင်းငယ်လေးမှာ ရေတက်၊ ရေကျ အချိန်မရွေး ဝဲဂယက်ထနေတော့တာပင်။

“အရင်းအနှီးလေးတော့ ပေးပါဟာ။ ငါတို့မျက်နှာကို နင် ဒီတစ်သက် မမြင်စေရတော့ဘူး၊ စိတ်ချ”

သို့သော် အရင်းအနှီးကုန်လျှင် ထိုမျက်နှာကို ပြန်မြင်ရပြန်တာပင်။

“အလုပ်တွေက ချော်လို့ပါဟာ၊ ဒီတစ်ခါ တကယ် နောက်ဆုံး”

မဆုံးနိုင်တော့သော နောက်ဆုံးတွေ အထပ်ထပ်ဖြစ်လာလျှင်တော့

“ရှင့်တစ်သက် လယ်ပဲ ဦးစီးလုပ်တတ်ခဲ့တာ မဟုတ်ဘူးလား။ ရောင်းရေးဝယ်တာနဲ့ ပတ်သက်လို့ သူများခိုင်းမှ လိုက်လုပ်တတ်တာလောက် ရှင်တတ်တာလေ။ ခုချိန်မှာ ရှင်နဲ့တန်တဲ့အလုပ်က လယ်သူရင်းငှားအလုပ်ပဲ ရှိတယ်”

လယ်ပိုင်၊ ကျွဲပိုင်ဖြစ်ခဲ့ဖူးသော ဘဝဟောင်းက သူ့အား သူရင်းငှားအဖြစ်ကိုသိမ်ငယ်သယောင် ခြောက်လှန့်နေသည် ထင်ပါ၏။

“နင်တို့ဆီမှာ လုပ်ရရင် လုပ်မယ်”

ဘုရားစူးရစေ့။ မနှင်းဆီခင်းထားသော အဆင်အကွက် မဟုတ်ခဲ့ရပါ။ သို့ပေမယ့် မနှင်းဆီအဖို့ ရေကန်အသင့် ဖြစ်ခဲ့သည်။

တကယ်က လယ်တစ်ပွဲကိုဦးစီးရတာ မနှင်းဆီအတွက် မလွယ်ကူခဲ့ပါ။ သူတစ်စိမ်း ယောကျ်ားအလုပ်သမားများကို ခိုင်းစေရတာ အဘက်ဘက်မှာ ချင့်တွက်ချိန်ဆနေရသည်။ တစ်လင်ကွာ မိန်းမရယ်လို့လည်း အရိုသေတန်သော အပြုအမူများကို အတော်ကလေး သည်းခံရသည်။ နှိမ်နင်းရသည်။ အကျိုးအမြတ်ဖြစ်ထွန်းမှုမှာလည်း သူရှိစဉ်ကလိုကိုယ်ဖိရင်ဖိ မရှိနိုင်ပြီမို့ သူများသဒ္ဓါသရွေ့ သာစားရတော့သည်ဟု ပြောရတော့မည်။

နေအိမ်က ရွာတန်းထဲမှာ ရှိတာဖြစ်သည်။ ကိုယ့်လယ်ထဲရောက်အောင် အိမ်ရှေ့ချောင်းတစ်ဖက်ကမ်းကို လှေဖြင့်ဖြတ်ကူးပြီးမှ သွားရသည်။ အရွယ်ရောက်စ သမီးကြီးကို စိတ်မချလက်မချကြားကပင် အငယ်နှစ်ယောက်နှင့် ထားကာ အိမ်စောင့်ရင်း ချက်ပြုတ်လျှော်ဖွပ်ကျန်ရစ်စေရသည်။ သားလတ်ကို လက်ကသုံးတောင်ဝှေးပြုလို့ ကန်သင်းရိုးမှာ လမ်းသလားပြုရသည်။ ညရေး၊ ညတာမရှောင် တလင်းထဲလှည့်ပတ်ကြည့်ရသည်။ ကောက်ဆိုင်ပုံရာမှာလည်း ဝင်ပါဖြစ်သည်ပင်။ ကောက်ပြန့်နယ်၊ လှေ့ကာစပါးကျီထဲရောက်လေမှ အောင့်ထားရသော ပင့်သက်မောကို မှုတ်ထုတ်ဖြေလျှော့ချဖို့ သတိရတော့သည်။

သားလတ်က ကျွဲနွားတွေကို

Asian Fame Media Group

ချစ်ခင်တွယ်တာတတ်သူ၊ လယ်ယာချောင်းမြောင်းကြားမှာ ပျော်မွေ့ချင်သူဖြစ်သည်မို့ ကျောင်းစာမှာ အာရုံလျော့သွားမှာလည်း ပူပန်ရသေးသည်။ ဒီနှစ် ရှစ်တန်းအောင်လျှင် အမေတို့ဆီပို့ကာ မြို့ကျောင်းမှာထားရတော့မည်။ သမီးကြီးကိုတော့ ရွာကျောင်းမှာ ရှစ်တန်းအောင်ပြီးကတည်းက ကျောင်းနုတ်လိုက်ရသည်။ သမီးကြီးကို ကျောင်းနုတ်လိုက်ရစဉ်က မနှင်းဆီတစ်ယောက် ကလေးတွေမသိအောင် ကျိတ်ငိုခဲ့ရသေးသည်။ ကလေးမ တိတ်တိတ်ကလေး မျက်ရည်ခိုးကျခဲ့ရှာတာကိုလည်း မသိချင်ယောင်ဆောင်ခဲ့ရပြန်သည်။

မနှင်းဆီကတော့ မျက်ရည်သွင်သွင်ကျနေရင်းက သူ့ကိုသာ စိတ်မှန်းရောက်ကာ ကျိန်ဆဲပစ်လိုက်မိတော့တာပဲ။ တကယ်ဆို သူသာ အသိုက်အမြုံပြိုကွဲအောင် မဖျက်ဆီးခဲ့ဘူးဆိုလျှင် မနှင်းဆီတို့၏ စီးပွားရေး၊ လူမှုရေးသာမက ကလေးများ၏ ပညာရေးလည်းပဲ ခုလိုကမောက်ကမဖြစ်လာစရာ အကြောင်းမရှိပါ။ သူတို့လေးတွေ၏ အနာဂတ်ရေးကိုလည်း တွေးမောနေစရာ လိုမည်မထင်။ သင်း လော်မာခဲ့လို့သာ။

ကိုယ့်ပတ်ဝန်းကျင်က ကလေးတွေ ရွှံ့ညွှန်အလူးလူးနှင့် ညစ်ထေးပေကျံလျက် ချောင်းစပ်မှာ ပုစွန်စမ်း၊ ကဏန်းထောင်၊ လယ်ကွက်တွေ အနှံ့ ငါးမျှားကိုင်းတံ တလွှားလွှားဖြစ်နေကြတာ မနှင်းဆီ၏အမြင်မှာ ဘဝင်မကျ။ စိတ်လည်း မချမ်းမြေ့နိုင်ခဲ့ပါ။ ကိုယ်တွေငယ်ဘဝ သဲထမ်းရင်း၊ မဆလာသယ်ရင်း လှမ်းငေးခဲ့ရသည့်ကျောင်းသားဘဝကို သားသမီးတွေလက်ထက်မှာတော့ အပြည့်အဝ အခွင့်အရေး ရစေချင်မိပါသည်။ အကြီးမလက်ထက်မှာ မဖြည့်ဆည်းနိုင်ခဲ့တော့ ဝမ်းနည်းနာကျင်ခဲ့ရသည်။ သားလတ်လက်ထက်မှာတော့ဟု မောင်းတင်အားထားခဲ့မိပြန်ပြီ။ ဒါကြောင့်သာ သူ့စကားအကျွံကို မနှင်းဆီက အမိအရ ဖမ်းဆုပ်လိုက်မိတော့တာ ဖြစ်သည်။

"ရှင် ဒီမှာ အလုပ်လုပ်နေတာကိုအကြောင်းပြုပြီး ရှင့်ဟာမမျက်နှာကို မမြင်ရချင်ဘူး"

"သူကလည်း မင်းလိုပဲ ရှိမှာပေါ့"

ထောင်းခနဲဒေါသက ငယ်ထိပ်တက်ဆောင့်ချင်ပြန်သည်။ သင်းကများ ရာရာစစ. . .။ သို့ပေမယ့် ဘယ်သူက ရှောင်ချင်သည်ပဲ ဖြစ်ပါစေ။ တစ်ယောက်နဲ့တစ်ယောက် မမြင်တွေ့ကြရဖို့ အဓိက မဟုတ်လား။ ရှိစေတော့။

အကျိုးဆက်ကတော့ သူနှင့် ခပ်စိမ်းစိမ်းတန်းတန်း ဆက်ဆံနေကျ သားသမီးတွေက သူတို့အဖေဘက်သို့ ယိုင်လာကြတော့တာပဲ ဖြစ်သည်။

"နင်တို့အဖေကို ဒီလောက်ခင်နေရင်လည်း မိထွေးအိမ်လိုက်နေကြ"

ကြားနာရသူသာ နားမှာ ခါးသက်တာမဟုတ်။ ပြောထွက်သူအဖို့မှာလည်း ဘယ်လိုမှ နှုတ်မြိန်စရာမကောင်းလှပါ။ သည်ကြားထဲ အရပ်ထဲမှာလည်း တီးတိုးစပ်စုစောင်းငဲ့ကြတာ မသိချင်ယောင်ဆောင်လို့မရ။ အလိုလေး . . . ဟိုတစ်ယောက်ကလည်း ဥစ္စာခြောက်နေရသည် ဆိုပါလား။

"ရှင့်ဟာမကို ပြောထားစမ်း။ လူ့လှေကို ဝက်လှေဖြစ်အောင်လုပ်တာ ဘယ်သူလဲလို့"

နားမျက်စိတွေ ကန်းနေ၊ ပင်းနေသူလို သူမှိုနေတတ်တာဖြစ်သည်။ ဒီမီးတွေကို စတင်မွှေးခဲ့သူမှာ သူမဟုတ်သလိုပင်။

"သည်းခံလိုက်ပါကွာ၊ ငါတောင်းပန်ပါတယ်"

ရွှေပြည်အေးတရားပင် ဟောနေပြန်သေးသည်။ သို့သော် ပြီးစလွယ် သာခုမခေါ်နိုင်သော မနှင်းဆီက . . .

"အဲဒီမိန်းမကို ပြောလိုက်၊ ဒီလောက် စိတ်မချတတ်ရင် ကြိုးနဲ့ပူးစည်းထားပြီး အင်္ကတ်နေကြလို့"

"နှင်းဆီ။ မင်းစကားတွေက လွန်လှပြီ။ ငါက မင်းကျွေးထားလို့ ထမင်းဝနေတဲ့ ကောင်လား။ မင်းပြောပုံက။ ငါ တခြားမှာ လုပ်ကိုင်မစားတတ်လို့ မင်းထဘီနား လာခိုစားနေတဲ့ကောင် မဟုတ်ဘူး။ အဲဒါ မင်း မှတ်ထားစမ်း"

ရုတ်တရက် ခက်ထန်သွားသော သူ့အမူအရာ၊ စကားသံတို့ကို မကြုံစဖူးမို့ ခဏတော့ ငေးမှေ့မှင်တက်မိသွားရသည်။

"ငါ မှန်ခဲ့တယ်လို့ မပြောပါဘူး။ မှားခဲ့တယ်။ ငါ မှားခဲ့ပါတယ်။ အဲဒီအတွက် အရွယ်မရောက်သေးတဲ့ ငါ့သားသမီးလေးတွေ မျက်နှာငယ်ခဲ့ရတယ်။ ခုလည်း မင်းတစ်ယောက်တည်း မနိုင်ဝန်ထမ်းပြီး သူတို့တွေ ဒုက္ခရောက်ကြရမှာစိုးလို့ ငါ့အတ္တ၊ ငါ့မာနကိုမေ့ထားပြီး ငါ မင်းကို လာကူနေတာပါ။ အဲဒါတွေ သူများ နားမလည်ပေမယ့် မင်းနားလည်သင့်တယ်"

ခက်ထန် ရိုင်းပျနေခဲ့သော မနှင်းဆီ၏ စိတ်ဆင်ရိုင်းကလေး နူးညံ့ညွတ်ပြောင်းလာလုဆဲဆဲ။

"ပြီးတော့ မင်းသိထားသင့်တာက မင်းကိုမပြတ်နိုင်လို့ လာပြီးရစ်သီနေတာလည်း မဟုတ်ဘူးဆိုတာ"

ဝုန်းခနဲ တော်လဲပြိုကျသံတွေ ဟိန်းညံလို့သွားသည်။ ဒူးတွေ ခွေညွတ်လာကာ ပုံလျက်သားလဲကျမသွားစေဖို့ ကုလားထိုင်လက်ရန်းကို ခပ်တင်းတင်းဆုပ်ကိုင် အားပြုထားလျက် ပစ်ချထိုင်လိုက်ရသည်။ မချိသည့် နှုတ်လုံးပေမယ့် လှပအောင်တော့ ပြုံးပြရဦးမှာပဲ။ မနှင်းဆီအတွက် ခင်ပွန်းကောင်းကို မရခဲ့ဘူးဆိုလျှင်တောင် ကလေးတွေအတွက်တော့ လက်ညှိုးထိုးပြစရာ၊ အရေးအကြောင်းရှိလျှင် အားကိုးတကြီး တိုင်ပင်စရာ ဖခင်တစ်ဦးရဲ့ အရိုက်အရာကတော့ ရှိနေဦးတော့မှာပဲ။ ကျေနပ်ရမည်လား။

"ဖေဖေရော. . . မေမေပါ ဒီနေ့ မျက်နှာမကောင်းကြပါလား၊ စကားများထားကြလို့လား"

လယ်ထဲကအပြန် ချောင်းကို လက်ပစ်ကူးလာခဲ့ပြီး တစ်ခါတည်း ရေချိုးခဲ့သည်။ အစ်မထံမှာ လုံချည်လှမ်းတောင်းသံ၊ မောင်နှမတွေ တိုးတိုးကျိတ်ကျိတ် တွတ်ထိုးသံတွေကို မနှင်းဆီက မရိပ်မိဘဲနေပါ့မလား။ သူ့အစ်မပြောထားလို့ သိပြီးဖြစ်နေလျက် သားက သူမသိသလို စကားစသည်။

"အပိုတွေ ပြောမနေပါနဲ့။ ကျောင်းဆင်းတာနဲ့ လွယ်အိတ်ပစ်ချပြီး လယ်ထဲလိုက်သွားတာ။ လယ်ထဲကိုရော တကယ်ရောက်လို့လား"

"ဟာ ရောက်ပါတယ် မေမေရ။ ဖေဖေ့ကိုတောင် ကျွဲတွေ ကူသိမ်းပေးခဲ့သေးတယ်လေ"

သားက မလုံမလဲပြုံးပြနေရှာသေးသည်။ မနှင်းဆီက သား၏ မျက်ဝန်းတွေထဲ စေ့စေ့စိုက်ကြည့်ပစ်ကာ . . .

"ဟိုမိန်းမရဲ့သားလည်း လယ်ထဲ လိုက်လာတယ်ဆို"

ဒါဟာ တိုက်ဆိုင်မှုမဟုတ်ကြောင်း၊ သားနှင့် ချိန်းဆော့ကြတာ ပထမဆုံးအကြိမ်မဟုတ်ကြောင်း သား၏အမူအရာတွေက သက်သေခံနေကြပါသည်။ ကလေးငယ်ကို သူကိုယ်တိုင် အိမ်လိုက်ခေါ်ခဲ့တာတောင် ဖြစ်နိုင်သေးသည်။

"ဖေဖေ့သားလေးက ချစ်ဖို့ကောင်းလွန်းလို့ပါမေမေရာ။ စကားလည်းတတ်လိုက်တာ အလွန်ပဲ။ ဒီနှစ်မှ မူကြိုရှိသေးတာ။ ကကြီးခကွေး ဂျောင်းဂျောင်းပြေးနေပြီ။ ပြီး ကဗျာတွေလည်း ရနေတယ်သိလား။ ပြီးတော့ ဖေဖေ့သားလေးကလေ"

"သားလတ်"

မနှင်းဆီ ဖြတ်အော်လိုက်သောကြောင့် သားလတ်၏ မျက်နှာပေါ်မှ အပြုံးကလေးတွေ ရုတ်ခြည်းပျောက်ကွယ်သွားသဖြင့် စိတ်မကောင်းဖြစ်ရပြန်သည်။ ဖေဖေ့သားလေးလို့ မနှင်းဆီရှေ့မှာ စကားမမှားအောင် သူ သတိထားပြောနေရရှာတာ မနှင်းဆီ သိပါသည်။ သူက ညီလေးလို့ ချစ်နိုးမဆုံးရှိခဲ့တာ မနှင်းဆီသိပြီးနေပါပြီ။

"အိမ်က ညီမလေးတို့လိုပဲ။ ဒါလည်း သားညီလေးပါပဲ ဖေဖေရယ်"

သူ့အဖေကိုတောင် လူကြီးလေးလို ပြောခဲ့သေးသည်ဆိုပဲ။

သားဖြတ်ကူးလာခဲ့သော အိမ်ရှေ့ချောင်းရိုးကလေးက ဒီရေကျချိန်မို့ ရေစီးသန်လှသည်။ ရေကို တားသော် အကြားမထင်ဘူးလို့ ဘယ်သူတွေက မြော်မြင်စွာ ဆိုခဲ့ကြတာလဲ။ ပိုင်းခြားဖြတ်တောက်လို့ မရနိုင်သော ရေစီးကြောင်းမှာ မနှင်းဆီကရော အလိုက်သင့် မျှောပါလိုက်သွားရမှာလား။

**သတိုး**



Asian Fame Media Group



# ကြိုးကိုချည်တဲ့ကြိုး

## ၆၀ ၊ စီးပွားရေးတက္ကသိုလ် ၊

— ဝတ္ထုတိုရသ —

သချော စေ့စေ့ငငေ တွေးကြည့်လိုက်တော့ ကျွန်တော့်ရင်ထဲမှာ ခိုးလိုးခုလု ဖြစ်နေရတဲ့ကိစ္စက ခြေခြေမြစ်မြစ်တော့လည်း မရှိလှဘူးဗျ။ အိမ်မွေးခွေးတစ်ကောင်ကို သူ့ပိုင်ရှင်က သံကြိုးနဲ့ချည်ချင်ချည်ထားမယ်။ ကြိုးဖြေပြီး လွှတ်ချင်လွှတ်ထားမယ်ဗျာ။ ဒါ ကျွန်တော့်ကိစ္စမှ မဟုတ်တာဘဲ။ သူ့သဘော သူဆောင်တဲ့ကိစ္စ။ သူပိုင်တဲ့ခွေးပဲ။



ဒါပေမဲ့ အဲဒီခွေးတစ်ကောင်ဟာ သူ့ဘာသာ လွတ်လွတ်လပ်လပ် နေရာကနေ တစ်စုံတစ်ခုကို အဆက်မပြတ် စူးစူးဝါးဝါး ထိုးပြီးဟောင်ပြီဆိုရင်ဖြင့် သူ့ပိုင်ရှင်က ခွေးကို ကြိုးနဲ့ချည်ပြီး ချုပ်နှောင်ထားလိုက်တော့တာပဲ။

အဲဒီအဖြစ်ကိုမြင်တိုင်း ကျွန်တော်ကလည်း ဘာမဆိုင် ညာမဆိုင် အဲဒီကြိုးဟာဟောင်နေတဲ့ ခွေးကို ချည်နှောင်သင့်တာလား။ အဲဒီခွေးဟောင်နေတဲ့အရာကို ချည်နှောင်သင့်တာလားလို့ အမြဲတွေးမိတယ်။

ဒါဟာ ပထမဦးဆုံးအကြိမ် တိရစ္ဆာန်တစ်ကောင်ရဲ့ လွတ်လပ်ပိုင်ခွင့်ဘက်နေ မခံမရပ်နိုင်ဖြစ်မိတဲ့အထိ စိတ်ခံစားမှုနောက်ကို ကျွန်တော်လိုက်မိတာပါ။

အမှန်တော့ ကျွန်တော်ဟာ ခွေးချစ်တတ်သူတစ်ယောက် မဟုတ်ပါဘူး။



◆

ကျွန်တော်က တိရစ္ဆာန်ချစ်တဲ့သူမဟုတ်တော့ ဘယ် အိမ်မွေးတိရစ္ဆာန်မှ မမွေးဖူးပါဘူး။ မွေးဖို့လည်း စိတ်ကူးမရှိဘူး။

အထူးသဖြင့် လူကိုယ်ပေါ်တက်ပြီး ပွတ်သီးပွတ်သပ်နဲ့ ချွဲနွဲ့တတ်တဲ့ ကြောင်တွေကိုလည်း မချစ်ဘူး။ သွားလေရာ တကောက်ကောက်လိုက်ပြီး ယောက်ယက်ခတ်ခင်မင်ချင်တဲ့ ခွေးတွေကိုလည်း မလိုချင်ဘူး။ အလှကြည့်ဖို့ ငါးတွေကို မှန်ပုံးထဲထည့်ပြီး ဧည့်ခန်းရှေ့ချထားရမှာကိုလည်း မနှစ်မြို့ဘူး။

ဖြစ်ချင်တော့ ကျွန်တော့်အလုပ်ကလည်း လူဝင် လူထွက်များတဲ့ မိတ္တူဆွဲ ကွန်ပျူတာစာစီဆိုင်လေးဆိုတော့ ခွေးမွေးလို့လည်း အဆင်မပြေဘူးလေ။ ဝင်လိုက်ထွက်လိုက် မျက်စိနောက်စရာ ခြေထောက်တွေနဲ့ ဖျတ်လတ်တက်ကြွပြီး အလွန်သစ္စာစောင့်သိချင်နေမယ့် ခွေးတစ်ကောင်နဲ့ လိုက်လျောညီထွေဖြစ်မယ်လို့ ကျွန်တော်မှမထင်တာ။

အိမ်မွေးတိရစ္ဆာန်တွေမွေးတာဟာ အပိုဒုက္ခရှာတာလို့ ယူဆတဲ့ကျွန်တော်ကတော့ တိရစ္ဆာန်တွေကို ချစ်တယ်လို့အကြောင်းပြပြီး သူ့ဘာသာ လွတ်လွတ်လပ်လပ် နေချင်မယ့် အကောင်ပလောင်တွေကို ချည်နှောင်အကျဉ်းချထားပြီး ကိုယ့်စိတ်ကျေနပ်မှုအတွက် အရသာခံဇိမ်ယူပြီးလည်း ထိုင်မကြည့်ချင်ပါဘူး။

ဒါပေမဲ့ အခုတစ်လော ကျွန်တော်တို့မြို့လေးမှာ ခွေးအလှမွေးတာတွေ ခေတ်စားလာတယ်ဗျ။ အိမ်တော်တော်များများမှာ နိုင်ငံခြားမျိုးစပ်ထားတဲ့ ခွေးလေးတွေ မွေးလာကြတာကို တွေ့နေရတာပဲ။ အရင်တုန်းက ဈေးအရမ်းကြီးတဲ့ နိုင်ငံခြားခွေးတွေကို မြန်မာပြည်မှာ သားဖောက်ပြီး ရောင်းကြတော့ ဈေးတွေလည်း သက်သာလာပြီး လက်လှမ်းမီလာလို့ထင်ပါရဲ့။ မွေးလိုက်ကြတဲ့ခွေးတွေ. . ။

ကျွန်တော့်မျက်နှာချင်းဆိုင်အိမ်မှာတောင် ပုတုတု၊ စုတ်ဖွားဖွားနဲ့ အရုပ်ကလေးလို ချစ်စရာကောင်းတဲ့ ခွေးလေးတစ်ကောင် ရောက်လာတာပဲကြည့်တော့။

အမှန်တော့ ဒီအိမ်ကလည်း ခွေးတစ်ကောင်ကို လွတ်လွတ်လပ်လပ်လွှတ်ထားလို့ကောင်းတဲ့ အိမ်မဟုတ်ပါဘူး။ ကျွန်တော့်အိမ်လို လူဝင်လူထွက်များတဲ့ ကုန်စုံဆိုင်လေးပါပဲ။ ဒါပေမဲ့ စတိုင်ပဲထုတ်ချင်လို့လား။ တကယ်ပဲ ခွေးချစ်တတ်တာလား မသိဘူး။

အဲဒီအိမ်မှာ ခွေးလေးတစ်ကောင် စရောက်လာကတည်းက ကျွန်တော့်သားကလည်း ကျွန်တော့်ကို ခွေးတစ်ကောင်ဝယ်ပေးဖို့ နေ့တိုင်းပူဆာတော့တာပဲ။

ပြောလို့ပြောတာမဟုတ်ဘူး။ တိရစ္ဆာန်မချစ်တတ်တဲ့ ကျွန်တော်တောင် ဒီခွေးလေးကိုမြင်တော့ ‘ဟယ်. . ချစ်စရာလေး. . ’လို့ ဖွင့်ချီးကျူးမိတဲ့အထိ ခွေးလေးက အမွေးလေးတွေတောက်ပပြီး တော်တော်လှတယ်။ မျိုးရိုးလည်း ကောင်းတယ်ထင်ပါရဲ့။ အညစ်အကြေးစွန့်တာကအစ စည်းကမ်းရှိလွန်းလို့ဆိုပြီး ပိုင်ရှင်တဖွဖွချီးကျူးတယ်။

လူတွေနဲ့လည်း ယဉ်ပါးပြီးသားဆိုတော့ သူ့ဆိုင်ထဲမှာ ဒီလိုပဲ ဈေးဝယ်လာသူတွေကြား လျှောက်သွားနေတာပဲ။

Asian Fame Media Group

**သူက ခွေးကို ခြေထောက်နဲ့ကန်လိုက်စလိုက်နဲ့။ ခွေးကဟောင်လေ သူကပိုစလေ။ ခွေးပုလေးကို လူကြီးတစ်ယောက်က တို့ကနန်းဆိတ်ကနန်းလုပ်ပြီး ဒေါသဖြစ်အောင်ဆွနေတာက အကြည့်ရတော်တော်ဆိုးပါတယ်...**



ရန်လည်း မလိုဘူး။ ဟောင်လည်း မဟောင်ဘူး။ အေးဆေးပဲ။

အဲ. . ညဘက်မှောင်လို့ ဆိုင်ပိတ်ပြီလားဆိုရင်တော့ အိမ်ရိပ်ကို ချိုးချိုးချွတ်ချွတ်နဲ့များ သွားမနင်းလိုက်နဲ့။ ရိပ်ခနဲမြင်တာနဲ့ ထိုးဟောင်တော့တာပဲ။ အသံကခပ်သေးသေး၊ ခပ်စူးစူး။ အကောင်ကြီး ခွေး တွေလို မခန့်ညားလှပေမယ့် စွာတော့အစွာသား။

သူ့သခင်က "ဟော့ကောင်ကြီး . . ဘာမှမဟုတ်ပါဘူးကွ. . " ဆိုပြီး မချော့မချင်း တရစပ်ကိုတပ်လှန့်နေတတ်လို့ တစ်ခါတလေများ အိပ်ရေးတောင်ပျက်ပါရဲ့။ ကျွန်တော်က ခွေးဟောင်တိုင်း ဘာများပါလိမ့်ဆိုပြီး ထထကြည့်မိနေတာကိုး။ နောက်ပိုင်းတော့ အကြောင်းသိတွေက ညဘက်ဆိုသူတို့ အိမ်ရှေ့က မဖြတ်တော့ဘူး။ ကျွန်တော့်အိမ်ဘက်ကို ရှေးပြီး ဖြတ်လျှောက်ရတယ်။

ခွေးတစ်ကောင်ရှိနေတော့ တော်ရုံသူခိုးလောက်က သူတို့ အိမ်ကို ဘယ်ကပ်ရဲတော့မှာလဲ။ မဟုတ်ဘူးလား။

ခွေးမချစ်တတ်တဲ့ ကျွန်တော်တောင် ဒီခွေးလေးကို ကြည့်ရင်း သဘောကျမိတော့တယ်။

♦

"ဖေဖေ. . ဒီတစ်ခါစာမေးပွဲမှာ သားပထမရရင် ခွေးလေးတစ်ကောင်လောက် ဝယ်ပေးပါလားဟင်. . "

အိမ်ရှေ့အိမ်က ခွေးလေးရဲ့ဆွဲဆောင်အားက ကျွန်တော့်သားအပေါ်မှာလည်း တော်တော်သက်ရောက်ရှာတယ်။ ကျွန်တော်တို့ လင်မယားက သားကို စာမေးပွဲမှာ ပထမရတိုင်း သူလိုချင်တဲ့ပစ္စည်းတစ်ခုခုကို ဆုချတဲ့အကျင့်လေး လုပ်ထားတော့ ဒီတစ်ခါဆုအဖြစ် ခွေးလေးတစ်ကောင်ဝယ်ပေးဖို့ တောင်းဆိုနေတာလေ။

ကျွန်တော်တို့မှာက ဒီသားလေးတစ်ယောက်ပဲရှိတာမို့ စာမေးပွဲမှာ ပထမ မရလို့ အဆင့်ကျလို့ဆိုပြီး ကလေးကိုရိုက်ပုတ်မာန်မဲတာမျိုးလည်း မလုပ်ရက်တော့ သူ့ရဲ့ဆန္ဒကြီးတွေနဲ့ပဲ သူ့ကိုပြန်ချည်ဖို့ ကြိုးစားရတော့တယ်။ သားကို စာကြိုးစားချင်စိတ်ရှိအောင် ဆုပေးစနစ်နဲ့ ဆွဲဆောင်ထားတာလေ။

အဆင့်တစ်ရတိုင်း သူလိုချင်တဲ့တစ်ခုခုကို ဝယ်ပေးမယ်လို့ ကတိပေးထားတော့ သားက သူ ပြင်းပြင်းထန်ထန်လိုချင်တာ ရှိပြီဆိုရင် ကျွန်တော်တို့က တိုက်တွန်းစရာမလိုဘဲ စာကိုအသည်းအသန် ကြိုးစားလေ့ရှိတယ်။ အများအားဖြင့် သူလိုချင်တာတွေက အဆက်မပြတ်တတ်သလို အရုပ်တို့၊ စကိတ် ဖိနပ်တို့၊ အမ်ပီဖိုးတို့၊ ဂိမ်းစက်တို့ ပူဆာတာများပါတယ်။ ခုတော့. . ခွေးလေးတစ်ကောင်တဲ့။

"သားဝယ်မိတဲ့ခွေးက အိမ်ရှေ့ကခွေးလေးလို ဗီဇမကောင်းရင် ဘယ်လိုလုပ်မလဲသား။ စိတ်ဆတ်တဲ့၊ ဆိုးတဲ့ခွေးတွေလည်းရှိတတ်တယ်နော်။ အဲဒီခွေးမျိုးမွေးမိရင် သူ့သခင်တော့ ဒုက္ခများပြီပဲ။ သူ့ခွေးကိုက်လိုက်သမျှ လူတွေကို ဆေးထိုးပေးရမယ်။ တောင်းပန်ရမယ်။ စိတ်ရှုပ်ရမယ်။ ခွေးရူးကာကွယ်ဆေးကလည်း ဈေးကြီးမှုကြီး. . "

သားက သူ့အလိုကိုမလိုက်တော့ နှုတ်ခမ်းစူပါတယ်။ စာကိုလည်း စိတ်ဝင်တစားမကျက်ဘဲ ကျွန်တော်တို့ကို မသိမသာဆန္ဒပြတယ်။

"သား. . . စာကျက်ဦးနော်။ အဆင့်တွေကျကုန်လိမ့်မယ်. . " လို့ သူ့အမေက သတိပေးတော့. . "သားပထမရလည်း သားလိုချင်တာမှ မရနိုင်ဘဲ. . "လို့ ကျွန်တော်တို့ကို ပြန်ထစ်ပါလေရော။

သားကို စိတ်ဆိုးရခက်၊ အလိုလိုက်ရခက်နဲ့။ ကျွန်တော်တို့ လင်မယားမှာ ကိုယ်ချည်ထားတဲ့ကြိုးကိုယ့်ပြန်ပတ်နေတာလေ။

ဒီလိုနဲ့ ခွေးမချစ်တတ်တဲ့ ကျွန်တော်လည်း ခွေးမွေးရတော့မလိုဖြစ်လာပြီဆိုတော့ ခွေးအကြောင်း လေ့လာရတော့တယ်။ တခြားဝေးဝေးလံလံတော့မဟုတ်ပါဘူး။ အိမ်ရှေ့က ခွေးကလေးကိုပါ။

သူ့သခင်ကိုမေးကြည့်တော့ သူ့ခွေးကို ဘာအမျိုးအစား မှန်းတောင် ရေရေရာရာမသိဘူးတဲ့။ ကျွန်တော့်လိုပဲ ခွေးမချစ်တတ်တဲ့လူတွေဖြစ်နေတယ်။

ရန်ကုန်အလည်သွားရင်း သူ့ဦးလေးက လက်ဆောင်ပေးလိုက်လို့ ခေါ်လာရတာတဲ့။ ခွေးက လိမ္မာမယ့်သာ လိမ္မာတာ။ သူတို့က သိပ်ချစ်ခင်ယုယပုံလည်း မရှိပါဘူး။ ခွေးလေးအပေါ်လည်း သိပ်တွယ်တာပုံမရဘူး။

"ကျွန်တော့်သားက ခွေးမွေးချင်တယ် ပူဆာနေလို့ ရောင်းပါလား. . " ဆိုတော့လည်း လက်ဆောင်ရထားတာမို့ ရောင်းမဖြစ်ဘူးတဲ့ဗျာ။

ကျွန်တော်ကတော့ တခြားခွေးလည်း ဝယ်မပေးချင်၊ မတတ်သာလို့ ဝယ်ပေးရချင်းအတူတူ ဗီဇကောင်းတဲ့အိမ်ရှေ့ကခွေးလေးကိုပဲ လိုချင်စိတ်ကြောင့် ရောင်းမလား၊ ရောင်းမလားနဲ့ ကြုံတိုင်းမေးနေမိတော့တာပေါ့။ သားကိုလည်း "မင်းတာဝန်ကို မင်းကျေအောင်လုပ်။ အဖေ ရှေ့အိမ်ကခွေးလေးရအောင် ဝယ်ပေးမယ်. . "လို့ချွေးသိပ်ထားရတယ်။

ခွေးမချစ်တတ်တဲ့လူတွေ ဆိုတော့ တစ်နေ့နေ့ သူတို့စိတ်ပြောင်းရင်ရောင်းမှာပဲလို့ ကျွန်တော်ကလည်း ကြုံတိုင်းနှဲ့နှဲ့ပြီး ပြောနေရတာပေါ့လေ။

♦

တကယ်တမ်း ခွေးပိုင်ရှင်က ရောင်းတော့မယ်လို့ ပြောလာတဲ့အချိန်ကျတော့ အဲဒီခွေးကိုဝယ်ချင်စိတ် ကျွန်တော့်မှာလုံးလုံးမရှိတော့ဘူး။

နဂိုကတည်းက ခွေးမချစ်တတ်တဲ့သူဆိုတော့ လိမ္မာ တဲ့ခွေးလေးမို့သာ သားဆန္ဒကို ဖြည့်ပေးဖို့ ကျွန်တော်က တောင်းဝယ်မိတာ။ ဆိုးတဲ့ခွေး၊ ဟောင်လွန်းစွာလွန်းပြီး တွေ့ကရာကိုက်ဖို့ ရန်လိုနေတဲ့ ခွေးမျိုးတော့ အလကားပေးရင် တောင် "ဟင့်အင်း. . ကျေးဇူးပဲ. . " လို့ငြင်းပစ်လိုက်မှာပါ။

ဒီလိုဆိုတော့ အိမ်ရှေ့က လိမ္မာတဲ့ခွေးလေးကို သူ့သခင်ဆီက ကျွန်တော် ဘာလို့မဝယ်ချင်တော့တာလဲဆိုတာ ရိပ်မိကြရောပေါ့။ ဟုတ်တယ်။ အရင်က အင်မတန်လိမ္မာတဲ့ခွေးလေးဟာ ခုတော့အရမ်းကိုရန်လိုပြီး စွာတာကြလေး ဖြစ်လာလို့ပါပဲ။

နှမြောဖို့တော့ ကောင်းပါတယ်ဗျာ။ တကယ်က ခွေးရဲ့ဗီဇကောင်းရဲ့သားနဲ့ လူတွေကကိုဆိုးတာပါ။ ဒီခွေးလေး ဆိုးသွမ်းရန်လိုလာရတဲ့အကြောင်းရင်းမှာ လူသုံးယောက်

Asian Fame Media Group

ပါဝင်ပတ်သက်နေတယ်လေ။

ပထမတစ်ယောက်က ကားသမား။ ကျွန်တော့်အိမ်ရှေ့က ကုန်စုံဆိုင်မှာ ဝင်ထွက်ဝယ်နေကျဖောက်သည်တစ်ယောက်ပေါ့။ ကားသမားထုံးစံအတိုင်း လူပုံက ဆောင့်ကြွားကြွား။ ကွမ်းတပျစ်ပျစ်၊ ဟောင်ဖွာဟောင်ဖွာနဲ့။ ထောင့်မကျိုးဘူးဆိုပါတော့။

သူက ကုန်စုံဆိုင်ကို ရောက်လာပြီလားဆို ဆိုင်ရှေ့တင်မကဘဲ အိမ်နောက်ဖေးမီးဖိုချောင်၊ ထမင်းစားခန်းနဲ့ အိမ်သာတွေထဲအထိ ဝင်သွားတတ်တယ်။ သူ့ကားရောက်တဲ့ ရွာတွေ၊ မြို့ငယ်တွေက မှာလိုက်တဲ့ ကုန်တွေကို ကျွန်တော့်အိမ်ရှေ့က ဆိုင်မှာ ဖောက်သည်ယူပြီး ဝယ်သွားပေးတော့ ဆိုင်ရှင်တွေနဲ့ရင်းနှီးနေတာကိုး။

ပထမတော့ ကားသမားက မျက်စိနောက်စရာပုံစံ ဖြစ်နေပေမယ့် ခွေးလေးက လိမ္မာတာမို့ သူ့ဘာသာသူ အေးအေးဆေးဆေး နေတာပါ။ ဒါပေမဲ့ဒီလူက ဆိုင်ဧရိယာကနေ ကျူးကျော်ပြီး အိမ်အတွင်းခန်းထဲအထိ ဝင်သွားတာမြင်တော့ ခွေးကလေးက ခေါင်းထောင်ပြီးအကဲခတ်နေတာ။ တဖြည်းဖြည်းနဲ့ နောက်ဖေး မီးဖိုထဲအထိဝင်သွားပြီး ထမင်းအိုးဟင်းအိုးတွေ လှန်လှောနှိုက်စားတာ မြင်ရတဲ့အခါမှာတော့ ခွေးက မာန်ဖီသံနည်းနည်းထွက်လာတယ်။

ဒါကလည်း ခွေးတွေရဲ့ဗီဇသတ္တိအရ သူ့သခင်ရဲ့ပိုင်ဆိုင်မှုကို ကာကွယ်စောင့်ရှောက်ရမယ့် တာဝန်ရှိတာကိုး။

အဲဒီမှာ ကားသမားက ခွေးရဲ့ ခံစားချက်ကိုမြင်သွားပြီး နောက်ပြောင်ချင် လာတော့တာပဲ။ သခင်ကလည်း သူ့ခွေးသူ့အပေါ် သစ္စာရှိတာကို ဂုဏ်မယူတတ်ဘဲ သူ့ဖောက်သည်ကိုရန်လိုရမလားလို့ ဖောက်သည်စိတ်ကွက်သွားမှာစိုးပြီး ခွေးကိုချည်းဟန့်နေတာကိုး။

ကားသမားက မီးဖိုချောင်က အိုးခွက်တွေကို တမင်အသံမြည်မြည်အောင်လုပ်ပြီး ခွေးကိုစတယ်။ ခွေးကမာန်ဖီသံထွက်လာရင် ပျာယာပျာယာနဲ့ ပစ္စည်းတွေအလစ်သုတ်တဲ့ဟန် သူခိုးပုံစံလုပ်ပြတယ်။ ခွေးကပိုစိတ်ဆိုးလာပြီး တစ်ချက်နှစ်ချက်ဟောင်လိုက်တာနဲ့ သူကလည်းခွေးရှေ့ကနေ ရှေ့တိုးနောက်ငင်ပြေးပြတယ်။ ခုန်ဆွခုန်ဆွနဲ့ မျောက်လိုမျိုးလုပ်ပြတယ်။

ခွေးမပြောနဲ့။ သူလုပ်နေပုံက ဘေးကမြင်ရတဲ့လူတောင် ပြေးရိုက်ချင်လာရော။

ခွေးကတော့ တဝုတ်ဝုတ်နဲ့ ထိုးဟောင်တော့တာပေါ့။ သူက ခွေးကို ခြေထောက်နဲ့ကန်လိုက်စလိုက်နဲ့။ ခွေးကဟောင်လေ သူကပိုစလေ။ ခွေးပုလေး ကို လူကြီးတစ်ယောက်က တို့ကနန်းဆိတ်ကနန်းလုပ်ပြီး ဒေါသဖြစ်အောင်ဆွနေတာက အကြည့်ရတော်တော်ဆိုးပါတယ်။ ဒါပေမဲ့ ခွေးပိုင်ရှင်က သူ့ဖောက်သည်ဆိုတော့ ပြောရမှာအားနာလို့လားမသိဘူး။ ခွေးကိုချည်း ဖိမာန်တာပဲ။

တဖြည်းဖြည်း ခွေးနဲ့လူကျီစယ်ရန်စပွဲက အကျည်းတန်လာလိုက်တာ. . ။ နောက်ဆုံး ခွေးက အခန်းထောင့်မှာချောင်ပိတ်မိပြီး ကားသမားက ခြေထောက်နဲ့ကန်ရင်းစလိုက်တဲ့အချိန်မှာ လန့်ပြီးမိရာဆွဲကိုက်ထည့်လိုက်တော့တာပေါ့။

ဒီတော့မှ ကားသမားလည်း အစရပ်သွားတော့တယ်။ ခွေးပိုင်ရှင်လည်း ကားသမားကို ခွေးရူးကာကွယ်ဆေး လိုက်ထိုးပေးရတယ်။ ဒါပေမဲ့ ဒဏ်ရာပြန်ကောင်းပြီး နောက်တော့လည်း ဒီလိုပဲ ကြုံတိုင်းစနေသေးတာပဲ။ ခွေးကလည်း ကားသမားကို ဘယ်လောက်မုန်းသလဲဆို သူ့ကားရပ်တာနဲ့ ထိုးဟောင်တော့တာ. . ။

ဒုတိယတစ်ယောက်ကတော့ ကျွန်တော်တို့လမ်းထိပ်က ဆိုက်ကားဂိတ်မှာ ဂိတ်ထိုးတဲ့ ဆိုက်ကားသမားပါ။ သူက ကားသမားရဲ့နောက်လိုက်ပေါ့။ အလွန် လိမ္မာတဲ့ခွေးလေးကို ကားသမားက စိတ်ဆိုးပြီး ရန်မူလာအောင် စနိုင်တာကို သူကအားကျနေတာလေ။ ကားသမားက ခွေးကိုစလို့ ဆူညံနေအောင်ဟောင်ပြီလားဆို သူက ဆိုက်ကားဂိတ်ကနေ ကုန်စုံဆိုင်ကို ရောက်လာပြီး သဘောတကျကြည့်နေတတ်တယ်။

ညဘက်ဆိုင်ပိတ်ချိန်၊ သူလည်း ဆိုက်ကားသိမ်းချိန်ဆိုရင် ပိတ်ထားတဲ့ ကုန်စုံဆိုင်ရှေ့မှာ တမင်ရပ်ပြီး ခွေးကိုစတော့တာပဲ။ ခွေးက နဂိုကတည်းကမှ ဆိုင်ပိတ်ချိန်ဆိုရင် လူစိမ်းတွေ အိမ်ရိပ်နင်းခံတာမဟုတ်ဘူးလေ။ အဲဒါကိုသိတဲ့ ဆိုက်ကားသမားက ခွေးကလေးရဲ့ အိမ်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်တယ်။ ရိုးရိုးလျှောက်တာ မဟုတ်ဘူး။ ကားသမားစတဲ့ပုံစံမျိုး အစုံလုပ်ပြီး လျှောက်တာ. . ။

ညဘက်ဆိုတော့ ဆိုက်ကားသမားကလည်း ရီဝေဝေ၊ ယစ်ထွေထွေနဲ့မို့လား။ ခွေးကလေးကိုအမြည်းလုပ်ပြီး စနေတာလေ။ အစကတော့ ခွေးပိုင်ရှင်ကထွက်တားသေးတယ်။

"ခင်ဗျားခွေးကို ကျုပ်က ဘာလုပ်လို့လဲ။ ကျုပ်ဘာသာလမ်းပေါ် လျှောက်နေတာကို သူကသက်သက်မဲ့ရန်လိုနေတာ ခင်ဗျားမမြင်ဘူးလား. . " လို့ လေးလေးတွဲ့တွဲ့ ရစ်နေတော့ အမူးသမားနဲ့ဖက်ပြောနေလို့ ရန်များမှာစိုးတဲ့ အိမ်ရှင်မက သူ့ယောကျ်ားကို လက်ကုတ်ပြီး အိမ်ထဲခေါ် သွင်းသွားရတယ်လေ။

အဲဒီတော့ အမူးသမားနဲ့ ဖက်မဟောင်ရအောင် ခွေးကလေးကို အိမ်အတွင်းခန်းထဲ ခေါ်ထားလိုက်တယ်။ ဒါပေမဲ့ ဘသားချောက တော်တော် ဒေါသထွက်နေပုံနဲ့ အိမ်ရှေ့ပြန်ပြေးသွားပြီး ဟောင်ပြန်တာပဲ။ သံတံခါးပိတ်ထားလို့သာ တော်တော့တယ်။ နို့မို့ဆို ပြေးကိုက်မယ့်ပုံ။

ဒီလိုနဲ့ နောက်ဆုံး အတွင်းခန်းထဲကနေ မထွက်နိုင်အောင် ခွေးကလေးကို သံကြိုးနဲ့ချည်လိုက်ရတော့တာပဲ။ ဒါတောင်မှ ရှေ့ထွက်လို့မရတော့ပေမယ့် သံကြိုးကိုရုန်းပြီး တရစပ်ဟောင်နေသေးတာ။

တတိယတစ်ယောက်က လမ်းထိပ်လက်ဖက်ရည်ဆိုင်ရဲ့ စားပွဲထိုးလေးပေါ့။ သူကျတော့ လူက မည်းပိန်ပိန်၊ မျက်စိစောင်းစောင်း၊ သွားခေါခေါနဲ့ဆိုတော့ ဘာမှမလုပ်ပြရသေးခင် ခွေးက မျက်စိနောက်နေပြီ။ ဒီကြားထဲ သူကလည်း ကားသမားနဲ့ဆိုက်ကားသမားက ခွေးကို စနေသမျှ အားကျတဲ့သူဆိုတော့ ကုန်စုံဆိုင်လေးဆီ နို့ဆီ၊ သကြား၊ လက်ဖက်ခြောက်လာဝယ်ရင်း ခွေးကိုပြောင်ပြတယ်။

ခွေးက ဟိုနှစ်ကောင်နဲ့တင် အကျင့်ပျက်ပြီး စိတ်ကဆတ်နေတာဆိုတော့ စားပွဲထိုးကို ခုန်ကိုက်တော့တာပဲ။ ဆိုင်ရှင်လည်း ဆေးဖိုး ထပ်ကုန်ပြန်တာပေါ့။

နောက်ပိုင်းတော့ ခွေးက ဘယ်သူ့ကိုမဆို ကောင်းကောင်းနေရင်နေ။ နည်းနည်းမျက်စိနောက်တာနဲ့ ခပ်စွာစွာ ထိုးဟောင်တော့တာပဲ။ အဲဒါကိုမှ လန့်ပြီး ပြေးမလိုလွှားမလိုလုပ်ရင် သူကလည်း ဟိုကောင်တွေလို သူ့ကိုစတယ်ထင်ပြီး လိုက်ဟပ်တတ်တယ်။ အထူးသဖြင့် ရန်သူတော်သုံးယောက်ကို မြင်တာနဲ့ အရမ်းကိုစိတ်ဆိုးပြီး စူးစူးဝါးဝါး ဟောင်တော့တာပဲ။ မာန်ဖီပြီး နီးရာကို ရန်မူတော့တာပဲ။

အဲဒီလို သွေးဆိုးသွားတဲ့ ခွေးကလေးကို သူ့သခင်ကစိတ်ပျက်ပြီး ကျွန်တော့်ကို ရောင်းမယ်လို့ပြောပေမယ့် ကျွန်တော်လည်း မဝယ်ရဲတော့ဘူး။ ဗီဇ ဘယ်လောက်ကောင်းကောင်း ဘေးပတ်ဝန်းကျင်ရဲ့ပယောဂနဲ့ အကျင့်ပျက်သွားပြီမဟုတ်လား။

အဲဒါကြောင့်ပေါ့။ ခွေးလေးက ဟိုလူသုံးယောက်ကို အရိပ်ကလေးမြင်ရရုံနဲ့ စူးစူးဝါးဝါးထိုးပြီးဟောင်တော့တာလေ။ ဒါဆိုရင် ပတ်ဝန်းကျင်ကိုပါ ရန်မူမှာစိုးလို့ ပိုင်ရှင်က ခွေးကိုကြိုးနဲ့ချည်ပြီး ချုပ်နှောင်ထားရတော့တယ်။

အဲဒီအဖြစ်ကိုမြင်တိုင်း ကျွန်တော်ကလည်း အဲဒီကြိုးဟာ ဟောင်နေတဲ့ခွေးကို ချည်နှောင်သင့်တာလား။ ဟောင်အောင်လုပ်တဲ့သူကို ချည်နှောင်သင့်တာလား။ ကိုယ့်အပေါ် သစ္စာရှိချင်တဲ့စိတ်ဓာတ်ကို တန်ဖိုးမထားတတ်တဲ့ သခင်ကိုပဲ ချည်နှောင်သင့်တာလားလို့ တွေးမိတယ်။

ဆိုင်မဆိုင်တော့မသိဘူး။ ဒီလိုတွေးမိတဲ့ ကျွန်တော်ကိုယ်တိုင်လည်း ကြိုးနဲ့ချည်နှောင်ခံရသူ တစ်ယောက်များဖြစ်နေပြီလားမှ မသိတာ။

**ဝေ (စီးပွားရေးတက္ကသိုလ်)**

Asian Fame Media Group

# ရတီ စာအုပ်စင်






**လွင်ငြိမ်း - မြတ်ဗုဒ္ဓ၏အသီတိသာဝက စာရင်းဝင် ကဿပငါးပါး**

**စာမူခွင့်ပြု - ၆၀၀၂၄၈၀၃၁၂**

ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တော်တွင် ပေါ်ထွန်းခဲ့သော လက်ယာရံ၊ လက်ဝဲရံ ရဟန္တာမထေရ်များအနက်မှ ကဿပဟူ၍ ဘွဲ့မည်တူကြသော ရဟန္တာမထေရ်မြတ်ကြီး ၅ ပါး အကြောင်းကို ရေးသားဖော်ပြထားခြင်း ဖြစ်သည်။ ရဟန္တာမထေရ်မြတ်ကြီးများ၏ ထေရုပ္ပတ္တိတော်များဖြစ်သော်လည်း ဇာတ်သုတဒီပနီ တစ်စောင်ကဲ့သို့ အကြောင်းအရာအချက်အလက် စုံလင်လှသော ဤစာအုပ်တွင် ဗောဓိသုံးမျိုး၊ ပါရမီဆယ်ပါး အကြောင်းအပါအဝင် သိသင့်သိထိုက်သော သာသနာတော်ဆိုင်ရာ ဓလေ့များ၊ မှတ်သားဖွယ်ရာများပါဝင်သည်။ သုတ၊ ရသနှစ်မျိုးကိုရရှိစေမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ အပ္ပမာဒစာစဉ်မှ တန်ဖိုး ၂၅၀၀ ကျပ်နှင့် စီစဉ် ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။



**မသန်းသန်း(မန်းတက္ကသိုလ်) - နတ်သျှင်နောင်**

**စာမူခွင့်ပြု - ၅၀၀၁၃၇၀၂၁၂**

"... သူသည် အကြမ်းနှင့်အနု ရောနှောပေါင်းစပ်ထားသူတစ်ယောက်ဖြစ်ပြီး အလင်းနှင့်အမှောင်ကို အလွန်ခြားနားစွာ ရင်ဆိုင်ခဲ့ရသူလည်းဖြစ်၏။ သူသည် ခေတ်၏သားကောင်ဖြစ်ခဲ့ရသလို ခေတ်ကို ပုံဖော်ခဲ့သူလည်း ဖြစ်နေပြန်သည် .."ဟု နတ်သျှင်နောင်အပေါ် ရှုမြင်သုံးသပ်သူ ဆရာမ မသန်းသန်း (မန်းတက္ကသိုလ်)၏ နှလုံးသွေးဖြင့်ပျိုးခဲ့သော စာပန်းဥယျာဉ်တစ်ခင်းဖြစ်သော ဤစာအုပ်တွင် စာချစ်သူများ၊ ကဗျာချစ်သူများ ချစ်ရင်းစွဲရှိခဲ့ကြသည့် ရတုဘုရင် နတ်သျှင်နောင်၏ ဘဝသမိုင်းကြောင်းကို ပြန်လည်ခံစားခွင့်ရကြမည်ဖြစ်သည်။ Wisdom House စာအုပ်တိုက်မှ စီစဉ်ပြီး ဒုတိယအကြိမ်အဖြစ် ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။ တန်ဖိုး ၂၀၀၀ ကျပ်ဖြစ်သည်။



**ဇော်ခိုင်ဦး - အမှာမုခ်ဦးနှင့် သစ်ရွက်ခြောက်လှေကားထစ်များ**

**စာမူခွင့်ပြု - ၄၀၀၂၂၁၀၃၁၂**

စာပေခရီးလမ်းကို မခွဲမခွာလျှောက်လှမ်းခဲ့ကြသည့် ဆရာတို့၏ ခြေရာများကောက်လျက် ပွင့်လန်းခဲ့သော စာပေပန်းရနံ့တို့ကို သင်းထုံမွှေးရီလာစေရန် ဖန်တီးထားခဲ့သည့် ဆရာဇော်ခိုင်ဦး၏ ရသစိုစွတ်သောလက်ရာများဖြစ်သည်။ သုတေသနလုပ်ငန်းများကို တစဉ်တစိုက်ပြုလုပ်ခဲ့သူ ရွှေကိုင်းသားဆရာတော်မှအစပြုကာ လွမ်းမောဖွယ် ဆရာမြသန်းတင့်အကြောင်း၊ သမိုင်းထဲက ဆရာသန်းထွန်းတို့အပါအဝင် ဂန္ထဝင်စာပေများ ဖန်တီးခဲ့ကြသူ ဆရာငြိမ်းကျော်၊ ဒဂုန်တာရာတို့အထိ ခံစားထိတွေ့ခဲ့သည်များကို ကောက်ကြောင်းခြစ်ရာများအဖြစ် ရေးသားထားသည်။ ဆရာ မောင်ခင်မင် (ဓနုဖြူ)နှင့် မောင်ရင့်မာ (ကျောင်းကုန်း) တို့၏ အမှာစာနှင့်အတူ ရသစာတမ်း ၂၇ ပုဒ်ကို ခံစားဖတ်ရှုကြရမည်ဖြစ်သည်။ အလင်္ကာ စာအုပ်တိုက်မှ တန်ဖိုး ၁၅၀၀ ကျပ်ဖြင့် စီစဉ် ထုတ်ဝေလိုက်သည်။



**မာမာအေး - ရင်ဖွင့်ကြည့်ပါ သူငယ်ချင်း**

**စာမူခွင့်ပြု - ၅၀၀၄၃၃၀၅၁၂**

ဂီတအနုပညာရှင်တစ်ဦးဖြစ်သူ မာမာအေး၏ ရင်တွင်းနာစာစုများဖြစ်သည့် ပေးစာ ဆောင်းပါးများကို စုစည်းတင်ပြထားခြင်းဖြစ်သည်။ မဟေသီမဂ္ဂဇင်းတွင် လပေါင်းနှစ်ဆယ်ခန့်ဖော်ပြခဲ့သော ဆောင်းပါးများဖြစ်ပြီး ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိဟုခေါ်ဆိုက ရနိုင်ကောင်းသည့် မှတ်တမ်းများပင်ဖြစ်သည်။ ခံစားခဲ့ရသော ရင်တွင်းဝေဒနာများကို အနားမှာထိုင်ပြီး တတွတ်တွတ်ပြောပြနေလေသည့်ဟန်နှင့် သူငယ်ချင်းရေ...... ဟုတမ်းတကာ အဝေးမှ ညည်းညူရင်ဖွင့်ရေးသားလိုက်သည့်ဟန် စာအစောင်စောင်များကြောင့် သူမ၏ ဘဝကားချပ်မြင်ကွင်းများကို မြင်ယောင်ပြီး ရင်းနှီးနွေးထွေးလာရသည့် ခံစားချက်ရသကို ရရှိနိုင်မည်ဖြစ်သည်။ လင်းလွန်းခင် စာပေမှ တန်ဖိုးကျပ် ၃၀၀၀ ဖြင့် စီစဉ် ထုတ်ဝေလိုက်သည်။



Asian Fame Media Group




### ကလောင်စုံ- WisdomHouse စိတ်ကြိုက်မဂ္ဂဇင်း ဝတ္ထုရှည်များ ၂

Wisdom House ၏ ၆၃ အုပ်မြောက် ထုတ်ဝေလိုက်သည့် 'စိတ်ကြိုက်မဂ္ဂဇင်းဝတ္ထုရှည်များ - ၂'သည် ဖန်တီးသူ၏စိတ်ကူးနှင့် ရွေးချယ်သူ၏ နှလုံးသားပေါင်းစပ်ထားသည့် စာပေပန်းပုလက်ရာများပင်ဖြစ်သည်။ ဆရာကြည်မင်း၊ ဆရာနေဝင်းမြင့်၊ ဆရာဦးဆွေ (ဒဿနိက)၊ ဆရာမာန် (တောင်လုံးပြန်)၊ ဆရာမနတ်မောက် (အနီချို)၊ ဆရာမခင်လှိုင်ကြူ၊ ဆရာမ ရွှေသဥ္စာ၊ ဆရာမ ခင်မြဇင်၊ ဆရာမ တက္ကသိုလ်မြစိမ်းတို့၏ ဝတ္ထု ရှည်များကို ကွယ်လွန်ခဲ့ပြီဖြစ်သော ဆရာမတက္ကသိုလ်မြစိမ်း ကိုယ် တိုင်၏ အပြောစကားမှအပ ကျန်ဆရာ၊ ဆရာမများ၏ ဖန်တီးရေးသားဖြစ်ခဲ့ပုံ စိတ်ကူးနှင့်စေ့ဆော်ချက်များပါ ထည့်သွင်းဖော်ပြထားသည်။ ချစ်လို့ကို ချစ်ရသည့် အကြောင်းအရင်းကို သိခွင့်ရကြမည် ဖြစ်သလို ဘဝ၏ကတိများ အတိုင်း လျှောက်လှမ်းရန် တာဝန်ကိုကျေပွန်ခဲ့သူ နှင်းမြအေး၏ ဇွဲသတ္တိကိုလည်း မြင်တွေ့ရမည်။ ထို့အတူ ပရိမ္မအရပ်တွင် ကျန်ရစ်ခဲ့သူ မိန်းမသားတစ်ဦး၏ ရင်တွင်းဝေဒနာကို မှန်းဆအခြေပြုလာသော ရေပြာစမ်းမှလွမ်းပုံပြင် အစရှိသည့် ရသအသွေးရင့်ရင့်စာများကို ဖတ်ရှုခံစားကြရမည်ဖြစ်သည်။ တန်ဖိုး ၂၅၀၀ကျပ်ဖြစ်သည်။



### ညိုသစ်ငယ် - ဒီမိုကရေစီခေတ် သတင်းထောက်ပညာ

ပေါ်ပြူလာ စာပေအနုပညာ ဂျာနယ်၏ ဒုအယ်ဒီတာချုပ်လည်းဖြစ်သူ ကဗျာဆရာ ညိုသစ်ငယ်၏ ဆည်းပူးလေ့လာခဲ့သမျှ သတင်းပညာရပ်များကို စုစည်းတင်ဆက်လိုက်သော စာအုပ်ဖြစ်သည်။ အပိုင်း ၄ ပိုင်း ခွဲခြားတင်ပြထားကာ သတင်းဟူသောဖွင့်ဆိုချက်မှစ၍ သတင်းရေးသားခြင်း၊ သတင်းဓာတ်ပုံရိုက်ကူးခြင်း၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များအဆုံး စုံလင်စွာဖော်ပြထားသည်။ K Moe Media မှ စီစဉ်တင်ဆက် လိုက်ခြင်းဖြစ်သည်။ တန်ဖိုးမှာ - ၁၅၀၀ ကျပ် ဖြစ်သည်။



### မိုးဝေ - ဘောလ်ဇက်၏ တိုးတိုးပုံပြင်

**စာမူခွင့်ပြု - ၄၀၀၄၀၁၀၅၁၂**

ကမ္ဘာ့ဂန္ထဝင်စာပေစာရင်းတွင် တွင်သွင်းခံခဲ့ရသော စာအုပ်ဖြစ်သည့် ပြင်သစ်စာရေးဆရာ အော်နော်ရဒီဘောလ်ဇက်၏ Droll Stories ကို ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ ပြင်သစ်စာပေ သမိုင်းဝင်ဖြစ်ခဲ့သော ဤစာအုပ်တွင် အတိတ်ခေတ်က ပြင်သစ်လူနေမှုစနစ်၏ နန်းတွင်းအရှုပ်အထွေး ဘာသာရေးပုဂ္ဂိုလ်တို့၏ အတွင်းအပ စရိုက်တို့ကို ရဲရဲတင်းတင်းဖော်ထုတ်ထားသည်။ ဘောလ်ဇက်၏ မူရင်းလက်ရာကို မထိတွေ့နိုင်စေကာမူ ပြောင်မြောက်သော ဘာသာပြန်ဆိုချက်ကြောင့် ၁၇-၁၈ ရာစုများက ပြင်သစ်လူမှုဝဲဂယက်တွင် ကိုယ်တိုင်မျောပါခံစားကြရမည်ဖြစ်သည်။ လင်းယုန်စာပေမှစီစဉ်ကာ တန်ဖိုးကျပ် ၃၅၀၀ ဖြင့် ထုတ်ဝေလိုက်သည်။



### မင်းဝေဟင်- အခွံကလေးတွေ ဝတ္ထုတိုစု

**စာမူခွင့်ပြု - ၅၀၀၄၉၈၀၆၁၂**

ဆဋ္ဌမအကြိမ်မြောက် ရွှေအမြုတေ စာပေဆုရ စာရေးဆရာ မင်းဝေဟင်၏အခွံကလေးတွေ ဝတ္ထုတိုစုတွင် စာရေးဆရာ မင်းဝေဟင်၏လက်ရာ ဝတ္ထုတို ၂၁ ပုဒ် စုစည်းထားသည်။ လောကသံသရာတစ်ခွင်မှ နိမ့်မြင့်တက်ကျ ဘဝဇာတ်ကြောင်းစုံအဖုံဖုံကို ရှုထောင့်အသွယ်သွယ်မှ ဖော်ကျူးထားသောကြောင့် ရသစုံခံစားရမည်ဖြစ်သည်။ ဘဝရေစက်အမြစ်တွယ်လာပုံချင်း မတူကြသည့် ကွာဟချက်ကို 'အခွံကလေးတွေ'၊ ခေတ်၏ တွန်းတိုက်ရွေ့လျားမှုတွင် ပွန်းပဲ့ထွက်လာသော အဖွတ္တသန္တာန်များအကြောင်းကို 'အစိမ်းရင့်ရင့်ဆူး'၊ 'ကောင်းကင်တို့ရဲ့ ကောက်ကြောင်း' တို့တွင် ဖတ်ရှုခံစားကြရမည်ဖြစ်ပြီး ဘဝအကြောင်း ပြောင်မြောက်သော သရော်ချက်များကို 'တစ်ခါတုန်းကတော့ ရွှေကလေးတွေ'နှင့် 'ပျို့တို့လင် ရှင်မချစ်ရင် ပစ်ခဲ့တော့ကွယ်' ၌ တွေ့မြင်ကြရမည်။ ပိတောက်ရနံ့စာအုပ်တိုက်မှ တန်ဖိုး ၂၅၀၀ ကျပ်ဖြင့် ထုတ်ဝေလိုက်ပြီဖြစ်သည်။



### ကလောင်စုံ - ရွှေအမြုတေ၏ ရွှေဆုရများ

**စာမူခွင့်ပြု - ၅၀၀၁၀၇၀၂၁၂**

ရသစာပေကောင်းများကို အမြတ်တနိုး စုဆောင်းထုတ်ဝေလေ့ရှိသော ကုံ့ကော်ဝတ်ရည်စာပေ၏ စီစဉ်ဖန်တီးမှုဖြင့် ထွက်ပေါ်လာသော စာအုပ်ဖြစ်သည်။ ရွှေအမြုတေဆုပေးပွဲများတွင် ရရှိခဲ့ကြသော ရွှေဆုရှင် ဆရာ၊ ဆရာမများ၏လက်ရာ ဝတ္ထုတိုများကို ရှာဖွေစုဆောင်းထားခြင်း ဖြစ်သည်။ ရွှေဆုရှင်များ၏ စိတ်ကြိုက်ရွေးချယ်ချက်၊ မဂ္ဂဇင်းပေါင်းစုံ၏ စာမျက်နှာ များထက်မှတွေ့ရှိချက်များနှင့်အတူ ဖန်တီးချက်အသစ်များလည်းပါဝင်သည်။ ဆရာဖေမြင့်၊ ဆရာဇော်ခိုင်ဦး၊ ဆရာမြေလတ်မောင်မြင့်သူ၊ ဆရာ မာန် (တောင်လုံးပြန်)၊ ဆရာမ မသီတာ (စမ်းချောင်း)၊ ဆရာမ ချောအိမာန် (မန္တလေး)၊ ဆရာမ မီမိုးအစရှိသော ဆရာ၊ ဆရာမ ၂၃ဦး၏ ဝတ္ထုတိုများကို ဖတ်ရှုခံစားကြရမည်။ စာအုပ်တန်ဖိုးမှာ ကျပ် ၂၃၀၀ ဖြစ်သည်။

Asian Fame Media Group



Asian Fame Media Group
af MEDIA GROUP



ဆေးဝါး

# ရေကိုစည်းခြား ။ ။ အကြားမထင်

ဝတ္ထုတိုရသ

"ကိုကျင်တင် ဆုံးပြီ"

အပြင်က ပြန်လာသော ကျွန်တော့်ကို သောက်ရေဖန်ခွက် ကမ်းပေးရင်းနှင့် ဇနီးဖြစ်သူက ပုံမှန်လေသံအတိုင်းပင် ပြောလိုက်သည်။ သာမန်အဖြစ်အပျက်တစ်ခု မဟုတ်သော်လည်း ထိုစကားတစ်ခွန်းသည် ကျွန်တော့်ကို ထူးခြားသောခံစားမှု တစ်စုံတစ်ရာကို မပေးစွမ်းနိုင်ဟု ကျွန်တော် ထင်လိုက်မိသည်။ ဇနီးသည်ကရော ထိုအကြောင်းကို မည်သည့်ရည်ရွယ်ချက်မျိုးဖြင့် ကျွန်တော့်ကို ပြောပြလိုက်သလဲ။ စိတ်မကောင်းခြင်းနဲ့လား။ ဝတ်ကျေတမ်းကျေလား။ ထိုအသုဘသို့ သွားစေချင်သော ဆန္ဒနှင့်လား။ ကျွန်တော်ကရော ကိုကျင်တင် သေဆုံးမှုနှင့်ပတ်သက်ပြီး အမှန်ပင် စိတ်မကောင်းဖြစ်မိရဲ့လား။ မည်သည့်တစ်ခုမျှ မသေချာ။ လတ်တလောတွင် ကိုကျင်တင်နှင့် ပတ်သက်သည့် ခံစားမှုတိတိပပမရှိခြင်းကိုတော့ ကျွန်တော် အတိအကျပြောနိုင်သည်။

"ဒီနေ့ညနေ ၃ နာရီကို အသုဘပို့ တဲ့။ ကိုအေးငွေတို့ကတောင် သည်ပဲ။ မည်သည့်အတွက်ကြောင့် ကျွန်တော် ချက်ချင်းထွက်လာခဲ့သည်လဲ။ ကျွန်တော် မသွားလျှင်လည်း မည်သူကမျှ အပြစ်တင်ပြောဆိုမည် မဟုတ်မှန်းသိသော်လည်း ထိုအိမ်သို့ ကျွန်တော့်စက်ဘီးကို ဦးတည်နေမိသည်။ တကယ်ဆိုလျှင် ကျွန်တော်ရလာသော ပိုက်ဆံကို ဇနီးသည်ဖြစ်သူကို ရေတွက်ပြီး အပ်ခဲ့သင့်သည်။ ကျွန်တော် နောက်ထပ်လက်ခံလာသော ခရီးစဉ်အကြောင်းကို ဇနီးသည်ကို ပြောပြခဲ့သင့်သေးသည်။ ကျွန်တော့်အတွက် သူတကူးတက ချက်ပြုတ်ထားသော နေ့လယ်စာကို စားခဲ့သင့်သည်။ ကျွန်တော်အပြင်ကို သွားခဲ့စဉ်က ဝတ်သွားသောလုံချည်နှင့် အင်္ကျီကို လဲလှယ်ဝတ်ဆင်သင့်ခဲ့သေးသည်။

"ဟာ . . . ဒီစက်ဘီးတော့ သေတော့မှာပဲ"

ဇီဇဝါလမ်းထဲမှ ထွက်လာသော ကကတစ်စီးကို မမြင်ဘဲ ကျွန်တော် စက်ဘီးကို ကွေ့ဝင်လိုက်ချိန်တွင် ကားသမား၏ အယုတ္တ၊ အနတ္တသည် ကျွန်တော့်နားဆီသို့ လွင့်ပျံလာသည်။ အထူးတလည် ဂရုစိုက်မနေ

ရှင့်ကို စောင့်နေသေးတယ်။ အခုလေးမှပဲ သူတို့တွေ ထွက်သွားကြတာ"

အိမ်အောက်ကို ပြန်ဆင်းကာ ဖရီးဇင့်စက်ဘီးကိုထုတ်ပြီး ဇီဇဝါလမ်းဘက်ကို ထွက်လိုက်မိသည်။ ထိုလမ်းထဲတွင် လူချမ်းသာ ကိုကျင်တင်တို့အိမ် ရှိသည်။ မည်သည့်ရည်ရွယ်ချက်ကြောင့် ထိုအိမ်သို့ သွားသနည်း။ ကျွန်တော်မပါလည်း ထိုအလောင်းသည် ပြာကျသွားနိုင် တော့ဘဲ ကျွန်တော်သွားလိုသော အိမ်သို့သာ စိတ်လောနေမိသည်။ လမ်းထိပ်အဝင်တည်းက ခြံအမှတ် ၁၈ နားတွင် ဘီအမ်ကားများ တန်းစီထားသည်ကို လှမ်းမြင်ရသည်။ ကျွန်တော်မရောက်ဖြစ်သော နှစ်နှစ်အတွင်းတွင် ဇီဇဝါလမ်းသည် သိသိသာသာကို ပြောင်းလဲသွားသည်။ သစ်သားတိုင်လေးများကို ခြံစည်းရိုးကာထားသော ကျွန်တော်တို့ခြံ . . . ဟင့်အင်း. . . မဟုတ်ဘူး

Asian Family Media Group

ကိုကျင်တင်တို့ခြံသည် ယခုတော့ သွပ်ဆူးကြိုးများ ခတ်ထားသည်။ ခြံအဝင်ဝတွင် ရှိခဲ့ဖူးသော စံပယ်ပန်းရုံလေးအစား ပန်းအိုးနှင့်ထည့်စိုက်ထားသော တရုတ်နှင်းဆီတို့ကနေရာယူထားကြသည်။ "ကိုကျင်တင် အသက် ၄၀ နှစ်" ဆိုသော စာရွက်လေးများကို ဟိုတစ်ရွက် ဒီတစ်ရွက် တွေ့လိုက်ရသည်။ တော်တော့်ကို ငယ်သေးသည်။ လူ့ဘဝထဲတွင် သူနှစ်သက်သော ဆက်ရက်မင်းစည်းစိမ်ကို အပြည့်အဝခံယူနိုင်သေးသော အရွယ်ဖြစ်သည်။ ယခုတော့ . . .။ အင်းလေ သူလည်း ထိုက်သင့်သလောက်တော့ ခံစားသွားပြီးပြီပဲ။

ခြံထဲသို့ ရောက်သောအချိန်တွင် ပထမဆုံး မျက်နှာချင်းဆိုင်ရသူသည် ကျွန်တော့်မရီးအငယ် မြသန္တာဖြစ်သည်။ တာလပတ်များကို ကာထားသည့် မဏ္ဍပ်ထဲမှထွက်လာသော မရီး၏မျက်နှာသည် အသုဘရှင်မှန်းသိလောက်အောင် နွမ်းဖတ်နေသည်။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မိသောအချိန်တွင် . . . . . .

"ကိုငယ့်ကို ကိုကျင်တင်က မှာခဲ့တယ်။ ဒီအိမ်ကို ဈေးဖြတ်ပြီးရင် လေးပုံတစ်ပုံတော့ ယူပါတဲ့။ ကျန်တာတွေကတော့ . . ."ကျွန်တော် ခေါင်းကို ခပ်သွက် သွက်ခါ ပြလိုက်သည်။ ကျွန်တော်လာခဲ့ခြင်းသည် အမွေယူရန်လာခဲ့ခြင်းမဟုတ်။ ကျွန်တော်နှင့်မဆိုင်ဟု သတ်မှတ်ထားသော ရပိုင်ခွင့်အတွက် ကျွန်တော့်ကိုယ် ကျွန်တော် လိပ်ပြာသန့်ချင်သည်။ သို့သော် ကျွန်တော်ရောက်လာခြင်းသည် မတော်တဆတိုက်ဆိုင်ပုံမျိုးတော့ မဟုတ်တန်ရာ။ နောက်ဆုံးခရီး။ ဟုတ်သည်။ ကိုကျင်တင်၏ နောက်ဆုံးခရီးအတွက် ကျွန်တော်သည် ခံစားချက်ကင်းမဲ့စွာဖြင့် ခပ်သုတ်သုတ်လာခဲ့ခြင်းဖြစ်သည်။ တစ်နေ့တာလုံး အပူရှိန်ကောင်းကောင်းနှင့် တောက်လောင်ခဲ့သော နေ၏ဝင်ရောက်ပျောက်ကွယ်တော့မည့် နောက်ဆုံးအချိန်ကို မြင်ရန်အတွက်သာ လာခဲ့ခြင်းဖြစ်လိမ့်မည်။

အသုဘအိမ်သို့ လာကြသူတိုင်းသည် ကျွန်တော့်ကိုမြင်သောအခါ



"အသက်ရှင်လျက်နဲ့ နေပြီး
ကိုယ့်စိတ်ပျော်ရာကို မလုပ်ရတာက
လောက ငရဲပဲကွ။
ကိုယ့်စိတ်ချမ်းသာရာကို
သိရဲ့သားနဲ့မလုပ်ရရင်၊
ကိုယ်ချမ်းသာရာကို သိရဲ့နဲ့
မျိုသိပ်ထားရတဲ့ ဝဋ်ဒုက္ခထက်
ပိုဆိုးတာဘာမှမရှိဘူး။ တရားမျှတတာ၊
မမျှတတာ အသာထားကွာ၊
ငါတော့ရှင်လျက်နဲ့
ငရဲမကြီးချင်ဘူး"

တွင် "ကိုငယ်လာသလား" ဆိုသော စကားတစ်ခွန်းကိုသာ ဆိုကြသည်။ သူတို့မျက်လုံးများထဲတွင် အံ့ဩဟန်ပါသည်။ စပ်စုလိုဟန်ပါသည်။ မေးမြန်းချင်ဟန်ပါသည်။ ထိုမျက်လုံးများကို ကျော်ခိုင်းပြီး ခြံထောင့်ရှိကိုအေးငွေတို့ဝိုင်းသို့ ခြေဦးလှည့်လိုက်မိသည်။ အိမ်ပေါ်မတက်တော့ဘူးလားဟု မေးသံကြားလိုက်သော်လည်း ပြန်မဖြေမိ။ ကော်ထိုင်ခုံကို ဆွဲယူထိုင်လိုက်ပြီး ဧည့်ခံထားသော ကွာစေ့လှော်ကိုသာ အကြောင်းမဲ့ အခွံခွာနေလိုက်မိသည်။ ရေနွေးကြမ်းကို တစ်ခွက်ပြီးတစ်ခွက် ငှဲ့သောက်ရင်း ကျွန်တော်ရင်းနှီးခဲ့သော ပတ်ဝန်းကျင်ကို သူစိမ်းတစ်ယောက်လို လေ့လာနေမိသည်။

ကျွန်တော်စက်ဘီးကို ဒေါက်ထောက်ပြီး ရပ်လိုက်သောနေရာသည် အဖေစာဖတ်နေကျ နေရာဖြစ်သည်။ ကျွန်တော်တို့ ညီအစ်ကို နှစ်ဦး စာပြန်ဆိုရာ နေရာလည်းဖြစ်သည်။ မလှမ်းမကမ်းရှိ ဒန်းဆင်ထားသောနေရာတွင် ကျွန်တော်တို့ ဂိုးတိုင်လုပ်ဖူးသည်။ စကားနိုင်လုပြောဖူးသည်။ ယခုထိုနေရာတွင် ဆလွန်းကားဖြူလေးတစ်စီး ရပ်ထားသည်။ အတော့်ကို ပြောင်းလဲသွားသည်ပဲ။ ကျွန်တော်နှင့် မသက်ဆိုင်ဖြစ်သွားသောကာလတည်းက ခြံအမှတ် ၁၈ သည် အတော့်ကို တိုးတက်သွားသည်ပဲ။ ယခုကဲ့သို့ ကြီးပွားတိုးတက်လာခြင်းသည် ကိုကျင်တင်ကြောင့်လား။ သို့မဟုတ် မခင်စန်းကြောင့်လား။ ဟင့်အင်း။ ကျွန်တော် ဘာကိုမျှထပ်မစဉ်းစားချင်တော့။ ကျွန်တော်နှင့် မသက်ဆိုင်သော ကိစ္စများကို တွေးတောမနေတော့ဘဲ အသုဘပို့မည့်ကားတစ်စီးပေါ်သို့သာ တက်လိုက်မိသည်။

"ဘီပိုးကြောင့်မလား"

"အသည်းခြောက်တာဆို"

"ကုန်းရုန်းရှာပြီး နောက်ဆုံးတော့လည်း ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားတာပဲ"

"မယား နှစ်ယောက်တော့ အဖတ်တင်ကျန်တာပေါ့"

နာရေးကိုလာရင်းနှင့် သေသူအကြောင်းကို အမနာပပြောဆိုနေသူတို့သည် ကိုကျင်တင် သိပ်အထင်ကြီးခဲ့သော အပေါင်းအသင်းများဖြစ်သည်။ ကိုကျင်တင်သည် ထက်မြက်သော ယောကျ်ားတစ်ယောက်ဖြစ်သည်။ လုပ်ရည်ကိုင်ရည်ရှိသည်။ ညီအစ်ကိုချင်းအတူတူ ကျွန်တော်က အူသည်။ အသည်။ ဉာဏ်ထိုင်းသည်။ အဆိုးဆုံးအချက်မှာ ကျွန်တော့်အိတ်ထဲတွင် ပိုက်ဆံအနည်းငယ်ရှိရုံဖြင့် ကျေနပ်တင်းတိမ်နေတတ်သည်။ နောက်တစ်နေ့အတွက်ကို ကျွန်တော် တစ်ခါမျှ ကြိုမတွေး။ ထိုသို့မတွေးတတ်သော ကျွန်တော်သည်တက္ကသိုလ်တက်နေစဉ် ဒုတိယနှစ်တွင်ပင် မိန်းမယူခဲ့သည်။ စိတ်ဆိုးနေသော အဖေ့ကို မျက်နှာချင်းဆိုင်ရန် ကြောက်သောအကြောင်းပြချက်တစ်ခုတည်းဖြင့် သူငယ်ချင်းတို့အိမ်တွင် ကပ်နေခဲ့သည်။ ထိုမှသည် အလုပ်လုပ်ရန်လွယ်သည်ဆိုသော ထားဝယ်သို့ လင်မယား နှစ်ယောက် ရောက်သွားခဲ့သည်။

ကျွန်တော်တို့ ရန်ကုန်ပြန်ရောက်လာသောအချိန်တွင် ကိုကျင်တင်တွင် မိန်းမရှိနေပြီ။ ဖြစ်စဉ်ကတော့ ရိုးရှင်းသည်။ ထက်မြက်သည်ဆိုသော ကိုကျင်တင်သည် အစားခံလိုက်ရသော ကင်းတစ်ကောင် ဖြစ်သွားသည်။ ကျွန်တော့်မိဘများက ကိုကျင်တင် ယူလာသော မခင်စန်းကို သိပ်ပြီးတော့ သဘောတကျမရှိကြောင်းကိုလည်း ကျွန်တော် ပြန်ကြားရသည်။ အိမ်ပွဲစားလိုလို၊ အထည်ရောင်းသူလိုလိုနှင့် ဈေးထဲတွင် အမျိုးသားများနှင့် ထွေးရောယှက်တင်နေတတ်သည်။ ပွဲစားလုပ်ချင်သော ကိုကျင်တင်နှင့် ပွဲစားယောင်ယောင် မခင်စန်းတို့ တွေ့ဆုံသည်။ နောက်တော့ မခင်စန်း အိမ်



Asian Fame Media Group

ကို ပါလာသည်။ ကိုကျင်တင် တစ်ယောက် အရက်သောက်တတ်လာသည်။ လောင်းကစားလုပ်တတ်လာသည်။ လင်မယားနှစ်ယောက် ဒိုးတူပေါင်ဖက် ဝိုင်းသွားတတ်လာသည်။ ကြားရသမျှ နားဝမှာ မသက်သာသော်လည်း သူတို့တွေ ကြွယ်ပိုးကြွယ်ဝ ဖြစ်နေသည်မှာတော့ ကျွန်တော့်မျက်မြင်။

ကျွန်တော်တို့လင်မယား ပြန်လာချိန်တွင် ထိုအိမ်တွင် အမေတို့ မရှိတော့။ အမေ့အိမ် မဟုတ်တော့။ ကိုကျင်တင်၊ မခင်စန်းတို့အိမ် ဖြစ်နေပြီ။ ကျောချစရာ နေရာလေးကို တောင်မှ ကျွန်တော်တို့ မျှော်ငေးခွင့် မရတော့။ အမေ့အိမ်နှင့် သုံးရပ်ကွက် အကျော်လောက်က ကန်ဘဲ့တွင် ကျွန်တော်တို့ အိမ်ငှားနေရသည်။ ကိုကျင်တင် ကားပိုင်နေချိန်တွင် ကျွန်တော်က အငှားကားမောင်းသမား ဖြစ်သွားပြီ။ အဆင်ပြေရဲ့လား ဆိုသော စကားတစ်ခွန်းကိုမျှ မဟ။ ကျွန်တော်တို့ကို မသဒ္ဓါသော်လည်း မိန်းမချောများကို တော့ ကိုကျင်တင် သဒ္ဓါတတ်လာသည်။ မြို့ပတ်ပြီး အငှားကားဆွဲနေရသော ကျွန်တော်နှင့် ကိုကျင်တင် မကြာခဏ ဆုံဖြစ်သည်။ ကိုကျင်တင်သည် အရောင်စုံ လာတတ်ပြီ။ ခပ်ငယ်ငယ်က ကိုကျင်တင် ကျွန်တော့်ကိုပြောပြဖူးသော အကြောင်းကို မကြာခဏ သတိရတတ်လာသည်။

"အသက်ရှင်လျက်နဲ့ နေပြီး ကိုယ် စိတ်ပျော်ရာကို မလုပ်ရတာက လောကငရဲပဲကွ။ ကိုယ့်စိတ်ချမ်းသာရာကိုသိရဲ့သားနဲ့ မလုပ်ရရင်၊ ကိုယ်ချမ်းသာရာကိုသိရဲ့နဲ့ မျိုသိပ်ထားရတဲ့ ဝဋ်ဒုက္ခထက်ပိုဆိုးတာ ဘာမှမရှိဘူး။ တရားမျှတတာ၊ မမျှတတာ အသာထားကွာ၊ ငါတော့ ရှင်လျက်နဲ့ ငရဲမကြီးချင်ဘူး"

ထိုငရဲကို လွန်ခဲ့သော ၂ နှစ်က ကျွန်တော် မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရသည်။ ထိုနှစ်က အိမ်က သားအငယ် အပြင်းအထန် နေမကောင်းဖြစ်သည်။ ကျူးကျော်ရပ်ကွက်ထဲက ကျွန်တော်တို့ငှားနေသော အိမ်ကို ဖယ်ပေးရသည်။ စပေါ်တင်ပြီး နောက်ထပ်တစ်အိမ် ပြောင်းရသည်။ လက်ထဲတွင် ငွေမရှိ။ ပေါင်နှံရောင်းချစရာဆို၍ မိန်းမနားက နားကပ်ပါးပါးလေးသာ ကျန်ခဲ့သည်။ အားငယ်နေချိန်ဆိုတော့ အားကြီးသူကို အမှီပြုချင်သည်။ ဆိုရရင် ကျွန်တော် ကိုကျင်တင်တို့အိမ် ရောက်သွားခဲ့သည်။

"ဘာကိစ္စရှိလို့လဲ ကိုငယ်" ဆိုသောစကားကို ဆိုဖာထိုင်ခုံပေါ်က မထဘဲမေးခဲ့သည်။ ကျွန်တော် ပိုက်ဆံလိုကြောင်း ပြောသောအခါတွင် ပိုက်ဆံ ငါးသောင်းထုတ်ပေးပြီး "အမေတို့က သေတဲ့အထိ မင်းတို့ကို စိတ်ဆိုးနေတာ။ မင်းရှက်တတ်မယ်ဆိုရင် ဒီအိမ်အရိပ်ကိုတောင် မနင်းသင့်ဘူး။ ပြီးတော့ မင်းအဆင်မပြေတိုင်း ငါ့ဆီကို မလာနဲ့။ ငါလည်း တွင်းထဲက နှိုက်ထုတ်ထားရတာ မဟုတ်ဘူး။ ပိုက်ဆံရှာရတာ ဘယ်လောက်ခက်တယ်ဆိုတာ မင်းသိတယ်မလား။ အေး . . သုံးရင်လည်း ကိုယ့်အတိုင်း အထွာလေးနဲ့ ချင့်ချိန်သုံးမှပေါ့"

ကျွန်တော် ရှက်တတ်ချင်ပါသည်။ သားလေးသာ နေကောင်းနေမည်ဆိုလျှင် ထိုအိမ်သို့ ကျွန်တော် ရောက်မည်မဟုတ်။ ရောက်ခဲ့လျှင်လည်း ထိုသို့အပြောခံရပါက ကျွန်တော် ရှက်ရှက်နှင့် ထိုပိုက်ဆံကို ထားခဲ့ပါမည်။ သို့သော် ငါးရာတန် ခပ်နွမ်းနွမ်းလေး တစ်အုပ်သည် ကျွန်တော့်သားလေးအတွက် အာဟာရဖြစ်နိုင်သည်။ အဖေတစ်ယောက်၏ အောက်ကျို့ခြင်းမျိုးဖြင့် ကျွန်တော် ယူခဲ့မိသည်။ ကျွန်တော်တို့အကြောင်းကို သိနေသော ကိုအေးငွေတို့ကတော့ စိတ်ဆိုးကြသည်။ ငယ်စဉ်က ကျွန်တော့်အပေါ်တွင် ကောင်းခဲ့သလောက် ယခုအခါတွင် ပြောင်းလဲသွားသော ကိုကျင်တင်၏ စိတ်ထားကို အံ့ဩမဆုံး။ "ဒေါ်လေးတို့က မင်းတို့ကို စိတ်ဆိုးတာ ခဏပါကွာ။ သူတို့လင်မယားသာ အရှက်မရှိ" ဆိုသောစကားကို နောက်ကွယ်တွင်သာ ပြောဖြစ်ခဲ့သည်။ ကိုအေးငွေကိုယ်တိုင်လည်း အရေးပေါ် ငွေလိုသည့် အခါတိုင်း ကိုကျင်တင့် ထံမှသာ ချေးငှားသုံးနေရသည် မဟုတ်ပါလား။

ထိုနေ့မှစပြီး ဇီဇဝါလမ်းနှင့် ကျွန်တော် ဝေးကွာသွားခဲ့သည်။ မည်သို့သော အကြောင်းကိစ္စရှိရှိ ကျွန်တော် အံကြိတ်ခံလိုက်သည်။ လူမရောက်သော်လည်း သတင်းများက ရောက်ရောက်လာသည်။ အများစုမှာ မကောင်းသော သတင်းစကားများသာ ဖြစ်သည်။ နောက်နှစ်တွင် ကိုကျင်တင် မိန်းမတစ်ယောက် ထပ်ယူလိုက်သည် ကြားသည်။ ယခင် ကျွန်တော်တို့ အိမ်ခြေရင်းမှာ နေသွားသော မြသန္တာနှင့်တဲ့။ မခင်စန်းသည်လည်း ကိုကျင်တင့်ကို မထိန်းနိုင်တော့သည့်အဆုံး လက်မြှောက်ထားလိုက်ရသည်။ မယားကြီး၊ မယားငယ် တစ်အိမ်တည်းထားသည် ပြောသည်။ ဟိုတစ်လောက နေမကောင်းဖြစ်သည် ကြားသည်။ ခဏတစ်ဖြုတ်ဖြစ်သည်ဟုပဲ ထင်လိုက်မိသည်။ ယခုလောက် အခြေအနေဆိုးမည်ဟု မထင်မိ။ ယခု . . . ။

"သေတယ်ဆိုတာဟာ လေယာဉ်တစ်စီးကနေ နောက်တစ်စီးကို ပြောင်းစီးသလိုပါပဲ . . ."တဲ့။

ကိုကျင်တင်ကတော့ တစ်စီးပြောင်းစီးသွားသည်။ သူ အရင်စီးခဲ့သောစက်သည် ကောင်းခဲ့လား၊ မကောင်းဘူးလား။ ကျွန်တော် မခန့်မှန်းတတ်။ လူတစ်ယောက် ပျောက်ကွယ်သွားပြီးသည့် နောက်တွင် တခြားလူများက အချိန်ကာလ မည်မျှကြာကြာ သတိရနေနိုင်သနည်း။ အလွန်ဆုံးကြာလှ တစ်နှစ်ပေါ့။ ထို့ထက်တောင်မှ နည်းလျှင် နည်းပါလိမ့်ဦးမည်။ သူပြုခဲ့သော ကောင်းမှု၊ မကောင်းမှုများကတော့ အကြောင်းတိုက်ဆိုင်တိုင်း ပြန်လည်အမှတ်ရနေဦးမည်။ ကျွန်တော့်စိတ်ထဲတွင် သို့မဟုတ် ကျွန်တော်တို့ မိသားစုစိတ်ထဲတွင် ကိုကျင်တင်သည် မည်သည့်ပုံစံမျိုးနှင့် ကျန်ရစ်ခဲ့မည်ကိုတော့ ကျွန်တော် မခန့်မှန်းတတ်သေး။ ကျွန်တော်၏ ပျံ့လွင့်နေသော အတွေးသည် အသံတစ်ခုကြားတော့မှ ပြန်လည်စုစည်းမိသွားသည်။ အသံ . . . ထိုအသံ။

ရေအိုးကို ရိုက်ခွဲလိုက်သော အသံ။

အိခနဲ ရှိုက်သံထွက်ငိုလိုက်သော ကိုကျင်တင်၏ ဒုတိယမြောက်ဇနီးလေး မြသန္တာအသံ။

ကိုကျင်တင်ကို လှမ်းပေးထားသော အဝတ်အစားများကို ပွေ့ပိုက်ရင်း ငိုင်နေသော မရီးကြီး။

တချို့သူတွေ၏ စုတ်သပ်သံ၊ တချို့သူများ၏ လက်သိပ်ထိုး ရှိုက်သံ။

ကျွန်တော့် ခြေလှမ်းများကတော့ ထိုအသွင်သဏ္ဍာန်တို့နှင့် ဝေးကွာရာအရပ်သို့ အလိုလိုဦးတည်လိုက်မိသည်။

အပြင်ဘက် ကားများရပ်ထားရာနေရာသို့ အရောက်တွင် စိတ်မှတ်မဲ့စွာဖြင့် ကောင်းကင်ဆီသို့ ကျွန်တော် မော့ကြည့်လိုက်မိသည်။

မီးခိုးခေါင်းတိုင်မှ လိပ်ခနဲထွက်လာသော မီးခိုးငွေ့များကြားတွင် ကျင်တင့်ကို ကျွန်တော် ရှာဖွေမိ၏။ ပြာနေသောကောင်းကင်ကို နောက်ခံထားလျက် မှုန်မှိုင်းနေသော အခိုးငွေ့များထဲတွင် ၁၀ နှစ်သား ကျင်တင်သည် ကျွန်တော်နှင့်အတူ ခွေလိမ့်နေသည်။ ကျောင်းတက်ဝတ်စုံ အစိမ်းရောင်ကိုဝတ်ထားပြီး ကျွန်တော်နှင့်အတူ ကျောင်းသွားနေသည်။ အမေ ထည့်ပေးလိုက်သော ထမင်းချိုင့်ကို နောက်ဆုံးတန်းတွင် အတူတူဖွင့်စားနေကြသည်။ ပုစွန်ထုပ်ကြီးတစ်ကောင်ကို ကျွန်တော်တို့ နှစ်ယောက်မျှစားနေသည်။ ကျွန်တော့်အင်္ကျီဖြူပေါ်က မင်စွန်းရာအကွက်ကြီးသည် သူလုပ်လိုက်ခြင်းကြောင့်ဖြစ်သည်ဟု ကိုကျင်တင်က အမေ့ကို ပြောပြနေသည်။ အိမ်ပြန်နောက်ကျသော ကျွန်တော့်ကို အဖေက လက်သီးနှင့်ထိုးချိန်တွင် ကိုကျင်တင်က ကြားထဲမှ ဝင်ခံပေးသောကြောင့် နှာခေါင်းမှ သွေးများ ယိုစီးကျလာသည်။

နောက်မှ ကားဟွန်းသံကြောင့် ကျွန်တော် လမ်းဘေးသို့ အလျင်အမြန်ဆင်းပေးချိန်တွင် ကျွန်တော့်ထံမှ မျက်ရည်စက်များဖျတ်ခနဲ လွင့်ခါသွားသည်။ အလို . . . ကျွန်တော့် မျက်ဝန်းအိမ်မှ မျက်ရည်များသည် အတားအဆီးမဲ့စွာ၊ အသိမဲ့စွာ၊ အရောင်ကင်းမဲ့စွာ စီးကျလျက်ပါလား။

**နှင်းနုလွင် (ဆေးဝါး)**

Asian Fame Media Group



Asian Fame Media Group
MEDIA GROUP



# ဦးလှ |ထူးကြီး|

ဝတ္ထုတိုရသ

## အိပ်မက်ချိုး

လုပ်တိုင်းသာဖြစ်မယ်ဆို လမ်းဘေးကခွေးတွေ မြင်းလုပ်ရောင်းတာကြာပေါ့လို့ ပြောတာ ဦးလှကြီးပဲ၊ အသက်ကြီးလာရင် လမ်းများများ လျှောက်ပေးရမယ် ဆေးများများသောက်ပေးရမယ် ဆိုတဲ့ သူ့အဘိဓမ္မာနဲ့သူ။

ရှင်းတယ်၊ ဦးလှကြီးတို့ကတော့ ရှင်းတယ်။ သေရမှာကို ကြောက်တယ်၊ သေရမှာကို အသေအလဲကြောက်တယ်၊ တရားသဘောတွေနဲ့ ရောထွေးမချချင်၊ လက်ကျန် ရက်စွဲကလေးတွေမှာတော့ သွားဖုံးမြုပ်အောင် ကိုက်သွားချင်သေးတယ်၊ စွမ်းနိုင်သရွေ့ကလေးပေါ့၊ မနုဿတ္တ ဘာဝေါဒုလ္လဘောတဲ့၊ လူ့အဖြစ်ဆိုတာ ရခဲတယ်ဆိုတဲ့နောက်တော့ ရသခိုက်ကလေးမှာ လကမ္ဘာယာဉ် မစီးဖူးချင်နေပါစေ ကိုယ့်ပတ်ဝန်းကျင် လက်လှမ်းမီသမျှ ကလေးကိုတော့ မသိလိုက်ရ မရှိစေရအောင်။

ဒါကြောင့် ကြုံသမျှ စုံအောင်လုပ်တယ်။

အလုပ်ကိုပြောတာ မဟုတ်ဘူး။

ဘာမှမလုပ်ဘဲ ဘာနဲ့စားနေသလဲလို့ ဦးလှကြီးကိုမေးရင် မှားပါတယ်။ ကားမမောင်းတတ်တဲ့ ဦးလှကြီးမှာ တက္ကစီတစ်စီးရှိတယ်၊ မိဘလက်ငုတ်လက်ရင်း စစ်စစ်ပါ။ မိဘတွေကသားလေးကို ထောင်နှုတ်ခမ်းနင်းပြီး ရှာစားရတဲ့ ကားမောင်းသမားအလုပ်ကို လမ်းကြောင်းမချဘဲ ကားတစ်စီး အိမ်တစ်လုံးအမွေပေးထားခဲ့ပြီး မျက်ကွယ်ပြုသွားကြတာ၊ ဦးလှကြီးကလည်း အခုအထိ တစ်ကိုယ်ရေတစ်ကာယ အေးချမ်းနေတုန်းပဲ။

ဟုတ်တယ်။

ဦးလှကြီးဆိုတာ ဒီရပ်ကွက်မှာ တစ်ခါမှ မင်္ဂလာမဆောင်ဖူးသေးတဲ့ လူပျိုကြီး။

◆

ဘာအတွက် အသက်ရှင်နေကြတာလဲလို့ မေးရင် ခက်ဦးမယ်၊ အမျိုးမျိုးပြောကြမှာပဲ။

ဦးလှကြီးကတော့ လူဖြစ်ပြီးနောက်ပိုင်းလူဖြစ်ကျိုးနပ်အောင်တော့ နေသွားရလိမ့်မယ်လို့မိန့်ပါတယ်။ သူပြောသလို သူကိုယ်တိုင်လည်း ဖြစ်အောင်နေတယ်။ ကောင်းကောင်းစားတယ်၊ ကောင်းကောင်းနေတယ်၊ လူဆိုတာကလည်း ကိုယ်လုပ်ချင်တာလုပ်နေရရင် ကောင်းနေတာပဲလေ။ အဲ ကောင်းကောင်းနေတယ်ဆိုတဲ့ နေရာမှာတော့ ဦးလှကြီးကိုယ်တိုင် စိတ်မချမ်းမြေ့တာတစ်ခုတော့ရှိတယ်။

ဘိုးစဉ်ဘောင်ဆက်အိမ်အိုကြီးကိုပြင်ဆောက်ချင်တာပဲ။

ဦးလှကြီး နေတဲ့အိမ်က သန်းခေါင်စာရင်းဝင် တစ်ယောက်တည်း ရှိတော့တယ်ဆိုတဲ့အခါကျတော့ တစ်ဆိတ် ကြီးလွန်းနေသလားလို့။ ကြီးမှာပေါ့၊ ပြည်တော်သာခေတ်က အိမ်ကြီးပဲဟာ သက္ကရာဇ်တွေ လက်ချိုးရေလို့ မနိုင်တော့တဲ့အခါကျတော့ သူ့ရဲ့ခံနိုင်ရည်သက်တမ်းက ဒိတ်လွန်နေပြီပေါ့၊ ဒီတော့လည်း ရွဲ့တဲ့နေရာက ရွဲ့၊ ပြိုတဲ့နေရာကပြို၊ ပျက်တဲ့နေရာက ပျက်နေပြီ။

ဒါကို သေးသေးသိမ်သိမ် တိုက်ခံအိမ်ကလေးလောက်တော့ ဦးလှကြီး ပြောင်းဆောက်ချင်နေတယ်။

ဒီခေတ်ဒီအခါအကြောင်းလည်း သိတယ်မဟုတ်လား၊ မလုပ်

လိုက်နဲ့ လှုပ်လိုက်တာနဲ့ မြုပ်သွားမယ်ဆိုတာမျိုး၊ ရှိတဲ့ကားလေးရောင်းပြီး ပြောင်းလဲပစ်မယ်ဆိုရင်တော့ ဖြစ်နိုင်ပါရဲ့၊ ဒါပေမဲ့ ရွှေကျောင်းပြောင်ပြောင်ဝမ်းခေါင်ခေါင် ဖြစ်သွားမယ့်ကိန်း၊ ထမင်းအိုး ကွဲသွားမှာလေ၊ ဒီလိုနဲ့ပဲ။

♦

အတွေ့အကြုံတွေ တောင်ပုံရာပုံဖြစ်နေကြောင်း လက်မထောင်တတ်တဲ့ အမျိုးအစားထဲမှာတော့ ဦးလှကြီးမပါဘူး။ နှစ်ပေါင်း ငါးဆယ် နီးပါးဖြတ်သန်းပြီး သကာလမှာတော့ ခေတ်တွေ ဘယ်နခေတ်လောက်မီလိုက်သလဲ မမေးပါနဲ့၊ ဒါတောင် အိမ်ထောင်မကျခဲ့ဘူးလားမေးရင် ဦးလှကြီးက သေသေသပ်သပ်နဲ့ ပြုံးပြပါလိမ့်မယ်၊ အဲဒီအပြုံးမှာ အဓိပ္ပာယ်တွေပျော်ဝင်နေပြီးသား၊ ပြီးရင် ပြောပါလိမ့်မယ်၊ အိမ်ထောင်ပြုတယ်ဆိုတာ တစ်ခါပဲ မိန်းမရတဲ့အလုပ်ကွလို့။ ကလေးကလား စကားတွေပါ။ ဒါပေမဲ့ တာသွားတယ်။

ပတ်ဝန်းကျင်ကလည်း မိန်းမလက်ဝယ်မရှိပေမယ့် ဦးလှကြီးကို ခေသူတစ်ယောက် မဟုတ်ဘူးရယ်လို့တော့ အသိအမှတ်ပြုပြီးသား၊ ဒီအရွယ်ရောက်တဲ့ထိ အမြီးမပေါက်တဲ့ မျောက်ရယ်လို့ ရှိကောင်းသလားလို့၊ တစ်နေရာရာမှာ ပေါက်ချင်ပေါက်နေမှာပေါ့လို့ အတွေးရောက်ပြီးသားပါ။

ဒါပေမဲ့ ဦးလှကြီးတို့ကတော့ ရှင်းတယ်၊

အခုထိ တစ်ပြားသားမှ မလျှော့တဲ့ လူပျိုကြီးပဲ။

အိမ်ထောင်တစ်ကြိမ်မှ မကျဖူးသေးရင် လူပျိုကြီးပဲလို့ဆိုတဲ့ နေရာမှာ ယိုပေါက်စိမ့်ပေါက်ကလေးတွေတော့ ရှိကောင်းရှိလိမ့်မပေါ့။ ပတ်ဝန်းကျင်ယဉ်ကျေးမှုအရ လျှော့ပါးသွားတာလား။ အဆန်းရယ်လို့ မဟုတ်ပါဘူးဆိုပြီး ဖော့တွေးကြတာကြောင့်လားရယ်တော့ မသိဘူး၊ ယခုအချိန်ထိ ဦးလှကြီးဘက်ကသာ ကမ်းလှမ်းလာမယ်ဆိုရင် လက်ခံစဉ်းစားမယ်ဆိုတဲ့ ခေတ်သိအမျိုးသမီးတွေရှိနေလေရဲ့၊ ဒီလိုနဲ့ ဦးလှကြီးက သူ့ကိုယ်ရေး ရာဇဝင်သူလှလှပပကြီး တီးခတ်ပြီး စီးဆင်းလာလိုက်တာ။

♦

ဦးပေါ်ဦးကြီးကပြောတယ်. .
ရှင်ဘုရင့်ကြောင်က အကြိုက်မတွေ့သေးလို့ပါတဲ့။
အရပ်ကပြောတယ်. .
လည်လွန်းတဲ့ဘီး
ချီးသင့်တတ်တယ်ဆိုပဲ။

တမ်းတမ်းစွဲ မိတော့လည်း တကယ့်ဟာလေးကိုမှ မက်မက်စက်စက်ကြီး၊ ရုပ်သိ ခေတ်သိ ဖြစ်နေတော့လည်း ဦးလှကြီးခမျာ တကယ့်ကို ဘေးကျပ်နံကျပ်၊ ပတ်ဝန်းကျင်ရဲ့ ကျည်ကွယ်မျက်ကွယ် ဖြစ်ဖို့ကိုပဲ ရှောင်နေရတယ်။

ဦးလှကြီးဘက် အပြစ်ဖိပြောပြန်ရင်လည်း လွန်ရာကျဦးမယ်။

သူငယ်မလေး အနေအထားကိုလည်း လှမ်းကြည့်လိုက်ဦး။

ရွှေဘိုမင်းကြီးကြိုက် အလုံးအထည်မျိုးကို အမိုက်စားအဆင်အပြင်တွေနဲ့ အရောင်သွင်းလိုက်တဲ့အခါကျတော့၊ ဒီသူငယ်မလေးက ပေါင်တံအလွန်ရှည်တာပဲ၊ ဝင်းဝါလွန်းလှတဲ့ အသားအရေရယ် ဆွဲဆောင်အားပြင်းလှတဲ့ မျက်နှာကျရယ် ပေါင်းလိုက်တဲ့အခါကျတော့၊ ဒေါင်လိုက်ထင်းနေတဲ့ ပါစပက် တစ်မျှား အရှင်းသားတွေ့လိုက်ရရင် တံတွေး မသီးတဲ့ လူငယ်ရယ်လို့ မရှိသလောက်ပဲ၊ ဦးလှကြီးတို့ အရွယ်တွေဆို ပြောမနေနဲ့တော့။

ဦးလှကြီးကိုယ်တိုင် ဝုန်းခနဲ ပစ်ကျသွားတဲ့အချက်က တွန့်လိမ်ကောက်ကွေးဆံနွယ်တွေကြားက မလွတ်တမ်း စိုက်ကြည့်တတ်တဲ့ မျက်ဝန်းရွဲရွဲတွေ၊ အောက်နှုတ်ခမ်းထူထူလုံးလုံးကလေးကလည်း အိပ်မက်ထဲထိအောင် ပါသွားလို့ ဖြစ်မှာပေါ့။

ဆယ့်ခြောက်နှစ် သမီးသာသာကို လေးဆယ်ကျော်ငါးဆယ် ဦးလှကြီးက ထဖောက်တယ်ဆိုတော့ ရွှေမှာစီနီယာတွေ အများကြီးရှိမှာ မလွဲမသွေပဲပေါ့။ ဒါပေမဲ့ ဦးလှကြီးရဲ့ ရည်ရွယ်ချက်ကိုယ်၌က အဆုံးထိသွားမယ်လို့ စိတ်ကူးမရှိ၊ အသက်အရွယ်ကြောင့်လားရယ်တော့ မပြောတတ်၊ ကစားကွက်ကိုက သူမသိငါပိုး တိုးတိုးကျိတ်ကျိတ်ကလေး၊ စိတ်ထဲမှာ လွှမ်းမိုးနေတာတော့ အသေအလဲပဲ။

ကောင်မလေးကလည်း လုပ်ထုံးလုပ်နည်း နောကျေသူပီပီ ဆယ်လီစိတ်ပြီးဖွဲ့ယူတတ်တယ်၊ ရှေ့ပင်းစင်တာ ပလာဇာ ဘာညာ။

အလျော်အစား သဘောတရားတွေကို အာဂုံဆောင်ပြီးသား ဦးလှကြီးအနေနဲ့ကလည်း စာမဖွဲ့လောက်ပါဘူး။ ဒီကလေးမလေးရဲ့ စာရင်းထဲမှာ နာမည်ဝင်သွားတယ်ဆိုရင်ပဲ လမ်းပွင့်သွားပြီဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့။

ကျင်လည်ခဲ့သမျှတွေထဲမှာ ဒီဘဝကလေးက အသာယာဆုံး၊

နှလုံးစည်းချက်တွေကို ပရမ်းပတာဖြစ်အောင် ဆွဲမွှေနိုင်သူလေးပဲ။

တစ်ခါတစ်ရံမှာ ကောင်မလေးဘက်က ချန်ထားခဲ့တဲ့အတို့အဆိတ်ကလေးတွေကို ရင်ဘတ်ထဲထည့်ပြီး ဦးလှကြီးခမျာ ပူလိုက်နွေးလိုက်၊ သိသိကြီးနဲ့ နင်နေတဲ့ ပင်လယ်ဆားငန်ရေတစ်မျိုး၊ အဆိုတော်ခင်မောင်ထူးခေတ်ကသီချင်းတွေနဲ့ လူပျိုပေါက် ဖြစ်ခဲ့ရသူဆိုတော့ "အမေရေ. . . သားတော့ သူ့ကိုအစွဲကြီးစွဲမိပြီ" လို့ တိတ်တခိုး ညည်းရတော့တာပေါ့။

♦

ကောင်မလေးက ပစ်ချနေတာလား၊

ဦးလှကြီးက ကြွေကျနေတာလား၊

မပြောတတ်တော့ဘူး။

ပတ်ဝန်းကျင်ရဲ့ ခန့်မှန်းသတင်းအရ ဦးလှကြီးနဲ့ ကောင်မလေးက ပင်လယ်အစစ်ကြီးကိုတောင် ညဥ့်အိပ်ညနေ သွားကြည့်ကြတယ်ဆိုပဲ၊ တစ်ဦးတည်းမူပိုင် စပွန်ဆာကတော့ ဦးလှကြီးပဲနေမှာပေါ့၊ ကောင်မလေးမိသားစုရဲ့ ဂရပ်မြင့်တက်မှုကလည်း ဦးလှကြီးရဲ့အရိပ် အာဝါသ မကင်းဘူးလို့ အရပ်ကဆိုပါတယ်။

ဒီလိုပဲ. . .

ဒီလိုပါပဲ. . .

တချို့ကဆို အခကြေးငွေနဲ့ လုပ်စားတယ်တောင် စွပ်စွဲနေကြတာ။

ဒီနေရာမှာတန်တယ် မတန်



**တစ်ခါတစ်ရံမှာ ကောင်မလေးဘက်က ချန်ထားခဲ့တဲ့အတို့အဆိတ်ကလေးတွေကို ရင်ဘတ်ထဲထည့်ပြီး ဦးလှကြီးခမျာ ပူလိုက်နွေးလိုက်၊ သိသိကြီးနဲ့ နင်နေတဲ့ ပင်လယ်ဆားငန်ရေတစ်မျိုး၊ အဆိုတော်ခင်မောင်ထူး ခေတ်ကသီချင်းတွေနဲ့ လူပျိုပေါက် ဖြစ်ခဲ့ရသူဆိုတော့...**

Asian Fame Media Group

ဘူး၊ သင့်၏ မသင့်၏ဆိုတဲ့ ဝါကျရဲ့ အဓိပ္ပာယ်တွေကို ထည့်သွင်းစဉ်းစားရပါတော့မယ်၊ ဦးလှကြီးလို ငါးဆယ်ဝန်းကျင်ကြီးအနေနဲ့ ဒီလို ဆယ့်ခြောက်နှစ်သမီး အလန်းကလေးကို လက်ဝယ်ပိုင်ပိုင် ရမယ်ဆိုရင် တန်တယ်။ လေးဆယ်ကျော်အောင် ပိပိရိရိ နေလာခဲ့ပြီးမှ ပျက်တက်တက် ချာတိတ်မလေး အမိဖမ်းတာခံလိုက်ရတယ်ဆိုရင် မတန်ဘူး။ ကလေးမလေးဘက်ကလည်း အိုမင်း မစွမ်းကြီးလက်ထဲ ကိုယ့်ငယ်ဂုဏ်ကလေး ထိုးအပ်ရမှာ နှမြောဖို့ ကောင်းတယ်၊ မတန်ဘူး။ မတည်မငြိမ် မရေမရာ ဘဝနဲ့ စမ်းတဝါးဝါး လျှောက်နေရတာနဲ့စာရင် အိုးပိုင်အိမ်ပိုင်နဲ့ အခန့်သား ဘုရင်မလုပ်ရမယ်ဆို တန်တယ်။

ဘယ်လို ကလင်ဒါကျကြောင့်လည်း မသိဘူး။

မိရိုးဖလာ လက်သုံးစကားလည်း ဖြစ်ချင်ဖြစ်မှာပေါ့။

"ဒီအတိုင်းကြီးက မမိုက်ပါဘူး။ အတူနေလို့လည်း ရတာပဲဥစ္စာ"

ထိုးဆင်းလာတဲ့ ကောင်မလေးရဲ့ အခြေအနေကို ဦးလှကြီးက သံသယစိတ်နဲ့ ဖတ်တယ်။ ဟုတ်တယ်လေ၊ ရာနှုန်းပြည့်ယုံကြည်ရတဲ့ အမျိုးတွေမှမဟုတ်တာ။ အစားထိုးလို့ရကောင်းတာတွေကို အစားထိုး၊ ငါးဆယ်တန်းရောက်အောင် ပျိုးခဲ့တဲ့ အရင်းအနှီးဆိုတာနည်းမှ မနည်းတာ၊ ဒါမျိုးမှာတော့ ဦးလှကြီးတို့က ပြတ်တယ်။ စာရွက်ပေါ်က ကောင်မလေးနာမည်ကို ကန့်လန့်ဖြတ်ခြစ်ချလိုက်တာပေါ့။

◆

ပြီးခဲ့တာတွေ ပြီးသွားခဲ့ပါပြီ။

ဘဝဆိုတာကြီးကတော့ လိုအပ်ချက်တွေနဲ့ ခရီးဆက်နေရတယ်။

အသက်ရှည်ဖို့ နည်းလမ်းအသွယ်သွယ်ထဲမှာမှ ကိုယ်ကြိုက်ရာကိုယ်ရွေးပြီး လျှောက်လှမ်းနေတဲ့ ဦးလှကြီးလည်း ရပ်ကွက်ထဲမှာ ပိုနေမြဲ ကျားနေမြဲ ဟန်မပျက်ပဲ၊ အလုံးလည်း မလျော့ဘူး၊ အရပ်လည်းမလျော့ဘူး အသက်နည်းနည်းပိုကြီးသွားတာ ကလွဲရင်ပေါ့။

မနက်စောစောထပြီး တုတ်ကောက်နဲ့လမ်းလျှောက်မယ်၊ ဗီတာမင်များများပါတဲ့ အစာတွေ ရွေးစားမယ်၊ နေ့လယ်မှာ တစ်ရေးတစ်မောအိပ်မယ်၊ ပုတီးစိပ်မယ်၊ မင်းသမီးချောတဲ့ ရုပ်ရှင်ကြည့်မယ်၊ ရာသီဥတုသာယာရင် ညနေစောင်း တစ်ခေါက်လမ်းထပ်လျှောက်မယ်၊ တစ်နေ့စာအုံနာခလက်ခံပြီးရင် အားဆေးတွေ လက်တစ်ခုပ်ကြီး သောက်ပြီး အိပ်ရာဝင်သွားပါလိမ့်မယ်။

ဘယ်လောက်ပဲဖြည့်တင်း ဖြည့်တင်း လိုချင်တပ်မက်မှုကတော့ အပြီးတိုင်ချုပ်ငြိမ်းသွားဖို့ မလွယ်လှပါဘူး။ ဘဝတစ်လျှောက်လုံးမှာ ဖောင်စီးရင်း ရေငတ်အဖြစ်မျိုးနဲ့ အကြောင်းတိုက်ဆိုင်လာတိုင်း စိတ်မချမ်းမသာဖြစ်ရတာ အိမ်အိုကြီးပဲ၊ ဦးလှကြီးကျောချနေရတဲ့ အိမ်ကြီးက သက်တမ်းလွန်နေပါပြီ။

တစ်ချိန်တုန်းက တောက်စားမော်ကြွားခဲ့ရတဲ့ ထမင်းအိုး တက္ကစီကလည်း အောက်ကားလုံးလုံး ဖြစ်နေတဲ့အခါကျတော့။

မရှိမဲ့ရှိမဲ့လက်ကျန်သက်တမ်းကလေးမှာ အိမ်အိုနဲ့ကားဟောင်းကို အသွင်ပြောင်းဖို့ ဘယ်အရာနဲ့ အလဲအထပ်ရိုက်မလဲ၊ အဲဒီအကြံအစည်အထမြောက်ဖို့အတွက် မနက်လမ်းလျှောက်ရင်းစဉ်းစားတယ်၊ အိမ်နေရင်းလည်း စဉ်းစားတယ်၊ အီတလီမင်းသမီးမော်နီကာဘယ်လူချီသရုပ်ဆောင်တဲ့ဇာတ်ကားကြည့်နေရင်းတောင် အတွေးက ကြောင်ထွက်သွားသေးတာဆိုတော့ မရှိမဲ့ရှိမဲ့ သွေးပေါင်ချိန်တွေ ဆောင့်တိုးတာပေါ့။

ဒါနဲ့ပတ်သက်ပြီး ကိုယ့်ဘဝကိုယ်ပြန်ဖတ်ဖို့တော့ လိုလိမ့်မယ်၊ ကုန်ဆုံးပြီး သက်တမ်းမှာ ဦးနှောက်ကို ဘယ်ခေါင်းစဉ်တွေမှာ အသုံးချခဲ့မိသလဲဆိုတာ။

အဲဒီသွေးတောင်းမှုက ဘယ်အချိန်မှာ ပိုးဝင်စွဲကပ်လာရသလဲဆိုတော့ ဦးလှကြီးတို့လမ်းထိပ်ထောင့်ကွက်မှာ တိုက်အိမ်ဆောက်မယ်ဆိုပြီး အုတ်တွေ သဲတွေ လာချကတည်းက။

◆

လမ်းထိပ်ထောင့်ကွက်ဆိုတာက မျက်နှာဝအကျယ်ပေနှစ်ဆယ်လောက်တော့ ရှိပါလိမ့်မယ်၊ အရှည်ကတော့ ထုံးစံအတိုင်း ပေခြောက်ဆယ်ပေ့ါ။ ဦးလှကြီးတို့ ရပ်ကွက်ဈေးအရဆိုရင်တော့ သိန်းငါးရာအောက်ထစ်ပဲ။ ဦးလှကြီးထမင်းစားနေတဲ့ အောက်ကားကို ထုခွဲမယ်ဆိုရင်တောင် သိန်းတစ်ရာထက်မပိုမှာသေချာတယ်။ ဦးလှကြီးရဲ့ ဘိုးဘွားပိုင်မြေကလည်း ပေနှစ်ဆယ်ပဲ၊ ဒါပေမဲ့ လမ်းသွယ်ထဲမှာ။

မနက်ပိုင်းလမ်းလျှောက်ထွက်လို့ ဝင်းနံရံခတ်ထားပုံကို မြင်ရကတည်းက ဦးလှကြီးစိတ်ထဲမှာ မရိုးမရွဖြစ်နေရတာ၊ သူ့ဟာက ဝင်းနံရံရယ်လို့ မဟုတ်ဘဲ ခါးလယ်သာသာလောက် အုတ်တက်ပြီး မြေသယ်ကားတွေ တစ်စီးပြီးတစ်စီး လောင်းထည့်တော့တာ။

တစ်လမ်းလုံးရှိ အိမ်တွေထက်မြင့်ချင်တဲ့သဘော၊

ဦးလှကြီးကိုယ်၌မှာလည်း အဲဒီလို အိပ်မက်မျိုးက အခိုင်အမာ။

မနက်တစ်ခေါက် ညနေတစ်ခေါက် မြင်ရတဲ့အခါကျတော့ ဦးလှကြီးစိတ်ကူးယဉ်တဲ့အတိုင်း သူ့ခြံပေါ်ရောက်ဖို့ အုတ်လှေကားလှလှလေး သုံးထစ်လောက်နင်းတက်ရမှာပဲ။ လိပ်သဲကျောက် အခဲကြီးတွေကို အတုံးလိုက်မြုပ်တယ်၊ ဂဝံကျောက်လက်တစ်ဖက်စာ လောက်ကြီးတွေကို ညီညီညာညာ ထက်ခြမ်းခွဲပြီး အိမ်ရှေ့အုတ်တံတိုင်းမှာ အပြားလိုက်ကပ်တယ်။ အဲဒီ အပေါ်မှာမှ သံတိုင်အရံအတားကလေးတွေက ချွန်ချွန်စူးစူး ညီညီညာညာ၊ ဦးလှကြီးရဲ့ စိတ်ကူးတွေကို ဘယ်သူကလာပြီး လက်တွေ့အကောင်အထည် ဖော်ပြနေတာလဲ။ နားထင်ကြောကို လက်ညှိုးနဲ့ထောက်ပြီး မယိုင်လဲအောင် တုတ်ကောက်နဲ့ ထိန်းထားရတယ်။

◆

လေဖိအားနည်းရပ်ဝန်းဖြစ်လာရင် မုန်တိုင်းကို သတိထားရမယ်၊ စိတ်ရှုပ်ထွေးမှုတွေများလာရင်တော့ ဦးနှောက်ကိုအနားပေးလိုက်။

စိတ်ကိုရှင်းအောင်ထားပါတယ်ဆိုမှ လစ်ဟာတဲ့နေရာတွေကို ပယောဂက အဖတ်လိုက်ပြေးကပ်တယ်၊ ပြီးရင် တောက်တဲ့လိုမခွာတော့ဘူး၊ တိုက်အိမ်ကလေးရဲ့ အလုံးအရပ် ပေါ်လာလေလေ၊ ဦးလှကြီးအနေရ အထိုင်ရကျပ်လေပဲ၊ စိတ်ကူးထဲမှာ အချောသတ်ရေးပြီးသားဇာတ်လမ်းကို တတ်နိုင်သူက တစ်ကွက်ချင်းကပြနေသလိုမျိုး၊ ဦးလှကြီးရဲ့ မျက်စိရှေ့တည့်တည့်မှာ၊ မနက်တစ်ခေါက် ညတစ်ခေါက် ရယ်မဟုတ်ဘူး၊ စားစားသွားသွား နားနားနေနေ အဲဒီပုံရိပ်ကပဲ စီးမိုးနေတော့တယ်။

အိမ်. . ။

အိပ်မက်ထဲမှာ အလဲလဲ အပြိုပြို ဖြစ်ရတဲ့အိမ်။

သစ်ပင်လှုပ်လို့ လေတိုက်တာလား၊ လေတိုက်လို့ သစ်ပင်လှုပ်တာလား၊ ကိုယ်ခံအားနည်းလို့ ဘေးပယောဂတွေ ဝင်လာတာဖြစ်ပါလိမ့်မယ်၊ ဦးလှကြီးကိုတော့ သွေးတိုးဆောင့်တက်မှာကို ထိန်းပါလို့ ဆရာဝန်ကမှာတယ်။

◆

အလှူအတန်းလုပ်ရင် အရှေ့ခုနစ်အိမ် အနောက်ခုနစ်အိမ် ဖိတ်ရတာ ထုံးစံပါပဲ။ လမ်းထိပ်တိုက်အိမ်ကလေးရဲ့ အိမ်သစ်တက်ပွဲမှာ တစ်ရပ်ကွက်လုံး အုန်းအုန်းကျွက်ကျွက်။ ဦးလှကြီးလည်း တုတ်ကောက်ကလေးထောက်ပြီး မဖြစ်မနေ တက်ရောက်ခဲ့ရပါတယ်။

အိမ်ကြီးရှင်တွေက ငယ်ကြဦးမှာပါ။ ကောင်လေးကနှာရောင် ပွပွမျက်ပေါက်ကျဉ်းကျဉ်းနဲ့၊ အိမ်ရှင်မနဲ့လည်း မိတ်ဆက်ပေးရော ဒံပေါက်တစ်ခါပြင်တောင် ကုန်အောင်မဝင်တော့တဲ့ ဦးလှကြီးခမျာ ရုပ်မပျက်ခင်ပြန်ပြေးခဲ့ရတယ်။ ဆံနွယ်အလိပ်အခွေတွေကို လူကြီးပုံဖမ်းပြီး သေသေသပ်သပ် စုစည်းထားပေမယ့် ညို့ဝေစူးတောက်တဲ့ အကြည့်တွေကတော့ သရော်တော်တော်နဲ့ ဦးလှကြီးရဲ့ နဖူးတည့်တည့်က မရွှေ့ဘူး။ ဆေးခန်းရောက်တော့ သွေးပေါင်ချိန်က တစ်ရာ့ငါးဆယ်ဝန်းကျင်ဖြစ်နေပြီ။

**ကိုကံညို(ထူးကြီး)**

Asian Fame Media Group

# နွေးနွေးပစ်အောင်

## စဉ်းစားလို့ မရတဲ့ခေါင်းစဉ်

ရည်ညွှန်း ဖွဲ့ သီချစ်သူ ဆီ

(၁)

"ဘယ်တုန်းက ရောက်လဲ"

"အင်း. . မနေ့ကပဲ"

စကားမပြောဖြစ်တာ ငါးနှစ်ကြာခဲ့တာကြောင့်လား၊ ဘယ်တော့မှ စကားမပြောတော့ဘူးလို့ ဆုံးဖြတ်ခဲ့ပြီးမှ မထင်မှတ်ဘဲ ပြောဖြစ်တာကြောင့်လား ရေရေရာရာ မစဉ်းစားမိပေမယ့် သူ့အမေးကို ပြန်ဖြေမိချိန်မှာ သူနဲ့ကျွန်မကြား နွေးထွေးမှုလေး ဖျတ်ခနဲ ပြန်ရလိုက်မိသလိုပါပဲ။

အနည်းငယ် ရင့်မှိုင်းသွားတဲ့ သူ့မျက်လုံးတွေက ဟိုတုန်းကလို ထင်ရာစိုင်းမယ့် သဏ္ဍာန်ရှိနေတုန်းပါ။ ကျွန်မကတော့ ထိုမျက်လုံးတွေကိုပဲ စွဲလမ်းခဲ့သလို ထိုမျက်လုံးတွေကိုပဲ နားမလည်နိုင်အောင် ကြောက်ရွံ့တုန်လှုပ်ခဲ့သူပေါ့။

သူနဲ့ကျွန်မ ပြန်တွေ့ဖြစ်တဲ့ အလှူပွဲလေးက စည်ကားနေသလို ခံယူချက်ကိုယ်စီနဲ့ လမ်းခွဲခဲ့ကြတဲ့ ကျွန်မတို့နှစ်ဦး ရင်ထဲမှာလည်း ထွေပြားစွာ ရှိနေပြန်ပါသည်။ သူ ဘာတွေတွေးနေမယ် မမှန်းဆနိုင်ပေမယ့် ဟန်ဆောင်မျက်နှာဖုံးရဲ့နောက်ကွယ်မှာ နောင်တနှင့် ယှဉ်တွဲနေတဲ့ အသိအမှတ်ပြုမှု မျက်လုံးတစ်စုံရှိနေတာကို ကျေနပ်စွာ တွေ့မြင်မိပါသည်။

စိတ်လှုပ်ရှားတာကို အချစ်လို့ ထင်ခဲ့သည့် အရွယ်ကတည်းက အစွဲအလမ်းကြီးတတ်သူ ကျွန်မအတွက် သဘာဝတရားက ပေးခဲ့သော ချစ်သူတစ်ယောက်လက်ဆောင်ရခဲ့ဖူးသည်။

ကျွန်မရဲ့ ပျော်ရွှင်ခြင်း၊



Asian Fame Media Group



Asian Fame Media Group
af MEDIA GROUP

ကျေနပ်ခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်ထိခိုက် ခြင်းတွေကို ထိုချစ်သူကသာ ဖန်တီးနိုင်ခဲ့လေသည်။ သို့ပေမယ့် ထိုချစ်ခြင်းတွေကို ဘဝ နဲ့ရောယှက်ဖို့ကိုတော့ ချစ်သူက ဖန်တီးမပေးနိုင်ခဲ့ပေ။

"အလုပ်တွေအဆင်ပြေလား"

"ပြေပါတယ်။ အစ်ကိုရော. . တီးဝိုင်းထောင်ထားတာ အလုပ်ဖြစ်လား"

"ဒီလိုပါပဲ"

သူ့ကိစ္စကို ပွင့်ပွင့်လင်းလင်း အသိပေးချင်ပုံမရတဲ့ တစ်ချိန်က ချစ်သူရဲ့ ဟန်ပန်တွေက မပြောင်းလဲသလို ယုံကြည်ခြင်းတွေ အားကောင်းစွာနဲ့ ရပ်တည်နေတဲ့ချစ်သူရဲ့ ရှူးရှူးမူးမူးအနုပညာကလည်း ပြောင်းလဲသေးပုံမရပါ။

"အအေးတစ်ခုခုသောက်လို့ဖြစ်လား"

"ဖြစ်ပါတယ်. . ထိုင်လေ"

နယ်မြို့လေးရဲ့ အအေးဆိုင်လေးက သူ့ဆီကို အလည်လာလေ့ရှိတဲ့ စုံတွဲတွေကို ဖော်ရွေနွေးထွေးစွာကြိုနေဆဲပါပဲ။ ဒီဆိုင်လေးထဲမှာပဲ သူနဲ့ကျွန်မ ချစ်သူဖြစ်ဖူးကြသည်။ ဒီဆိုင်လေးထဲမှာပဲ သူနဲ့ကျွန်မစကားတွေ ပြောဖူးကြသည်။ ဒီဆိုင်လေးထဲမှာပဲ သူနဲ့ကျွန်မအနာဂတ်ကို စိတ်ကူးယဉ်ဖူးကြသည်။ ဒီဆိုင်လေးထဲမှာပဲ သူနဲ့ကျွန်မ ပစ္စုပ္ပန်ကို သာယာခဲ့ဖူးကြသည်။ ဒီဆိုင်လေးထဲမှာပဲ သူနဲ့ကျွန်မ ကံကြမ္မာကို ယုံကြည်ခဲ့ဖူးကြသည်။ ဒီဆိုင်လေးထဲမှာပဲ သူနဲ့ကျွန်မ. . . လမ်းခွဲခဲ့ရဖူးသည်။

တိုက်ဆိုင်စွာ ပြန်ရောက်ဖြစ်တော့ အအေးဆိုင်လေးက မပြောင်းလဲသလို ချစ်သူကြိုက်တဲ့ ဖျော်ရည်အမျိုးအစားကလည်း မပြောင်းလဲပါ။ ထူးခြားစွာ ပြောင်းလဲသွားတာက ငါးနှစ်တာကာလအတွင်း ကျွန်မအအေးမကြိုက်တော့တာပါပဲ။

လည်ချောင်း နာတတ်တယ်။ ရေခဲတွေက အပူကန်တယ်၊ ချောင်းဆိုးတတ်တယ်စတဲ့ ဝိသေသတွေကို ဂရုစိုက်ရင်း အအေးဖျော်ရည်တွေအစား လက်ဖက်ရည်ပေါ့ဆိမ့်ပြောင်းကြိုက်သွားသလို ပတ်ဝန်းကျင်တွေ၊ အတွေးအခေါ်တွေ၊ ရည်မှန်းချက်တွေ ပြောင်းလဲသွားတာလည်း ကျွန်မပါပဲ။

ချစ်သူမှာတဲ့ အအေးအမျိုးအစားအတိုင်းလိုက်မှာရင်း ဝတ်ကျေတမ်းကျေ လိုက်သောက်နေတဲ့ ကျွန်မကို အသိတစ်ယောက်က ဖော်ရွေစွာလာနှုတ်ဆက်ရင်း. . .

"မတွေ့တာကြာပေမယ့် အရင်လိုပဲ ပြောင်းလဲမသွားဘူး"

အားနာတတ်ခြင်း၊ လိုက်လျောညီထွေ ပြောတတ်ခြင်းတွေ မပြောင်းလဲပေမယ့် ကျွန်မရှေ့က ချစ်သူကိုမှ လက်မထပ်ဖြစ်ရင် ရှူးသွားနိုင်လောက်တယ်လို့ ရင်းနှီးသူတွေ မှတ်ချက်ပေးခဲ့တဲ့ ကျွန်မရဲ့အချစ်တွေ ပြောင်းလဲသွားတာတော့ အမှန်ပါပဲ။ သို့သော် မိတ်ဆွေတွေရဲ့ ရင်းနှီးနွေးထွေးမှုကိုတော့ ကောင်းမွန်စွာ ဆက်ဆံခြင်းကြားက ပြန်ရှာတွေ့ချင်မိသည်။

> ပြုံးတုံ့တုံ့အမူအရာမှာ ခံစားချက်တစ်မျိုး ပါဝင်နေတယ်လို့ ကျွန်မခံစားရပေမယ့် နားလည်စွာနဲ့ပဲ ပြုံးနေလိုက်ပါသည်။ တစ်ချိန်က ကျွန်မလို မဟုတ်မခံချင်သော ဆတ်ဆတ်ကြဲ ကလေးမတစ်ယောက်နဲ့ ပေးတာယူ၊ ကျွေးတာစား၊ ထားရာနေ၊ စေရာသွား ပုံစံခွက်ကို ကိုင်ထားသော သူတို့လူစုနဲ့ အငြင်းပွားအချင်းများဖြစ်ကြသည်ကို

(၂)

တစ်ချိန်က ကျွန်မ သူ့ကို စွဲလမ်းစွာချစ်ခဲ့ဖူးသည်။

အနုပညာလို့ ခေါင်းစဉ်တပ်ပြီး သူခုံမင်တဲ့ ကီးဘုတ်သမားဘဝကို ကျွန်မကိုယ်တိုင်လည်း တန်ဖိုးထားသလို သူ့ဘဝရပ်တည်မှုအဖြစ် ရွေးချယ်စွန့်စားနိုင်လိမ့်မည်ဟု ယုံကြည်ပေးခဲ့ဖူးသည်။

အလုပ်တစ်ခုကို စွဲစွဲမြဲမြဲအချိန်ယူကြိုးပမ်းတတ်တာ သူ့အကျင့်စရိုက်ဟု ယုံကြည်ကျေနပ်ခဲ့ဖူးသည်။ အချိန်ကာလတွေ ကြာညောင်းလာသည့်တိုင်အောင် ချစ်သူရဲ့အကောင်အထည်ဖော်မှုတွေက ဝေဝါးဆဲ။ လမ်းပျောက်ဆဲ။ ကျွန်မကတော့ သူ့အပေါ် ယုံကြည်ဆဲ။ နားလည်ဆဲ။

အူမတောင့်မှ သီလစောင့်နိုင်မယ်ဆိုသော သူ့မိဘစကားကြောင့် နိုင်ငံရပ်ခြားကို ငွေကြေးနဲ့အတွေ့အကြုံအတွက် ချစ်သူက ရင်ကော့ထွက်ခွာသွားခဲ့ပြန်ပါသေးသည်။

ဝေးကွာနေသည့် အချိန်အတွင်း သစ္စာစောင့်သိခြင်းတွေ ရင်ဝယ်ပိုက်ကာ ချစ်သူမိသားစုနှင့် သင့်မြတ်အောင် နေခဲ့ပြန်ပါသေးသည်။

အနာဂတ်မှာ တည်ဆောက်ကြမယ့် အိပ်မက်တွေကို ချစ်သူက ဖုန်းထဲမှာ ပြောကြားတိုင်း၊ စာတွေထဲမှာ ထည့်ရေးတိုင်း ကျွန်မမျှော်လင့်ချက်တွေ ခိုင်မာနေခဲ့သေးသည်။

မကြာခင်မှာပဲ စိတ်ရောလူရော ပင်ပန်းမှုတွေကို ပစ်ချကာ တက်တက်ကြွကြွ ဆုတ်ခွာလာတဲ့ ချစ်သူအတွက် အားရဝမ်းသာကြိုဆိုခြင်းတွေနဲ့ပဲ နှစ်သိမ့်ရပြန်ပါသည်။

"မပြည့်စုံလည်း စိတ်ချမ်းချမ်းသာသာနေကြမယ်နော်" လို့ဆိုလာတဲ့ချစ်သူကို သနားခြင်းတွေနဲ့လက်ခံပေးလို့ရခဲ့ဖူးပါသည်။

ချစ်သူကို ငွေကြေးကြောင့် လက်တွဲဖို့ ဆုံးဖြတ်ချင်တာ မဟုတ်ပေမယ့် အလုပ်ကြောင့် ဂုဏ်တင့်တယ်စေချင်ကြောင်း လှပစွာပြောပြဖို့ ကြိုးစားခဲ့ရပြန်ပါသည်။ ချစ်သူရဲ့ မိသားစုတွေက ရှေ့ရေးဝန်လေးကြောင်း စိုးရိမ်ပြလာတော့ ရဲဝံ့စွာ ကာကွယ်ပြောဆိုခဲ့တာ ယုံကြည်ခြင်းတွေကြောင့်ဟု ဖွင့်မပြောဘဲ ချစ်သူသိစေချင်ခဲ့ပါသည်။

အနုပညာကိုသာ ဇောက်ချလုပ်ကိုင်တော့မယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ဒုတိယအကြိမ် နယ်မြို့လေးကို စွန့်ခွာသွားချိန်မှာလည်း ချစ်သူအတွက် ဂုဏ်ယူချင်တဲ့ ကျွန်မက ပါရမီဖြည့်ဖို့ အင်အားတွေအပြည့်ပေါ့။

ခဏတာကာလအတွင်း အမေ့အိမ်ကိုလွမ်းလို့ ပြန်ရောက်လာတဲ့ ချစ်သူကို ပတ်ဝန်းကျင်က အံ့ဩနေချိန်မှာ ကျွန်မက ကာဗာအဖြစ် လှိုက်လှဲစွာ ဝမ်းသာပြခဲ့ရသေးတာ အမှတ်တရပါပဲ။

အေးစက်ခြင်းလား၊ တွေဝေခြင်းလား၊ အားမာန်မဲ့ခြင်းလား လားပေါင်းများစွာနဲ့ ကျွန်မသူ့ကို လုပ်ငန်းခွင်တစ်ခုခုဝင်ပြီး ငွေကြေးနဲ့ပုံမှန်ချစ်ခြင်းတွေကို ပေါင်းစပ်ရပ်တည်ကြဖို့ညှိနှိုင်းတော့ ပုံမှန်အေးစက်ခြင်းတွေနဲ့ပဲ စကားတစ်ခွန်း ပြန်ပြောလာခဲ့ပါသည်။

"သူ့အလိုလို ဖြစ်သွားမှာပါ။ ဆယ့်ငါးနှစ်လောက်ချစ်ပြီးမှ ယူလည်းဖြစ်ပါတယ်။ အမေလည်းရှိနေတာပဲ" တဲ့။

ကျွန်မချစ်သူဟာ လက်ထပ်ခြင်းမှာ အချစ်တစ်ခုတည်းနဲ့ မပြီးတာကို နားမလည်တဲ့သူမဟုတ်မှန်း ကျွန်မသိနေသားပဲ။ ဒါဖြင့် ဘာကြောင့်ဒီစကား တွေပြောတာလဲ။ ပြောထွက်တာလဲ။ ပြောရက်တာလဲ။

တစ်ချိန်က အေးဆေးစွာ စကားပြောတတ်ခြင်းဟာ တည်ငြိမ်တာဖြစ်တယ်လို့ ရှုထောင့်အမြင်ကျဉ်းကျဉ်းလေးနဲ့ ဆုံးဖြတ်ခဲ့တဲ့ ကျွန်မ။ ဘဝအတွက်အရေးပါတဲ့ စကားတစ်ခွန်းကို အေးဆေးစွာ ပြောတာကတော့ ဥပေက္ခာပြုခြင်းလို့ နားလည်ကြောက်ရွံ့ခဲ့ရပြန်ပါသည်။

ကျွန်မအတွက် ဒေါသဖြစ်စေခြင်း၊ ကျေနပ်စေခြင်း၊ ဝမ်းသာစေခြင်း၊ ဝမ်းနည်းစေခြင်းတွေကို မရိုးအောင် ပြောင်းလဲဖန်တီးပေးတတ်တဲ့ သူ့ကို ကျွန်မ စိတ်ရှည်စွာ နားလည်ပေးခဲ့ဖူးပါသည်။

သို့သော် တရွေ့ရွေ့ကုန်ဆုံးလာ

Asian Home Media Group

တဲ့ အချိန်တွေနဲ့အတူ တရွေ့ရွေ့ကုန်ဆုံးသွားတဲ့ သည်းခံခြင်းတွေဖြစ်အောင် သူ့အစားသူ့မိသားစုက လွှဲပြောင်းတာဝန်ယူလိုက်ပါသည်။

"သားက အိမ်ထောင်နှစ်ဆက်ပြုရမယ့် ကံပါတယ်လို့ ဗေဒင်က ဟောထားတာနဲ့ ကြောက်နေရှာတာ"

"ဒီမိသားစုက ပိုက်ဆံမက်တဲ့စိတ် မရှိပါဘူး။ ပိုက်ဆံသာမက်ရင် ဒီမိန်းကလေးကို မယူနဲ့။ ဒီထက်သာတာရှာပေးမယ်လို့ ပြောမှာပေါ့"

သင့်တင့်ရုံအနေအထားနှင့် ရိုးသားစွာရပ်တည်နေသော ကျွန်မအတွက် အချစ်ဆိုတာ ရိုးသားသစ္စာရှိပေးရုံနှင့် တန်ဖိုးရှိစွာ လက်ဝယ်မပိုင်ဆိုင်ခဲ့ရပါ။

အံ့ဩခြင်း၊ နားမလည်ခြင်း၊ အရှက်ခွဲခံရခြင်းတွေနဲ့ အဆုံးမှာ လှပစွာ လမ်းခွဲဖို့ အသင့်ဖြစ်ခဲ့သလို ခံစားချက်များလည်း ကုန်ဆုံးအေးခဲသွားခဲ့ပါသည်။

အဲဒီနောက်ပိုင်း ကျွန်မက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး စွန့်စားဖို့ ပြင်ဆင်ခဲ့သလို သူကတော့ နယ်မြို့လေးရဲ့ မင်္ဂလာဆောင်အလှူအခမ်းအနားတွေနဲ့ သီတင်းကျွတ်၊ တန်ဆောင်တိုင် ပျော်ရွှင်ပွဲတွေရှိတဲ့ အခါ သူချစ်တဲ့ အမေကျွေးသော ဝမ်းရေးဖြည့်တင်းကာ တီးဝိုင်းခေါင်းဆောင်အဖြစ် တက်ကြွစွာ လှုပ်ရှားနေခဲ့ပါသည်။

(၃)

အတိတ်က စာမျက်နှာတွေကို ဖြန့်မကြည့်ဘဲ ခေါက်သိမ်းထားခဲ့ပေမယ့် အပြီးပိုင်ဖျောက်ဖျက်လို့မရနိုင်တဲ့ စာမျက်နှာတွေရေးခဲ့တာမို့ မထင်မှတ်ဘဲ ပြန်တွေ့ချိန်မှာ အရိပ်တွေက ပေါ်လာမိပါသည်။ နယ်မြို့လေးက စွန့်ခွာဖို့ ဆုံးဖြတ်ခဲ့ချိန်မှာ. . .

"စိတ်ဓာတ်ချင်း၊ ခံယူချက်ချင်း မတူဘူး။ ယူဖြစ်လည်း မြဲမှာမဟုတ်ဘူး" လို့ချစ်သူဆီမှ ထင်ကြေးပေးသံကို တစ်ဆင့်စကားနဲ့ ကြားရချိန်မှာ နာကျင်စွာ ရယ်မောမိခဲ့သည်။ ယခုတော့ အနုပညာသမားချစ်သူက ကျွန်မကို ဖော်ရွေတဲ့ မျက်လုံးတွေနဲ့ ကြည့်လို့ တစ်ချိန်က မရည်ရွယ်ခဲ့ပါပဲနဲ့ ယခုအချိန်မှာ အနုပညာအသီးအပွင့်တွေကို ထိတွေ့မိတဲ့ကျွန်မက အခုတော့ ချစ်သူကို စိတ်မသက်မသာ မျက်လုံးတွေနဲ့ ကြည့်နေမိပြန်ပါသည်။

"အခုထိ ကိုယ်ကီးဘုတ်တီးနေနိုင်တာ အမေ့ကျေးဇူးပဲ။ အမေက ကျွေးထားနိုင်တယ်။ အနုပညာသမားဖြစ်နေတော့ မတီးဘဲနဲ့ မနေနိုင်ဘူးလေ။ သဘင်အသက် ခုနစ်ရက်တဲ့. ."

ရုပ်ဝတ္ထုအရ မိဘနောက်ခံတောင့်တင်းမှုရှိလို့ ပြည့်စုံနေပေမယ့် အနုပညာဆိုတာကို ပြည့်စုံစွာမခံယူတတ်တဲ့ ချစ်သူကို ကျွန်မမှာ ပြောစရာ စကားမဲ့နေတာ အမှန်။

အနုပညာဆိုတာ ကြမ်းတမ်းခြင်း၊ နူးညံ့ခြင်း၊ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ဒုက္ခနဲ့သုခပေါင်းစပ်တာဖြစ်လို့ အနုပညာသမားမှန်ရင် ထမင်း အဆင်သင့်စားလို့ရတဲ့နေရာမှာပဲ နေထိုင်ဖန်တီးနေစရာမလိုဟူသောစကားကို ဘယ်လိုပြောရပါ့။

ရဲရင့်စွန့်စားချင်စိတ် ကြီးမားရင် လာလမ်းဆိုတာ လာပြီးတဲ့နောက်ပြန်လှည့်စရာမရှိအောင် ပျောက်ပျက်စမြဲပါဆိုတာကို ဘယ်လိုပြောရပါ့။

လက်ရှိမိတ်ဆွေတစ်ဦးအဖြစ် ကျွန်မရဲ့အမြင်တွေကို ပွင့်ပွင့်လင်းလင်း ပြောချင်ပေမယ့် ချစ်သူရဲ့ တစ်ယူသန်၊ တစ်ဇွတ်ထိုးအမြင်တွေက မပြောင်းလဲသေးမှန်း သိနေ၏။

ယခုအကြိမ်မှာတော့ ချစ်သူရှေ့မှာ ကျွန်မပျော်ရွှင်စွာ ရယ်မောမိပြန်ပါသည်။ လက်ရှိမှာ ဘောင်မရှိတဲ့ လွတ်လပ်ခြင်း၊ ကန့်သတ်မှုမရှိတဲ့ အနုပညာကို အမြင်မှန်နဲ့ ကြည့်ခွင့်ရခြင်းက ကျွန်မအတွက် ပျော်စရာတွေဖြစ်နေသည်။

ချစ်သူရဲ့ အနုပညာသဘောထားကတော့ ဘယ်လိုအချိန်မှ၊ ဘယ်လို အနေအထားရှိမှ၊ ဘယ်နေရာမှာ နေရမှဆိုတဲ့ ဘောင်တွေနဲ့ စည်းခြားနေတုန်းပါပဲ။ စိတ်ထဲက ပြောနေတဲ့စကားတွေနဲ့ ဆန့်ကျင်စွာ ပြောဖြစ်ခဲ့တဲ့ စကားက. . .

"ကောင်းပါတယ်။ ကြားရတာလည်းဝမ်းသာပါတယ်။ ဒီမြို့လေးမှာ ဒီလို မြို့ခံဖျော်ဖြေရေးအဖွဲ့ရှိမှ စိုပြည်မှာပေါ့။ ဒါပေမဲ့ ဖန်တီးပြရတာတွေက နယ်ကျဉ်းမနေဘူးလား"

"သြော်. . ကံပေးသလောက်ပေါ့။ အဆင်ပြေနေတာပဲ။ အိမ်မှာက အမေနဲ့အဖေရယ်၊ ညီမရယ်ပဲရှိတော့ နေပေးရမယ်လေ"

တစ်ခါတစ်ရံမှာ ပွင့်လင်းခြင်းက ရင်းနှီးမှုပါပြီး လိုက်လျောညီထွေ စကားပြောခြင်းက ဆက်ဆံမှုကန့်သတ်ခြင်းဟုပင် နားလည်စွာ ပြီးဆုံးလိုက်ပါသည်။

ကံပေးသမျှယူနေတဲ့ ချစ်သူရဲ့ အနုပညာအပေါ် ဘာမဆိုင်၊ ညာမဆိုင် နှမြောစိတ်ကလေး ဝင်မိပါသေးသည်။ သို့သော် လူတိုင်းမှာ ခံယူချက်ကိုယ်စီနဲ့ ရှုထောင့်အမြင်အမျိုးမျိုးရှိနိုင်ကြောင်း လက်ခံပေးရမယ့် သဘောထားကို မွေးမြူဖို့ ကျွန်မသတိထားရပါမည်။

"ငါသာလျှင် ငါ့ဘဝရဲ့သခင်၊ ငါသာလျှင် ငါ့ဝိညာဉ်ရဲ့အရှင်" ဟု ခံယူထားလျှင် အရာရာကို ကျော်ဖြတ်နိုင်တဲ့စွမ်းအားတွေ ရရှိနိုင်သည်။ လူငယ်တွေထဲမှာ လူငယ်တစ်ယောက်ဖြစ်နေသော ချစ်သူက အနုပညာဆိုတာ ပြတ်သားခြင်းနဲ့ ဝေးကွာတယ်လို့များ တွေးထင်ထားပါသလား။

မိဘကျေးဇူးနဲ့ မိဘမေတ္တာကို တန်ဖိုးထားသော သားတစ်ဦးအဖြစ် ချစ်သူကို လေးစားပါသည်။ သို့သော် ဖွဲ့ရှိခြင်းနဲ့ ပြတ်သားရဲရင့်ခြင်းမရှိသော ချစ်သူအပေါ် ကျွန်မအမြင်ကတော့ ဝေဝါးပါသည်။

ပြန်ခါနီး နှုတ်ဆက်လမ်းခွဲကြတော့ ကျွန်မအကြားချင်ဆုံးနဲ့ အဖြေချင်ဆုံးမေးခွန်းကို မေးလာပါသည်။

"မင်းမှာ ချစ်သူရှိနေပြီလား"

"ရှိတယ်. . အနုပညာသမားတစ်ယောက်ပါပဲ"

သူ့မျက်ခုံးတွေ အနည်းငယ်ပင့်တက်သွားသည်။ ချစ်သူရှိနေတာကို အံ့ဩပုံမရပေမယ့် အနုပညာသမားတစ်ယောက် ဖြစ်နေသည်ကို အံ့ဩသွားပုံရပါသည်။

"အဆင်ပြေရဲ့လား။ အနုပညာသမားဆိုတာ နားလည်ရခက်တယ်နော်"

ပြုံးတုံ့တုံ့အမူအရာမှာ ခံစားချက်တစ်မျိုး ပါဝင်နေတယ်လို့ ကျွန်မခံစားရပေမယ့် နားလည်စွာနဲ့ပဲ ပြုံးနေလိုက်ပါသည်။ တစ်ချိန်က ကျွန်မလို မဟုတ်မခံချင်သော ဆတ်ဆတ်ကြဲ ကလေးမတစ်ယောက်နဲ့ ပေးတာယူ၊ ကျွေးတာစား၊ ထားရာနေ၊ စေရာသွား ပုံစံခွက်ကို ကိုင်ထားသော သူတို့လူစုနဲ့ အငြင်းပွားအချင်းများဖြစ်ကြသည်ကို အမှတ်ရပုံရှိသားပင်။

ကျွန်မရဲ့ လက်ရှိအနုပညာသမားက တစ်ချိန်က အနုပညာသမားနဲ့ စိတ်ဓာတ်ချင်း၊ ခံယူချက်ချင်းမတူညီသလို ဘဝကိုရှုမြင်သုံးသပ်တာချင်းလည်း ကွဲပြားတာမို့ သူ့အမေးကို လှိုက်လှဲစွာ ဖြေကြားခဲ့ခြင်းဖြစ်သည်။

သူ့ဘက်မှ ကိုယ့်ကိုယ်ကိုယ် အနုပညာသမားဟု ခံယူထားပြီး အနုပညာသမားကို ပါရမီဖြည့်မည့် အိမ်ထောင်ဖက်သည် သူ့နည်းတူ ထမင်းကျွေးမည့်သူ ရှာကြံတည့်အောင် ပေါင်းရမည်ဆိုသည့် ဒဿနကို လက်ခံနေဆဲဖြစ်ပါသည်။

တကယ်တော့ လက်ထပ်တယ်ဆိုတာ တစ်ယောက်ကိုတစ်ယောက် အထောက်အပံ့ပေးကြတာဟု မြင်ပါသည်။ အဲဒီအထောက်အပံ့တွေရဖို့ အနုပညာကို တန်ဖိုးထားစိတ်၊ ဘဝကို ရဲဝံ့စွာရင်ဆိုင်ချင်စိတ်တွေ ညီမျှဖို့တော့ လိုအပ်လှသည်။

"ကျွန်မတို့ နှစ်ယောက်တည်း ဘဝစကြမှာပါ"

ကျွန်မရဲ့ ရွေးချယ်မှုဟာ စိတ်တူသဘောတူ ခံယူချက်တူကြောင်း ယဉ်ကျေးစွာပြောကြား လမ်းခွဲပြီးနောက် တရွေ့ရွေ့ဝေးကွာသွားသော သူ့ ကျောပြင်ကို ငေးနေမိပါသေးသည်။

အိမ်အပြန်လမ်းမှာ အနုပညာသမား ဘယ်နှစ်မျိုးရှိပါလိမ့်ဟု စဉ်းစားရင်း စစ်မှန်တဲ့အနုပညာသမားတွေကို မြင်တွေ့ချင်သည်ဟု တိုးတိတ်စွာ ရေရွတ်မိလိုက်ပါသည်။

အခုအချိန်ထိတော့ ကျွန်မ သူ့အပေါ် ခေါင်းစဉ်တပ်၍ မရသေးပါ။

**နွေးနွေးစစ်အောင်**



Asian Fame Media Group



ဝတ္ထုတိုရသ

အဖေမျက်နှာ မကောင်းဘူး။ အမေမျက်နှာ မကောင်းဘူး။ အစ်မမျက်နှာမကောင်းဘူး။ ကိုယ်မျက်နှာ မကောင်းဘူး။ တစ်ယောက်နဲ့တစ်ယောက်အားပေးရင်း ခပ်မဲ့မဲ့ပြုံးလို့။ မချိတင်ကဲ ပြုံးလို့။ ဟန်ဆောင်ပြုံးလို့။ စိတ်ထဲမှာ ကျနေတဲ့မျက်ရည်တွေကို မမြင်ပေမယ့် သိနေတယ်။ အဖေက စိတ်ကိုတင်းထားတယ်။ အမေက တော့မျက်ရည်ကျခါနီးဆဲဆဲ။ အစ်မကတော့ ဘာကိုမှ စိတ်ထဲသိပ်မခံစားသူပီပီ မျက်ရည်လေးဝဲရုံ။ ကိုယ်ကရော . . .။

◆

အဖေ့ဆီက စကားတစ်ခွန်းကြားလိုက်ရချိန်မှာ ဝမ်းသာရမလား။ ဝမ်းနည်းရမလား။ အဖေ့စိတ်ထဲမှာ ဘာတွေတွေးနေလဲ၊ ဘာတွေစိတ်ကူးယဉ်နေလဲ၊ ဘာဆန္ဒတွေရှိလဲ၊ ဘာတွေလုပ်မှာလဲ။ ကိုယ်တို့ဟာ တစ်စုံတစ်ခုကိုရဖို့ တစ်စုံတစ်ခုကို စွန့်လွှတ်ရတာမျိုးလား။ ကိုယ့်ရင်ထဲမှာတော့ မေးခွန်းတွေက ပြည့်လို့။ သူကတော့ မသိသေးဘူး။ အရင်လိုပဲ ကိုယ်တို့ပြန်လာရင် အပြုံးနဲ့ဆီးကြိုနေကျ။

အရင်တုန်းက သူ့တန်ဖိုးကို မသိခဲ့ဘူး။ နေရာမပေးခဲ့ဘူး။ သူလည်း နေချင်သလိုနေ။ ကိုယ်ကလည်း အမှုမဲ့အမှတ်မဲ့။ သူဟာ ကိုယ်မွေးကတည်းက စောင့်ရှောက်ခဲ့တဲ့သူ။ ကာကွယ်ခဲ့တဲ့သူ။ လုံခြုံမှုပေးခဲ့တဲ့ သူ။ ဒါပေမဲ့ သူ့ကျေးဇူးတွေကိုမသိတတ်ခဲ့ဘူး။ သူ့ကို နားမလည်ခဲ့ဘူး။ အခုချိန်မှာ ကိုယ်တို့ဟာ တောင်းကြီးတစ်လုံးကို ရက်ဖို့ စတင်နေပါပြီ။ (တစ်ခါက လူတစ်ယောက်ဟာ သူ့အဖေကို တောင်ထိပ်တစ်ခုဆီမှာ သွားထားဖို့ တောင်းတစ်လုံးကို ရက်တယ်။ အဲဒီအချိန်မှာ ဒီလူရဲ့ သားကလေးကမေးတယ်။ ဒီတောင်းကို ဘာကြောင့်ရက်တာလဲပေါ့။ အဖေက ပြန်ပြောတယ်။ သားအဘိုးကို ဟိုးတောင်ထိပ်တစ်ခုမှာ သွားထားမလို့၊ သူ သိပ်အိုပြီမဟုတ်လားတဲ့။ အဘိုးကြီးဟာ အသုံးမဝင်တော့ဘူးလေ။ ဒီအခါ သားကလေးက ပြန်ပြောတယ်။ အဘိုးကို တောင်းနဲ့ပို့ပြီးတဲ့အခါ တောင်းပြန်ယူခဲ့ပါ။ အဖေ့အလှည့်ကျရင် ထည့်ဖို့ သားက တောင်းမရက်တတ်ဘူးတဲ့။) ကိုယ်တို့ရက်တဲ့ တောင်းကြီးကတော့ ပြီးခါနီးပြီလေ။

အခုတလော ကိုယ် အိမ်ပြန်နောက်ကျတတ်တယ်။ သူ ဘာမှတော့ မပြောရှာဘူး။ လက်နှစ်ဖက်ဆန့်တန်း ကြိုနေရှာတယ်။ တကယ်

Asian Fame Media Group

တော့ သူ့ကို မျက်နှာချင်းဆိုင်ရမှာ မျက်နှာပူလို့ အကြောင်းမရှိအကြောင်း ရှာပြီး အပြင်မှာ ကြာကြာနေတာ။ တကယ်တော့ မခွဲခွာခင် ကိုယ် သူ့နားမှာ နေသင့်တယ်။ အားပေး စကားတွေ ပြောနေသင့်တယ်။ အဲဒီ အကြောင်းစဉ်းစား ရင်တောင် မျက်ရည်ဝဲလာတတ်လို့ ကိုယ် သူ့ကို ဘယ်လိုအားပေးမလဲ။ သူကရော ကြိုအသိပေးရင် ပိုဝမ်းနည်းမှာလား။ ခံရသက်သာမှာလား။ ကိုယ် မသိဘူး။ သူ့ဘက်က မစဉ်းစားပေးမိခဲ့ဘူး။

သူကတော့ ကိုယ်တို့နဲ့ တစ်သက်လုံး အခုလိုပဲ စုစုစည်းစည်းနေရမယ် ထင်ရှာတာ။ သူနဲ့ နီးကပ်လေ ခွဲခွာရခက်လေဖြစ်မှာစိုးလို့ ကိုယ် ရှောင်နေတာ သူမသိဘူး။ ကိုယ် သူမသိအောင် တိတ်တိတ်ကလေး ဝမ်းနည်းတယ်။ မျက်ရည်မကျအောင် တားထားတဲ့ကြားက နှလုံးသားမှာ ဘယ်လိုအော်အော် သူမမှုဘူး။ ခပ်ပြုံးပြုံးပဲ။ ကိုယ့်အသံ ခပ်ကျယ်ကျယ် ကြားနေရတာကိုက သူ့အတွက် အထီးကျန်မှုကို ပျက်ပြယ်စေတယ်လေ။

သူနဲ့နေရတုန်းက ကိုယ်တို့မှာ တွင်းထဲကရေကို ပင်ပင်ပန်းပန်း ခပ်ရတယ်။ ဆွဲရတယ်။ လက်တွေကို နာလို့။ သူ့ကြောင့် အဲလိုလုပ်ရတယ် ဆိုပြီး သူ့ကိုတောင် အပြစ်တင်ခဲ့သေးတယ်။ ဒါပေမဲ့ နာဂစ်တုန်းက သူ့ကြောင့်သာ ကိုယ်တို့ ရေအတွက် ဒုက္ခမရောက်ခဲ့တာ။

ကိုယ်တို့ဟာ သူ့ကိုခွဲခွာဖို့ အဆင်သင့်ဖြစ်နေပြီ။ (စိတ်တွေတော့ မပါဘူးပေါ့လေ) ခန္ဓာကိုယ်တွေက အဆင်သင့်ဖြစ်နေပြီဆိုပိုမှန်မလားပဲ။ သူ့ကို စွန့်ခွာရမယ့်ရက်တွေ နီးလာလေလေ ကိုယ်တို့ နှလုံးသားတွေက နာကျင်လေလေပါပဲ။ သူကတော့ မသိရှာသေးဘူး။

**ကိုယ်တို့မိသားစုက သူ့ကိုခွဲခွာရတဲ့အတွက် တစ်ယောက်နဲ့ တစ်ယောက် အားပေးလို့ရသေးတယ်။ သူ့ခမျာတော့ တစ်ယောက်တည်းကျန်ခဲ့တာ။ ကိုယ်တို့ဝမ်းနည်းမှာစိုးလို့ တင်းခံထားတဲ့ သူ့ပုံကိုမျက်စိထဲက မထွက်ဘူး . . .**

မျက်ရည်တွေ တဖြုတ်ဖြုတ်ကြွေကျတယ်။ နှစ်ဆယ့်လေးနှစ်လုံးလုံး သူနဲ့နေခဲ့ရတာတွေကို တရေးရေး ပြန်မြင်ယောင်လာတော့ ဝမ်းသာလိုက်၊ ဝမ်းနည်းလိုက်။ ရုပ်ရှင်ပြကွက်တွေလိုတော့ မဟုတ်ဘူး။ အဖြစ်အပျက်တွေက ရှေ့ရောက်လိုက် နောက်ရောက်လိုက်။ သေချာတာတော့ပျော်နေခဲ့တာချည်းပါပဲ။ ကိုယ့်ကို အမေက အနှီးထွေးလေးနဲ့ခေါ်လာတော့ သူပြုံးကြည့်နေမယ်ဆိုတာ ကိုယ်သိနေတယ်။ အဲဒီအချိန်ကတည်းက သူဟာ ကိုယ့်ကိုကြိုဆိုခဲ့တာ။ ကိုယ်မပျော်လည်း သူကိုယ့်အနားမှာ။ ကိုယ်ကျရှုံးလည်း သူကိုယ့်အနားမှာ။

ကိုယ့်အသံကအလွန်ကျယ်ကြောင်း လူတိုင်းကလက်ခံတယ်။ ဘယ်သူကမှ ကန့်ကွက်မယ့်သူ မရှိဘူး။ ကိုယ့်အသံ ခပ်ကျယ်ကျယ်ကို သူသည်းညည်းအခံရဆုံး။ ကိုယ်ရောက်လာကြပြီ။ တူတွေ ဆောက်တွေစုံလို့။ လက်နက်ကိရိယာအပြည့်အစုံနဲ့ သူ့နှလုံးသားကို အပိုင်းပိုင်းခုတ်ထစ်တော့မယ်။ သူသိတော့မယ်။ သူ့ကို ကိုယ်တို့မိသားစု စွန့်ခွာတော့မယ်ဆိုတာ သူသိတော့မယ်။ သူ့ခန္ဓာကိုယ်ကို သူများတွေလက်ထဲမအပ်ခင် သူများတွေမဖြုတ်ခင် ကိုယ်တို့က အမှတ်တရအဖြစ် သူ့ကိုယ် တစ်စိတ်တစ်ပိုင်းကို ဖြုတ်ယူကြတယ်။ ညနေကလည်း စောင်းနေပြီ။ သူကလည်း အားယူရှိန်းရှာတယ်။ ဖြုတ်တဲ့သူကလည်း အားထည့်ဖြုတ်တယ်။ အဲဒီအချိန်မှာ မီးပျက်သွားရော။ မတတ်နိုင်ဘူး။ ကိုယ်က မီးပြပေးရတယ်။ ဘယ်လိုနှလုံးသားနဲ့ ကိုယ် မီးပြခဲ့ရသလဲ။ မျက်ရည်တွေ ဝဲလာတယ်။ သူကလည်း ကိုယ်ခံစား နေရတာသိပုံပဲ။ နောက်ဆုံးရှိန်းနေတဲ့သူ ကိုယ့်ရဲ့တောင်းပန်တဲ့အကြည့် တွေကြောင့်



Asian Fame Media Group

အလျှော့ပေးလိုက်တယ်။ ‘ဒုတ်’ ခနဲ သူ့နှလုံးသား ပြုတ်ထွက်သွားတယ်။ သူ စိတ်ပျက် အားလျှော့သွားတဲ့ပုံ။ သူ အားငယ်သွားတဲ့ပုံ။ သူဝမ်းနည်းကြေကွဲနေတဲ့ပုံ။ ကိုယ်သိတယ်။ မသိချင်ယောင်ဆောင်နေတာ။ မမြင်ချင်ယောင်ဆောင်နေတာ။ ဘယ်တော့မှ မမေ့နိုင်တော့အောင် ကိုယ့်နှလုံးသားက မှတ်တမ်းတင်ခဲ့ပြီလေ။

နောက်တစ်နေ့မနက်မှာ အဖေက စကားတစ်ခွန်းကို ဆိုတယ်။

“သမီးတို့ရေ မနက်ဖြန်နောက်ဆုံးပြောင်းမယ့်နေ့မှာ အဘိုးတို့အရိုးအိုးနှစ်အိုးကို ကန်တော့သွားရအောင်” တဲ့။

ကိုယ့်စိတ်ထဲမှာ နောက်ထပ်ကန်တော့ချင်တဲ့သူ ရှိသေးတယ်။ ကိုယ်တို့ငယ်ငယ်က ခပ်ကြမ်းကြမ်းခုန်ခဲ့သမျှ သည်းညည်းခံပေးတဲ့ သူ။ ကိုယ်တို့အစား အပူဒဏ်၊ အအေးဒဏ်၊ မိုးဒဏ်ခံပေးခဲ့တဲ့ သူ။ ကိုယ်တို့ရဲ့ အိမ်အိုကြီး။ သူ့ကို ကန်တော့ရမယ်။ သူ ငိုနေလား။ သူ ဝမ်းနည်းနေလား။ ကိုယ်တို့သွားမှ ကျိတ်ငိုနေလေမလား။ ကိုယ်တို့မိသားစုက သူ့ကို ခွဲခွာရတဲ့အတွက် တစ်ယောက်နဲ့ တစ်ယောက် အားပေးလို့ ရသေးတယ်။ သူ့ခမျာတော့ တစ်ယောက်တည်းကျန်ခဲ့တာ။ ကိုယ်တို့ ဝမ်းနည်းမှာစိုးလို့ တင်းခံထားတဲ့ သူ့ပုံကို မျက်စိထဲက မထွက်ဘူး။ အားယူပြီးတောင် ပြုံးပြနေသယောင်ယောင်။ (ဘိုးဘွားရိပ်သာမှာ ကိုယ့်အဘိုးအဘွားကို ထားခဲ့ရတာမျိုး။ ထားခဲ့ခံရတဲ့သူကပြန်ပြီး အားပေးနေသယောင်ယောင် အပြုံးမျိုး။ စိတ်ချစေချင်တဲ့ မျက်နှာထားမျိုး။) ကိုယ်တို့ မတရားဘူး။ သစ္စာ မရှိဘူး။ မစာနာတတ်ဘူး။

ကိုယ်တို့ ၂၁ ရက်နေ့ ညနေ မှောင်မှောင်မှာ သူ့ကို ထားခဲ့ကြတယ်။ သူ ငိုနေတာကိုယ်တို့ မမြင်ရအောင်၊ ကိုယ်တို့ ငိုနေတာ သူမမြင်ရအောင် မြေအဘိုးမသိတသိအချိန်က လမ်းခွဲဖို့ အကောင်းဆုံးပဲလေ။ ကိုယ်တို့စီးတဲ့ကားကြီးက တရွေ့ရွေ့။ သူက မျက်စိတစ်ဆုံး လိုက်ကြည့်လို့။ သစ်ပင်တွေ ကွယ်သွားပြီ။ တိုက်တန်းတွေ ကွယ်သွားပြီ။ နှလုံးသား



တွေ ကွယ်သွားပြီ။ အဖေကတော့ ကိုယ်တို့နဲ့မလိုက်ဘဲ သူနဲ့တော်တော်ကြာသွားနေလိုက်သေးတယ်။ အဖေ့ရဲ့အားပေးသံတွေကို သူကြားရဲ့လား မသိ။ ကိုယ်တို့သွားမှ သူငိုနေမလား။ သူ့တစ်ယောက်တည်း အားပေးမယ့်သူ မရှိ။ အဖော်မရှိ။

♦

သူ့ကို ခွဲခွာပြီးနောက်တစ်ရက်ကျ သူ့ရှေ့က ကိုယ်ဖြတ်အသွား သူ့ကို ထုလိုက်ရိုက်လိုက် ဖြိုလိုက်ကြတာ။ ကိုယ်ကလည်း မကြည့်ဘဲ မနေနိုင်။ ကြည့်ပြီးတော့လည်း နှလုံးသားက တဖြုတ်ဖြုတ် ကြွေကျလာသလိုပဲ။ သူ အော်ညည်းနေမလား။ သူ နာလွန်းလို့ ငိုကြွေးနေမလား။ သေချာတာတော့ သူ ကိုယ်တို့မိသားစုကို ခွင့်လွှတ်မှာပါ။ မတတ်သာလို့ လုပ်ခဲ့ရတဲ့၊ ဆုံးဖြတ်ခဲ့ရ တဲ့ အလုပ်တစ်ခုအတွက် သူနားလည်ပေးမှာပါ။

ကိုယ်တို့ဟာ အခုနေတဲ့အိမ်သစ်ကိုခဏလာတည်းသလိုပဲ ခံစားနေမိတယ်။ ကိုယ့်ကိုယ်ကိုယ် ဧည့်သည်လို့ပဲ ထင်မိတယ်။ နောက်ပြီး အခု အိမ်သစ်က မီးခလုတ်လေးနှိပ်လိုက်တာနဲ့ တဝေါဝေါကျလာတဲ့ ရေတွေထက် အိမ်ဟောင်းမှာ ကိုယ်တိုင်ဆွဲခဲ့ရတဲ့ ရေတွေက ပိုချိုးလို့၊ သောက်လို့ ကောင်းသလိုလို။ အခု အိမ်မှာရှိတဲ့ ခပ်သန့်သန့်အိမ်သာထက် လေတဖြူးဖြူးနဲ့ ကိုယ်တို့အိမ်ဟောင်းရဲ့ အိမ်သာခပ်စုတ်စုတ်လေးက ပိုအဆင်ပြေသလိုလို။

အခုချိန်ထိ ကိုယ်တို့ရဲ့ အိပ်မက်တွေထဲမှာ အိမ်အိုကြီးက အမိက ဇာတ်ဆောင်အဖြစ် ပါနေတုန်း။ ဒါပေမဲ့ အိပ်မက်က လန့်နိုးတိုင်း မျက်ရည်လည်မိတယ်။ ကိုယ်နိုးလာတာ အိမ်သစ်ကခုတင်အသစ်ပေါ်မှာလေ။ ကိုယ့်ရဲ့ ခုတင်ဟောင်းလေးနဲ့အတူ အိမ်အိုကြီးကတော့ အစအနတောင် မရှိတော့ပါဘူး။ အိပ်မက်တွေကတော့ အခုထိသစ္စာရှိတုန်းပါပဲလေ။

ကိုယ်တို့ဟာ အိမ်အိုကြီးကို အကြွေးရှင်လို ရှောင်နေမိတယ်။ အထက်အရာရှိလို ကြောက်ရွံ့ရတယ်။ ငယ်ချစ်ဦးလို တသသဖြစ်မိတယ်။ ကိုယ့်အဘိုးအဘွားလို ရိုသေရတယ်။ ကျေးဇူးရှင်လို လေးစားခဲ့တယ်။ ဒါပေမဲ့ တောင်းတစ်လုံးနဲ့ စွန့်ပစ်ခဲ့မိတယ်။

ဘတ်စကားစီးတိုင်း အသင်းတိုက်မှတ်တိုင်ပါတယ်လို့ ပြောမိတဲ့ ကိုယ့်ပါးစပ်ကို ဘယ်လိုထိန်းရပါ့။ သံလမ်းမှတ်တိုင်ပြီးရင် ငါ ဆင်းရတော့မယ်လို့ ဟန်ပြင်မိတာ ခဏခဏ။ ကားမှတ်တိုင်လေးကို ရည်းစားဟောင်းတစ်ယောက်လို ငေးမောမိတာ အပြစ်တစ်ခုဆိုရင် အသင်းတိုက် ကားမှတ်တိုင်နားမှာရှိတဲ့ ကိုယ်တို့ရဲ့အိမ်အိုကြီးကို လက်တွဲဖြုတ်ခဲ့တဲ့ မိသားစုတစ်စုကိုလည်း ခွင့်မလွှတ်ကြပါနဲ့။

ယုယ

(တောင်းရက်ခဲ့သူတစ်ဦး)

Asian Fame Media Group
af MEDIA GROUP



Asian Fame Media Group
af MEDIA GROUP



# ကျွန်မစာကြည့်တိုက်ဖွင့်ပွဲကို လာခဲ့ကြပါ

ခိုမိအောင် ဝတ္ထုတိုရသ



ကမ္ဘာ့အခမ်းနားဆုံး စာကြည့်တိုက်ကြီးဖွင့်လှစ်မယ့် အခမ်းအနားတစ်ခုကို တက်ရောက်ဖို့ လိုအပ်တာတွေပြင်ဆင်ရင်း ကျွန်မစိတ်လှုပ်ရှားနေမိတယ်။

အခု အသစ်ဖွင့်လှစ်မယ့် စာကြည့်တိုက်ကြီးက ဘယ်လောက်တောင်မှ ခမ်းနားဝင့်ထည်မှာပါလိမ့်၊ မိတ်ဆွေတွေထဲက ဘယ်သူတွေလာတက်ရောက်ကြမှာပါလိမ့်၊ ဖွင့်ပွဲနေ့မှာ လာရောက်ကြသူတွေ အားလုံးကို ဗလာမပါ စာအုပ်လက်ဆောင်ကံစမ်းမဲဖွင့်ပေးမယ့် အစီအစဉ်မှာကျွန်မ ဘာစာအုပ်များရမှာပါလိမ့်၊ နိုင်ငံတကာ ဝတ္ထုစာအုပ်တွေပါလက်ဆောင်ပေးမယ်ဆိုတော့ ကျွန်မအကြိုက် ဂါဆီယာမားကွက်စ်ရဲ့ စာအုပ်တွေလည်း ပါမှာပေါ့။ တစ်မြို့လုံးမှာ ဖွင့်ထားသမျှ လက်ဖက်ရည်ဆိုင်တွေထဲက ကြိုက်တဲ့ဆိုင်တစ်ဆိုင်ဆိုင်မှာ ကြိုက်တဲ့အစာတွေ ကျပ်သုံးထောင်ဖိုး အခမဲ့စားခွင့်လက်မှတ်တွေလည်း လာသမျှလူတိုင်းကို ပေးသတဲ့။ ဒီလို အစားအသောက်ကိစ္စတော့ ကျွန်မကအထွေအထူး စိတ်မဝင်စားလေတော့ စာကြည့်တိုက်အနီးအနားမှာ ရိပ်ရိပ်သီသီလုပ်နေမယ့် ပေစုတ်စုတ်ကလေးတစ်ယောက်ယောက်ကို ပေးပစ်မယ်လို့လည်း တစ်ဆက်တည်းစဉ်းစားထားလိုက်တယ်။ ဈေးများလို့မဝယ်နိုင်တဲ့ ဆရာမကြီးကြည်အေးရဲ့ ဝတ္ထုတိုပေါင်းချုပ်စာအုပ် အထူကြီးသာ ရခဲ့မယ်ဆိုရင်လည်း ကျွန်မသိပ်ပျော်မှာပဲ. . . စတဲ့ အတွေးတွေနဲ့ ကျွန်မစိတ်တွေ ဆူဆူပွက်ပွက်လှုပ်ရှားနေခဲ့တော့တယ်။

တူးဖိုက်စစ် မမ်မိုရီကတ်လေးကို ဒီဂျစ်တယ်ကင်မရာထဲ ထည့်လိုက်တယ်။ ကြိုတင်အားဖြည့်ထားတဲ့ ဘက်ထရီအပိုနှစ်စုံကို ချတ်ဂျာထဲက ထုတ်ယူလိုက်တယ်။ ဒီဂျစ်တယ်ကင်မရာတစ်လုံးနဲ့ ဒီဂျစ်တယ်အသံဖမ်းစက်တစ်လုံးကို အိတ်ထဲထည့် ကောက်လွယ်လိုက်ပြီး စာကြည့်တိုက်အသစ်ကြီး ဖွင့်လှစ်မယ့်နေရာကို ကျွန်မ ရောက်လာခဲ့တယ်။

ဖိတ်စာမှာပါတဲ့ လိပ်စာအတိုင်းရောက်သွားတဲ့အခါ မျှော်လင့်ထားတာထက် အဆပေါင်းများစွာပိုပြီး ခမ်းနားထည်ဝါလွန်းနေတဲ့ အပြင်အဆင်တွေကို တွေ့ရတယ်။ ဒီတော့ ခြံဝင်းထဲကိုလှမ်းဝင်လိုက်ဖို့ ကျွန်မရဲ့ ခြေလှမ်းတွေတောင် ခဏငယ်လေးတုံ့နှေးသွားမိသေးတာပေါ့။ ရေးလက်စ စာမူဖိုင်တွေထည့်ထားတဲ့

ကျောပိုးအိတ်ကိုဆွဲလို့ နေ့စဉ်ရုံးတက်တဲ့ပုံစံနဲ့ ရောက်လာတဲ့ ကျွန်မရဲ့ပုံစံကို ကျွန်မဘာသာငုံ့ကြည့်ပြီး နည်းနည်းတော့ သိမ်ငယ်သွားခဲ့တယ်။ ကျွန်မပုံစံက ဘာနဲ့တူနေလဲဆိုတော့ ဆောင်ယောင်ထည်ဝါခမ်းနားလွန်းတဲ့ နတ်သဘင် အစည်းအဝေးပွဲကြီးကို မျက်စိလည်လမ်းမှားပြီး ရောက်လာတဲ့ ပုံပြင်ထဲက ကြွက်စုတ်လေးတစ်ကောင်လိုပေါ့။ ကျွန်မရဲ့ပုံစံက ဖွင့်ပွဲအခမ်းအနားတစ်ခုနဲ့ ဘာမှမဆိုင်အောင် အင်မတန်ကို သေးနုပ်လွန်းနေတယ်လေ။

နံနက်စာဘူဖေး မိုးတိုးမတ်တတ်စားသုံးရင်း စကားတွေကျွက်ကျွိကျွိပြောနေကြတဲ့ ပြိုးပြိုးပြက်ပြက် လူအစုအဝေးတွေကြားမှာ ကျွန်မသိတဲ့လူ၊ ကျွန်မမိတ်ဆွေတွေများတစ်ဦးတလေပါလိမ့်နိုးနိုးနဲ့ ဟိုဟိုသည်သည် မျက်လုံးကစားကြည့်ရင်း ဓာတ်ပုံတွေ လိုက်ရိုက်နေမိတယ်။ ဂိတ်ဝမှာပဲပေးဝေနေတဲ့ အစားအစာအခမဲ့စားခွင့် ကတ်ပြားလေးကိုတော့ ကြိုတင် စဉ်းစားထားတဲ့အတိုင်း ဂိတ်ဝအနားမှာ ရိပ်သီရိပ်ဝဲလုပ်နေတဲ့ ပေမြွေးမြွေးကလေးငယ် တစ်ယောက်ကို အစောကြီးကတည်းက ကျွန်မ ပေးပစ်ခဲ့ပြီ။ ကျွန်မပေးနေတဲ့ ကတ်ပြားကို မယုံမရဲကြည့်ရင်း ယို့တို့ယို့တို့လေးလှမ်းယူရှာတဲ့ အဲသည့်ကလေးကို ဒီကတ်ပြားဘယ်လိုအသုံးချလို့ရတယ်ဆိုတာ ကျွန်မအသေအချာ ရှင်းလင်းပြောပြလိုက်ပါသေးတယ်။ ပြောမယ့်သာ ပြောပြနေတာပါ၊ အဲသည့်ကလေးကဖြင့် ဒီကတ်ပြားအကြောင်း စုံစီစုံငသိနှင့်နေပုံပဲ။ သူ့ လက်ထဲကတ်ပြားလည်း လုံးလုံးလျားလျားရောက်ရော မွေ့မြူးသွားပြီး တျက်တျက်ခေါက်ခေါက် မာဆာတဲ့ခြေလှမ်းတွေနဲ့ ခုန်ဖိခုန်ပေါက် ပြေးထွက်သွားတယ်။ အဲသည် လူကလေးဆိုင်တစ်ဆိုင်ကို အပြေးသွားပြီး ပါးလုပ်ပါးပြည့် မြိန်ဖွယ်ရှက်ဖွယ် လွေးစားနေဦးတော့မှာ ကျွန်မ မြင်ယောင်နေမိပါသေးတယ်။

ကျွန်မတစ်ယောက်တည်း ရိုက်ပြီးတဲ့ပုံတွေ ကောင်းမကောင်း ပြန်ကြည့်လိုက်၊ ထပ်ရိုက်လိုက်နဲ့ ကျွန်မစိတ်အထင် နာရီဝက်လောက်ကြာတဲ့အထိ ကျွန်မအသိတစ်ဦးမှ မတွေ့မိသေးဘူး။ စာကြည့်တိုက်ဖွင့်ပွဲနေ့သာဆိုတယ် ခါတိုင်းပွဲတွေလိုမျိုး ဖွင့်ပွဲနဲ့တူတဲ့ အရိပ်အယောင်လေးတောင်မှ မတွေ့ရဘူး။ ဖွင့်ပွဲအခမ်းအနားတွေမှာ မြင်တွေ့နေကျဖြစ်တဲ့၊ ပူဖောင်းချိတ်ဆွဲထားတဲ့ ဖဲကြိုးကို တစ်ဖက်တစ်ချက်ကိုင်ပြီး အချိုဆုံးမျက်နှာ၊ အလှဆုံး ကိုယ်ဟန်နဲ့ရပ်စောင့်နေမယ့် မော်ဒယ်လ် မိန်းမလှလေးတွေကိုလည်း မတွေ့ရဘူး။ ပြောရရင် ဖိတ်ဖိတ်လက်လက်ဖွင့်ပွဲ အခမ်းအနားပုံစံ တစ်စုံတစ်ရာမရှိဘဲနဲ့ ဘူဖေးနဲ့ လူအစုအဝေးတွေသာ ခမ်းနားလျှံကျနေတဲ့ လွင်ပြင်ကျယ်ကြီးပေါ့။

ဖွင့်ပွဲအခမ်းအနားကို ဘယ်အချိန်မှာ ဘယ်လိုပုံစံနဲ့ စတင်မှာပါလိမ့်လို့ စဉ်းစားနေတုန်းမှာပဲ အောင်မြင်ခန့်ညားတဲ့ အသံကြီးနဲ့ "အခမ်းအနား ပြီးဆုံးကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား"လို့ လူတစ်ဦးက အော်လိုက်တယ်။ သူ့အသံဟာ ကောင်းကင်ယံ တစ်ခွင်လုံးကို သိမ့်သိမ့်ခါခါ သဲသဲအုတ်အုတ်ထွင်းဖောက်ပြီး အကျယ်ကြီး ထွက်ပေါ်လာတယ်။ ကျွန်မ သိပ်ကို အံ့သြသွားမိတယ်။ ဘယ်လိုပါလိမ့်။ ဖွင့်ပွဲဘယ်အချိန်ကလုပ်ခဲ့လို့ ခုလိုပြီးဆုံးသွားရတာပါလိမ့်။ ကျွန်မများမမီခဲ့လို့လား။ မဖြစ်နိုင်ပါဘူး၊ ဖိတ်စာမှာ ဖော်ပြထားခဲ့တဲ့ အချိန်နာရီထက် မိနစ်နှစ်ဆယ်လောက် စောပြီးတောင် ကျွန်မ ရောက်ခဲ့တယ်မဟုတ်လား။ ခက်တာပဲ။ သူတို့ပြီးဆုံးပြီဆိုတော့လည်း ဧည့်ပရိသတ်မလေးကျွန်မက လိုက်ပြီးပြီးဆုံးကြောင်း သဘောတူလိုက်ရုံပေါ့။ ဘာတတ်နိုင်မှာလဲ။ လူတွေဆီက ညီညီညာညာ သောင်းသောင်းဖြဖြ ရှိလွန်းလှတဲ့ လက်ခုပ်သံတွေကို အကြားမှာ လူအများနဲ့အတူ ကျွန်မလည်း ရောရိရောရာလိုက်ပြီး လက်ခုပ်တီးလိုက်ရတယ်။ လက်ခုပ်သံတွေ တဖြည်းဖြည်းစဲပြီး ရပ်တန့်သွားတဲ့အခါ ရှိရှိသမျှလူတွေအားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြတယ်။ အနက်ရောင် အနောက်တိုင်းဝတ်စုံကို သေသပ်ကျနစွာဝတ်ထားတဲ့ လူငါးယောက်တို့က "ဘုရားသခင်ကောင်းချီးပေးပါစေ"လို့ သုံးကြိမ်သုံးလီ ကြီးတီးကြက်တက် ဟစ်အော်လိုက်ကြတယ်။ အော်ပြီးတဲ့အခါ သူတို့ကိုင်ထားတဲ့ မည်းမည်းပိန်းပိန်း အိတ်ကြီးထဲက ငွေစက္ကူတွေကို ရုတ်ချည်းဆွဲထုတ် ဖြန့်ကြဲဝဲချလိုက်ကြတယ်။ ကောက်ကာငင်ကာကြီးဆိုတော့ ကျွန်မ ဘာလုပ်လို့ လုပ်ရမယ်မှန်းမသိ ကြောင်တိကြောင်တောင်ဖြစ်ပြီး အတောင့်သားရပ်နေမိတယ်။ လူတွေအားလုံးကတော့ ကျွန်မလိုမဟုတ်ဘူး။ ချက်ချင်းလက်ငင်းအတင်းကာရောတိုးဝှေ့ပြီး အလုအယက်ကြီးကို ကုန်းကောက်နေကြတယ်။ သူတို့ဆင်ယင်ထားတဲ့ ရွှန်းလဲ့တောက်ပ ရတနာပစ္စည်းတွေကိုမှ အားမနာနိုင်အောင်ပါပဲ။

ဒါဟာ ဖိတ်စာပါအချက်အလက်နဲ့ တက်တက်ကုန်အောင်လွဲနေပါတယ်။ ဖိတ်စာထဲမှာ ဗလာမပါကံစမ်းမဲစာအုပ်တွေ လက်ဆောင်ပေးမယ်ဆို ပါလျက်နဲ့ ကျွန်မတောင်မှ ဆရာမကြီး ကြည်အေးရဲ့ ဝတ္ထုတိုပေါင်းချုပ်စာအုပ် အထူကြီး သာရခဲ့ရင် ဘယ်လောက်ကောင်းမှာပါလိမ့် . . . လို့ စိတ်ကူးနေခဲ့သေးတယ်မဟုတ်လား။ အခုစာအုပ်တွေအစား လက်ဆောင်ပေးနေတာက ငွေစက္ကူတွေ. . .။ ပြီးတော့ ဖြန့်ကြဲချနေတဲ့ ငွေစက္ကူတွေနောက် ဗြုန်းဗြင်းဆန်ခတ် လိုက်နေတဲ့လူတွေ . . .။ ဒီမြင်ကွင်းကို ကျွန်မ သတင်းဓာတ်ပုံရိုက်ယူဖို့တောင်မှ စိတ်ဝင်စားမှုမရှိဘူး ဖြစ်နေပါတယ်။ ကျွန်မသတင်းထောက် လုပ်ကိုင်လာသမျှကာလပတ်လုံး ဒီနေ့ပွဲဟာ စိတ်ဝင်စားစရာအကောင်းဆုံး ဖြစ်မှာပဲဆိုတဲ့အတွေးတွေကို သယ်ဆောင်ပြီး တက်ကြွရွှင်လန်းစွာ ရောက်လာခဲ့တာလေ၊ ခုတော့ အဲဒီ အတွေးတွေဟာလည်း သဲထဲရေ သွန်ချလိုက်တဲ့အဖြစ်လိုပါပဲ။ ကျွန်မစိတ်တွေ အရည်မရွှမ်းတဲ့ ကြံဖတ်လိုဖတ်သလတ်လတ်နဲ့ ချက်ချင်းကြီးငြိုးငွေ့သွားတယ်။ ကင်မရာကို ကိုင်ထားတဲ့ လက်တွေလည်း လေးလံပြုတ်ကျလာတယ်။

ဒါနဲ့ပဲ အဲဒီလူအုပ်ကြီးကို



Asian Fame Media Group



ကျောခိုင်းပစ်လိုက်တယ်။ ဒီအချိန်မှာပဲ ကျွန်မနဲ့ခပ်လှမ်းလှမ်းမှာ ရွှေရောင်တဖိတ်ဖိတ် လက်ဖြာတောက်ပနေတဲ့ စာလုံးတွေထွင်းထားတဲ့ အဆောက်အအုံကြီးကို မြင်တယ်။ ဒါကမှ ကျွန်မရဲ့ လာရင်းရည်ရွယ်ချက်ပဲဖြစ်တယ်ဆိုတဲ့ စိတ်ကူးနဲ့ ကျွန်မ ပျော်ရွှင်သွားတယ်။ ကင်မရာကို အသင့်အနေအထားပြင်ရင်း ကျွန်မ ခပ်သွက်သွက်တိုးဝင်သွားလိုက်တယ်။ အထဲရောက်တော့ ကျွန်မ မျှော်လင့်နေတဲ့စာအုပ်တွေ အမြောက်အမြား တွေ့လိုက်ရပါလေရော။ ကျွန်မ စိတ်တွေ တစ်မုဟုတ်ချင်း ရွှင်မြူးလာတယ်။ စာအုပ်တွေကို ဆွဲယူမကြည့်ခင် လက်ထဲက ကင်မရာနဲ့ တစ်ကွက်ပြီး တစ်ကွက် ရိုက်ယူလိုက်တယ်။

တချို့နေရာတွေမှာ စာအုပ်စင်ကြီးတွေက မြင့်မားလွန်းလို့ ကင်မရာကိုင်ထားတဲ့လက်နှစ်ဖက်ကို အပေါ်ကို တစ်ဆုံးဆန့်တန်း ပင့်မြှောက်ပြီး ရိုက်ယူရတဲ့ အထိပါပဲ။ စိတ်တိုင်းကျ လွတ်လွတ်လပ်လပ် ရိုက်နိုင်ပေမယ့် ပြောရရင် ဒီပုံတွေဟာ ကျွန်မလိုချင်တဲ့ အဆင့်မီတဲ့ ပုံကောင်းတွေတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ကျွန်မ လိုချင်တာက လူတွေဟာ ဒီစာအုပ်တွေကို စိတ်ဝင်တစား ဆွဲယူလှန်လှောရမယ်၊ အငမ်းမရ လေ့လာဖတ်ရှုရမယ်။ အဲဒီလိုလူတွေနဲ့ စာအုပ်တွေ၊ စာအုပ်တွေနဲ့ လူတွေ ထွေးလုံးရစ်ပတ်နေတဲ့ မြင်ကွင်းမျိုးပေါ့၊ စာအုပ်တွေ အမြောက်အမြားရှိနေတဲ့နေရာမှာ လူတွေကလည်း အဲဒီစာအုပ်တွေနဲ့ထပ်တူ များပြားနေပြီး စာအုပ်နဲ့လူ တစ်သားတည်းရှိနေတဲ့ မြင်ကွင်းမျိုးတွေပေါ့။

ဒီလိုသတင်းဓာတ်ပုံမျိုးကို ကျွန်မက အမိအရရိုက်ယူချင်တာ။ ပြီး ကျွန်မအလုပ်လုပ်တဲ့ အပတ်စဉ်သတင်းဂျာနယ်မှာ 'စာအုပ်နဲ့လူ ဘယ်သူပိုများလဲ'ဆိုတဲ့ ခေါင်းစဉ်နဲ့ မျက်နှာဖုံးတင်ဖို့တောင် စဉ်းစားပြီးသား။ ဒီလိုတခမ်းတနားစိတ်ကူးတွေနဲ့ ကျွန်မ ဒီစာကြည့်တိုက်ဖွင့်ပွဲကို ရောက်လာခဲ့တာပါ။ ခက်တာက အခုချိန်ထိ ကျွန်မ စိတ်ကူးထားတာ ဘာတစ်ခုမှ ဖြစ်မလာသေးဘူး။ ဒါပေမဲ့ ကျွန်မ လက်မလျှော့ဘဲ ရိရှားပန်းလျဥဿာဟနဲ့ ကြိုးပမ်းအားထုတ်ပြီး ဆက်စောင့်ဖို့ပဲ ဆုံးဖြတ်တယ်။ စောစောက ငွေစက္ကူနောက်လိုက်နေတဲ့ လူအုပ်ကြီးက ငွေစက္ကူတွေ ရနိုင်စရာလမ်း ကုန်သွားရင်တော့ ဒီစာအုပ်တွေဘက်ကို တိမ်းယိမ်းပြိုဆင်းကျလာမှာပါဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့ . . ။

လက်ထဲက ကင်မရာနဲ့အတူ ပါလာတဲ့အိတ်ကြီးကို စားပွဲတစ်လုံးပေါ် အသာကလေး တင်ထားလိုက်တယ်။ အဲဒီမှာ စာဖတ်သူများအတွက်ဆိုတဲ့ စားပွဲပေါ်မှာ အုံ့ဩမှင်တက်ဖွယ် စာတန်းလေးတွေ . . . ။ ဘယ်လို စာကြည့်တိုက်မျိုးမှာမှ ရှိမနေနိုင်တဲ့ ထူးပြားထွေဆန်းတဲ့ သတိပေးအမှာ စကားတွေပေါ့။

"သတိ -စကားတိုးတိုးပြောရန် မလိုပါ"

"စာဖတ်သူအားလုံး ဤစာအုပ်များကို ဖတ်ရှုပြီး ဤနေရာတွင် လွတ်လပ်စွာ ငြင်းခုံဆွေးနွေးမှုကို ပြုနိုင်သည်"

"စာအုပ်များနှင့်ပတ်သက်၍ ကျယ်လောင်စွာ ငြင်းခုံခွင့်ပြုသည်" (လူများနှင့်ပတ်သက်၍တော့ ဘယ်တော့မှ ငြင်းခုံရန်မလို)

တစ်နေရာမှာလည်း အလားတူ တွေ့ရပြန်တယ်။

"တိုးတိုးဖတ်ရန် မလို"

"တိုးတိုးပြောရန် မလို"

"ကျယ်ကျယ်ဖတ်၍ ကျယ်ကျယ် ပြောနိုင်သည်"

(သတိ - စာအုပ်များအကြောင်းတော့ ဖြစ်ပါစေ) တဲ့။

သတိပေးစာတန်းတွေကို တကဲ့တကဲ့ လိုက်ဖတ်ကြည့်ပြီး သဘောကျသွားလို့ တစ်ယောက်တည်း ခေါင်းတညိတ်ညိတ်လုပ်ရင်း ရယ်နေမိတယ်။ ခုချိန်ထိ ကျွန်မနဲ့ငြင်းခုံဖို့ လူတွေ့ဖြင့် ပေါ်မလာသေးဘူး။ စာအုပ်တစ်အုပ် ထိုင်ဖတ်ရင်း လူတွေကိုစောင့်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ လက်လှမ်းမီရာ စာအုပ်တစ်အုပ်ကို ဆွဲယူလိုက်တော့ အဖုံးမှာ ဘာမှမရေးထားဘူး။ စာအုပ်က အနက်ရောင် ပြောင်ချောဖြစ်ပြီး ကျွန်မ နေ့စဉ်ဖတ်နေကျ သမ္မာကျမ်းစာအုပ်နဲ့ ခပ်ဆင်ဆင်တူနေသေးတော့ . . ။

ဒါနဲ့ လှန်လှောကြည့်လိုက်တယ်။ အဲဒီမှာ ကျွန်မမျက်ခုံးတွေ အမြင့်ကြီး မြင့်တက်သွားတယ်၊ မေးရိုးတွေပြုတ်ကျသွားပြီး ပါးစပ်လည်း အကျယ်ကြီး ဟောင်းလောင်းပွင့်အာသွားတော့တယ်။

ဘယ်နေရာကြည့်ကြည့် ဘာစာလုံးမှရှိမနေတဲ့ ဗလာထည်စာအုပ်ဖြစ်နေလို့ပါပဲ။ အဲဒီစာအုပ်ကို သူ့နေရာ ပြန်ထားလိုက်ပြီး တခြားအကန့်မှာရှိတဲ့ စာအုပ်တစ်အုပ်ကို ဆွဲယူကြည့်လိုက်တယ်။ အလိုလေး . . . ဘုရားသခင် . . . . စောစောက စာအုပ်လိုပဲ၊ အနက်ရောင်ပြောင်အဖုံးနဲ့ အတွင်းက အဖြူထည်ဗလာချီစာရွက်တွေ. . . ။ နောက်တစ်အုပ် . . . ဒီလိုပဲ. . ။ ဒီနေရာနဲ့ ခပ်ဝေးဝေး စင်ဘက်ပြေးသွားပြီး တစ်အုပ်ပြီးတစ်အုပ် ဆွဲယူကြည့်ပြန်တော့လည်း ဒီအတိုင်းပဲ။ တစ်ခုခုတော့ မှားနေပြီလို့ ကျွန်မ သိလိုက်တယ်။ ခက်တာက ဘာမှားမှန်း အဖြေရှာမရဘူး. . ။

စိတ်ပျက်လက်လျှော့ပြီး အခန်းထဲအရင်ဆုံးဝင်လာမယ့် လူတစ်စုံတစ်ယောက်ကိုပဲ လင့်မျှော်ရတော့တယ်။ အတန်ကြာတဲ့အထိ ဘယ်သူမှ ပေါ်မလာကြဘူး။ ဒီအတိုင်း နမော်နမဲ့ထိုင်နေလို့ မဖြစ်သေး ဘူး၊ အပြင်ထွက် အရိပ် အခြည်ကြည့်ဦးမှဆိုတဲ့အတွေးနဲ့ ပစ္စည်းတွေ အိတ်ထဲပြန်ထည့်၊ အိတ်ကို ကောက်လွယ်လိုက်တယ်။ အဲဒီမှာပဲ လျှပ်စစ်မီးတွေလည်း ရုတ်ခြည်းထထက် ပြတ်တောက်သွားပြီးတော့ တစ်ခန်းလုံး မည်းပုပ် မှောင်မိုက်သွားတယ်။ ကျွန်မတစ်ကိုယ်လုံး ကျဉ်စက်နဲ့အတို့ ခံလိုက်ရသလို စစ်စစ်စိစိမြည်သွားတယ်။ ကျွန်မ တစ်ကိုယ်လုံးမှာရှိတဲ့ သွေးကြောတွေထဲ တစ်ခုခုဖြတ်စီးဝင်လာသလို ခံစားလိုက်ရတယ်။ တကယ်ဆို ဒီလိုမှောင် မိုက်ထဲမှာနေရရင် ကျွန်မဟာ သိပ်ကိုကြောက်လန့်တတ်သူပါ။ အခု ဘာကြောင့်များ မကြောက်မလန့် နေရဲတာပါလိမ့်။ ခါတိုင်းနဲ့မတူဘဲ ရဲရင့်နေတာဟာ

သိပ်ကိုထူးဆန်းပါတယ်။ ပြီးတော့ အဲဒီအမှောင်ကြီးထဲမှာပဲ တကဲ့ကဲ့ တရွေ့ရွေ့လျှောက်သွား နေမိသေးတယ်။ ဒီလိုလျှောက်နေရင်းနဲ့ ပတ်ဝန်းကျင်ကို တဖြည်းဖြည်း မြင်တွေ့လာရသလိုပဲ။ သိပ်ပြီးသဲသဲကွဲကွဲတော့ မမြင်ရဘူး။ ဒါဟာ ဘာဖြစ်တယ်ဆိုတာလောက် ခွဲခြားနိုင်ရုံလောက်ကလေးပဲ။

မသဲကွဲတဲ့ အလင်းရောင်အောက်မှာ လူတွေအများကြီးကို ကျွန်မမြင်တယ်။ လူတွေက ကျွန်မကို ရိပ်ရိပ်ခါခါကလေးတောင်မှ မြင်ဟန်မတူဘူး။ သေချာကြည့်မိတော့မှ လူတွေဟာ ကျွန်မလိုအဝတ်အစားမျိုး ဝတ်မထားကြတာ တွေ့ရတယ်။ ပြောရရင် အခု မျက်မှောက်ကာလ ဝတ်စားဆင်ယင်ပုံမျိုးမဟုတ်ဘူး။ ခရစ်တော် သက်ရှိထင်ရှားရှိစဉ်တုန်းက ဝတ်စားဆင်ယင်ပုံမျိုး ဖိုးရိုးဖားရား တွဲရရွဲလျှောကျနေတဲ့ ဝတ်ရုံရှည်ကြီးတွေနဲ့။ တစ်ယောက်က တစ်ယောက်ကိုမကြည့်ဘဲ ခါးတွေကိုင်းညွတ်ပြီး တုံ့ပယ်တုံ့ပယ် သွားနေကြတယ်။ လက်တွေထဲမှာလည်း တစ်ခုခုကိုဝှက်ပြီး ကိုင်ထားသလိုပဲ။ လူတစ်ယောက်က ကျွန်မကို ရှောင်မသွားဘဲ ကျွန်မရှေ့မှာ တည့်တည့်ရပ်ပြီး မေးလာတယ်။

"တစ်ယောက်တည်းလား. . "

သူ့အသံက နက်နက်ကြီး၊ လိုဏ်ခေါင်းထဲကနေ နမူးနထူးကြီး တိုးထွက်လာသလိုမျိုး။

"ဟင့်အင်း. .၊ ကျွန်မ စာကြည့်တိုက်ဖွင့်ပွဲကို လာခဲ့တာပါ"

ဝေ့လည်လည်လုပ်ပြီး ကျွန်မ ဖြေလိုက်တယ်။ သူက ငါသိပါတယ်ဆိုတဲ့ပုံစံနဲ့ ခေါင်းတညိတ်ညိတ်လုပ်လို့ ရွဲ့စောင်းစောင်းကြည့်ရင်း ကျွန်မကို ဖြတ်ကျော်သွားတယ်။ နောက်ထပ် လူတစ်ယောက်နဲ့ တွေ့ပြန်တယ်။ သူကလည်း စောစောက လူလို အလားတူမေးတယ်။ စောစောက လူလို အသံနက်နက်ကြီးနဲ့၊ လိုဏ်ခေါင်းသံ။

"တစ်ယောက်တည်းလား . . ."

ကျွန်မကလည်း မဆိုင်းမတွဘဲ စောစောကလိုပဲ ဖြေလိုက်တယ်။

"ဟင့်အင်း. .၊ ကျွန်မ စာကြည့်တိုက်ဖွင့်ပွဲကိုလာခဲ့တာ"



**"မဖြစ်သေးဘူး အစ်မရဲ့ အစ်မလို မျက်စိလည် လမ်းမှားပြီး ရောက်လာမယ့် လူတွေကို ကျွန်မက ဒိုင်ခံပြီး ကူညီရဦးမယ်လေ"**

အဲဒီမှာလည်း သူက စောစောက လူလိုပဲ၊ ငါသိပါတယ်ဆိုတဲ့ပုံစံနဲ့ ခေါင်းတညိတ်ညိတ်လုပ်လို့ ထွက်သွားပြန်တယ်။ နောက်ထပ် တစ်ယောက် ဒီလိုပဲမေး၊ ကျွန်မကလည်း ဒီလိုပဲဖြေ၊ ဒီလိုပဲသူတို့ထွက်သွား။ ဘယ်နှယောက်မှန်း မသိတော့တဲ့အထိ တဖြည်းဖြည်းနဲ့ လူတွေများလာတဲ့အခါ ကျွန်မစိတ်တွေ ညစ်ညူး ရှုပ်ထွေးလာတယ်။ ပြီးတော့ သူတို့မျက်နှာ ကြည့်ရတာလည်း ပျင်းပိုးထနေတဲ့ရုပ်နဲ့။ အို သွားစမ်း. . ဘာလို့ ဒါပဲမေးနေကြတာလဲ။ တခြားမေးစရာ မရှိတော့ဘူးလား။ ဒါမှမဟုတ် ဘာမှမမေးဘဲ ကျွန်မကို လျစ်လျူရှုကျော်ဖြတ်သွားလို့မရဘူးလား။ စိတ်တွေ ဘောက်ဘက်ခတ်လာတဲ့အဆုံး နောက်ထပ် လူတစ်ယောက်ကို မြင်မိသခိုက်မှာ ကျွန်မက အရင်ဦးအောင် ပြောထည့်ပစ်လိုက်တယ်။

"ဟုတ်တယ်၊ ကျွန်မတစ်ယောက်တည်းလာတာ၊ ဟောဒီနေရာကို ကျွန်မတစ်ယောက်တည်းလာတာ၊ ကျွန်မတစ်ယောက်တည်း . . "

ဆိုပြီး တရစပ်ပြောပစ်လိုက်တယ်။ ဒီတော့မှ နောက်ထပ် ဘယ်သူမှ ဘာမှ မမေးလာကြတော့ဘူး။ စကားမပြောတတ်တဲ့ နပိန်းနထူ အရုပ်တွေလို ကျွန်မ အနားကနေ ညွတ်ပတ်ညွတ်ပတ်နဲ့ ဖြတ်သွားကြတော့တယ်။ အသေအချာ ကြည့်မိရင်တော့ ခေါင်းစွပ်အဝတ်အထည်ကြီး အောက်က မြူတူတူမြူးကျစ်ကျစ် အပြုံးနဲ့ မျက်နှာကို ကျွန်မတွေ့ရတယ်။ တစ်ယောက်တည်း တရွေ့ရွေ့နဲ့ ကျွန်မ ဆက်လျှောက်လာတယ်။ အခန်းတစ်ခုထဲမှာ အဝတ်ဖိုးရိုးဖားရားနဲ့လူတွေ စားသောက်နေကြတာကျွန်မတွေ့တယ်။ အသားကင်နံ့ တူးတူးမွှေးမွှေးလေးရတဲ့အခါ ကျွန်မ ဝမ်းဗိုက်ထဲက ဖော်မပြတတ်လောက်အောင် ဆာလောင်လာတယ်။ လွတ်နေတဲ့ခုံတစ်ခုံမှာ ဝင်ထိုင်လိုက်တာနဲ့ ချက်ချင်းပဲ ကျွန်မရှေ့ကို အသားကင် တစ်ပွဲရောက်လာတယ်။ အတော်ကြီးတဲ့ အသားတုံးတွေကိုကြည့်ပြီး မစားရဲသလို စိတ်ထဲတစ်မျိုးကြီး ဖြစ်လာတာနဲ့ ဘေးခုံမှာထိုင်စားနေတဲ့ လူတစ်ဦးကို လှမ်းမေးလိုက်တယ်။

"တစ်ဆိတ်မသိလို့ မေးစမ်းပါရစေ၊ ဒီဥစ္စာ ဘာသားလဲရှင့်"

အဲဒီလူက နဖူးပေါ် ရွဲ့တွဲ့တွဲ့ စောင်းအုပ်ကျနေတဲ့ ဝတ်ရုံခေါင်းစွပ်ကြီးကို လက်တစ်ဖက်နဲ့ မတင်လိုက်ပြီး ကျွန်မကို စွေစောင်းစွေစောင်း ကြည့်လာတယ်။

"xxxxx"

"ရှင်"

သူပြောလိုက်တဲ့ စကားကို ကျွန်မ နားမလည်လိုက်ဘူး။ အသားကင်တွေကို ရွံ့တွန့်တွန့်ကြည့်ရင်း ကျွန်မနှလုံးထဲကနေ အမျိုးအမည်မသိလေတဲ့ ခံစားမှုကြီးတစ်ခု ရင်ဝဆီကို ပျို့လန်တက်လာတယ်။



af MEDIA GROUP
Asian Fame Media Group

အသားနဲ့တို့စားဖို့ ချပေးထားတဲ့ ခွက်ထဲကအနီရောင် အရည်တွေဟာ ငရုတ်ဆီ အချဉ်ရည်တွေမှ ဟုတ်ရဲ့လား၊ ဘုရားသခင်။ ပါးစပ်ကိုလက်နဲ့ အုပ်ပြီး ဒယိမ်းဒယိုင်ထရပ်မိရင်း နောက်ကို ခြေလှမ်းဆုတ်ခွာမိတဲ့ အခါ ခုံက ကျွန်မခြေထောက်နဲ့ တိုက်မိပြီး ဝုန်းခနဲ လဲပြိုကျသွားတယ်။ တိတ်ဆိတ်စွာ စားသောက်နေတဲ့လူ အားလုံးက ကျွန်မကို မကျေမနပ်ဟန်နဲ့ စုပြုံဝိုင်းကြည့်လာတယ်လို့ ကျွန်မ သိလိုက်တယ်။ အဲဒီနေရာကနေ တစ်ချိုးတည်း ကျွန်မထထွက်ခဲ့တော့တယ်။ လိုဏ်သံထွက်နေတဲ့ ကျွန်မ ခြေသံက ကျွန်မနောက်ကနေ တဂျိုင်းဂျိုင်းနဲ့ အကျယ်ကြီး ပြန်ပြီး ကပ်ပါလာတယ်။ ခြေသံက တဖြည်းဖြည်းနဲ့ ပိုပြီးကျယ်လောင်လာသလို ပိုပြီးလည်း များများကြားလာရတယ်။ ဘုရားသခင် ကျွန်မခြေသံတင် မကတော့ဘူး ထင်ပါရဲ့၊ အခြားလူခြေသံတွေပါ ကပ်ပါလာတယ်လို့ ကျွန်မ ခံစားသိလိုက်ရတယ်။

တကယ်တော့ ခြေသံတွေက ကျွန်မနောက်ကနေ ကပ်ပါလာတာ မဟုတ်ဘူး။ ကျွန်မက အဲဒီခြေသံတွေကြားထဲကို ငေါင်းငေါင်းစင်းစင်းကြီး ရောက်နေတာ။ မြေပြင်ပေါ်ကို ခြေထောက်တွေ တဂျိုင်းဂျိုင်း တဘုတ်ဘုတ်နဲ့ နင်းနင်းချပြီး ကခုန်နေတဲ့ လူတွေအများကြီးကို ကျွန်မတွေ့တယ်။ ဆူဆူညံညံ ဒါပေမဲ့ စည်းချက်ညီညီတီးနေတဲ့ အာဖရိက လူရိုင်းတွေရဲ့ ဗုံသံတွေလိုမျိုး ဗုံတီးသံတွေ ကျွက်ကျွက်ရိုက်ကြားနေရတယ်။ ဆွဲငင်ဆွဲငင်နဲ့ တံပိုးမှုတ်သံလိုမျိုး အသံရှည်ကြီးတွေကိုလည်း ကြားရတယ်။ လူတွေတချို့တလေရဲ့ ဦးခေါင်းပေါ်မှာ ကလေးတွေစားတဲ့ လမ်းဘေးက အာတာပူစီလို့ခေါ်တဲ့ အမျှင်ထွေးရှုပ်ထွေးရှုပ်နဲ့ ယှက်ဖွဲ့လိမ်ကျစ်နေတဲ့ မုန့်လိုမျိုး (ငှက်သိုက်မုန့်လို့ ပြောရမယ်ထင်တယ်) အဲဒီမုန့်နဲ့တူတဲ့ ပန်းဆီရောင်ရင့်ရင့် ဆံပင်အတုကြီးတွေ ကိုယ်စီစွပ်ထားကြတယ်။ ကိုယ်ပေါ်မှာလည်း အရွက်လုံရုံ အဝတ်ပိုင်းလေးတွေပဲ ဖုံးကာထားကြတယ်။ အမျိုးသမီးတွေဆိုရင် အပေါ်ပိုင်းဗလာကျင်းလို့၊ ရင်သားတွေ တလှုပ်လှုပ်နဲ့။ တချို့က ဘောက်ဆီးဘောက်ဆတ် ခုန်ပေါက်နေသလို၊ တချို့က ကိုယ်ခန္ဓာကို ပျော့နိပျော့နွဲ့ပြီး ကွေးညွှတ်ကခုန်နေလိုက်တာများ၊ ခပ်ရိုးရိုးတောင် မဟုတ်၊ တစ်ယောက်နဲ့တစ်ယောက် ခန္ဓာကိုယ်ချင်း ရိပွတ်. . ကော့လိမ် . . ပူးယှက်လို့ အံ့ဖွယ်လိလိ မျက်စိရှက်စရာ။ ပြီးတော့ သူတို့ရဲ့ဗလာကျင်းနေတဲ့ ကိုယ်ပေါ်မှာ ပန်းချီဆေးတွေလို ရောင်စုံခြယ်ထားကြတယ်။ အများအားဖြင့် အဝါရောင်နဲ့ အနီရောင်တွေက ထင်းထင်းပြက်ပြက်အရှိဆုံးပဲ။ အဲဒီဆေးတွေဟာ သူတို့ကိုယ်က ပြိုက်ပြိုက်ကျထွက်နေတဲ့ ချွေးတွေနဲ့ ပြန်ရောသွားပြီး အရည်ပျော်စီးကျနေကြတာ ရွံစရာမသတီစရာလည်း ကောင်းလှတယ်။

ဒါဟာလူမျိုးတစ်မျိုးရဲ့ နှစ်သစ်ကူးပွဲတော်များလား။ ဒါမှမဟုတ် . . . လူရိုင်းဇာတ်ကား ရုပ်ရှင်တွေထဲကလိုမျိုး ယစ်နတ်ပူဇော်ပွဲ ကျင်းပနေတာလား။ ကျွန်မအတွက် မြင်ကွင်းအားလုံးဟာ အာရုံတိမ်းမှောက်စိတ်ရှုပ်ထွေးစရာ။ တကယ်ဆို ကျွန်မ စာကြည့်တိုက်ဖွင့်ပွဲကို လာခဲ့တာပါ။ ခုတော့. . .။ တဖြည်းဖြည်းနဲ့ အဝါရောင်နဲ့ အနီရောင် အများဆုံး ပေကျံလူးကျစ်နေတဲ့ အဲဒီလူတွေဟာ ကျွန်မအနားကို တိုးကပ်ရစ်ခွေလာကြတယ်။ သူတို့ ပါးစပ်ကလည်း ကျွန်မနားမလည်တဲ့ ဘာသာစကားတစ်မျိုးနဲ့ ဒီတစ်ခွန်းတည်းကိုပဲ ပွက်စီပွက်စီ အော်နေပြန်တယ်။ ဗရုတ်ဗရွတ္တ ရန်စောင်ဆဲဆို နေသလိုပဲလို့ ထင်ရပေမယ့် အဲသလိုလည်း မဟုတ်ပြန်ဘူး။ ပြီးတော့ ကျွန်မကို အလယ်ကောင်တည့်တည့်မှာထားပြီး ပတ်လည်ချာလည် ဝန်းရံ ခုန်ပေါက်နေကြတယ်။ သူတို့ရဲ့အသားအရေတွေနဲ့ ထိစပ်မိမှာစိုးလွန်းလို့ ကျွန်မ မနည်းမနောကို တိမ်းဖယ် ရှောင်ထွက်နေရတယ်။ သူတို့ကိုကြည့်ပြီး ကျွန်မ ခေါင်းတွေမူးနောက် မူးနောက်ဖြစ်လာတယ်။ သူတို့အော်သံကို သေချာနားစိုက်ထောင်မိတော့ . . . . အလို ဘုရားသခင်. . ကျွန်မရဲ့ နာမည်ပါလား။ ဒါ ကျွန်မကို သူတို့ တစ်ခုခု စီရင်မလို့ မျှဉ်းဖျောင်းသွေးဆောင်နေတာ။ ကျွန်မ ကြက်သီးမွေးညင်းတွေ ဖျဉ်းစပ်ဖျဉ်းစပ်နဲ့ ထိုးထောင်ထလာတယ်။

သူတို့ကို ဘယ်လိုဖောက်ထွက်ရမလဲ။ ကျွန်မ ဖျပ်ဖျပ်ပျာပျာ စဉ်းစားရတယ်။ တချို့က ကျွန်မအနား တစ် ချက်တစ်ချက် တိုးကပ်လာပြီး ကျွန်မ စလွယ်သိုင်းလွယ်ထားတဲ့ အိတ်ကို မထိခလုတ်၊ ထိခလုတ်နဲ့ လှမ်းလှမ်းဆွဲကြတယ်။ အိတ်ကိုတင်းတင်းဆုပ်ကိုင်ထားရင်းနဲ့ သူတို့ရဲ့ လက်တွေကိုလွတ်အောင် တိမ်းတိမ်းမူးမူး ရှောင်ကွင်းနေရတယ်။ ဒီတော့မှပဲ အိတ်ထဲက ကင်မရာလေးကို သတိရမိတော့တယ်။ ကျွန်မကင်မရာလေးကို အမြန်ထုတ်ပြီး ဖျိုးဖျတ်ဖျိုးဖျတ်နဲ့ လှုပ်ရှားလိုက်တယ်။ ကင်မရာက တစ်ချက်ပြီးတစ်ချက် ထွက်ပေါ်လာတဲ့ အလင်းရောင်ကြောင့် ပြူးတူးပြူးကြောင်ကြည့်ရင်း သူတို့အားလုံး နောက်ဆုတ်သွားကြတယ်။ သူတို့ ကို ကင်မရာနဲ့ ပိုတိုးကပ်ပြီး ရိုက်ယူလေလေ သူတို့ကနောက် ကို ရှဲသွားလေလေ။ ဒီလိုနည်းနဲ့ နောက်ဆုံးမှာ ကျွန်မအတွက် ထွက်ပေါက်လေးတစ်ခု ရသွားတယ်။ ဒီနေရာကနေ စမ်းတိစမ်းတမ်း ပြေးထွက်ခဲ့တယ်။

ပထမဆုံး တွေ့ခဲ့တဲ့ ဝတ်ရုံဖားဖားနဲ့လူတွေ တစ်ဦးစနှစ်ဦးစ တွေ့ရပြန်ပြီ။ ကြောက်လွန်းလို့ မကြောက်တော့တာလား မပြောတတ်ဘူး။ ကျွန်မ အဲဒီလူ တွေရဲ့ လက်ကို အတင်းပဲ ခါယမ်းဆွဲ လှုပ်ပြီး “ ကျွန်မ စာကြည့်တိုက်ဖွင့်ပွဲကို လာခဲ့တာ. . အခု လမ်းပျောက်နေလို့၊ အိမ်အပြန် လမ်းကို ပြပေးပါ၊ ကျွန်မ အိမ်ပြန်ပါရစေ၊ လမ်းပြပေးပါ”နဲ့ ဆက်တိုက်ပြောချပစ်တော့တာပဲ။ သူတို့က အားကိုးယှက်ခင် ဆွဲဆုပ်ထားတဲ့ ကျွန်မ လက်တွေကို ဟန့်ဆီးဟန့်တား ဆွဲဖြုတ်ပစ်ကြပြီး ခေါင်းတွေလှုပ် ယမ်းလှုပ်ယမ်းနဲ့ လုပ်နေကြတယ်။ တွေ့သမျှလူတစ်ယောက်ပြီး တစ်ယောက် လိုက်လိုက်မေးနေပေမယ့် ဘယ်သူကမှ ဘာမှ ပြန်မဖြေကြဘူး။ ကျွန်မ စိတ်တွေ ပျောင်းခွေဝမ်းနည်းလာတယ်။ ပါးစပ်ကလည်း “ကျွန်မ စာကြည့်တိုက်ဖွင့်ပွဲကို လာခဲ့တာ” “ဒါကဘယ်နေရာလဲ” “ကျွန်မ ဘယ်ရောက်နေတာလဲ” “စာကြည့်တိုက်ဖွင့်ပွဲကိုပဲ ကျွန်မလာခဲ့တာ. . ” လို့ တွတ်မြည်တွတ်မြည် ညည်းညူပြောဆိုနေမိတယ်။

အဲဒီမှာပဲ တစ်ကိုယ်လုံး ကြယ်ပွင့်လေးလို ပြိုးပြိုးပြက်ပြက်ဝင်းလက်တောက်ပတဲ့အဆင်းနဲ့ မိန်းကလေးတစ်ဦး ကျွန်မရှေ့မှာ ဘွားခနဲ ထွက်ပေါ်လာတယ်။ သူ့ဆီက မွှေးပျံ့ပျံ့ရနံ့လေးတစ်မျိုးကို ရတယ်။ သူက ကျွန်မကို အရာခပ်သိမ်းနားလည်ထားပုံနဲ့ ဟန်ရေးဝါရေးခင်းကျင်းမနေဘဲ ရှင်ရှင်ပျပျလေး ပြုံးပြီး ပြောတယ်။

“ကျွန်မ လမ်းပြပေးပါ့မယ်၊ ကျွန်မ နောက်ကိုလိုက်ခဲ့ပါ”

အိုး. . . ရုတ်တရက် ကျွန်မ ပျော်သွားပေမယ့် သူကဘယ်သူလဲ၊ ဒီတစ်ခါ ဘာတွေကြုံရဦးမှာပါလိမ့်ဆိုတဲ့အတွေးတွေနဲ့ ကျွန်မ မယုံမရဲကြီး ဖြစ်နေတယ်။

“အချိန်သိပ်မရှိဘူး၊ ကျွန်မ နောက်ကိုအမြန် လိုက်ခဲ့ပါ”

သူက အဲဒီလိုထပ်ပြောပြီး လှည့်ထွက်သွားလို့ သူ့နောက်ကို ကျွန်မ သုတ်ခနဲရုတ်ခနဲ အမီလိုက်ရတော့တယ်။ သူဘယ်သူလဲဆိုတာလည်း သိပ်သိချင်လာတယ်။ သူ့ဆီက တစ်ခုခုတော့ သိရမှာပဲဆိုတဲ့ အတွေးနဲ့ သတင်းထောက်ပီပီ အိတ်ထဲက ကက်ဆက်ကိုထုတ်ပြီး အသံဖမ်းခလုတ်လေးကို အသာကလေး နှိပ်လိုက်တယ်။

“မင်းက ဘယ်သူလဲ”

“ကျွန်မလား၊ ကျွန်မက အစ်မတို့လို မျက်စိလည်လမ်းမှားပြီး ရောက်လာတဲ့သူတွေကို ကူညီတဲ့သူပါ”

“ဟင့်အင်း၊ တို့လမ်းမမှားဘူး၊ ဖိတ်စာမှာပါတဲ့ လိပ်စာအတိုင်း စာကြည့်တိုက်ဖွင့်ပွဲကို လာခဲ့တာပဲဟာ”

“တစ်ခါတစ်ခါ ကိုယ်ကအမှန်ဆိုပြီး ရွေးချယ်လက်ခံလိုက်ပေမယ့် ဒီလိုပဲ လမ်းမှားရောက်သွားတတ်ပါတယ်။ ဒါလူ့ဘဝရဲ့ ပြောင်းပြန် ဖြစ်ပျက်နေကျ ဖြစ်ရိုးဖြစ်စဉ်တွေပါ”

“အင်း . . တို့သာ မင်းနဲ့မတွေ့ရင် ဒုက္ခပါပါပဲနော်”

Asian Fame Media Group

"တွေ့မှာပါ. . စောစောတွေ့တာနဲ့ နည်းနည်းနောက်ကျပြီး တွေ့တာ၊ ဒါပဲကွာမှာပါ"

"ဘာ့ကြောင့် ဒီလိုပြောနိုင်ရတာလဲဟင်"

"အစ်မက ဒီနေရာမှာ ဘယ်လိုမှ မပျော်ပိုက်ဘူးမဟုတ်လား"

"အလိုလေးလေး. . ဘုရားသခင်. . ဒီနေရာမှာ ပျော်ပိုက်သူရော ရှိသေးလို့လား"

မိန်းကလေးက ခိုးခိုးခိခိလေး ကျိတ်ရယ်လိုက်သေးတယ်။

"ခစ်ခစ်. . အစ်မက ဘဝတစ်လျှောက်လုံး အရှိအတိုင်း ရိုးရိုးစင်းစင်း နေထိုင်ခဲ့သူဆိုတော့ ဘာမှသိပ်သိပုံမရဘူး။ ဒီနေရာမှာ တအားကို ပျော်ပိုက်ချင်သူတွေ ရှိသမှသိပ်ရှိ အစ်မရဲ့၊ အဲဒီလိုလူမျိုးကျတော့ ကျွန်မ ဘယ်လိုမှ ကူညီလို့မရနိုင်တော့ဘူး၊ လက်ပိုက်ကြည့်နေရတော့တာပဲ"

ဘယ်လိုလူစားမျိုးတွေ ပါလိမ့်လို့တွေးရင်း ကျွန်မရင်တွေ လှိုက်ဖိုလှိုက်ဖိုဖြစ်သွားမိတယ်။ စကားတပြောပြောနဲ့ သူ့ခြေလှမ်းတွေက မြန်ဆန်လွန်းတာကြောင့် ကျွန်မမှာ သူ့ကို မျက်ခြည်ပြတ်သွားမှာ စိုးစိတ်နဲ့ သူ့ခါးက ရှည်လျားလွင့်ကျနေတဲ့ ဖဲကြိုးစလေးကိုလှမ်းဆွဲပြီး လိုက်ရတယ်။ အဲဒီအခါ ကျွန်မတို့ဟာကျည်ဆန်ရထားတစ်စီးပေါ်ကို ရောက်နေသလား အောက်မေ့ရတဲ့အထိ အရှိန်အဟုန်တွေက မြန်စားဖြင်းစားကြီးပဲ မြန်ဆန်လာတယ်။ မြန်လွန်းအားကြီးတဲ့ အရှိန်ကြောင့် ကျွန်မနားတွေ အူထွက်လာတယ်။ ရင်ထဲက သည်းအူကလီစာတွေလည်း ပြုတ်ပြုတ်ထွက်ကျကုန်ပြီလား ထင်မိတဲ့အထိပါပဲ။ ဒါဟာ သိပ်တော့ မကြာလိုက်ဘူး။ ခဏငယ်အချိန်လေးအတွင်းမှာပဲ ရုတ်တရက် သူက ရပ်တန့်သွားတယ်။

"ရောက်ပြီ"

"အိုး . . . . . . . . ဟင်"

◆

ကျွန်မရဲ့ အရှေ့ဘက်ဆီမှာ နံနက်ခင်းနေရောင်ခြည် တစ်စွန်းတစ်စနဲ့အတူ ကောင်းကင်ပြင်ကျယ်ကြီးကို သူ့အရှိအတိုင်းပဲ ဘွားခနဲ တွေ့လိုက်ရတယ်။ လာရာလမ်းကို ပြန်လှည့်ကြည့်မိခိုက်မှာတော့ ကျွန်မ နားမလည်နိုင်အောင် ဖြစ်ရတော့တယ်။ လက်ရှိကျွန်မတို့ ရပ်နေတဲ့နေရာကိုဗဟိုပြုပြီး ကောင်းကင်ဟာ တစ်ခြမ်းလင်း၊ တစ်ခြမ်းမှောင်ဖြစ်နေပါတယ်။ ကျွန်မဟာ အမှောင်ခြမ်းထဲက ထွက်လာခဲ့ပြီး အလင်းရှိရာဘက် အခြမ်းဆီ လှမ်းဝင်ရတော့မယ့် အနေအထားမျိုးကို ရောက်နေတာကို အံ့အံ့သြသြကြီး တွေ့လိုက်ရတယ်။ ကျွန်မဟာ သတင်းထောက်ပီပီ ထူးဆန်းအံ့သြဖွယ်ရာ ဒီမြင်ကွင်းတစ်ခုလုံးကို နည်းနည်းကလေးမှ အချိန်ဆွဲမနေတော့ဘဲ မှတ်တမ်းတင်ဓာတ်ပုံတွေ မိမိရရ ရိုက်ယူထားလိုက်တယ်။

"ပြောရရင် အခုကျန်ရစ်ခဲ့တဲ့နေရာက မရဏတိုင်းပြည်ပေါ့၊ အစ်မ ဟော့ဒီစည်းမျဉ်းလေးကို ဖြတ်ပြီး ပကတိအရှိ မူလတိုင်းပြည်ထဲဝင်ရောက်သွားတာနဲ့ ဒီဘက်အခြမ်းကို မမြင်နိုင်တော့ဘူး။ အခုဟာက တိုင်းပြည်နှစ်ခုရဲ့ နယ်နိမိတ်စည်းမျဉ်း တည့်တည့်ဆီ ရောက်နေလို့ ခုလိုနှစ်ဖက်စလုံးကို မြင်နေရတာ။ ကဲ . . ဟောဟိုမှာ အစ်မ တက်ရောက်မယ့် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားတောင် စတော့မယ်ထင်ပါရဲ့၊ ဟိုမှာ အစ်မရဲ့စာနယ်ဇင်း မိတ်ဆွေတွေမဟုတ်လား။ သူတို့ နံနက်စာစားနေကြပြီ။ အချိန်ကိုက်ပဲ၊ သွားပေတော့"

သူညွှန်ပြရာ မူလတိုင်းပြည်ဘက်လှမ်းကြည့်လိုက်တော့ ခြံဝင်းကျယ်ကြီးထဲမှာ လူတွေ စုရုံးရောက်ရှိနေကြ တာ မြင်တယ်။ ဒါကိုလည်း မလွတ်တမ်း ဓာတ်ပုံရိုက် ယူလိုက်ပါတယ်။ အခုဆို ကျွန်မလမ်း မှန်ပေါ်ရောက်သွားတော့မယ်။ ဒါပေမဲ့ ကျွန်မ စိတ်ထဲမှာ လုံးလုံး လျားလျားကြီး မပျော်နိုင်တော့ဘဲ ဝမ်းနည်းပက်လက်ဖြစ်သလို တစ်မျိုးတစ်မည် ခံစားနေရတယ်။ ကျွန်မကို လမ်းပြပေးခဲ့တဲ့ မိန်းကလေးကို အဲဒီဘက်အခြမ်းမှာ တစ်ယောက်တည်း ချန်မထားခဲ့ချင်ဘူး ဖြစ်နေတယ်။

"တို့နဲ့အတူ လိုက်ခဲ့ပါလား၊ အဲဒီမှာ မနေခဲ့ပါနဲ့"

ကျွန်မ သူ့လက်ကလေးကို ဆွဲဆုပ်ပြီး ခယဝယနဲ့ တောင်းပန်စကား တိုးလျှိုးဆိုလိုက်မိတယ်။ သူက ကျွန်မလက်ကို ညင်သာဖွဖွ ဖြေကာချပြီး ခေါင်းယမ်းလိုက်ပါတယ်။

"မဖြစ်သေးဘူးအစ်မရဲ့၊ အစ်မလို မျက်စိလည်လမ်းမှားပြီး ရောက်လာမယ့်လူတွေကို ကျွန်မက ဒိုင်ခံပြီး ကူညီရဦးမယ်လေ"

သူ့အပြောကြောင့် ကျွန်မ တစ်ခဏတော့ ငိုင်သွားတယ်။ ဒါပေမဲ့ ချက်ချင်းပဲ အသိဝင်လာတယ်။ မိန်းကလေးကို အမှတ်တရ ဓာတ်ပုံတစ်ပုံလောက်ရိုက်ဖို့ ခွင့်တောင်းတော့ သူက အသာတကြည်ပဲ ခွင့်ပြုလိုက်တယ်။ ကျေးဇူးတင်စကားဆို၊ သူ့ကို လက်ပြနှုတ်ဆက်ရင်း နယ်နိမိတ်စည်းရဲ့ တစ်ဖက်ကို လှမ်းဝင်လိုက်တယ်။ ပကတိအရှိ မူလတိုင်းပြည်ဘက်ကို ကျွန်မလုံးလုံးလျားလျားရောက်သွားတာနဲ့ လက်ပြနှုတ်ဆက်နေတဲ့ မိန်းကလေးနဲ့အတူ တစ်ဖက်တိုင်းပြည်ကြီးဟာ တိမ်မျှင်တစ်စလို ဝေးလွင့်မှုန်ဝါးပြီး ကျွန်မမြင်ကွင်းထဲကနေ အံ့သြစရာကွယ် . . ပျောက်သွားပါတော့တယ်။

◆

"တစ်ယောက်တည်းလား"

"အမလေး. . ဘုရားသခင် . . . "

ကျွန်မ နောက်ကျောဘက်ဆီကနေ တစ်ယောက်တည်းလားလို့ မေးလိုက်သံကို ရုတ်တရက်ကြီး ကြားလိုက်ရတော့ စောစောက ဖြစ်အင်တွေကို ထင်းထင်းပြက်ပြက်ကြီးသတိရပြီး ကျောထဲစိမ့်ခနဲ ချမ်းသွားတယ်။ လှည့်ကြည့်လိုက်တော့ ကျွန်မရဲ့မိတ်ဆွေ မြင်ကွင်းသစ်ဂျာနယ်က သတင်းထောက်မလေး ရွှေရုပ်သွင်။ ဟင်း. . တော်ပါသေးရဲ့။

ရွှေရုပ်သွင်ကို ကြည့်ရတာ ခါတိုင်းနေ့တွေနဲ့မတူဘဲ ဒီနေ့သိပ်ကို လှလွန်းနေတယ်လို့ ကျွန်မ ခံစားရတယ်။ သူက ကျွန်မပခုံးကိုပုတ်ပြီး ပြောလိုက်တယ်။

"သွားစရာရှိသေးလို့ တို့ပြန်နှင့်မယ်၊ နောက်မှ သတင်းဓာတ်ပုံလိုရင် မင်းဆီဆက်သွယ်လိုက်မယ်၊ ပိုရိုက်ထားပေးဦး"

"အေးပါ၊ စိတ်ချ"

ကျွန်မ သူ့ကိုခေါင်းညိတ်ပြလိုက်တယ်။ ခက်တာက သူ ဦးတည်ပြီး ထွက်သွားတာက စောစောတုန်းက ကျွန်မ ပြန်လာခဲ့တဲ့နေရာ။

ကျွန်မ ထိတ်ထိတ်ပျာပျာ ဖြစ်သွားတယ်။ သူ့ကို အချိန်မီ လှမ်းအော်ပြောလိုက်တယ်။

"ဟင့်အင်း. . ဟင့်အင်း. . အဲဒီဘက်ကို မသွားနဲ့၊ မသွားနဲ့ ရွှေရုပ်သွင်. . . ပြန်လာ"

သူက ကျွန်မစကားကို အရေးမစိုက်ဘူး။ အဲဒီနေရာ တည့်တည့်ကို ပြုံးပြုံးကြီးလုပ်ရင်း လှမ်းဝင်သွားတယ်။ ကျွန်မရဲ့မျက်စိရှေ့မှာပဲ ရွှေရုပ်သွင်တစ်ယောက် ရိပ်ခနဲ ပျောက်ကွယ်သွားတယ်။ ဝမ်းနည်းသွားပေမယ့် ကိစ္စမရှိပါဘူး၊ ဟိုမိန်းကလေးက သူ့ကို ကူညီမှာပါလေလို့ စိတ်ကို တုံးတုံးချထားလိုက်တယ်။

ကျွန်မ ကြည့်နေစဉ်မှာပဲ အဲဒီနေရာကနေ လူတွေထွက်ပေါ်လာလိုက်၊ လူတွေပျောက်ကွယ် သွားလိုက်နဲ့. . .။ ခုလို အသေအချာသတိထားပြီး စောင့်ကြည့်နေပါမှပဲ ဟိုဘက်သည်ဘက် အဝင်အထွက်လုပ်နေတဲ့လူတွေ အများကြီးရှိနေပါလားဆိုတဲ့ လူ့ဘဝရဲ့ကြီးမားဆန်းပြားတဲ့ လျှို့ဝှက်ချက်တစ်ခုကို ကျွန်မ မျက်ဝါးထင်ထင် တွေ့ခဲ့ရပါတော့တယ်။ ပြီးတော့ ဒီလျှို့ဝှက်ချက်ကို လူသားတွေသိအောင် ဆောင်းပါး တစ်ပုဒ်ရေးမယ်လို့လည်း ဆုံးဖြတ်လိုက်တယ်။ လိုအပ်တဲ့ သတင်းဓာတ်ပုံတွေလည်း ကျွန်မ ရခဲ့ပြီးပြီပဲလေ

ပြီးတော့ မိန်းကလေးနဲ့ အမေးအဖြေလုပ်ခဲ့တာတွေ. . .။

ဝမ်းသာအားရနဲ့ ကင်မရာလေးကိုဖွင့်ပြီး Image တွေ ပြန်ဖော်ကြည့်လိုက်တော့ အထဲမှာ ဘာပုံမှ ရှိမနေဘူး။

ဟင်. . ဒါ ဘယ်လိုဖြစ်ရတာပါလိမ့်။

ကျွန်မ အသေအချာ အသံဖမ်းယူခဲ့တဲ့ ကက်ဆက်ထဲမှာလည်း ဘာအသံမှရှိမနေဘူးဆိုတာကိုပဲ အံ့သြစိတ်ပျက်ဖွယ် သိရှိလိုက်ရပါတော့တယ်။

**စုမီအောင်**

Asian Fame Media Group



# ဂြိုဟ်သိမ် အန္တရာယ်

ကျော်ဦး

၂၀၁၂ နှစ်ဆန်းပိုင်းက 2012 BX34 ဟု အမည်ပေးထားသော ဂြိုဟ်သိမ် တစ်ခုသည် ကမ္ဘာမှ မိုင် ၄၀၀၀၀ အကွာမှ ဖြတ်သွားခဲ့ရာ မိုင်ကုဋေနှင့်ချီ၍ ပြောသော နက္ခတ္တနယ်ပယ်တွင် “တော့လွဲလွဲ” သွားသည်ဟု သတ်မှတ်ကြသည်။ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့ကလည်း တန်ချိန် ၈၀ လေးပြီး ၁၅ ပေအရွယ်ရှိ ဂြိုဟ်သိမ် တစ်ခု အာဖရိကတိုက် ဆူဒန်နိုင်ငံ သဲကန္တာရပေါ် ကျရောက်ခဲ့သည်။ တီအန်တီယမ်းဘီလူးတန်ချိန် ၂၀၀၀ အားနှင့် ပေါက်ကွဲခဲ့ရာ မြို့ကြီးများပေါ်တွင်သာကျပါက အပျက်အစီး အထူးများပြားမည်။ ယင်းဖြစ်ရပ်များကဲ့သို့ ဂြိုဟ်သိမ်အချို့ ကမ္ဘာ့အနီးမှ ဖြတ်သွားသော သတင်းများ ဆက်တိုက်လိုလို ထွက်ပေါ်နေရာ အချို့က ယင်းဂြိုဟ်သိမ်တို့ ကမ္ဘာနှင့် ဝင်တိုက်မိခဲ့လျှင်ဟူသော အတွေးဖြင့် စိုးရိမ်ကြသည်။

‘ဂြိုဟ်သိမ်’ ဆိုသည်မှာ အင်္ဂါဂြိုဟ်၏ နေပတ်လမ်းနှင့် ကြာသပတေးဂြိုဟ်၏ နေပတ်လမ်းများအကြား နေမှ မိုင်သန်း ၁၈၀ နှင့် သန်း ၃၇၀ အကွာတွင် နေကို စုဝေးလှည့်ပတ်နေကြသည့် အစိုင်အခဲများဖြစ်သည်။ ယင်းအစိုင်အခဲများသည် အရွယ်အစားအားဖြင့် အကြီးဆုံးအချင်း မိုင် ၆၀၀ မှ အသေးဆုံးကျောက်တုံးအရွယ်ခန့်သာရှိကြ၍ ဂြိုဟ်ဟုမခေါ်နိုင်သဖြင့် ဂြိုဟ်သိမ်များဟု ခေါ်သည်။

ဂြိုဟ်သိမ်တို့သည် အနီးရှိဂြိုဟ်တို့၏ ဆွဲအားကြောင့် မူလဒေသကိုစွန့်ခွာကာ ကမ္ဘာဝန်းကျင်သို့ချဉ်းကပ်လာသောအခါ ယင်းတို့ကို ကမ္ဘာအနီးရောက်အရာများ (Near Earth Objects) ဟု သတ်မှတ်သည်။ အမေရိကန် အာကာသအဖွဲ့အစည်း (နာဆာ) သည် ကမ္ဘာအနီးရောက်အရာများကို စနစ်တကျ လေ့လာမှတ်တမ်းတင်နေရာ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့ တိုင်းတာချက်အရ ယင်းအရာပေါင်း ၉၀၀၀ ကျော်ရှိကြောင်း သိရသည်။ ယင်းတို့ထဲတွင် ဂြိုဟ်သိမ်များအပြင် ကြယ်တံခွန်အချို့လည်း ပါသည်။

Asian Fame Media Group



ကမ္ဘာဆီသို့ ဦးတည်လာသည့် အရွယ်အစား သေးငယ်သော ဂြိုဟ်သိမ်နှင့် ကြယ်တံခွန်အများစုသည် ကမ္ဘာ့လေထုထဲ အဝင်တွင် လေထု၏ ပွတ်တိုက်အားကြောင့် မီးလောင်ပျက်စီးကြသော်လည်း အတော်အတန် ကြီးမားလျှင်မူ အချို့အဝက်သာ မီးလောင်ပြီး ကျန်ရှိသောအပိုင်းသည် ကမ္ဘာ့မျက်နှာပြင်ပေါ်သို့တိုင် ကျရောက်လာကာ အပျက်အစီးများကို ဖြစ်ပေါ်စေတတ်သည်။ ကမ္ဘာ့လေထုထဲ ဝင်ရောက်လာသော ဂြိုဟ်သိမ်တို့ကို ဥက္ကာခဲများဟုလည်း ခေါ်သည်။

အတိတ် ဖြစ်စဉ်များကို ပြန်ကြည့်လျှင် အချင်းပေ ၃၀၀ ခန့်ရှိသော ဂြိုဟ်သိမ် သို့မဟုတ် ကြယ်တံခွန်တစ်ခု ၁၉၀၈ ခုနှစ်က ဆိုက်ဘေးရီးယား တွန်ဂတ်စတာဒေသပေါ်ကျခဲ့ပြီး မြေပြင်မှ ၆ မိုင်အမြင့် လေထဲတွင် ပေါက်ကွဲခဲ့သည်။ စတုရန်းမိုင် ၆၀၀ ကျော် ကျယ်ဝန်းသော မြေပြင်ရှိ သစ်ပင်များ ပြားပြားဝပ်သွားခဲ့သည်။ လူနေကင်းမဲ့သောအရပ်ဖြစ်၍ လူအထိအခိုက်တော့ မရှိခဲ့ချေ။ အကယ်၍သာ ယင်းအရာသည် ငါးနာရီမျှ နောက်ကျပြီး ကမ္ဘာပေါ် သက်ဆင်းလာပါက ရုရှားနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့ပေါ်ကျပြီး လူများ အတုံးအရုံး သေဆုံးခဲ့ဖွယ်ရာ ရှိသည်။ နယူးယောက်မြို့ပေါ် ကျပါက လူသုံးသန်းဒဏ်ရာရပြီး သုံးသန်းသေမည်ဟု ခန့်မှန်းကြသည်။ ယင်းအဖြစ်မျိုးကို နှစ်ပေါင်း ၂၀၀၀ ခန့်တွင် တစ်ကြိမ် ကြုံရနိုင်သည်။

အထက်ပါ ဖြစ်ရပ်ထက် အဆပေါင်းများစွာ ပြင်းထန်သော ဂြိုဟ်သိမ် ဝင်တိုက်မှုတစ်ခု လွန်ခဲ့သော နှစ် ၆၅ သန်းခန့်က ဖြစ်ခဲ့သည်။ အချင်း ၇ မိုင်ခန့်ရှိသော ဂြိုဟ်သိမ်တစ်ခု ယင်းအချိန်က ဝင်တိုက်မိသည့် အရှိန်ကြောင့် တစ်ကမ္ဘာလုံး ဖုန်မှုန့်များ ဖုံးသွားကာ ရာသီဥတု အလွန်အေးမြလာပြီး ထိုအချိန်က ကမ္ဘာတွင် ရှိနေခဲ့သော ဒိုင်နိုဆော သတ္တဝါများ မျိုးတုံးပျောက်ကွယ်သွားခဲ့သည်။ တွက်ချက်မှုများအရ ယင်းဖြစ်ရပ်မျိုးသည် နှစ်ပေါင်း သန်း ၁၀၀ တွင် တစ်ကြိမ်ဖြစ်တတ်သည်။

ယခုအထိတော့ အထက်ပါ ဖြစ်ရပ်များကဲ့သို့ ကြီးမားပြင်းထန်သော ဂြိုဟ်သိမ် ကျရောက်မှုများ မရှိသေး၍ ယင်းတို့ကြောင့် ဖြစ်ပေါ်နိုင်သည့် အပျက်အစီးများကို သင်္ချာနည်းဖြင့် ခန့်မှန်းရုံသာ တတ်နိုင်သည်။ တွက်ချက်မှုများအရ ၁၆ ပေမှ ၃၂ ပေအထိရှိသော ဂြိုဟ်သိမ်များသည် ကမ္ဘာနှင့် အလွန်နီးကပ်သော နေရာသို့ တစ်နှစ်လျှင် တစ်ကြိမ်ခန့် ရောက်လာလေ့ရှိသည်။ အကြောင်းတစ်ခုခုကြောင့် ကမ္ဘာပေါ် ကျရောက်ပေါက်ကွဲလျှင် ယင်းပေါက်ကွဲမှုမှ တီအင်တီ ယမ်းဘီလူးအားတန်ချိန် ၁၅၀၀၀ နှင့် ညီမျှသော ပေါက်ကွဲအား ထွက်ပေါ်မည်။ ဟီရိုရှီးမားတွင် ကြချခဲ့သော အနုမြူဗုံး၏ ပြင်းအားနှင့် အကြမ်းအားဖြင့် တူညီသည်။ အကယ်၍ ပေ ၈၀ အချင်းရှိ ဂြိုဟ်သိမ်နှင့် ကမ္ဘာတို့တိုက်မိပါက ဟီရိုရှီးမားဗုံး ၆၅ လုံးနှင့် ညီမျှသော ပေါက်ကွဲမှုပေါ်ပေါက်မည်။ ပေ ၃၀၀ အချင်းရှိ ဂြိုဟ်သိမ်တစ်ခု သမုဒ္ဒရာရေပြင်ပေါ်ကျလျှင် ပေ ၆၀၀ မျှမြင့်သော ဆူနာမီလှိုင်းလုံးကြီးများ ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။



အမေရိကန် အာကာသ အဖွဲ့အစည်း (နာဆာ) ၏ လေ့လာချက်အရ မိုင်ဝက်သာသာ ခန့်ကြီးသော ဂြိုဟ်သိမ်ပေါင်း ၉၀၀ ခန့် ကမ္ဘာ၏ အနီးသို့ ရောက်နေသည်။ ယင်းတို့ထဲမှ တစ်ခုခုသာ ကမ္ဘာပေါ်ကျရောက်ပါက မဂ္ဂါတန် ၁၀၀၀၀၀ မျှ ပြင်းထန်သော ပေါက်ကွဲမှုကြီး ဖြစ်ပေါ်လျက် ကမ္ဘာနှင့်အဝန်း ပျက်စီးမှုများကို ဖြစ်ပေါ်စေမည်။ သို့သော် ယင်းဖြစ်ရပ်မျိုး ပေါ်ပေါက်ရန် အခွင့်အလမ်းမှာ နှစ်ပေါင်း ၇၀၀၀၀၀ တွင်မှ တစ်ကြိမ်သာရှိ၍ များစွာစိုးရိမ်ရန် မလိုပေ။

လေ့လာချက်များအရ ကမ္ဘာအနီးရောက် အရာများထဲမှ လတ်တလောတွင် ကမ္ဘာကို အန္တရာယ်ပြုနိုင်သည့် ဂြိုဟ်သိမ်မရှိသေးချေ။ ပေ ၄၀၀ ကျော်ရှိ 2011-AG5 ဟု အမည်ပေးထားသော ဂြိုဟ်သိမ်တစ်ခုသာ ၂၀၄၀ ပြည့်နှစ်တွင် ကမ္ဘာနှင့်တိုက်မိရန် အခွင့်အလမ်း ၆၀၀ ပုံလျှင် ၁ ပုံရှိနေသည်။

ယင်းဖြစ်ရပ်တို့ကို လေ့လာလျှင် ကမ္ဘာပေါ်တွင် ကျယ်ပြန့်ပြင်းထန်သော အပျက်အစီးများကို ဖြစ်ပေါ်စေနိုင်သည့် ဂြိုဟ်သိမ် ကျရောက်မှုသည် နှစ်ပေါင်းထောင်တန်းတွင် တစ်ကြိမ်သာ ဖြစ်ပေါ်နိုင်သည်ကို တွေ့နိုင်သည်။ ကျရောက်ခဲ့သည့်တိုင်အောင်မှ လူအသေအပျောက် မရှိသလောက်နည်းပါးခဲ့ရာ စာရင်းအင်းပညာရပ်အရ ပြောလျှင် လုံးဝအရေးမပါ အရာမရောက်ပေ။

လက်ရှိ အခြေအနေအရ ဂြိုဟ်သိမ်ကျ၍ သေရန် အပုံတစ်သန်းတွင် တစ်ကြိမ်သာ ရှိသည်။ ယင်းအခွင့်အလမ်းအရ လူသန်း ၇၀၀၀ ရှိနေသော ကမ္ဘာတွင် တစ်နှစ်လျှင် လူ ၉၁ ဦးသည် ဂြိုဟ်သိမ်ကျ၍ သေနိုင်စရာအကြောင်း ရှိသည်။ ယင်းမှာ အခွင့်အလမ်းမျှသာဖြစ်၍ တကယ်ဖြစ်လာမည်ဟုပြော၍ မရသေးချေ။ ထို့ကြောင့် အသက်သေသည်အထိ ဖြစ်နိုင်သော ဂြိုဟ်သိမ် အန္တရာယ်မှာ တွေးပူရန် လုံးဝမလိုအပ်သည့် အန္တရာယ်သာ ဖြစ်သည်။

**ကျော်ဦး**

Asian Family Media Group

| | | | | |
|---|---|---|---|---|
| မြေထု | တိုက်စားခံရခြင်းနှင့် တည်မြဲမှု ပျက်ပြားခြင်း | ရေအားကို အသုံးပြု၍ တူးဖော်ခြင်း၊ အမိုးဖွင့်နည်းစနစ်ဖြင့် တူးဖော်ခြင်း၊ ယမ်းများကို အလွန်အကျွံသုံးစွဲခြင်း။ | မြေကြီးများတိုက်စားခံရခြင်း၊ ကျောက်မိုင်းများတူးစဥ် မြေပြိုခြင်းနှင့် အများပြည်သူအတွက် အန္တရာယ်ရှိခြင်း။ | ဘူမိဗေဒဆိုင်ရာ မူဘောင်များကို မှန်ကန်စွာ ထိန်းသိမ်းလုပ်ဆောင်ခြင်း၊ ကျောက်မိုင်းများ တူးဖော်ပြီးနောက် ပြန်လည်မြေဖို့ပေးခြင်း (သို့) ပိတ်ပစ်ခြင်း၊ ယမ်းများကို မှန်ကန်စွာ သုံးစွဲတတ်ရန် သင်ကြားပေးခြင်း၊ ထုတ်လုပ်မှုနည်းစနစ်များ တိုးတက်အောင် ပြုလုပ်ခြင်း။ |
| | မြေဆီလွှာများ ဆုံးရှုံးခြင်း | ကျောက်မိုင်းများ တူးဖော်ခြင်းကြောင့် မြေဩဇာဓာတ်များ ကုန်ခန်းသွားခြင်း။ | မြေဆီမြေနှစ်များ ခန်းခြောက်သွားခြင်း။ | အပေါ်ယံမြေဆီလွှာများ ပျက်စီးဆုံးရှုံးမှုကို ကန့်သတ်၍ ကျောက်မိုင်းများတူးဖော်ပြီးနောက် သင့်လျော်သော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးခြင်း။ |
| မြေထု | ဒြပ်ပစ္စည်းများ ရောနှော ညစ်ညမ်းခြင်း | အနည်အနှစ်များ၊ ဓာတုပစ္စည်းများ၊ ယမ်းများ၊ ဒီဇယ်ဆီများ၊ အမှိုက်သရိုက်များ ထွက်ရှိခြင်း။ | စိုက်ပျိုးရေးအတွက် အသုံးပြုနေသော မြေနှင့်ရေများ ညစ်ညမ်းသွားပြီး အနည်များပို့ချခြင်း။ | ကျောက်မိုင်းအတွက် အသုံးပြုသော ရေကန်များ၊ ရေအိုင်များကို ပိုမိုလုံလောက်စွာ အသုံးပြု၍ ရေသုံးစွဲမှုကို စီမံခန့်ခွဲခြင်း၊ ထွက်ရှိလာသော ပစ္စည်းများကို စနစ်တကျ လုပ်ဆောင်ရန် အဖြေရှာထားခြင်း။ |
| | ကျန်းမာရေးစနစ်နှင့် မညီညွတ်ခြင်း | ကျန်းမာရေးအထောက်အကူ ပစ္စည်းများ မရှိခြင်း။ | ရေထုညစ်ညမ်းခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေး ပြဿနာများ | ကျန်းမာရေးစနစ်နှင့် အထောက်အကူပစ္စည်းများကို တည်ဆောက်ပါ။ |
| လေထု | အမှုန်အမွှားများ တိုးပွားလာခြင်း။ | သစ်တောများပြုန်းတီးခြင်းနှင့် အပေါ်ယံမြေသားများ ပျက်စီးခြင်း (လေပြင်းတိုက်ခတ်မှုကြောင့်) | မြေကြီးများ ခြောက်သွေ့သွားပြီးနောက်ထပ်တိုက်စားမှုများ ဖြစ်ပေါ်လာခြင်း။ | သစ်ပင်များ ပြန်စိုက်ပါ။ |
| တိရစ္ဆာန်နှင့် အပင်များ | တိရစ္ဆာန်နှင့်အပင်တို့၏ ပေါက်ပွားရှင်သန်ရာနေရာများ၊ ပျောက်ဆုံးသွားခြင်း။ | မြေမျက်နှာသွင်ပြင်များ ပျက်စီးသွားခြင်းနှင့် လူတို့၏ လုပ်ဆောင်ချက်များ | ဇီဝမျိုးစုံ၊ မျိုးကွဲများ ကွယ်ပျောက်သွားခြင်း။ | တရားဝင်ခွင့်ပြုချက်များဖြင့် တူးဖော်ဆောင်ရွက်ခြင်းနှင့် လက်တွေ့ကျကျသဘာဝပတ်ဝန်းကျင်စနစ် စီမံခန့်ခွဲမှုကို စည်းစနစ်တကျ လုပ်ဆောင်ခြင်း။ |
| | သစ်သယံဇာတများကို အလွန်အကျွံသုံးစွဲခြင်း။ | အိမ်များဆောက်ခြင်း၊ ထင်းမီးအသုံးပြုခြင်း၊ မြေကျင်းများတူးခြင်းကြောင့် သစ်တောပြုန်းတီးခြင်း။ | မြေဆီလွှာတိုက်စားခြင်း၊ သစ်တောပြုန်းတီးခြင်း၊ အက်စစ်မြေများ ပိုဖြစ်လာခြင်း၊ | သစ်တောပြုန်းတီးခြင်းကို လျှော့ချခြင်းနှင့် သစ်ပင်ပြန်လည်စိုက်ပျိုးရေး အစီအစဉ်များ ပြုလုပ်ပေးခြင်း။ |
| | သစ်တောများ ပျက်စီးခြင်းနှင့် မြက်တောများဖြစ်လာခြင်း။ | ကျောက်မိုင်းတူးဖော်ခြင်းနှင့် ဆက်စပ်နေသော လူတို့၏ လုပ်ဆောင်ချက်များ | မြေမျက်နှာသွင်ပြင်များနှင့် တိရစ္ဆာန်တို့၏ နေထိုင်ကျက် စားရာဒေသများ ပျက်စီးသွားခြင်းနှင့် ဖုန်းဆိုးမြေများ တိုးပွားလာခြင်း။ | သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုစနစ်တွင် ပါဝင်ဆောင်ရွက်ခြင်း။ |
| | ကျူးကျော်ဝင်ရောက် အမဲလိုက်ခြင်း။ | ကျောက်မိုင်းတူးသူများ အစားအသောက်အတွက် အမဲလိုက်ခြင်း။ | တိရစ္ဆာန်များ ရွှေ့ပြောင်းသွားခြင်းနှင့် မျိုးတုံးပျောက်ကွယ်မှု ဖြစ်ပေါ်လာနိုင်ခြင်း။ | အမဲလိုက်ခြင်းကို ကန့်သတ်ခြင်း။ |



Asian Fame Media Group

| | | | | |
|---|---|---|---|---|
| လုပ်သား | သောက်သုံးရေများ ညစ်ညမ်းခြင်း | ကျောက်မိုင်းများနှင့် ဆက်စပ်နေသော ဆောင်ရွက်ချက်များကြောင့် ဒြပ်ပစ္စည်းများ ရောနှောရာမှ ညစ်ညမ်းလာခြင်း။ | လုပ်သားများအတွက် စိုးရိမ်ရသော ကျန်းမာရေးပြဿနာ များဖြစ်ခြင်း။ | ကျောက်မိုင်းအတွက် အသုံးပြုသော ရေများကို သီးခြားစီခွဲထားပါ။ |
| | စိုက်ပျိုးမြေများ မြေဆီမြေနှစ်ခန်းခြောက်ခြင်း။ | မြေကျင်းများနှင့် တူးမြောင်းများ တူးဖော်ခြင်း၊ အပေါ်ယံမြေသားများကို ဖယ်ထုတ်ပစ်ခြင်း။ | ကျောက်မိုင်းများ ရပ်ဆိုင်းသွားပြီးနောက် စိုက်ပျိုးရေးသမားများ ကွယ်ပျောက်ကုန်ခြင်း။ | မြေများကို မှန်ကန်သော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် အားပေးခြင်း။ |
| | ကျောက်မိုင်းများ တူးဖော်နေစဉ်နှင့် တူးဖော်ပြီးနောက် မြေကျင်းများသည် အန္တရာယ်ဖြစ်နိုင်ခြင်း။ | မြေကျင်းများကို ဖြစ်သလို တူးဖော်ခြင်း၊ တောင်စောင်းများ ပြိုကျခြင်း၊ ကျောက်မိုင်းများပြိုကျခြင်း။ | လုပ်သားများနှင့် အိမ်မွေးတိရစ္ဆာန်များအတွက် အန္တရာယ်ရှိပါသည်။ | ကျောက်မိုင်းများတူးဖော်ပြီးနောက် မြေကျင်းများနှင့် လိုဏ်ခေါင်းများကို ပိတ်ထားသင့်ပါသည်။ |
| | လူအများ နေရာရွှေ့ပြောင်းသွားခြင်း။ | ကျောက်မိုင်းများတူးဖော်ခြင်းသည် ဒေသဆိုင်ရာလူဦးရေကို အဝေးသို့ရောက်ရှိသွားစေခြင်း။ | လူမှုရေးနှင့် စီးပွားရေး ပြဿနာများ | ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများပါဝင်၍ ဥပဒေနှင့်အညီ ကျောက်မိုင်းများ လုပ်ကိုင်ခြင်း။ |
| | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးအခြေအနေများ | ဘူမိဗေဒ၊ ကျောက်မိုင်းတူးဖော်သည့်နည်းစနစ်များ၊ ဖို့မထားသော မြေကျင်းများ။ | နာတာရှည်အဆုတ်ရောဂါနှင့် အခြားအဆုတ်ရောဂါများ၊ ငှက်ဖျားရောဂါ | ကျန်းမာရေးစစ်ဆေးမှု ခံယူရန် အားပေးခြင်းနှင့် မြေကျင်းများပြန်ဖို့ခြင်း။ |
| | မြေအသုံးချမှုကို ဆန့်ကျင်ခြင်း | ကျောက်မိုင်းတူးဖော်ခြင်းများသည် ဒေသခံတို့၏ အသက်မွေးဝမ်းကျောင်းများကို ဆန့်ကျင်၍ အကြီးစားထုတ်လုပ်တူးဖော်မှုများ ပြုလုပ်ခြင်း။ | လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဆုတ်ယုတ်မှုများ | ကျောက်မိုင်းစီမံကိန်းလုပ်ငန်းများတွင် လုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်မှုကို တိုးတက်စေပြီး တရားဝင်တူးဖော်စေခြင်း။ |
| မြေမျက်နှာသွင်ပြင် | မြေမျက်နှာသွင်ပြင်များ ပျက်စီးသွားခြင်း | မြေကျင်းများနှင့် တူးမြောင်းများ အမြဲတစေရှိနေခြင်း။ | ကျင်းပေါက်ဟောင်းများနှင့် ဖြစ်နေသော မြေမျက်နှာသွင်ပြင် | ကျောက်မိုင်းများတူးဖော်ပြီးနောက် မြေကျင်းများကို ဖို့ခိုင်းခြင်း၊ တူးဖော်သည့် နည်းစနစ်များကို တိုးတက်အောင်ပြုလုပ်ခြင်း။ |

ကျောက်မိုင်းများသည် သေးငယ်၍ ဝေးလံခေါင်သီသောအရပ်ဒေသများတွင် တည်ရှိသော်လည်း ယင်းတို့အချင်းချင်း စုပေါင်းလိုက်သောအခါ အဓိကကျသော ပစ်မှတ်များဖြစ်လာပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို တိုးပွားလာစေပါသည်။ ကျောက်မိုင်းများတူးဖော်နေစဉ်ကာလအတွင်း ရေဆင်းချောင်းများအတွင်းသို့ အနည်များပို့ချခြင်းအားဖြင့် ရေထုညစ်ညမ်းစေကာ သဘာဝပတ်ဝန်းကျင်အခြေအနေများကိုလည်း ပျက်စီးစေပါသည်။ ဥပမာအားဖြင့် ကျောက်မိုင်းနှင့် အလွန်ဝေးကွာသောနေရာဒေသများတွင်ပင် ရေများသည် သောက်သုံးရန်နှင့် စိုက်ပျိုးရန်အတွက် သုံးစွဲ၍မရတော့ပါ။ အချို့သောထိခိုက်မှုများသည် သဘာဝပတ်ဝန်းကျင်၏ပြင်ပတွင် နောက်ဆက်တွဲဖြစ်ရပ်များကို ကိုယ်စားပြုပြီး ကျောက်မိုင်းများတူးဖော်ထုတ်လုပ်ခြင်းနှင့် ပါဝင်ပတ်သက်မှုမရှိဘဲ သဘာဝ ပတ်ဝန်းကျင်အခြေအနေများနှင့် လူနေအိမ်ခြေများကို တိုက်ရိုက် အကျိုးသက်ရောက်စေပါသည်။ ၂၀၀၃ ခုနှစ်က 'Sinding" ၏ တွက်ချက်မှုများအရ တစ်ပိုင်တစ်နိုင် ကျောက်မိုင်းတူးဖော်ခြင်း၏ သဘာဝပတ်ဝန်းကျင်ပြင်ပရှိ မတူညီသော နေရာဒေသများမှ လူမှုရေးဆိုင်ရာကုန်ကျစရိတ်များသည် အချို့နိုင်ငံများတွင် နှစ်စဉ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း GDP ၏ (၁၀ ရာခိုင်နှုန်း) အထိပင် ရောက်ရှိခဲ့ပါသည်။ ကျောက်မျက်များ တူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် သယံဇာတ အရင်းအမြစ်များကို ထုတ်ယူသုံးစွဲသူများထဲတွင် မပါ

Asian Fame Media Group
MEDIA GROUP

ဝင်သော ပြင်ပလူများသည်လည်း လူနေမှုစရိတ် မြင့်မားတိုးတက်ခြင်းကို ခံစားကြရပါသည်။ ထိုကဲ့သို့ အများနှင့်သက်ဆိုင်သော သယံဇာတများကို လွဲမှားသောစီမံခန့်ခွဲမှုများကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများသည် စဉ်းစားစရာကုန်ကျစရိတ်များကို ဖြစ်ပေါ်စေပြီး ယင်းကုန်ကျစရိတ်များကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာမှုများ၏ မည်သည့်ခေါင်းစဉ်အောက်တွင် ထားရှိရမည်ကို အရေးတကြီး ထည့်သွင်းစဉ်းစားရန် လိုအပ်လှပါသည်။

ကျောက်မျက်သိပ္ပံပညာရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းကဲ့သို့သော အတွေးအခေါ်အယူအဆများကို ရှာဖွေဖော်ထုတ်ပြီး ကျောက်မျက်များတူးဖော်ထုတ်လုပ်နေခြင်းအပေါ် ဖိအားပေးခြင်းအားဖြင့် မိုဇမ်ဘစ်နိုင်ငံကဲ့သို့သော နေရာမျိုးတွင် တစ်ခါတစ်ရံ မျိုးသုဉ်းပျောက်ကွယ်တော့မည့် တောရိုင်းတိရစ္ဆာန်များနှင့် အထိခိုက်မခံနိုင်သောသူတို့၏ နေထိုင်ကျက်စားရာနေရာဒေသများအပေါ် အကျိုးသက်ရောက်မှုရှိစေနိုင်ပါသည်ဟု ၂၀၁၀ ခုနှစ်က 'Pardieu' မှ ပြောကြားခဲ့ပါသည်။ တောရိုင်းတိရစ္ဆာန်များ နေထိုင်ကျက်စားရာနေရာများ အစိတ်စိတ်အမြွာမြွာဖြစ်သွားခြင်းနှင့် ပျက်စီးပျောက်ကွယ်သွားခြင်းသည် အလွန်တစ်ရာ စိုးရိမ်ဖွယ်ကောင်းသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများပင် ဖြစ်ပါသည်။ ၂၀၀၆ ခုနှစ်က 'Tilghman' နှင့်အဖွဲ့သားများ၏ မှတ်တမ်းများအရ အမဲလိုက်ခြင်းသည် အရေးကြီးသောကိစ္စရပ်တစ်ခုဖြစ်ပြီး တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိကာ အထူးသဖြင့် ဝေးလံခေါင်ဖျားဒေသများတွင် အစားအစာအတွက် အရင်းအမြစ်တစ်ခုအနေဖြင့် ပြုလုပ်ကြခြင်းဖြစ်ပြီး တစ်ခါတစ်ရံကျောက်တူးသူများ၏ အာဟာရအတွက် လုပ်ဆောင်ရခြင်း ဖြစ်ပါသည်။

တကယ့်လက်တွေ့တွင် ယင်းပြဿနာရပ်များ၏ အဖြေသည် မရေမရာ မသေမချာနှင့်ပင် ဖြေရှင်းရခက်သော အနေအထားဟု ထင်ရပါသည်။ သို့သော်လည်း သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်မှ မည်ကဲ့သို့လုပ်နိုင်သည် (သို့) မည်ကဲ့သို့ လုပ်သင့်သည်ဆိုသည်ကို ခိုင်ခိုင်မာမာနှင့် ပြတ်ပြတ်သားသား အပြီးတိုင်ဆုံးဖြတ်ချက်ချ၍ ကမ္ဘာမြေကြီးအတွက် အခက်အခဲ အရှုပ်အထွေးများ ဖြစ်နေသည့် ကျောက်မျက်များ တူးဖော်ခဲ့ခြင်းကြောင့် ဖြစ်ပေါ်နေသော ထောင် ပေါင်းများစွာသော ကျင်းချိုင့်များကို မြေမျက်နှာပြင် အကောင်းများအတိုင်း ဖြစ်သွားအောင်ပြန်လည် ထိန်းသိမ်းပြုပြင်သင့်ပါသည်။ ယင်းတို့သည် အများစုမှာ လိုင်စင်မဲ့ ကျောက်မျက်တူးဖော်သူများကြောင့် ဖြစ်ရခြင်းဖြစ်ပြီး ယင်းတို့သည် ရေရှည်လုပ်ကိုင်ကြသူများ မဟုတ်သည့်အတွက် ယင်းတို့နှင့်ပတ်သက်သော အကျိုးဆက်များကို စာရင်းဇယားများပြုစုထားရှိသင့်ပါသည်။ ပြန်လည်ပြုပြင်ထိန်းသိမ်းရေး ကုန်ကျစရိတ်များသည် အချိန်နှင့်အလုပ် သမားစရိတ်များပါလိုအပ်ပြီး ယင်းသည် အဓိကအချက်ဖြစ်ကာ ကျောက်မျက်တူးဖော်ခြင်း လုပ်ငန်း များရပ်ဆိုင်းသွားပြီးနောက် မြေကြီးများ ပြန်လည်မဖို့ရသေးသော ကျင်း၊ ချိုင့်များ အရေအတွက်သည် ပြန်လည်ပြုပြင် ထိန်းသိမ်းရေးစရိတ်၏ အဓိကငွေကြေးပြဿနာဖြစ်၍ စက်ရုံအလုပ်ရုံများမှ ယင်းငွေကြေးများကို ရှာဖွေပေးသင့်ပါသည်။





ကျောက်မျက်များ တူးဖော်ထုတ်လုပ်ခဲ့ခြင်းကြောင့် ဖြစ်ပေါ်ခဲ့သော ကျင်းချိုင့်များကို ပြန်လည်ဖို့ရန်အတွက် လိုအပ်သော ငွေကြေးများကို စက်ရုံအလုပ်ရုံများမှ ရန်ပုံငွေများထူထောင်၍ နည်းလမ်းတစ်ခုအနေဖြင့် လုပ်ကိုင်နိုင်မလားဆိုသည်မှာ မေးခွန်းတစ်ခုဖြစ်နေပါသည်။ ယင်းကျင်းချိုင့်များကို မြေကြီးများဖြင့် ပြန်လည်ဖို့လိုက်သောအခါ အသစ်ဖြစ်လာသော အပေါ်ယံမြေဆီလွှာသည် စိုက်ပျိုးရေးလုပ်ငန်းအတွက် အလွန်အရေးကြီးပြီး ပိုမိုသေချာစေရန်အတွက် နည်းပညာအကူအညီ အထောက်အပံ့လည်းလိုအပ်ပါသည်။ ကျောက်မိုင်းနေရာဟောင်းများတွင် သစ်ပင်များပြန်လည်စိုက်ပျိုးရန် အားပေးအားမြှောက် ပြုလုပ်ပေးခြင်းအားဖြင့် နောက်ပိုင်းတွင် မြေတိုက်စားမှုများနှင့် မြေပြိုမှုများကို လျှော့ချနိုင်ခြင်း၊ ပူပြင်းခြောက်သွေ့မှု တိုးလာခြင်းနှင့်အတူ လေထုထဲရှိ ဖုန်မှုန့်များပါဝင်မှုကို လျှော့ချနိုင်ခြင်းတို့နှင့် အပေါ်ယံမြေဆီလွှာကိုလည်း ကျစ်လျစ်သိပ်သည်းလာစေပါသည်။

**ကျောက်မိုင်းနှင့်**

**အလွန်ဝေးကွာသောနေရာ**

**ဒေသများတွင်ပင် ရေများသည်**

**သောက်သုံးရန်နှင့် စိုက်ပျိုးရန်**

**အတွက် သုံးစွဲ၍မရတော့ပါ။**

**အချို့ သောထိခိုက်မှုများသည်**

**သဘာဝပတ်ဝန်းကျင်၏ပြင်ပတွင်**

**နောက် ဆက်တွဲဖြစ်ရပ်များကို**

**ကိုယ်စားပြုပြီး**

**ကျောက်မိုင်းများတူးဖော်ထုတ်**

**လုပ်ခြင်းနှင့်**

**ပါဝင်ပတ်သက်မှုမရှိဘဲ သဘာဝ**

**ပတ်ဝန်းကျင်အခြေအနေများနှင့်**

**လူနေအိမ်ခြေများကို တိုက်ရိုက်**

**ဆက်လက်ဖော်ပြပါမည်။**

**သိန်းပိုင် (M.Engg.Geol.)**

Ref: Laurent E.Cartier, Ph.D candidate, "In color, All about colored Gemstones, Issue 15, PP.12-16" Environmental Stewardship in Gemstone Mining.